NYI SAY
MYANMAR EBOOK CREATOR

၁၉၅၈ - ခုနှစ် စာပေဗိမာန် စာပဒေသာဆုရ စာအုပ်

# ထောင်နှင့်လူသား


လူထုဦးလှ



http://nyisay.com

၁၉၅၇ ခုနှစ် စာပေဗိမာန်ဆုရ





လူထုသတင်းစာတိုက်
၈၄ လမ်း၊ လက်ဆည်ကန်၊
မန္တလေး။

လူထုသတင်းစာတိုက်ခွဲ
၅၀၁၊ ကုန်သည်လမ်း၊
ရန်ကုန်မြို့။

http://nyisay.com

# အစိုးရ

ဆင်းရဲသားများ ပျော်ရွှင်၍ ပညာ မတတ်သူ၊ ဒုက္ခရောက်သူများ မရှိဘဲ၊ အကျဉ်းသား မဲ့သောထောင်၊ သူတောင်းစား ကင်းသောလမ်း၊ လူအိုများချမ်းသာ၍၊ အခွန်အတုတ် နည်းပါးပေသည်ဟု ပြောနိုင်သောအစိုးရမျိုးမှ လောကတွင် ထိပ်တန်းကျသောအစိုးရဟု ကြွားနိုင်သည်။

"သောမတ်စ်ပိန်း"

http://nyisay.com

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | မောင်ထွန်းတင် (အဘေ အိန္ဒိယ မှုစလင်၊ အမေ ဗမာ ဗုဒ္ဓဘာသာ) | ၁၇ |
| (၂) | ရှန်းဘောဟာရီး (လျှပ်စစ်မီတာ်အားပေးရုံ ငွေကောက်အလုပ်သမား) | ၄၇ |
| (၃) | ကိုသုခ (ဗိုလ်ချုပ်တို့ကို ဦးစော လုပ်ကြံရာတွင် ပါဝင်ခဲ့သူ) | ၅၈ |
| (၄) | ဘုရားတကာကြီးဦးစံညွန် (ထူးဆန်းသော ဓါးပြုလုပ်သေမှု) | ၁၃၂ |
| (၅) | မှုကြော (ဆလုံအမျိုးသား) (ပင်လယ်ကြောမျောခဲ့သူ) | ၁၄၀ |
| (၆) | မောင်တင် (အခြေအနေ မရှိသူနှင့် ရန်ကုန်) | ၁၅၁ |

http://nyisay.com


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၇) | မောင်လွန်းအောင်<br>(အင်္ဂလိပ် ပြန်အဝင်၊ ဂျပန်အပြေး ခေတ်က မှုခင်း) | ၁၅၇ |
| (၈) | ဦးဝ<br>(ငွေစက္ကူ ငွေဂ်ါး အတုလုပ်မှု) | ၁၈၃ |
| (၉) | ဦးသာညို<br>(သေနတ် မကိုင်ဘူးသူနှင့် ပစ်သတ်မှု) | ၁၃၇ |
| (၁၀) | မောင်ပေါက်စည်<br>(ထောင်ဒဏ် နှစ်ပေါင်း ၆၀ ကျော် အပြစ်ပေး ခံထားရသူ) | ၂၀၃ |
| (၁၁) | အမ်၊ဘာ^ဝိ ရှေ့နေဒတ်စ်<br>(နိုင်ငံခြားသို့ ငွေလိမ်ပို့သော အမှု) | ၂၁၅ |
| (၁၂) | အမြဲ<br>(အချစ်ဆန်းကြောင့် သေဆုံးခဲ့သူ) | ၂၃၄ |

ကျွန်ုပ်တို့ အသက် ရှည်ခြင်းကား အရေးမကြီး၊
ဘယ်သို့ အသက် ရှင်မည်သာ အရေး ကြီးသည်။
'ဘေလီ'

# မိတ်ဆက်

သူတို့၏ ဒုက္ခများနှင့်စာသော် ကျွန်တော်၏ ဒုက္ခများမှာ မပြောပလောက်။ သူတို့၏ ဘဝ ခံစားမှုများကို နားထောင်ရသည်မှာလည်း မသက်သာလှ။ အချို့သော မှုခင်းကြီးများမှာ ကြီးမား လွန်း၍ တထိတ်ထိတ်နှင့် နားထောင်ရသည်။ ပြောပြသူ များမှာလည်း ကိုယ်တိုင် ပါဝင်ခဲ့သူများဖြစ်၍ သူတို့၏ နှုတ်ကသာမက မျက်လုံးများနှင့်ကိုယ်အမူအရာ များကပါ ပြောလျက်ရှိရာ၊သူတို့ပြောပြချက်များ ကြားထဲတွင် သူတို့နှင့်အတူ ကျွန်တော်မှာ မျောလျက် ရှိနေပါသည်။

လူတယောက်သည် အကြောင်း တခုခုကြောင့် အကျဉ်းထောင်တွင်းသို့ ရောက်သွားလျှင် ဘာလုပ်မည်နည်း။ ထိုအကျဉ်းထောင် အတွင်းမှ ထွက်ချင်၍လည်း မထွက်ရ၊ တွေ့ချင်သူ များနှင့်လည်း တွေ့ချင်တိုင်း မတွေ့ရ၊ စားစရာလည်း ပြင်ပ လောကမှာကဲ့သို့ မလွယ်ကူ။

အကျဉ်းထောင်တွင်းသို့ ရောက်သွားသော လူတယောက်သည် မိဘဆွေမျိုး သားမယားတို့နှင့် ကွေကွင်းခဲ့ရသည်ကိုသာ တွေးတော၍

http://nyisay.com



ပူပန်နေမည်လော။ မိန်းမ [illegible] အားထားနေသူများ အတွက် ကြောင့်ကြကာ စိတ်ညစ် နေမည်လော။ အစား ဆင်းရဲ အနေ ဆင်းရဲ အိမ်နှင့် မတူသော အခန်းကို တွေးတော၍ စိတ်မကောင်း ဖြစ်နေမည်လော၊ ဖြစ်လာမှပြင် မတတ်နိုင်။ အကျဉ်းထောင်ထဲသို့ ရောက်လာခဲ့ပြီဖြစ်ရာ၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ရှိနိုင်သမျှရှိအောင် မိမိကိုယ်ကို ဂရုစိုက်ဘို့ လိုလှပေသည်။

အကျဉ်းထောင်တွင်းသို့ ရောက်သူအဘို့ အရေးအကြီးဆုံးမှာကျန်းမာရေး ဖြစ်သည်၊ မကျန်းမမာဖြစ်လျှင် အကြင် လောကဏ္ဍ ဆရာကောင်း သမားကောင်း ခေါ်နိုင်သည့် ဆေးရုံကြီးကို တက်မည် ဆိုလျှင်လည်း ဖြစ်နိုင်သည်။ ထောင်ဆေးရုံမှ ထောင်ဆရာဝန် များမှာ ကောင်းသည့် အခါလည်း ကောင်းသည်။ တတ်သည့် ဆရာဝန် ရှိသည့် အခါလည်း ရှိသည်။ အချို့ ဆရာဝန်များမှာ 'စခါး'နှင့် 'လေဆေး' 'တင်ချာ' ကိုသာ ပြည့်ပေးလျက် ရှိသည်။ အချို့မှာ လက်တည့် ခမ်းတုန်း၊ ခမ်းချို သဟ်တုန်း အဆင့် မှုသာ ရှိကြ သေးသည်။ အပြင် ဆေးရုံများ၌ပင် ဆေးများ ခန်းခြောက်တတ် ပေသေးရာ၊ ထောင်ဆေးရုံ၌ ဆေးစုံစုံ မရှိသည်မှာ အံ့ဩစရာ မရှိလှ။

ထို့ကြောင့် လူတယောက်သည် တနေ့တာအတွက် အစီအစဉ် များကို အမြန်ဆုံး ရေးဆွဲပြီး၊ ထိုအစီအစဉ်အတိုင်း စတင်လိုက်နာပြီ ဆိုလျှင် ထိုသူသည် ထောင်ထဲ၌ စိတ်မညစ်တော့။ တဖြည်းဖြည်း နှင့် အလုပ်များပြီး ကိုယ့်အလုပ်နှင့် ကိုယ် ပျော်ပင် ပျော်နေ တတ်ပေသည်။

နံနက် အိပ်ရာက ဘယ်အချိန်ထ၊ ဘာသာရေး အတွက်က အချိန် မည်မျှ၊ ကျန်းမာရေး ကိုယ်လက် လှုပ်ရှားဘို့၊ ရေမိုးချိုး၊ သတင်း စာဖတ်၊ ထမင်းစား၊ နေ့လယ် မှေးမောအိပ်၊ စာဖတ် စာရေး၊ ကာဖီသောက်၊ ညနေပိုင်း ကိုယ် လက် လှုပ်ရှား ကစား၊ ရေချိုး၊ ညနေ ၆နာရီ ထောင်ပိတ်၊ ဘုရား ဝတ်တက်၊ ထမင်း စား၊

## မိတ်ဆက်

စကား စမြည်ပြော၊ ပင်ပေါင်ရိုက်၊ တမ်းမှတ်၊ သတင်းစာဖတ်၊ စာဖတ်၊ စာရေး၊ ပုတီးစိပ်၊ မေတ္တာပို့၊အိပ်။ ။နံနက်ပြန်ထ။

ဤသင်္ဘောမျိုး အတိုင်း မိမိနှင့် သင့်သလို အစီအစဉ်ဆွဲကာ အချိန်အား မဆားလျှင် အဘက်ဘက်က အကျိုးလည်း များသည်၊ ပူပန် သောကများလည်း အနား မသီလာတော့။ရက်လ များမှာလည်း အကြာကြီး ဖြစ်မနေ၊ ငြီးငွေ့စရာချည်း မဟုတ်။

ဤကား ကျွန်တော်၏ ကိုယ်တွေ့ဖြစ်ရာ ကျွန်တော် ကဲ့သို့သော အားကစား ကိုယ်လက် လှုပ်ရှားရေး ဝါသနာ ပါသော သတင်းစာ ဆရာ စာရေး ဆရာတယောက် အကျဉ်းထောင်ထဲသို့ ရောက်သွားချေသော် ဘာတွေ လုပ်မည်နည်း။

ကိုယ်တွေ့အားဖြင့်သော် တဖြည်းဖြည်း နှင့် အမေရိကန် ပြည်မှ ကမ္ဘာ့ ချန်ပီယန် ဇစ်ဘ်စကိုနှင့် လုံးနှံ အိန္ဒိယပြည်မှ မဟာရာဂျာများက ခင်းကြီးထဲတွင် ပျော်ပြီး လေ့ကျင့်စေသည့် ဂါမာ ပေါ် နပန်းသမားကြီးကဲ့သို့ ဖြစ်လာရာ မိုးဦးကျလျှင် လူငယ်များကဲ့သို့ ဘော့လုံး ကစားချင်လာသည်။ နုပျို သန်စွမ်းသည့် အရွယ် ရန်ကုန် တွင် နေစဉ်က ဘီအေအေ ကွင်းတွင် စီနီယာ ပဋမတန်း အသင်း တသင်းမှ ပါဝင် ကစားခဲ့ဘူးပါ၏။ သို့ရာတွင် ဤသို့ ကစားခဲ့သည်မှာ နှစ်ပေါင်း ၂၀ မျှ ရှိခဲ့ပေပြီ။ မာန်ကို မလျှော့၊လေ့ကျင့်သည်၊ ကစားသည်၊ ရသည်၊လူငယ်တွေနှင့် နင်လား ငါလား ကစားနိုင်သည်။ ၃ နှစ်လုံးလုံး ထောင်ထဲ၌ ဘော့လုံးကစားခဲ့သည်။

ဘက်ဟမင်တန်လည်း ရိုက်ကြသည်။ တော်သူနည်းသော ဒေသဖြစ်ရာ ၂ယောက်နှင့် တယောက်ပင် ရိုက်၍ မကြာခဏ လက်ဖက်ရည်သောက်ရသည်။

ဤကစားမျိုးများ သာလော၊ မဟုတ်ပါ။ ဂေါက်သီး ရိုက်ခြင်းကိုလည်း ထောင်ထဲကပင် တတ်ခဲ့သည်။ ချစ်ခင် လှစွာသော မိတ်ဆွေကြီးများက “အပြင်ရောက်ရင် ခင်ဗျားမှာ အချိန် မရှိဘူး၊

http://nyisay.com



ထောင်ထဲမှာ သင်သွား''ဟု ဆိုကြသဖြင့် သင်ခဲ့ရသည်။ ယခုအပြင်တွင် မန္တလေးတောင် ဂေါက်သီးကလပ်၌ ကစားရာ တော်တော်နေရာကျလျက်ရှိသည်။

ဂျပန်တခေတ်စာမျှ ၃ နှစ် ၃ မိုးတာ နေခဲ့ရရာ၊ ထောင်မှာ အိမ်ကဲ့သို့ ဖြစ်လာသည်။ ရန်ကုန်ထောင်က ပဌမ အိမ်၊ မန္တလေးတိုက်က ဒုတိယ အိမ်ဟု စိတ်ထဲ၌ ထင်၍ လာသည်။ အမှု အတွက် ရုံးထွက်ရသည်ကိုပင် ရုံးကြီး၌ တွေ့ရ မြင်ရသည်များမှာ မျက်စိ ရိုင်းလျက် ရှိသည်။ မော်တော်ကားတွေမှာမြန်လွန်း၊အမောင်း ရမ်းလွန်းသည်။ အပြီးမလွတ်သေးသည့် အတူတူ ထောင်ထဲမှ ကိုယ့်နေရာ ကလေးကဘဲ အသား တကျ ရှိသေးတော့သည်။

မည်မျှ အသားကျခဲ့ပါသနည်း ဆိုမူ၊ ယခု ရက်များအတွင်း မန္တလေးတောင်ဘေးရှိ ဂေါ့ဖ်ကလပ်၌ ညနေတိုင်း ကျွန်တော် သွား၍ ဂေါက်သီးကစားရာတွင် ကျွန်တော် စဉ်းစားပုံမှာ ထောင်ဆီသို့ ပြန်ပြန်ရောက် နေပါသည်။ ကျောင်းက ထွက်ခါစ ကျောင်းသား တယောက်ကဲ့သို့ ဖြစ်နေသည်ဟုပင် ဆိုရ ပါလိမ့်မည်။ ဤမျှသော အကွာအဝေးကို ဤသို့သော ရာသီဥတုများ၌ ထောင်ထဲတွင် နေရစဉ်က ငါဘယ်တုတ်နဲ့ ရိုက်သလဲ၊ နံပတ် ၅ နဲ့လား၊ ၆ နဲ့လား ဤသို့သော အခက်အခဲဆိုလျှင် ဘယ်လိုကစားခဲ့သလဲ၊ငါ့ဆရာတွေက ဘယ်လို မှာသလဲ စသည်ဖြင့် ပြန်၍ စဉ်းစား ရပါသည်။ အဝေးအကွာကို ထောင်ထဲနှင့် မန္တလေးတောင်တွင် နှိုင်းယှဉ် ခန့်မှန်းကြည့်မိသည်။

ဖတ်စရာ ရေးစရာ များကလည်း ပေါလှ၏။ အချိန် ရရနှင့် ဖတ်စရာများကို ဖတ်မှတ် နိုင်၏။ အသံများ ထွက်၍လည်း ဖတ်နိုင်၏။ တိုးတိုးလည်း ဖတ်နိုင်၏။

ရေးစရာ အကြောင်းတွေကား ပေါလှဘိ၏။ ရန်ကုန်ထောင်ကြီးတွင် ကျွန်တော် ရောက်စက အကျဉ်းသား ၁၃၀၀ ခန့် ရှိ၏။ ထို့နောက် တဖြည်းဖြည်းနှင့် ၁၆၀၀ ခန့် ဖြစ်လာ၏။ လျော့သွားသည် ဟူ၍ မရှိတော့။

လွတ်လပ်ရေးနေ့အတွက် လွတ်ခါနီး လူတွေစုပြီး ၆၀၊၇၀ လွှတ်လိုက်၏။ တလအတွင်း အချို့လွတ်သူတွေ ပြန်ရောက်လာ၏။ ပဲခူးရွှေမော်ဓော ဘုရားကြီး ထီးတင်ပွဲအတွက် တလ လျှော့ရက် ရကြ၏။ ၇၀၊ ၈၀ စုပြီး ထောင်ပိုင်က တရားဟောကာ လွှတ်လိုက်၏၊ တလအတွင်း ထက်ဝက်သာသာ မျှသော ဤလွတ်လူတို့သည် ပြန်၍ ရောက်လာကြ၏။ ဆဋ္ဌသင်္ဂါယနာတင် အတွက် ၆ လ စသည်ဖြင့် လျှော့ရက်များ ရကြ၏၊ ၉၀၊ ၁၀၀ လွှတ်ကြပြန်၏။ ၆၀၊၇၀ ရာခိုင်နှုန်းမျှသော ဖေါက်သည် ပင်သည်များသည် တလတာ အတွင်း ပြန်ရောက် လာကြပြန်၏။ အချို့သော လွှတ်သူများသည် အပြင် ရောက်လျှင် လက်ငင်း ကြုံကြိုက်သော ပွဲတော်ကြီး၌ပင် လုပ်နေကြ အလုပ်များကို လုပ်ကြတော့၏။ထို့ကြောင့် မြန်မြန် ဆန်ဆန် ပြန်လည် ရောက်လာတတ်ကြခြင်း ဖြစ်၏။

နှစ်ကြီးသမားများမှာ မှုခင်းကြီးတခုကို တကြိမ်လုပ်မိပြီး လွတ်သွားသောအခါ ပြန်ရောက်သူ နည်း၏။ အမှုလတ်၊ အမှုသေး၊ အမှုဖွဲ့ သမားများကမူ ခဏခဏ ဝင်ချေ ထွက်ချေ ရှိနေတတ်ကြ၏။

သူတို့တွင် အိမ်ခြေယာခြေလည်း အတည်တကျ မရှိ။ အလုပ်အကိုင်လည်း မရှိ။အားကိုးစရာလည်း မရှိ။ သို့ဖြစ်ရာ ထောင်ကြီးကိုပင် အိပ်ရာ၊ စားရာ၊ နေထိုင်ရာ၊ တည်းခိုရာဟု သဘောထားရ တော့၏။

ကျွန်တော်နေခဲ့သော ၃ နှစ်၊ ၃ လ၊ ၇ ရက် အတွင်း၊ အကျဉ်းသား ၂၅၀ ခန့်နှင့် ကျွန်တော် တွေ့ဆုံ စကားပြောခဲ့မိ၏။ သူတို့နှင့် စကားပြောရသည်ကို ကျွန်တော် နှစ်သက်၏။ သူတို့ အကြောင်း သူတို့ ပြောပြသည်များကို နားထောင်ရသည်မှာ ကမ္ဘာကျော် ဝတ္ထုကောင်း များကို ဖတ်ရသည် ထက်ပင် ကျွန်တော် စိတ်ဝင်စားမိ၏။ ကျွန်တော်မှာ သူတို့နှင့် အတူနေ၊ အတူအိပ်၊ အတူစား ဘဝတူ ဖြစ်နေသောကြောင့် သူတို့၏ ဘဝကို ပို၍ သိချင်၏။ သူတို့ဘဝနှင့် ကိုယ့်ဘဝကို နှိုင်းစာမိ၏။ သူတို့ကို ကြင်နာမိ၏။

သူတို့ ဘာ့ကြောင့် ထောင်ထဲ ရောက်ရသလဲ။ ဤသို့ရောက်မလာကြရအောင် ဘယ်ပုံဘယ်နည်းကဲ့သို့ ကာကွယ်ကြမလဲ။

http://nyisay.com



ဤမေးခွန်းကို မေး၍ အဖြေများကို စဉ်းစား ရှာဖွေနေ၏။ သူတို့ ပြောကြားချက် များကို နားထောင်နေသည်တွင် "တကျောင်း တဂါထာ တရွာ တပုဒ်ဆန်း" ဆိုသည်မှာ မှန်လှသည်ဟု လည်း အောက်မေ့မိသည်။

နှစ်ဦး၊ သုံးဦးမှ လွဲ၍ အမှု အမျိုးအစား ခွဲကာ အကျဉ်းသား များကို ကျွန်တော်က တမင် ခေါ်ယူ တွေ့ဆုံခြင်း မရှိ။ အလျဉ်း သင့်သလို အဆင်ပြေသလိုသာလျှင် တွေ့ဆုံ မေးမြန်း ခဲ့၏။ သို့ရာတွင် အားလုံးပေါင်းခြုံလိုက်သော် အမှုမျိုးလည်း စုံ။ လူမျိုးလည်း စုံ၊ ဒေသလည်း စုံနေသည်ကို တွေ့ရ၏။

ဤစာအုပ်တွင် ၁၂ ဦးမျှသော အကျဉ်းသားတို့၏ ဘဝ လေ့လာချက် များကိုသာ ကျွန်တော် တင်ပြ လိုက်နိုင်၏။ သို့ကြောင့် မစုံလင်လှသေး။ နောက်ထုတ်မည့် စာအုပ်များပါ ပေါင်းမှ တော်တော် သင့်သင့် စုံစရာရှိ၏။ တဦးတဦး၏ အကြောင်းအရာများသည် လူသား တဦး၏ ဘဝကိယ်အဖြစ် အပျက်မှန်များဖြစ်၍ လူ့လောကနှင့် စပ်လျှ၊ ဟပ်လှပါသည်ဟု ပြောစရာမလို။ မြေကြီးနှင့် နီးစပ်သည်၊ ကောင်းကင်တွင် တက်၍ ကပ်နေခြင်းမဟုတ်ဟု မှတ်ချက် ချဘို့လည်း အကြောင်းမရှိ။ သူတို့သည် ကျွန်တော့်ကို ခင်မင် ယုံကြည်သော အားဖြင့် သူတို့ ဘဝ တသက်တာနှင့် ပတ်သက်၍ အမှန်တွေကို ထုတ်ဖေါ် ပြောပြ၏၊ ကျွန်တော်ကလည်း မချန်မခြွင်းပင် တိုင်းပြည် အမျိုးသားအကျိုးကို ရည်သန်၍ တင်ပြလိုက်ပါ၏။

ပြင်ပ လောကမှ တစုံတယောက်သောသူသည် အမှုအခင်း ဖြစ်ပေါ် လာပုံများကို လေ့လာလိုသည်၊ အကျဉ်းသားများ၏ ဘဝ လမ်းခရီးနှင့် ယနေ့ စိတ်ဓါတ်ကို လေ့လာလိုသည် ဆို၍ အကျဉ်းထောင်များသို့ သွားကာ စုဆောင်း ရှာဖွေသော် အကျဉ်း ကျနေသူများသည် စုံစုံစေ့စေ့ ပြောကောင်းမှ ပြောပေလိမ့်မည်။ အချို့လည်း "မပြောလို" ဟု ငြင်းဆန်ကောင်း ငြင်းဆန်ကြပေမည်။ ထောင်အရာရှိများက ပြောရန် တိုက်တွန်းသဖြင့် ပြောကြစေကာမူ

http://nyisay.com



သူတို့ဆန္ဒအရ မဟုတ်သဖြင့် ချန်ချင်ရာချန်၊ ပြောချင်ရာ ပြောကောင်း ပြောကြပေမည်။

ယခုမူ ''မိတ်ဆွေတို့ အနစ်နာခံကြပါ၊ပြည်သူများအား မိတ်ဆွေတို့၏ ဘဝ မိတ်ဆွေတို့၏ အကြောင်းအရာများကို အမှန်အတိုင်း တင်ပြခြင်းဖြင့် ကုစားနိုင်၊ ကာကွယ် နိုင်သော နည်းလမ်းများ ပေါ်လာနိုင်စရာ အကြောင်းရှိပါသည်၊ ယနေ့ မဟုတ်သေးသော် နက်ဖန် ဖြစ်နိုင်သည်၊ မိမိတို့အတွို မဟုတ်သည့် တိုင်အောင် နောင်ခေတ် လူများအတွက် ဖြစ်လာနိုင်ပါသည်ဟူသော ကျွန်တော်၏ တင်ပြချက်များကို လက်ခံကြသောအားဖြင့် သူတို့က ကျွန်တော့်အား စိတ်ရှည် လက်ရှည် ပြောပြကြခြင်း ဖြစ်ပေသည်။

(၁) မောင်ထွန်းတင်ကို ကျွန်တော်သိသည်မှာ ပြဇာတ်ဆရာ တယောက် အနေဖြင့် ဖြစ်၏။ သူသည် ဘယ်အခါမဆို ပိန်လှီ၍ လူမမာ တယောက်ကဲ့သို့သာ ရှိ၏။ ထောင်တွင်းပွဲတော် ပြဇာတ် များတွင် ဇာတ်ဆရာ ကိုပါတို့နှင့် အတူ စိတ်မပျက် လက်မပျက် အပင်ပန်း အဆင်းရဲ ခံကာ လုပ်ကိုင်နေသူဖြစ်၏။ သူ၏ ကျန်းမာ ရေးမှာ အခြေအနေ အလွန်ဆိုး၏။ ပိုက်ဆံကလည်းမရှိ၊ ဆွေမျိုး သားချင်းတို့၏ ထောက်ပံ့မှုကိုလည်းမရ၊ ထောင်တွင်း ဆေးရုံတွင် လည်း သူ့ပိုက်နာ ရင်နာများကို ကုသနိုင်သည့် ဆေးဝါးနှင့် ကရိယာမရှိ၊ ထောင်တွင်း၌ သေရချိက တပိုင်း ဖြစ်နေသည်ဟု သူသတ်မှတ်ပြီးလျှင် မသေမီ အများအကျိုး တတ်နိုင်သမျှ သယ်ပိုး မည်ဆိုသောအသိဖြင့် ကြိုးပမ်းနေရှာ၏။ ကျွန်တော် လွတ်လာသော ၁၉၅၇ ခုနှစ်၊ဇန္နဝါရီလတွင် သူသည်ထောင်ဆေးရုံက ကုတင်ပေါ် တွင် လဲနေပေသည်။

(၂) ရှန်းဘေဟာရီး ကား ထောင်တွင်း နွားကျောင်းသား ဖြစ်၏။ နွားများသည် ထောင်ဘော့လုံးကွင်းကို မြက်မရှည်အောင် ကိုက်ဖြတ်ပေးသော သတ္တဝါများ ဖြစ်ကြ၏။ ကစားကွင်းထဲတွင် ရှန်းဘေဟာရီး က သူ့နွားတွေကို ကျောင်း၏။ ကျွန်တော်တို့က

နွားစားကျက်ထဲတွင် နံနက် ၇နာရီအချိန်က ၁၀နာရီအထိ ဝေါက်သီးရိုက် ကစားလေ့ရှိကြရာ ရှန်းဘေဟာရီးနှင့် သူ့နွားများသည် ကျွန်တော့်တို့၏ ဘော့လုံးများကို အရှောင်ရဆုံး ဖြစ်ကြလေသည်။

(၃) ကိုသုခကား သူ၏ အနုကြီးမှာ ကြီးလွန် လွန်း၍၊ ကြိုးဒဏ်မှ လွတ်လာသည့် တိုင်အောင် ကြည်လင် ရွှင်ပျခြင်းမရှိလှ၊ ရင်းနှီးသူများက နှုတ်ဆက်၍ ရယ်စရာ မောစရာ ပြောမှပင် ရွှင်ရွှင် ပြုံးပြုံး တွေ့ရ၏။

(၄) ဘုရားကကာကြီး ဦးစိန်ညွှန့်၏ အဖြစ်ကား ဆန်းလှ၏။ ဗြိတိသျှပြန်အဝင် စစ်အုပ်ချုပ်ရေးခေတ်ကသာ မဟုတ်၊ ယခုခေတ်တွင်လည်း ဤမှုခင်းမျိုးကို ကြောက်ရပေသည်။

(၅) မူကြောကို ကျွန်တော်တိုက်ရိုက် စကားမပြောနိုင်၊ သူက ဆလုံစကားနှင့် မြိတ်စကားသာလျှင် တတ်၏။ ကျွန်တော်က ဗမာနှင့် အင်္ဂလိပ်စကားသာ တတ်၏။ မောင်မောင်တင် ကူညီ၍သာ ဆလုံအမျိုးသားတို့၏ ဘဝမှန်ကို တင်ပြလိုက်နိုင်ခြင်း ဖြစ်၏။

(၆) မောင်တင်၏ အဝတ်အစားများမှာ စုတ်၍ ဟောင်းနွမ်းနေ၏။ သူသည် ရိုးရိုးသားသားပင် ပြောတတ်သူ ဖြစ်၏။ ထောင်ထဲသို့ ရက်တို ခဏလာခြင်းသာ ဖြစ်သည်။ နောင်ကို မရောက်ဘို့က အရေးကြီးလေသည်။

(၇) မောင်လွန်းအောင်ကား ထောင်က ချပေးသော အလုပ်ကို လုပ်ပြီးလျှင် စာကိုသာ ဖတ်နေလေ့ရှိ၏။ လူကြီးများနှင့်စကားစမြည် သွားရောက် ပြောဆိုလေ့လည်း ရှိ၏၊

(၈) ဦးဝေား လူ ဝဝ မဟုတ်၊ စကားလည်း များများ မပြော။ ဒုက္ခကို ကြိတ်မှိတ် ခံနေ၏၊ အကြီအစည်လည်း ရှိဟန်တူသည်။

(၉) ဦးသာညိုသည် ထောင်မှူးကြီး၏ ခွင့်ပြုချက်အရ မလွတ်မီ ၃ လခန့်တွင် ကျွန်တော်တို့ ၅ ဆောင်သို့ ပြောင်းရွှေ့ လာပြီးလျှင် ကျွန်တော်တို့နှင့် အတူ ညဥ့်စဉ် ဝတ်တက်၏။ ဥပုသ်စောင့်၏။ လွတ်လျှင် ကျွန်တော်နှင့် လိုက်၍ မန္တလေးတွင် သက်န်းဝတ်ချင်

http://nyisay.com



သည်၊ မင်းကွန်းနှင့် စစ်ကိုင်းမှာဖြစ်စေ ထားပေးပါဟု ဆို၏၊ သံယောဇဉ်တွေ ကြားထဲ ပြန်သွားလျှင် နစ်မွန်းမည် ဖြစ်၍ မသွားလိုဟု ဆို၏၊ ကျွန်တော့်ထက် ၄ လမျှ စော၍ သူက လွတ်သွားရာ ရခိုင်ပြည်သို့ ပြန်သွားချေပြီ။


(၁၀) မောင်ပေါက်စည်ကား ကြီးကျယ်သော အမှုအခင်းကြီးများကြောင့် နှစ်ပေါင်း ၆၀ကျော် အပြစ်ပေး ခံနေရ၏။ သို့ရာတွင် သူသည် အတိုး အနုတ် အနုပညာသမား ဖြစ်၏။

(၁၀) ဒတ်စ်သည် အပေါင်းအသင်း အဆက် အဆံ အလွန်ကောင်း၏။ အားလုံးနှင့် သင့်မြတ်အောင် နေ၏။ အိန္ဒိယ အမျိုးသားတို့၏ စားဖိုမှူး ဖြစ်၏။

(၁၂) အချစ်ကြောင့် သေဆုတောင်းခဲ့သော "အမြဲ" သည် အင်းစိန်ထောင်မှ လွတ်လာသောအခါ မောင်လေးမောင်ထံ ရန်ကုန်ထောင်သို့ ထောင်ဝင်စာလာ၏။ သူ့အကြောင်းကို ကျွန်တော်ရေးလျှင် ပိုမို ပြည့်စုံအောင်ဟု ဆိုကာ အချက် အလက် များပင်ဖြည့်စွက် ပေးသွားသေး၏။

ယခု ကျွန်တော် တင်ပြလိုက်သည့် မှန်ကန်သော ဤအချက်အလက်များကို အစိုးရရော ပြည်သူများကပါ ထက်သန်သော စိတ်စေတနာရှေ့ထားကာ စနစ်တကျ လေ့လာ ဝေဖန်ကြပြီးလျှင် တိုင်းပြည်တွင်ဖြစ်ပွားပေါ်ပေါက်နေသော ရာဇဝတ်မှုခင်း ကြီးငယ်များ ယုတ်လျော့ နည်းပါး ပပျောက် သွားရေးအတွက် အနာ၏ အရင်း အမြစ်ကို ဖေါ်ထုတ် ဖြတ်တောက် ကုစားရေးတွင် အသုံးချကြ ပါရန် ကျွန်တော်က လေးလေး နက်နက် မေတ္တာ ရပ်လိုက်ပါသည်။

ဤသို့ အသုံးပြုကြမည် ဆိုပါလျှင် အကျဉ်းထောင်အတွင်း၌ ၃ နှစ်ကျော်မျှ ကျွန်တော်သွားရောက် နေထိုင် ရကျိုး နပ်လှသည်ဟု ကြွေးကြော်ဘို့ပင် ရှိပါတော့သည်။



http://nyisay.com

ပဌမ နှိပ်ခြင်း ၁၉၅၇

ဒုတိယ နှိပ်ခြင်း ၁၉၅၉

တတိယ နှိပ်ခြင်း ၁၉၆၀

# မောင်ထွန်းတင်

(အသက် ၃၁ နှစ်)

(အဘေ–မူဆလင်၊ အမေ–ဗုဒ္ဓဘာသာ)

အမေကတော့ ပဲခူးခရိုင် သနပ်ပင်မင်းရွာအနီး ညောင်သုံးခွရွာက ဖြစ်ပါသည်။ အဘေကတော့ ထိုနယ်မှာ လာပြီး အလုပ်လုပ်နေသော စစ်တကောင်းအိန္ဒိယလူမျိုးဖြစ်ပါသည်။ အမေက ဗုဒ္ဓဘာသာ၊ အဘေက မူဆလင်ဘာသာဝင်ဖြစ်ကြပါသည်။

အမေ့ကို အဘေနှင့်ယူရပါမည်လားဟုဆိုကာ ဆွေမျိုးများက ကြဉ်လိုက်သဖြင့် ဟံသာတအုပ်ပိုင် ဓမ္မာရွာကို ပြောင်းရွှေ့ခဲ့ကြရပါသည်။ အဘေ့နာမည်က ဦးမောင်ကြီး၊အမေက ဒေါ်မယ်တင် ဖြစ်ပါသည်။

ကျွန်တော်တို အလွန် ငယ်ငယ်စဉ် အခါတုန်းကတော့ အဘေက ဆန်စက်တစက်မှာ စက်ဆရာ လုပ်ပါသည်။ ကျွန်တော်တို့မောင်နှစ်မ၃ယောက်ရှိလာသောအခါအဘေက ကျွန်တော်တို့ ၃ယောက်နှင့် အမေ့ကိုခေါ်ပြီး စစ်တကောင်း မြို့မှတဆင့် သူ့ဇာတိရွာကို လိုက်ပို့ပါသည်။ ကျွန်တော်မှာ မှတ်မိတတ်သော ကလေးအရွယ်မျှသာ ဖြစ်ပါသည်။ ဒီရွာကလေး နာမည်ကိုတော့ ကျွန်တော်မမှတ်မိတော့ပါ။ ထိုရွာမှာအဘေ့အမေ၊ အဘေ့ညီစသော ဆွေမျိုးများ ရှိကြပါ

http://nyisay.com



သည်။ တရွာလုံးမှာပင် အိမ်တိုင်း၌ ကိုယ့်ခြံကလေးနှင့်ကိုယ် ဖြစ်ပါသည်။

အဘေက ကျွန်တော်တို့ကိုလိုက်ပို့ပြီးမကြာမီမှာပင် ဗမာပြည်သို့ ပြန်အလုပ်လုပ်ရပါသည်။ တလတကြိမ် ကျွန်တော်တို့ဆီ ငွေအနည်းအကျဉ်းပို့ပေးပါသည်။ ဤနယ်မြေတွင် နေရသည်မှာ ကျွန်တော်တို့အဘို့ မကောင်းလှပါ။ ပိုက်ဆံအလွန်ရှား၍ ပိုင်အထိသုံးကြရပါသည်။

အမေခများမှာ ထိုနယ်က မူဆလင်အမျိုးသမီးများ ထုံးစံအတိုင်း နေ့ဆိုလျှင် ဘယ်မှမထွက်ရပါ။ ကိုယ့်အိမ်၊ကိုယ့်ခြံထဲမှာပင် စိုက်ပျိုးပြီး နေရပါသည်။ ယောက်ျား တဦးဦးခြံစည်းရိုးနားကပ်၍ လျှောက်လာလျှင်၊ အမျိုးသမီးများသည် ထိုယောက်ျားကို မကြည့်ရပါ။ ခေါင်းမြီးခြုံပြီးကျောခိုင်းကာ ငြိမ်ငြိမ်ကလေးနေလိုက်ရပါသည်။ လွန်သွားမှ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ရပါသည်။ ညပိုင်းတွင်မှအမျိုးသမီးများသည် မိမိတို့ခြံများမှ ထွက်ကာ ချောင်းသို့ ရေခပ်ဆင်းကြပါသည်။ မိန်းမချင်း၊အိမ်နီးချင်းလည်လျှင်လည်း ညမှပင်လည်ပါသည်။

အဘေ ဗမာပြည်ပြန်သွားပြီးနောက်' အမေနှင့်ကျွန်တော်တို့ မောင်နှမ၃ယောက်ချည်း တအိမ်နေရပါသည်။ အဘေပိုင်သည့်အိမ်ကလေးနှင့် ခြံကလေးမှာပင်ဖြစ်ပါသည်။အဘွားကလည်း သူ့အိမ်နှင့်သူ၊ ဦးလေးကလည်း သူ့အိမ်နှင့်သူ နေပါသည်။ အဘွားကတော့ တခါတရံ အလည်လာပါသည်။ အမေမှာ သူကိုယ်တိုင် စစ်တံကောင်း စကားတတ်၍ အခက်အခဲ မရှိပါ။ နေထိုင်ဖြစ်အောင် စီမံသွားနိုင်ပါသည်။

အဘေ၏ရည်ရွယ်ချက်မှာ သူ၏သားသမီးများနှင့် မယားကို စစ်တကောင်းမှ မူဆလင်များအတိုင်း ဖြစ်လာရန် ဤ

http://nyisay.com



ကဲ့သို့ပို့ထားခြင်း ဖြစ်ဟန်တူပါသည်။ ဤရွာတွင် ၂နှစ်ခန့်နေကြရပြီးနောက်မှအဘေက ကိုယ်တိုင်လာပြီးပြန်ခေါ်ပါသည်။

ဗမာပြည်သို့ပြန်ရောက်သောအခါ အမေ့မိဘမောင်ဘွား များရှိရာ မင်းရွာအနီးညောင်သုံးခွရွာကိုပြန်လာကြပါသည်။ ဤရွာတွင်နေရသည်မှာ အမေ့မောင်များနှင့် အဆင်မပြေပါ။ ထို့ကြောင့် ရွာထဲမှာ မနေနိုင်ဘဲ ရွာပြင်သို့ထွက်ပြီး တဲတလုံးနှင့်လယ်လုပ်ကြရပါသည်။သို့နှင့် လယ်ပင်မပြီးသေး မီမသင့်မတင့်မှုကြောင့် အဘေက သားအကြီးဆုံးကျွန်တော့်ကိုခေါ်ပြီး ဟသ်ာတခရိုင် ဓမ္မာရွာကို ထွက်ခဲ့ပါသည်။ တနှစ်ကျော်ကျော် ၂နှစ်နီးပါးနေမှ အမေနှင့်အခြား သားသမီးများကို ပြန်ခေါ်ပါသည်။

ဓမ္မာရွာမှာ နေရင်း၊ ကျွန်တော် ၅နှစ် ၆နှစ်အရွယ် ရောက်လာသောအခါ အဘေက ကျွန်တော့်ကို ပလီကျောင်းမှာ ထားပါသည်။ ၇နှစ် ၈နှစ် ရွယ်အထိ ပလီကျောင်းမှာပင် နေရ စာသင်ရပါသည်။

အမေတို့ပြန်ရောက်ပြီးနောက် အဘေနှင့်အလွန်ရင်းနှီးသော ဆေးဆရာ ဦးမောင်ကလေးက အဘေ့အားသားသမီးများကို မြန်မာစာသင်ကျောင်းတွင်ထားရန် အဘန်တန်အထပ်ထပ် တိုက်တွန်းသဖြင့် ကျွန်တော်တယောက်တည်းကိုသာ ဆရာဦးဘိုးချိန်၏အတန်းကျောင်းတွင် ၂နှစ်နီးပါးခန့်ထားပါသည်။ ယိုကျောင်းတွင် ပဉ္စမတန်းအထိ သင်ဘူးပါသည်။ သို့ရာတွင် ကျောင်းမှထွက်သောအခါ စာမရေးတတ်မဖတ်တတ်ပါ။

ဤအချိန်များ၌ အဘေသည် ဆန်စက်တွင်လုပ်နေသော အလုပ်မှ ထွက်လိုက်ပြီး ဈေးဆိုင်ကလေး ဖွင့်နေပါသည်။

http://nyisay.com



ဆိုင်ကလည်း အရောင်းအဝယ်သင့်ရုံသာရှိသဖြင့် ဆိုင်ကို ဖြုတ်၍ နို့စားနွားမနှင့် နွားပေါက်များပါပေါင်းပြီး အကောင် ၂၀လောက်ကိုဂရုတစိုက်မွေးကာနွားနို့ညှစ်ရောင်း နွားမွေးသောအလုပ်သို့ ပြောင်းလိုက်ပါသည်။

အသက်၁၀ နှစ်သာသာတွင် မြန်မာစာသင်ကျောင်းက ထွက်ရပြီး၊ မိဘများက လုပ်ငန်း ပြောင်းကြသည့်အလိုက် ကျွန်တော်လည်း နွားကျောင်းသားဘဝသို့ ပြောင်းလာရ ပါသည်။

ကျွန်တော်တို့တွင် ညီအစ်ကိုမောင်နှမ ၇ ယောက်ရှိရာ၊ ကျွန်တော့်ထက်အကြီး အစ်မတယောက်သာ ရှိပါသည်။ ထို့ကြောင့် မိဘများက ကျွန်တော့်ကိုပင် နွားကျောင်း ခိုင်းရပါသည်။အစ်မနှင့်ညီငယ်ညီမငယ်များလည်း ကျောင်း မနေကြရပါ။အဘေနှင့်အမေက သက်ငယ်များကို အလှိုင်း လိုက် ရိတ်လာရာ လှိုင်းပစ်နိုင်သူများက ကိုင်းတံများနှင့် ပစ်ကြရပါသည်။

အဘေ့ဘာသာအလိုက် ကျွန်တော် ကိုမူဆလင်ဘာသာ ထုံးစံအတိုင်း ရှင်ပြုပေးပါသည်။

ဓန္နာဗတီတွင် နေရသော်လည်း၊ဆွေမျိုးဉာတိများရှိရာ ပဲခူး သနပ်ပင်နယ်သို့သာ ကျွန်တော်တို့ကလေးများသည် သွား၍ လည်ပတ် တွေ့ဆုံချင်ကြပါသည်။အဘိုးနှင့် အဘွားကိုလည်း တွေ့ချင်ကြပါသည်။သို့ရာတွင်၄င်းအကြောင်းကို အဘေ့အား မပြောရဲပါ။အမေ့ကိုသာပြောရဲကြပါသည်။ အမေကလည်း ''အေး–အေး'' နှင့် ပြောပြီး ဘယ်တော့မှလည်း မပို့ပါ။ အဘေ့ကို ကြောက်ရသဖြင့် သူ့ခမျာမှာလည်း မပြောရဲပါ။

http://nyisay.com



အရပ်ထဲရှိ ခင်မင်သည့်မိတ်ဆွေများက အဘေ့ကို အဘိုး အဘွားထံ ပို့ပေးဘို့ ဝိုင်း၍ပြောကြလျှင်လည်း အဘေက မကြိုက်ပါ။သူ့ကို ကြဉ်ထားသည်ဆိုပြီး သူက စိတ်နာနေပါ သည်။ကျွန်တော်တို့ကိုလည်း အိမ်နားနီးချင်း ဗမာကလေး များနှင့်ခင်ခင်မင်မင်ကစားသည်ကိုပင် အဘေကမကြိုက်ပါ။ ၎င်းမှာပင်ဒုက္ခတွေ့ပါသည်။ကျွန်တော်တို့ကလည်း “ကုလားက လေး” စသည်ဖြင့်အခေါ်ခံရသည်ကို မကြိုက်ပါ။ အင်မတန် ဗမာ လုပ်ချင်ပါသည်။ သို့ရာတွင် အဘေက နည်းနည်းမှ မျက်နှာသာ မပေးပါ။ ကျွန်တော်တို့က ပလီမသွားချင်ပါ။ သို့ရာတွင် အဘေက အတင်းရိုက်လွှတ်၊ သွားခိုင်းပါသည်။

ထို့ကြောင့် စိတ်ညစ်လှသဖြင့် ၁၂နှစ်သားအရွယ်လောက် တွင် ကျွန်တော်အိမ်က ထွက်မိထွက်ရာထွက်ပြေးရာ၊ဟင်္သာတ ခရိုင် အင်္ဂန်းရှိ အထောင်ရှားကွဲရွာက အဘေ့ ဦးလေး အိမ်သို့ ရောက်သွားပါသည်။ ထိုအိမ်တွင် နွား တရှဉ်းကိုလယ်ထဲမှာ မြက်ရှာ၍ရိတ်ကျွေးရပါသည်။လယ်ရှင် များကလည်း မြက်လာရိတ်သည်ကို မကြိုက်ပါ။ ဟိုဘက်ခိုး ရိတ် ဒီဘက်ခိုးရိတ် ငေါက်လျှင်ထွက်ပြေးပြီး တနေကုန်မြက် ရိတ်မှ တခြင်းသာရပါသည်။ ထိုအိမ်တွင်တနှစ်ကျော်ကျော် ခန့် နေမိသောအခါ၊သတင်းကြားသဖြင့် အဘေက လာပြန် ခေါ်ပါသည်။ ကျွန်တော်လည်း မလိုက်ချင် လိုက်ချင်နှင့်ပင် ပြန်လိုက်သွားရပါသည်။

မိဘများနှင့်အတူ ၈ လခန့် နေပြီးသည့်နောက်၊ အစက လည်း ရှိဘူးသဖြင့် အိမ်က တခါထွက်လာပြန်ရာ၊ ဟင်္သာတ တာကလေးပိုင်းရှိ ကျွန်တော့်အဘေနှင့် သားချင်းဆွေမျိုး တော်စပ်သော အိမ်တအိမ်သို့ရောက်ပြီး၊ ထိုအိမ်မှာပင်နေပါ

http://nyisay.com



သည်။ ဤအိမ်တွင်ရေခပ်၊ တံမြက်စည်းလှည်း၊ ကလေးငယ်များကို ထိန်းခြင်းစသော တိုလီမိုလီအလုပ်များသာလုပ်ပေးရပါသည်။ထွေထွေထူးထူးမရှိပါ။သို့ရာတွင် ကြာသောအခါ ဆွေမျိုးများက မကြည်ဖြူပါ။

သို့နှင့်ကျွန်တော်လည်း ဟသ်ာတနှင့်သာရဝေါ်ဆိပ်ကမ်းသို့ အပြန်ပြန်သွားသော မီးရထားကလေးကို အခေါက်ခေါက် အခါခါ စီးနေခြင်းဖြင့် အချိန်ဖြုန်း နေတော့သည်။ ဤသို့နေရသည်မှာ စိတ်ညစ်သက်သာသည်။ ထိုသို့အပြန်ပြန်အလှန်လှန်စီးရင်းနှင့် ဘာများလုပ်ရ၊ ဘယ်များသွားရပါမည်နည်းဟု အကြံယူနေမိသည်။တနေ့သောအခါ ထုံးစံအတိုင်းလက်မှတ်မပါဘဲမီးရထားနှင့် သာရဝေါ်ဆိပ်ကမ်းသို့လိုက်သွားပါသည်။ လက်မှတ်စစ်များ မမြင်အောင် တံခါးနှင့် ခပ်ကွယ်ကွယ်ကလေး ပါသွားပါသည်။ သို့ရာတွင် ထိုမီးရထားပေါ်တွင် ဓမ္မာရုံဂါက ကျွန်တော့်အဘေ၏ ဦးလေးသား၊ ရန်ကုန်ကျောင်းသို့သွားမည့် ဦးလေးတော်သူနှင့် ပက်ပင်းပါသွားတွေ့ပါသည်။ သူကကျွန်တော့်ကိုဆုံးမပြီး ပိုက်ဆံလေး ဘာလေး ပေးပါသည်။ ကျွန်တော်လည်း တဘက်ကမ်းအထိ သူ့ကို လိုက်ပို့ဦးမည်ဆိုပြီး လိုက်ပို့ပါသည်။ တဘက်ကမ်းသို့ရောက်သောအခါ သူက ကျွန်တော့်အတွက် ပါလက်မှတ်ခံခဲ့ပြီး ''မင်းဒီလိုလေလွင့်နေလို့တော့မဖြစ်ဘူး၊ ငါနဲ့ ရန်ကုန်လိုက်ခဲ့တော့''ဟု ခေါ်ပါသည်။ ကျွန်တော့် ထက်အကြီးဖြစ်သောကြောင့်၊ သူ့စကားကိုလည်း မငြင်းနိုင်၊ အတူနေကြသော ကလေးများကို ခင်မင်သော စိတ်ကြောင့်လည်း မလိုက်ချင်၊ သို့ရာတွင် သူနှင့်အတူ ရထားပေါ်တပါတည်းပါလာပါသည်။ လက်ပံတန်းရောက်သောအခါ သူက

http://nyisay.com



ကောင်းကောင်းမွန်မွန် ဝယ်ကျွေးပါသည်။ ကျွန်တော်၏ ထိုဦးလေးနာမည်မှာ ကိုအေးဖြစ်ပါသည်။

တဖြည်းဖြည်းနှင့် နေညိုစပြုလာပြီး တိုက်ကြီးကျော်၍ မှော်ဘီနားရောက်သောအခါ ကျွန်တော် အလွန် ဝမ်းနည်းလာပါသည်။ထို့ကြောင့် တရှုံ့ရှုံ့နှင့် မဆည်နိုင်ဘဲ ငိုပါတော့သည်။ ဦးလေးတော်သူ ကိုအေးကလည်း ငိုသည်ကို နည်းနည်းမှ သဘောမကျပါ။ ကျွန်တော်က ပြန်ပို့ဘို့ ပြောသောအခါ သာ၍ စိတ်ဆိုးပါသည်။စားရိတ် မတတ်နိုင်ဟု ဆိုပါသည်။ အတူသွား ခရီးသည်များက မေးစမ်းကြရာ၊ ကိုအေးက"ဒီကောင်အလကားအလွန်ဂျီကျတဲ့အကောင်" ဟု ပြောသဖြင့် ခရီးသွားများက"ကလေးဆိုတာချော့မှပေါ့၊ ချော့လိုက်ရင်ပြီးတာဘဲ"စသည်ဖြင့် ပြောဆိုကာ ထိုခရီးသွားများကပင်ကျွန်တော့်အား"အေး–အေးကိစ္စမရှိဘူး၊နက်ဖြန်တော့ မင်းကိုပြန်ပို့ပေးမယ်၊တို့က အာမခံပါတယ်"စသည်ဖြင့် ပြောသိုချော့မော့မှ ကျွန်တော်လည်း နည်းနည်း စိတ်ပျော်လာကာ အငိုတိတ်သွားပါသည်။

ညနေ ၆ နာရီလောက်တွင် ရန်ကုန် ကွမ်းခြံဘူတာကြီးသို့ ရောက်လာကြပြီး၊ ဦးလေး ကိုအေးက ကျွန်တော့်ကို ပုဇွန်တောင် ကြက်တန်းထိပ်နားရှိ"ဇီနပ်အစကူး"ခေါ်မိဘမဲ့ ကျောင်းသို့ ခေါ်သွားပါသည်။ ကျောင်းကြီး အဝမှာ ထောင်ဘူးဝနှင့် ခပ်ဆင်ဆင်ပင် ဖြစ်ပါသည်။ ညအချိန်တွင် သော့ပိတ်ထားပါသည်။ မြို့နယ်ခရိုင်အနှံ့က မိဘမဲ့နှင့် ဆင်းရဲသားကျောင်းသား၅၀၀ခန့်ရှိပါသည်။ယခင်အခါက ရခိုင်၊ ထားဝယ်၊မြိတ် ဆိုသည်တို့ကို နာမည်ပင် မကြားဘူးသေးပါ။ ယခုမှပင် သူတို့ကို တွေ့ဘူး၍ သူတို့ စကားပြောသည်များကို

http://nyisay.com



နားထောင်ကြည့်ရာ ဘာမှနားမလည်ပါ။ ဦးလေးကိုအေးက ပြောပြမှ ထားဝယ်၊ ရခိုင်စသည်ဖြင့် မှတ်သားရပါသည်။

ကိုအေးသည် ကျောင်းမှ ခွင့်ယူပြီး ကျွန်တော့်ကို တိရစ္ဆာန်ရုံ၊ သိမ်ကြီးဈေး၊ သင်းဘောဆိပ်စသည်တို့ကိုလိုက်ပို့ ပြသပါသည်။ စိတ်ပျော်အောင်လုပ်ပါသည်။ ပဌမတရက် နှစ်ရက်တွင်မူပြန်ချင်စိတ်သာ များနေပါသေးသည်။ ၇ရက်ခန့် နေမိမှ နည်းနည်းပျော်သလိုလိုရှိလာပါသည်။ ကျွန်တော့်ကို အကဲနည်းနည်း ရသဖြင့် ဦးလေး ကိုအေးက ဆရာကြီးကို ပြောပြီး ကျွန်တော့်အား ကျောင်းအပ်ပေးပါသည်။ ၎င်း ကျောင်းတွင် အူရဒူဘာသာဖြင့် ပထဝီ၊ ဂဏန်းစသော ဘာသာအမျိုးမျိုးကို သင်ပေးပါသည်။ မြန်မာဘာသာကိုမူ အနည်းငယ်သာ သင်ရပါသည်။

၎င်းကျောင်းတွင် နေပြီး မကြာမီပင် မိဘများထံ စာပေး လိုက်သဖြင့် တလ၄–၅ကျပ် မုံ့ဘိုး ပို့ပေးပါသည်။ ၎င်းသို့ နေစဉ် ဦးလေးတော်သူ ကိုအေးက ကျောင်းမှထွက်ပြေးပြီး၊ ဘိုကလေးဈေး အနီးရှိ အိမ်ထောင်ပရိဘောဂ ဆိုင်တဆိုင် တွင် ပေါလစ်ရှုသုတ်ခြင်းစသော အလုပ်များ ဝင်လုပ်နေပါ သည်။ ကျွန်တော်လည်း ကျောင်းတွင်နေရသည်မှာ စိတ်မပါ၊ ပျင်းလာပါသည်။ ထို့ကြောင့် ကိုအေးအား အကျိုး အကြောင်းပြောပြပြီးအလုပ်ရှာခိုင်းရာသူအလုပ်လုပ်နေသော ဆိုင်နှင့် မနီးမဝေးရှိ အိမ်ထောင် ပရိဘော ပစ္စည်းများကို ပြင်ဆင်ရောင်းချသည့် ဆိုင်တဆိုင်တွင် အလုပ် ဝင်လုပ်ရပါ သည်။ ဝင်ဝင်ခြင်းစာပွဲခုံများကို သံပြားနှင့် ခြစ်ရပါသည်။ ကော်ပတ်မစားမီလုပ်ရသော အကြမ်းလုပ်ဖြစ်ပါသည်။ လုပ် ခမှာ တနေ့မှ တမူးရပါသည်။ ထမင်းမကျွေးပါ။ ဆိုင်တွင်းရှိ

http://nyisay.com



စာပွဲများပေါ်တွင်အိပ်ရာမရှိ၊စောင်မရှိနှင့်အိပ်ခွင့်ရပါသည်။ မွန်းတည့်သောအခါ ဆိုင်ရှင် ကုလားဆီက ပိုက်ဆံ တပဲ တောင်း၍ရပါသည်။ တခါတည်း ၂ပဲမပေးလိုက်ပါ။ ထို တပဲနှင့် လမ်း၄၀ထိပ်လာပြီး ထမင်း ၂ပြား၊ ဟင်း ၂ပြားဘိုး စားရပါသည်။ ညနေ အလုပ်ပြီး၍ တပဲထပ်ရသောအခါတွင် လည်း ထိုနည်းတူပင် စားရပါသည်။

တနေကုန် အလုပ်ကြမ်းလုပ်ရပြီး ၌မျှသာ စားရသဖြင့် လူမှာ တဖြည်းဖြည်းပိန်ချုံးလာပါသည်။အဝတ်အစားရှိသမျှ ကလေးမှာလည်း ဒါဝတ် ဒါချွတ်နှင့် ပေရေစုတ်ပြတ်လှပြီ၊ ၃လခန့်နေသောအခါ ဆိုင်ရှင်ကုလားက တနေ့ ၁၀ ပြားပေး ပါသည်။ သို့ရာတွင် ၂ပြားပိုရသည့်အတွက် ကျွန်တော့်တွင် အဆီအသားပိုမတက်ပါ။ဆိုင်တွင်ပေါလစ်၍ အသုတ်ကောင်း သူများအနက် တနေ့ ၅မူးစား၊ ၆စားထိရှိပါသည်။ကျွန်တော် တို့မှာ အပေါဆုံးအစားဖြစ်ပါသည်၊ ကျွန်တော် လုပ်ခဲ့သည့် တနှစ်ကျော်ကျော် ကာလအတွင်း ကျွန်တော်အများဆုံးရခဲ့ သော ရက်အနည်းငယ်မှာ တနေ့၃ပဲမျှသာ ဖြစ်ပါသည်။ ၌ထက်မပိုပါ။

ထမင်း မဝလွန်းသဖြင့် ကျွန်တော်လည်း ဆိုင်ရှင်ကုလား ကိုပင်အသိမပေးဘဲထွက်သွားပါသည်။သို့ရာတွင်ဘယ်မှလည်း အတွယ်မရှိ၊ဘာရည်ရွယ်ချက်မှလည်းမရှိဘဲနှင့်ထွက်လိုက်ခြင်း ဖြစ်ပါသည်။ စာပုံနှိပ်တိုက်၊မော်တော်ကား အလုပ်ရုံစသော နေရာများတွင် အလုပ်ပေးဘို့ တောင်းရာ ဘယ်မှာမှ မရပါ။ သက်နီးကျွန်းဘောက်ထော်ထိခြေလျင်သွားပြီး တလျှောက်လုံး အလုပ် ရှာရာတွင်လည်း အလုပ်မရပါ။စားစရာ အိပ်စရာပင်

http://nyisay.com



အလွန် ခဲယဉ်း ကျပ်တည်း ပါသည်။ သက်န်းကျွန်း ဘောက်ထော်ဘက်တွင် တခါတရံ အကျိုးအကြောင်းပြောပြီး တောင်းစားလျှင် လွယ်ပါသည်။ မြို့ထဲမှာကား အလွန် ခဲယဉ်းပါသည်။

ရံဖန်ရံခါ၊ ညပိုင်းအချိန် ပန်းဆိုးတန်း အနီးအနား တဝိုက်တွင် လူစည်စည်နှင့် အလွန် ရောင်းကောင်းနေသော ဆိုင်သို့ဝင်ပြီး ခပ်တည်တည်နှင့်ပင် မှာစားပါသည်။ ထမင်းဟင်းမကုန်မီ အရိပ်အကဲ ကြည့်ပြီး ထလစ်ရပါသည်။ လူအလွန်စည်နေသဖြင့် ဆိုင်အလုပ်သမားများ အလုပ်အလွန်များနေ၍ လစ်သည့်အခါလည်း လစ်ပါသည်။ သူတို့သိလိုက်၍ လိုက်လျှင်လည်း ခြေသလုံးနှင့်တင်ပါးတသားတည်းကျအောင် ပြေးရပါသည်။

ညအိပ်သည့်အခါ သာ၍အကျပ်အတည်း တွေ့ပါသည်။ ပထန်ပုလိပ်ကြီးများက ကျွန်တော်တို့လို ကလေးများကို တွေ့လျှင် တခါတည်း ကိုင်မြှောက်ကာ ဘမ်းချင်ဘမ်းပါသည်။ သို့မဟုတ် ခေါ်သွားကာ သိမ်ကြီးဈေးနားက "ကလေးများ ဂေဟာ"သို့မဟုတ်၊ အင်းယားစောင်းက "အမေ့ကျောင်း" သို့ပို့ပါသည်။ ထို့ကြောင့် သူတို့ကို လွတ်အောင် ရှောင်ဘို့ အလွန်အရေးကြီးပါသည်။

အကွယ်အကာ အကောင်းဆုံးနေရာမှာ စိန်ပေါကျောင်းနှင့် အတွင်းဝန်ရုံး မျက်နှာချင်းဆိုင် ပလက်ဖေါင်းနှစ်ဘက်ရှိ သစ်ပင် အောက်များတွင် အိပ်ကြသော ကိုယ်မကောင်းသည့် သူတောင်းစားကြီးများ၊ ခြေတဘက်တည်းရောင်အမ်းအက်ကွဲ နေသော သူတောင်းစားကြီးများနှင့် ကပ်ရပ် ရောထွေးအိပ်

ခြင်းပင်ဖြစ်ပါသည်။ အမိုက်ပုံထဲကစက္ကူကောက်၊အောက်က တန်ချိုခင်း၊ အပေါ်ကတချို့အုပ်ပြီးအိပ်ရပါသည်။ ဤသို့သူတို့ အရိပ်ကိုခို၍ လာအိပ်သည်ကို ဤနေရာများတွင် အမြဲတန်းနေကြသော သူတောင်းစားကြီးများကမကြိုက်ပါ။ မောင်းမောင်း ထုတ်ပါသည်။ သို့ရာတွင် ဤသို့ပင် ကပ်ရပ်ပြီး"တညထဲပါ" စသည်ဖြင့် ပြောကာ အိပ်ရပါသည်။ ပုလိပ်က"လူပိုမသိပ်ရ၊ လူပိုသိပ်ရင်မင်းတို့ပါ ဒီမှာမအိပ်ရဘူး"ဟု ပြောထားသဖြင့် သူတို့မှာလည်း အခက်အခဲ ရှိကြပါသည်။

နေ့ခင်းပိုင်းတွင် ဟိုသွား ဒီသွားနှင့် မစားရသည်ကများပါသည်။ တခါတရံ အလုပ်ရုံ တခုအနီးရှိ လက်ဖက်ရည်ဆိုင်တန်းသို့သွားပြီး အလုပ်ရုံက မှာခိုင်းသလိုလို၊ဘာလိုလိုနှင့် လက်ဖက်ရည် ၂ခွက်မှာပြီး ကိုင်ထွက်လာပါသည်။ အလုပ်ရုံဘက်လာသလိုလိုလုပ်ပြီး လမ်းကြားတိုက်ကြားထဲဝင်၊ လက်ဖက်ရည်ကိုသောက်လောက်အောင် အခွင့်သာလည်းသောက်၊ အချိန်မရလျှင်လည်း သွန်ကာ ပန်းကန်ကိုယူပြီး တနေရာမှာ ရောင်းရပါသည်။ ပန်းကန်တစုံလျှင် ၅ပြား ၆ပြားခန့် ရပါသည်၊ရသောထိုပိုက်ဆံကလေးထဲမှတထုပ်တပြားပေးရသော ဆေးခြောက် ၂ထုပ်လောက်ဝယ်ပြီး အနားကပ် အိပ်ရသော ဟော်တယ်ပိုင်ရှင် သူတောင်းစားအနူ၊ သို့မဟုတ် ခြေသလုံးတဘက်ကြီးပြီးရွဲနေသူကိုထိုဆေးခြောက် ၂ထုပ်ပေးရပါသည်။ ဆေးခြောက်ပေးနိုင်သောနေ့ဆိုလျှင် သူတို့က အလွန်ကြည်ဖြူပါသည်။အကာအကွယ် ပေးပါသည်။သူတို့တွင် ဆေးခြောက်ရှူသော "ကျလင်"ကလေးများလည်း အသင့်ရှိကြပါသည်။ ကျွန်တော်ကဆေးခြောက်ကိုလက်ဝါးထဲထည့်ပြီး ရေကလေး

http://nyisay.com



နှင့် ပွတ်ပေးရပါသည်။ မကောင်းသည့်အရေများ ထွက်သွားအောင် ပြုလုပ်ခြင်းဖြစ်ပါသည်။

ဤနေရာများတွင် အိပ်ရသည်မှာ ရာသီဥတုကောင်းလျှင် ကိစ္စမရှိပါ။ တော်ရုံမိုးရွာလျှင် သစ်ပင်အရင်းကပ်၊ စက္ကူခပ်ထူထူအုပ်ပြီးအိပ်၍ရပါသည်။မိုးသည်းလာလျှင် အမိုးရှိရာအောက် သူရိယတိုက်စသည်တို့မှာ ခိုကြရ ကပ်ကြရပါသည်။

ဤသို့၃–၄လလောက်နေမိသောအခါ၊ဒါလ်ဟိုဇီလမ်းနှင့် ၃၉လမ်းဒေါင့်အနီး၊ ၃၉လမ်းပေါ် ကမ်းနားဘက်အသွားလမ်းတွင်ရှိသည့် ကုလားထမင်းဆိုင် တဆိုင်သို့ ကျွန်တော်ဝင်သွားကာ ဆိုင်ရှင်ကြီးအား ကျွန်တော့်ကို အလုပ်ပေးရန်သနားခံပြီးတောင်းပါသည်။ဆိုင်ရှင်က"မင်းငယ်ငယ်ကလေးရှိသေးတယ်၊ အလုပ်လုပ်နိုင်ပါ့မလား"ဟု မေးပါသည်။ ကျွန်တော်က လုပ်နိုင်ကြောင်း ပြောပြရာ၊ သူက "ပန်းကန်ဆေးနိုင်မလား"ဟုမေးပြီးပန်းကန်ဆေးအလုပ်ပေးပါသည်။ ဆိုင်မှာ အလွန်ရောင်းရသော ဆိုင်ဖြစ်သဖြင့် ပန်းကန်ဆေးရသည်မှာ မသက်သာလှပါ။ သို့ရာတွင် အစားအသောက်ကလည်း ကောင်း၊ လခကလည်း ၂၀ ရသေးသဖြင့် ပင်ပန်းမှန်းမသိအောင်ပင် ဝမ်းသာနေပါသည်။ ဆီတွေ ချောသဖြင့် ပန်းကန်များ ကွဲသည်မှာလည်း နည်းမည်မဟုတ်ပါ။သို့ရာတွင် အလုပ်ကို ကြိုးစားလုပ်သဖြင့် ဆိုင်ရှင်စူလတန်က သဘောကျပါသည်။ ပန်းကန်ဆေးအလုပ် ၃–၄လလုပ်ရပြီးနောက် လူသစ်ရသဖြင့်ကျွန်တော်ကစားပွဲထိုး၊ စားပွဲသုတ်၊ စားသောက်သူများအား ကောင်းမွန်စွာ နှုတ်ဆက်စကားပြော အလုပ်များကို လုပ်ရပါသည်။လခမှာလည်း တဖြည်းဖြည်းနှင့်ဂိအထိ တိုးလာပါသည်။

http://nyisay.com



ဤဆိုင်တွင် ၂ နှစ်ခန့်လုပ်မိ၍၊ အဝတ်သေတ္တာ ၂လုံးနှင့် ငွေလည်း အသင့်အတင့်စုမိသောအခါ၊ စစ်ရိပ်စစ်ငွေ့တွေက တော်တော်သန်းလာပါပြီ။ တနေ့နံနက်၉နာရီသာသာအချိန် ခန့်တွင် လေကြောင်းအချက်ပေး ဥသြ ဆွဲပါသည်။ ဥသြဆွဲ နေစဉ်မှာပင် မကြိုဘူး မကြားဘူးသော ပစ်ခတ်ပေါက်ကွဲသံ များကိုကြားရပါသည်။ ဂျပန်ကလာပြီးဗုံးကြဲပြီဟု ကျွန်တော် တို့ သိပါသည်။ တိုက်မှာလည်း သိမ့်သိမ့် တုန်နေပါသည်။ ငလျင် ဆက်တိုက် လှုပ်နေသကဲ့သို့ပင် ဖြစ်ပါသည်။ အပြင် ဘက်သို့လှမ်းကြည့်လိုက်ရာ အဆောက်အအုံ အဆောင်းတွေပြန့်ကြဲနေပါသည်။ စက်သေနတ် အရမ်းဆွဲသဖြင့် အရပ်သားများ ဤသို့မတရား သေရခြင်းဖြစ်ပါသည်။ ဆိုင်ရှင်စူလတန်က ကျွန်တော့်ကို အင်္ကျီအဝတ်စားလဲနိုင်းသဖြင့် လွယ်ကူသော အဝတ်အစား ပြေးလဲရပါသည်။ သူ့နောက် ကိုင်နိုင်းထားသဖြင့် ကိုင်ထား ရင်း ဗုံးတွေတကြော့ထပ်ချ၊ စက်သေနတ်တွေ တပတ်ထပ်ဆွဲ ပြန်ရာ၊ ကျွန်တော်မှာ ကြောက်အားပိုပြီး ခွေယုဝင်သွားကာ ချေး၊ သေးများ အလိုလို ပါလာပါတော့သည်။ စူလတန်က "အဝတ်အစားသွားလဲချေဦး"ဟုဆိုသဖြင့် ကပျာကရာရေ ချိုးပြီး အလုပ်ခန်းထဲရှိ သေတ္တာကလေးထဲမှ အင်္ကျီအဝတ် အစားလဲကာ ပြန်လာရာ၊ စူလတန်ကို မတွေ့ရတော့ပါ။ တိုက်ရှေ့မှ သေဆုံးပြီး ထွက်သွားပါပြီ။ ကျွန်တော်လည်း မကြိုတတ်ပါ။အလွန်ပင် အားငယ်သွားပါသည်။

အပေါ်ထပ်တွင်ရှိသော သေတ္တာအကောင်း နှင့် အဝတ် အစားကောင်းများကိုလည်းတက်၍မယူဝံ့တော့။ကျွန်တော် သာမဟုတ်၊ စူလတန်ပင်အပေါ်ထပ်၌ရှိသော သူ၏ရွှေငွေ ပစ္စည်း အဘိုးတန်များကို တက်၍ယူသွားနိုင်မည် မထင်။

http://nyisay.com



အောက်ထပ်ရှိ ကျွန်တော့်သေတ္တာကလေးနှင့် အဝတ်အစားကလေးများအပြင် စျေးရောင်း၍ရငွေထဲမှ အနည်းအကျဉ်း နှိုက်ယူလာပြီး ယခင်ကကြားဘူးထားသည့်အတိုင်း စစ်ဒုက္ခသည်များကို အခမဲ့ပို့ပေးမည်ဆိုသည့် ကွမ်းခြံဘူတာကြီးသို့ သွားပါသည်။ အလောင်းပေါင်းမြောက်မြားစွာကို ကျော်လွှားဖြတ်သန်းပြီး သွားရသည်မှာ ကြေကွဲဘွယ်ပင် ဖြစ်ပါသည်။အချို့မှာ မသေသေးပါ။ အချို့က ကယ်စေလိုသော သဘောနှင့် ခြေပြတ် လက်ပြတ် ပြင်းထန်သော ဒဏ်ရာဖြင့် လဲနေရာမှ လှမ်းခေါ်ကြပါသည်။သို့ရာတွင် ကမ္ဘာမီးလောင်နိုက်မို့၊ အမိသော်လဲ သားတော်ခဲ့အချိန် ဖြစ်သောကြောင့် ကွမ်းခြံဘူတာသို့သေတ္တာကလေးဆွဲ၊ ပစ်သံ ကြံသံနားစွင့်ပြီး အပြေးကလေး သွားရပါသည်။

ကွမ်းခြံဘူတာကြီးသို့ရောက်သောအခါခဲလေသမျှသဲရေကျရပါသည်။မီးရထားမရှိပါ။ သို့နှင့်ထိတ်လန့်နေသော လူအုပ်ကြီးနှင့်အတူ ကန်တော်ကြီးဘက်သို့ ကိုယ့်သေတ္တာကလေးကိုယ်ဆွဲပြီး လိုက်သွားရပါသည်။ ထို့နောက်ခြေဦးတည့်ရာဆက်လျှောက်သွားရာ တခါမှမရောက်ဘူးသော ငါးထပ်ကြီးဘုရားဘက်သို့ ရောက်သွားပါသည်။ ခြံတခြံ အနီးရှိ သစ်ပင်ကလေးအောက်တွင်မောမောပန်းပန်းနှင့်ထိုင်နေရာ ခြံတွင်းရှိ မိန်းကလေးအချို့နှင့် အဒေါ်ကြီး ၂ဦးထွက်လာပြီး မေးကြပါသည်။ကျွန်တော်ကအကျိုးအကြောင်းစုံပြောပြသောအခါ၊ သူတို့ကအလွန်ကြင်နာစွာနှင့်အိမ်ထဲကိုခေါ်သွားကြပါသည်။ မောမောနှင့် တောင်းသောက်မိသော ရေမှာလည်း ဘယ်နှစ်ခွက်မှန်းပင် မမှတ်မိတော့ပါ။ အိမ်ရှင်များက သူတို့နှင့်ပင်

http://nyisay.com



အတူနေရန်နှင့် အစားအသောက်အတွက် ဘာမှပူစရာ မရှိကြောင်းပြောကြပါသည်။ သို့ရာတွင်ကျွန်တော့်စိတ်ထဲ၌ မိဘရပ်ထံပြန်လိုသောစိတ်ကအလွန်ပြင်းပြနေသဖြင့်စေတနာ ကောင်းသော အဒေါ်ကြီးများ၏မေတ္တာကို လက်မခံလိုပါ။ အားတော့လည်းအလွန်နာလျက်ရှိပါသည်။ သူတို့က ထမင်း ကျွေးပါသည်၊ ကျွန်တော်ကမစားနိုင်ပါ။ဘူတာကြီးမှနေ၍ မည်သို့ဟသ်ာတပြန်ရမည်ကိုသာ စဉ်းစားနေပါသည်။ မီးရ ထားကလည်း ညနေတွင် ရှိချင်မှရှိမည်။ထို့ကြောင့်၍အိမ်က ထွက်သင့်မထွက်သင့်ပင် ချိန်နေရပါသည်။

မွန်းလွဲ ၁ ချက်တီးခန့် ရှိသောအခါ မြို့ထဲခဏသွားလို ကြောင်း ပြောသဖြင့်အဒေါ်ကြီးကယောက်ျားကလေးအဖေါ် တယောက်ထည့်လိုက်ဘိုစီစဉ်ပါသည်။ကျွန်တော်က "နေပါ စေ"ဟုပြောကာ ကိုယ့်သေတ္တာကလေးကိုဆွဲရာ၊ အိမ်သား များက"ဒီသေတ္တာက ဘာကြောင့် ယူရဦးမှာလဲ"ဟု မေးကြ ပါသည်၊ ကျွန်တော်က"ကိစ္စမရှိပါဘူး"ဟု ပြောကာ ဆွဲပြီး ထွက်လာပါသည်။ အိမ်ရှင်များကား ကျွန်တော်၏ အကြံ အစည်ကို ကောင်ပင် သိကြပါလိမ့်မည်၊ သို့ရာတွင် ဘာမှ မပြောဘဲ ရယ်၍သာ နေကြပါသည်။

ကွမ်းခြံဘူတာသို့ရောက်သောအခါ ကြီးမားသော လူအုပ် ကြီးကိုတွေ့ရပါသည်။ ကျွန်တော်ကဲ့သို့ပင် မီးရထားအလာ စောင့်နေသူတွေ ဖြစ်ကြပါသည်။မီးရထား သွားရေးလာရေး အုပ်ချုပ်သောသူများသည် ထိုနေ့က လုပ်ငန်းတွင် အတော် အတန် ဖရိုဖရဲ ဖြစ်ဟန်တူပါသည်။ "ယနေ့ ဘယ်လမ်းကိုမှ ရထားမထွက်နိုင်"ဟု လူထုကြီးအား နောက်ဆုံးတွင် ထုတ်

http://nyisay.com



ဖေါ်ပြောကြရပါသည်။ ဒုက္ခသည်ပေ့ပူထုကြီးပေည်း အားငယ်စွာနှင့်ပင် ဘူတာကြီးထဲမှ ထွက်ခွါကြရပါတော့သည်။

လူအုပ်ကြီးသည် မီးရထား စီးရလိုစီးရငြား ဘူတာကြီးတွင် လာရောက်စုဝေးနေကြရခြင်းဖြစ်ပါသည်။ ဗုံးလာချလျှင်ကား သက်သာမည်မဟုတ်ပါ။ ထို့ကြောင့် မီးရထားမထွက်ကြောင်း သိရလျှင်သိရခြင်း လုံခြုံမည်ထင်ရာ ကန်တော်ကြီးဘက်သို့ထွက်လာကြပါသည်။ ကျွန်တော်လည်း လူအုပ်ကြီးနှင့်အတူ ကန်တော်ကြီး အလယ်ကျွန်းသို့ ရောက်သွားပါသည်။ လူပေါင်း မြောက်မြားစွာသည် ကိုယ့်အစုနှင့်ကိုယ်အိပ်နေကြသည်။နားနေကြသည်။ အကြံအစည်ပြုနေကြသည်။ ကျွန်တော်လည်း ခြုံတခြုံဘေးတွင် သေတ္တာကလေး ခေါင်းအုံးပြီး ခဏ အမောဖြေနေပါသည်။ ကျွန်တော်ရောက်ပြီး များမကြာမီပင် လူတွေအားလုံး ထွက်ခွါပေးဘို့ စစ်တပ်ကလာနှင်ပါသည်။ ဒုက္ခသည်များအတွက် အစိုးရက ငွေကြေးအကုန်အကျခံပြီးစံနစ်တကျစီစဉ်ထားသည့်ကျိုက္ကဆံ မြင်းပြိုင်ကွင်းကြီးသို့ သွားကြရန်နှိုးဆော် တိုက်တွန်းပါသည်။ ကန်တော်ကြီးဆိုသည်မှာလည်း စစ်တပ်ရှိရာနေရာနှင့် နီးသောကြောင့် အန္တရာယ်မကင်းကြောင်း ပြောပြပါသည်။

ကျိုက္ကဆံ မြင်းပြိုင်ကွင်းကိုလည်း ကျွန်တော်မရောက်ဘူး မည်သို့သွားရမည်ကိုလည်း ကျွန်တော်မသိ၊ အခြားသူများကိုမေးရမှာလည်း ယုံရမည်မယုံရမည်အခက်၊ လူကောင်းလားလူဆိုးလားမသိ။ထို့ကြောင့် လူအုပ်ကြီးနှင့် ရောချ၍လိုက်သွားပါသည်။ ညနေ ၄နာရီ ကတည်းက သေတ္တာကလေးကိုဆွဲတလှည့် ထမ်းတလှည့်နှင့်လိုက်နေရာ၊ နာရီပိုင်း မိနစ်ပိုင်း

http://nyisay.com



အလိုက် လူအုပ်ကြီးမှာလည်း တဖြည်းဖြည်း နည်း၍ နည်း၍ သွားပါသည်။ ကျိုက္ကဆံမြင်းပြိုင်ကွင်းကိုလည်းမရောက်၊ ဘယ်ကို ရောက်နေမှန်းလည်း မသိပါ။ ညဉ့် ၁၂နာရီအချိန်ခန့်ရှိသော အခါ၊ တရုတ်တယောက်နှင့် ကျွန်တော်သာ ကျန်ပါတော့သည်။ဖော်တော်လည်း ပင်ပန်းလှပါပြီ။ ပေါက်ဖော်ကြီးအား "အခုလမ်းဟာ ဘယ်ကို သွားနေတဲ့ လမ်းလဲ" ဟု ကျွန်တော်က မေးရာ "ပြည်ကို"ဟု သူက ပြန်ပြောပါသည်။ ဤသတင်းကြောင့် အတော်ပင် ဝမ်းသာမိပါသည်။ ထို့ကြောင့် ဆက်၍ "လက်ပံတန်းကို ဘယ်တော့လောက်ရောက်မလဲ"ဟုမေးရာ"နောက်တရက် နံနက်ထမင်းစားချိန်မှာ ရောက်မယ်"ဟု ပြန်ပြောပါသည်။

ပေါက်ဖော်မှာ ရှေ့နားက ညို့ညို့မှိုင်းမှိုင်း ရွာကို ခွဲ၍ ဆင်းပါတော့မည်။ သူသွားလိုသောရွာသို့ ရောက်ပါတော့မည်။ တညဉ့်လုံးတယောက်တည်း လျှောက်ပြီး၊ နောက်တနေ့ နေအတော်မြင့်မှ လက်ပံတန်းသို့ ရောက်မည်ဆိုသည့် အတွက်အချက်ကြောင့်လည်း စိတ်အားငယ်မိပါသည်။ ကိုယ်ခန္ဓာက ဤမျှ အစွမ်းမကောင်းတော့ပါ။ ထို့ကြောင့် ကျွန်တော်လည်း ခရီးဆက်မသွားတော့ဘဲ၊ လမ်းဘေးမှ ကုလားတဲတတဲသို့ဝင်ပြီး ရေတောင်းသောက်ပါသည်။ ကျွန်တော်က ညဉ့်အိပ်ခွင့်တောင်းရာ၊ ကုလားလင်မယားက အိပ်စရာနေရာမရှိပုံကို ပြောပြပါသည်။ဟုတ်ပါသည်၊ သူတို့လင်မယားသားအမိပင်အိပ်စရာ အနိုင်နိုင်ရှိကြရှာပါသည်။ အခြားခြံမှ ကုလားများနှင့် မိတ်ဆက်ပေး၍ လိုက်သွားရာ၊ ထိုကုလားများမှာ အရက်မူးပြီး ကျွန်တော့် သေတ္တာကလေးကိုလည်း မျက်စောင်းထိုးလှသဖြင့် အကဲမရသောကြောင့် ပဋ္ဌမတဲသို့

http://nyisay.com



ပြန်လာခဲ့ပါသည်။ ကုလား လင်မယားက လမ်းတဘက်မှ ကုလားကြီးနှင့် ဆက်သွယ်ပေးရာ၊ သူတို့ဒွားပေါက်ကလေး ထားသော တင်းကုပ်ထဲတွင် အိပ်ခွင့်ရပါသည်။

သေတ္တာကလေးခေါင်းအုံးပြီး အိပ်လိုက်ပါသည်။နံနက် ၄ နာရီထိုးသောအခါ အိမ်ရှင်ကုလားကြီးက နှိုးပြီး ရေချိုး နိုင်းပါသည်။ ထို့နောက် စားစရာကလေးများကျွေးသည်ကို စားပြီး ရန်ကုန်ဘက်သို့ ကျွန်တော် ပြန်လျှောက်လာပြန်ပါ သည်။

ကွမ်းခြံဘူတာကြီးမှနေ၍ လက်ပံတန်းသို့ မီးရထားစီးဘို့ မှာ အရေးအကြီးဆုံး ဖြစ်ပါသည်။ ကွမ်းခြံ ဘူတာကြီးသို့ မွန်းလွဲအချိန်တွင် ပြန်၍ ရောက်လာပြန်ပါပြီ။များလိုက်သည့် ရထားစောင့် ခရီးသည်တွေမှာ ပြောမကောင်းပါ။ လေ ကြောင်းအချက်ပေးဥသြဆွဲသဖြင့် လူအုပ်ကြီးသည် ကန်တော် ကြီး ကန်တော်ကလေးဘက်ဆီသို့ မှန်းပြီး ပြေးကြပြန်ပါ သည်။ ကျွန်တော်လည်း ပြေးရင်းနှင့် တိရစ္ဆာန်ရုံအနီးက ကျောက်တိုင်ကြီးနားတွင် ကြွက်တက်ပြီး လဲနေပါသည်။လမ်း သွား ဒုက္ခသည်များက လက်ကိုင်ပုဝါကို ဆုတ်ပေးပြီး ဘယ် လိုဘယ်လို စည်းထားဟုပြောခဲ့ကြပါသည်။

သက်သာ၍ဘူတာကြီးသို့ပြန်လာသောအခါ မီးရထားက ညနေ ၅နာရီမှာမှ ရှိမည်ဟု ပြောသဖြင့် မြို့ထဲဘက်သို့ သွား ပါသည်။ တမြို့လုံးမှာ "ဖေါက်သယ်"တွေနှင့် ပြည့်နေပါ သည်။ လက်နက်ကိုင် တပ်သားများကမူ တိုက်ကြီး တာကြီး များကို ဖေါက်၍ သယ်နေကြပါသည်။ သူတို့အနားသို့ သွား

http://nyisay.com



လျှင် လှမ်းပစ်ချင် ပစ်လိုက်ပါသည်။ သူတို့ ထွက်သွားလျှင် လူအုပ်ကြီးက လိုချင်ရာရာများကို ဝင်ရောက်ယူကြပါသည်။ အချို့ အကြံသမားများကမူ ပစ္စည်း အဘိုးတန် ရှုံမည်ထင်သော တိုက်များကို သီးသန့် ရွေးချယ်ပြီး ဖေါက်နေကြပါသည်။

ငယ်ရွယ်သေးသော ကျွန်တော်မှာ ဤလူအုပ်ကြီးများကြားထဲသို့ ရောက်သွားသော်လည်း ညနေ ၅ နာရီအချိန်ရထားစီးဘို့ထက် အရေးကြီးသော အခြားကိစ္စ မရှိသဖြင့် သူတို့ယူနေကြသောပစ္စည်းများအတွက် လောဘမဖက်မိပါ။ သို့ရာတွင် ဤရက်ကလေးအတွင်းနှင့် ယခင့်ယခင်ကပါ ငတ်ဘူးလှပြီဖြစ်သောကြောင့် သစ်သီးဆိုင်ကြီးတဆိုင်သို့သွားကာ ကောင်းပေ့ဆိုသော သစ်သော့သီးများကို ခူစီးပြီး အဝအပြဲ စားသောက်နေမိပါသည်။ ထို့နောက် လမ်းခရီးတွင် စားသောက်ရန်အတွက် လုံချည်ဟောင်းတထည်နှင့် သယ်ယူနိုင်သလောက် အများဆုံးထမ်းပိုးသယ်ယူကာ ကွမ်းခြံဘူတာကြီးသို့ ပြန်လာပါသည်။

၄နာရီအချိန်ခန့်တွင် မီးရထားတွဲ ထိုးပါပြီ။ လူအုပ်ကြီးလည်း ရှိသမျှတံခါးပေါက်၊ ပြူတင်းပေါက်များမှသူ့ထက်ငါအလု အယက် တက်နေကြပါသည်။ အဖေါ်မပါသော ကျွန်တော်မှာ သေတ္တာတလုံး၊ အထုပ်တခုနှင့် ဟိုတွဲပြေးတက်လည်းမရ၊ ဒီတွဲပြေးတက်လည်း မရနှင့် ကျန်ရစ်တော့မလိုဖြစ်နေပါသည်။ သို့နှင့်နောက်ဘက်ဆီသို့ ပြေးပြန်ရာ ချောင်သော တွဲတတွဲကိုတွေ့သဖြင့်တက်ပါသည်။ တွဲပေါ်ရှိအဒေါ်ကြီးများကလည်း ကျွန်တော့် အထုပ်အပိုးကြီးများကို ဆွဲပြီးတင်ပေးကြပါသည်။ ခရီးသည်များကလည်း ချောင်သော

http://nyisay.com



တွဲတတွဲတွေ့ရပေသည်ဟုခိုကာ နောက်ထပ် တက်လာကြ ပါသည်။ ၅မိနစ်ခန့်နေသောအခါ မီးရထားအရာရှိများက "ဒါမိန်းမတွဲ၊ ယောက်ျားတွေ အကုန်ဆင်းကြ"ဟု ခိုင်းပါ သည်။ ခရီးသည်အဒေါ်ကြီးများကမူ အရာရှိတွေ လာသည် ကို မြင်ကတည်းက ကျွန်ုပ်ဘော်ကို ထိုင်ခုံအောက်သို့ ဝင် ခိုင်းပြီး ကော်ဇောအပိုမြိတ်ကို ချထားလိုက်သဖြင့် ကျွန်တော် မှာ ချမ်းသာရာ ရပါသည်။

၍မျှ များပြားသော ဒုက္ခသည်များကို တကြိမ်တခါကမှ သယ်ဘူးဦးမည် မဟုတ်သော မီးရထားကြီးသည် ညနေ၅ နာရီအချိန်တွင် ဥသြတခါမှုတ်အသံပြုပြီး ပြည်လမ်းအတိုင်း ထွက်ပါတော့သည်။ မီးရထား စခုတ်ကတည်းက "အင်း တို့ဖြင့် မသေသေးဘူး"ဟု ခရီးသည်များတွင် "ဟင်း"ချမိကြ မည်မှာ အမှန်ပင် ဖြစ်ပါသည်။ နေရာ မရ၍ ဒုက္ခသည် မြောက်မြားစွာတို့သည် ပလက်ဖေါင်းပေါ်တွင် ကျန်ရစ်ခဲ့ကြ ပါသည်။ ကိုယ့်အတွက် ချမ်းသာရသော်လည်း ထိုသူများ အတွက် စိတ်မကောင်း ဖြစ်မိပါသည်။

ကျွန်တော်ပါလာသော တွဲပေါ်ရှိ အဒေါ်ကြီးများနှင့် ကလေးများမှာ ထမင်းဘယ်နှစ်နပ် မစားရမသောက်ရဖြစ် နေပြီလဲ မပြောတတ်ပါ။ ခင်တွေက ကလေးတွေကို နို့မ တိုက်နိုင်သဖြင့် ကလေးများမှာ တစာစာ အော်နေကြပါ သည်။ သူတို့ကိုယ်တိုင်မှာ ဘာမှ မစားကြရသဖြင့် နို့ရည် လည်းမထွက်နိုင်တော့။ ထို့ကြောင့် ချစ်လှစွာသော ရင် သွေးများကိုပင် နို့ချိုမတိုက်နိုင်ကြသဖြင့် အလွန်လျှင် မရှင် မပျ စိတ်ဒုက္ခရောက်နေကြပါသည်။

http://nyisay.com



ခရီးထွက်၍ တနာရီခန့်ကြာသောအခါ ကျွန်တော်လည်း ဆာဆာ ရှိသဖြင့် ပန်းသီးထုပ်ကြီး ထဲမှ ပန်းသီးများ ထုတ်ကာ တဂျွမ်းဂျွမ်းနှင့် ဝါးစားနေပါသည်။ လတ်ဆတ်သော ပန်းသီးများမှာ အဟာရဖြစ်သည်သာမက ရေငတ်လည်းပြေပါသည်။ ကလေးများသည် ကျွန်တော် စားနေ ဝါးနေသည်ကို ငေး၍ ကြည့်နေကြပါသည်။ လူကြီးများကလည်း လှမ်း၍ ကြည့်နေကြပါသည်။ ဇုန္နြေနှင့် ပါးစပ်ပြင်ကြပါသည်။ ကျွန်တော်ကမရိပ်မိ။ ကိုယ့်ဝမ်းအတွက်သာ ကိုယ်ဂရုစိုက် နေမိသဖြင့် လောကဝတ် ပြုရမည်ကိုပင် မေ့နေမိပါသည်။ အတော်ကလေးကြာသော် အနည်းငယ် ရေးတေးတေး သတိရသဖြင့်ကလေးငယ်များကို သစ်သီးကလေးများ ပေးလိုက်ရာ ခုတ်သည့်ကလေးကခုတ်၊ကိုက်နိုင်သည့်ကလေးက ကိုက်ပါသည်။ လူကြီးများကမူ ကြည့်နေကြပါသည်။

၁၅ မိနစ်ခန့်ကြာသောအခါ အကြီးဆုံး အဒေါ်ကြီးက "မောင်ရင် မင့်သစ်သီးတွေထဲက တို့ကို နဲနဲ ရောင်းပါလား ကွယ်"ဟု ပြောပါသည်။ ထိုအဒေါ်ကြီးမှာ ပြည်မြို့ကဝန်ထောက်ကတော်ကြီးတဦးဖြစ်ကြောင်း နောင်စကားစပ်မိမှ ကျွန်တော် သိရပါသည်။

အဒေါ်ကြီးက ဤသို့ပြောလိုက်မှ ကျွန်တော်လည်းသတိပြုပါသည်။ "အို–ကျွန်တော် မေ့လို့ပါခင်ဗျာ၊ စားကြပါ စားကြပါ၊ မရောင်းပါဘူး၊ စားကြပါ၊ နေ့ခင်းကဘဲ မြို့ထဲက ကျွန်တော် ထမ်းလာတာတွေပါ"ဟု ပြောပြီး ထုတ်ပေးပါသည်။ အဒေါ်ကြီးများလည်း ဝမ်းသာအားရ စားကြပါသည်။ တတွဲလုံးပင် ပြုံးပြုံးရွှင်ရွှင် ဖြစ်လာကြပါသည်။

http://nyisay.com



ဝန်ထောက်ကတော်ကြီးက ကျွန်တော့်အား ဘယ်က ဘယ်လို ဘယ်သို့ဆိုသည်ကိုမေး၍ အကျိုးအကြောင်းစုံပြော ပြရာ၊ ချစ်ခင်သနားသွားဟန်တူပါသည်၊ သူနှင့် တပါတည်း ပြည်ကိုလိုက်ခဲ့ရန်နှင့် အနေ့စား အမွေခံစာချုပ်နှင့် မွေးစား မည့်အကြောင်းကိုလည်း ပြောပြပါသည်၊ ကျွန်တော်မှာ မိဘ နှင့် တွေ့လိုဇောက ပြင်းပြနေသောကြောင့် အဒေါ်ကြီး၏ ကြင်နာစွာ ခေါ်ဆောင်မှုကို ငြင်းခဲ့ရပါသည်။ အတူလိုက်ခဲ့ ရန်နှင့် နောင်မိဘများထံသွားလိုက သူကိုယ်တိုင်လိုက်ပို့မည့် အကြောင်းလည်း ပြောပါသေးသည်။ ကျောင်းကောင်း ကောင်းမှာ ပညာသင်ပေးမည် စသည်ဖြင့်လည်း စုံနေပါ တော့သည်။ ကျွန်တော်ကမလျှပ်ပါ။ သင်္ဘောဆိပ်ကမ်း ဘူတာ ရောက်၍ ကျွန်တော်အဆင်းတွင် ထမင်း ဟင်းအစုံ ဝအောင် ကျွေးလိုက်ကြသည့်ပြင် နည်းနည်းစီ ဝိုင်း၍ ပေးလိုက်သည့် အတွက် ငွေ ၉ဝ ၁ဝဝ နီးပါးမျှ ရလိုက်ပါသေးသည်။

အိမ်ပြန်ရောက်သောအခါ မိဘများက ဆင်းရဲအတူ ချမ်း သာအမျှ သူတို့နှင့်ပင် နေရန် ဝိုင်းပြောကြပါသည်။ အိမ်မှာ တော့လည်း ကျွန်တော် များများမပျော်၊ ရန်ကုန်ကနေပြီး ပဲခူးသနပ်ပင် အဘိုးအဘွားတို့ ရွာသို့ မသွားတတ်၍သာ နေခဲ့ရသည်။ သွားဘို့စိတ်ကူးပါသေးသည်။

ဂျပန်တွေလည်း ဝင်လာကြပြီ။ကျွန်တော်လည်း ဘီ၊ ဒိုင်၊ အေ တပ်ထဲဝင်ပြီး မန်အောင်ဘက်အထိ ရောက်သွားပါ သည်။ ၃လလောက် ဘီ၊ ဒိုင်၊အေ စစ်သားအဖြစ်ဖြင့် ဗိုလ် များ ညွှန်ကြားသည့်အတိုင်း တာဝန် ထမ်းရပါသည်။ ထိုနောက်မှ ရန်ကုန်ပြန်ပြီး ဗဟန်းတွင်တို့ဗမာအစည်းအရုံးမှ သခင်ဗမောင်နှင့် အတူ နေထိုင်ပါသည်။ သခင်ဗမောင်

http://nyisay.com



ကိုယ်တိုင်မှာလည်း ငွေပိုငွေလျှံ မရှိပါ။ သို့ရာတွင် ဖြစ်သလို လက်ဖက်ခြောက်၊ နို့ဆီ၊ သကြားရှာကြံပြီး ကျွန်တော့်ကို ဆိုင်ကလေး တည်ပေးပါသည်။

ဗဟန်းကို ဖုံးချလိမ့်မည်ဟူသော ကောလာဟလသတင်း ကလည်း ဖြစ်လာပြန်ပါသည်။ ထို့ကြောင့်စည်ကားနေသော ဗဟန်းမှာ ခြောက်၍ လာပါသည်။ လက်ဖက်ရည် ဆိုင် ကလေးမှာလည်း သောက်မည့်သူဆို၍ သခင်ဗမောင်၊ ကျွန် တော်နှင့် အပြင်လူ လေးငါးယောက်သာ ရှိပါတော့သည်။ အနီးရှိ ဆံပင်ညှပ်ဆိုင်ကလေးကလည်း ကုတ်ကိုင်းသို့ပြောင်း မည်ဟု ပြောပါသည်။ ဆိုင်ရှင်က ကျွန်တော့်ကိုလည်း သူနှင့် အတူလိုက်ရန် ဆံပင်ညှပ်ပညာသင်ရန် ပြောသဖြင့် သခင် ဗမောင်ထံ ခွင့်တောင်းပြီး ကျွန်တော် လိုက်သွားပါသည်။ သုံးလေးလ ခန့်မှာ ဆိုင်ဝေယျာဝစ္စ ဝိုင်းလုပ်ခြင်းဖြင့်သာ အချိန်ကုန်ရပါသည်။ ဆံပင်ညှပ် ပညာလည်း မသင်ရပါ။ မည်သူကမှလည်း မိမိခေါင်းကို အသင်သမားအား ထိုးပေး လိမ့်မည်မဟုတ်ပါ။အပြင်တွင် မဆိုထားဘိ ထောင်ထဲမှာပင် အသင်သမားထံအညှပ်မခံလိုကြပါ။ သို့နှင့်ကတ်ကျေးကလေး ကိုသာ ကစား၍ စိတ်ကူးဖြင့် ညှပ်ကြည့်ခြင်းလောက်သာ သင်ရပါသည်။

ကုတ်ကိုင်းတွင် ကျွန်တော်နေသည်ကို မိဘများ ဘယ်လို သိကြသည်မပြောတတ်ပါ။တနေ့တွင်အဘေမမာ၍ပြန်လာရန် လူကြုံတဦးက စာတစောင်လာပေး၍ကျွန်တော်လည်းဆိုင်ရှင် ထံ ခွင့်တောင်းပြီး ဓမ္မာသို့ ပြန်သွားပါသည်။ သို့ရာတွင် ကြာကြာမနေပါ။အဘေနေကောင်းလျှင်ကောင်းခြင်း ရန်ကုန် သို့ပြန်ခဲ့ပြီး၊ ကမာရွတ် ရှမ်းစုထိပ်တွင် အစ်မတို့ဖွင့်ထားသော

http://nyisay.com



ပျော်ပွဲစားရုံ၌ အတူလုပ်အတူစား နေထိုင်ပါသည်။ ပျော်ပွဲစားရုံမှာ တော်တော်ကလေး သန့်ပြန့် ကောင်းမွန်ပါသည်။ အစတော့ တော်တော်လည်း ရောင်းရပါသည်။နောက်တော့ တစတစနှင့်ရှုံးရာ၊ နွားနို့ကုလားကို ထိုးအပ်ရသော အခြေသို့ ဆိုက်သွားပါသည်။ အစ်မတို့လည်း ဘူတာဘက်သို့ ပြောင်းသွားသဖြင့် ကျွန်ုပ်လည်း သခင်မြိုင်နှင့်အတူ နေခဲ့ကာ၊ ၎င်းရှမ်းစုထဲက ဒိန်းကလေး တယောက်နှင့် အိမ်ထောင်ကျပါသည်။

ဂျပန်ဖက်ဆစ်တော်လှန်ရေး အချိန်လည်း နီးလာပါပြီ။ ဗမာ့တပ်မတော်တွင်းမှနေ၍ ဗိုလ်ကြီးလင်းယုန်က တော်လှန်ရေး တာဝန်များ လှမ်းပေးပါသည်။ တော်လှန်ရေးလုပ်ငန်းများပြီးသောအခါ ရဲဘော်တွေမှာ ဘာလုပ်ရမှန်း မသိပါ။ ကမာရွတ် တဝိုက်တွင် ဟိုအိမ်နည်းနည်း၊ ဒီအိမ်နည်းနည်း အရပ်ဝတ် အရပ်စားနှင့် ခွဲနေကြရပါသည်။ လက်နက်များကိုလည်း ဝှက်ထားကြရပါသည်။ဗိုလ်ချုပ်၊ ဗိုလ်မှူးကြီးစသော ပုဂ္ဂိုလ်များထံမှလည်း ဘာအမိန့်မှ သဲသဲကွဲကွဲ မလာပါ။ ကမာရွတ် ကျားကျောင်းထဲတွင် နိုင်ငံရေး သင်တန်းများလည်း တက်ကြရပါသည်။ ရဲဘော်များ၏နေရေး၊ထိုင်ရေး၊ စားရေး၊သောက်ရေးများမှာ တော်တော်ပင် ခက်ခဲလာပါသည်။ထို့ကြောင့် အကြံအဖန်ကိစ္စများ၊ဟိုနည်းနည်း ဒီနည်းနည်း တဖျောက်ဖျောက် ပေါ်ပေါက်လာကြပါသည်။

ထို့နောက် ဖဆပလထဲမှ ကွန်မြူနစ်ပါတီကို ထုတ်ပစ်သော ကိစ္စပေါ်လာပါသည်။ ထိုအခါ အချို့ကကွန်မြူနစ်ပါတီဘက်၊ အချို့က ဖဆပလဘက်ပါကြ၍ အချို့က စိတ်

http://nyisay.com



ပျက်ပြီး ထိုင်နေလိုက်ကြပါသည်။ ထိုင်နေသည့် အထဲတွင် ကျွန်တော်လည်း ပါပါသည်။

တော်လှန်ရေးရဲဘော်များမှာ နေရေး၊ထိုင်ရေး၊စားရေး၊ သောက်ရေး၊ ဝတ်ရေး ပြဿနာများ မရှင်းနိုင်သည်ထက် ပို၍ မရှင်းနိုင်ဘဲ ရှိလာကြသည်။ အချို့ဓါးပြမှုနှင့် အဘမ်းခံကြရပါသည်။ကျွန်တော့်ကိုလည်း အင်းစိန်ရုံးကလက်နက်မှုနှင့် ထောင်ဒဏ် ၂နှစ်၊ ရန်ကုန်နံပါတ် ၄ရုံးက ဓါးပြမှုအတွက် ထောင်ဒဏ် ၄နှစ် အပြစ်ပေးလိုက်ရာ၊ တပါတည်း ပေါင်းလျှောက်သဖြင့် ၄နှစ်တပေါင်းတည်း ကျခံဘို့ အမိန့်ရပါသည်။ ဤကိစ္စများ ဖြစ်သည်မှာ ၁၉၄၇ ခုနှစ်လောက်က ဟု ထင်ပါသည်။

ရှေးဦးစွာ အင်းစိန်ထောင်တွင်နေရပါသည်။ထိုအချိန်က အင်းစိန်ထောင်တွင် မဆန့်မပြဲအကျဉ်းသား၃ထောင်လောက်ရှိပါသည်။ထောင်မင်းကြီးက မက်ကွိုင်း၊ထောင်ပိုင်က မေဂျာ ရောင်းဖြစ်ပါသည်။ နေရေး၊ ဝတ်ရေး၊ စားရေးမှာ အငွေ့နံ ဆိုးသည့်ပြင် ဖိနှိပ်မှုက အလွန်ပြင်းထန်သဖြင့် တော်လှန်ရေး ရဲဘော်ဟောင်း တော်တော်များများ စုမိနေသော အကျဉ်းသားများက ရှေ့ဆောင်ပြီး မခံမရပ်နိုင်ကြောင်းနှင့် အခွင့်အရေးတောင်းသည့် ဆန္ဒပြမှုတခုလုပ်ပါသည်။ ဤအပြုအမူကို ထောင်မင်းကြီးနှင့် ထောင်ပိုင်ကြီးတို့ကအလွန်ဒေါသပွပါသည်။ ထောင်မှာ တော်တော် မငြိမ်မသက်ဖြစ်နေပါသည်။ ဆန္ဒပြမှု အင်အားလည်း ပို၍ ကောင်းလာပါသည်။

တနေ့သောအခါ သခင်ဝတင်၊မိုးသဲတိုက်မိုးစသော ပြင်ပမှ လူကြီးများလာရောက်ပြီး၊ ထောင်ထဲမှ မိုလ်ရဲခေါင်၊မိုလ်ချစ်၊ ကိုမျိုးခင်တို့နှင့် ဆွေးနွေး စေ့စပ်နေကြပါသည်။

http://nyisay.com



၌အချိန်မှာပင် ထောင်မင်းကြီးမက်ကွ၀ိုင်းနှင့်ထောင်ပိုင် မေဂျာရောင်းတို့ ထောင်ထဲသို့ဝင်လာကြပြီး၊ အကျဉ်းသား များက စလွယ်ပေး၍ အလှည့်ကျ တာဝန်ပေးထားသော ရဲဘော်ဟောင်း ကိုအုန်းသောင်းထံမှ စလွယ်ကို အတင်း ဆွဲချွတ်ပါသည်။၌အပြုအမူကိုမြင်သောကြောင့် ထောင်သား များက ကန့်ကွက်အော်ဟစ်ကြရာ လေးဘက်လေတန်မှ ဘရင်းစသော လက်နက်မျိုးစုံတို့ဖြင့် အိပ်ထောင်များနှင့် လူစုလူဝေးရှိသော နေရာများဘက်သို့ ဒလစပ် ပစ်ခတ် ပါတော့သည်။

၌ပစ်ခတ်မှုတွင် အကျဉ်းသား၁၁ယောက်သေ၍၊ ၅၀၀ ကျော် ဒဏ်ရာရသည်ဟု ကျွန်တော်တို့သိရပါသည်။ ပစ်ခတ် ခြင်း ရပ်သွားပြီးနောက် အတင်းဝင်ရိုက်ကာအိပ်ထောင်ထဲ ဝင်ခိုင်းပြန်ပါသည်။ ရိုက်နှက်ခြင်းကြောင့် ဒဏ်ရာရသူတွေ လည်း မနည်းပါ။ ကျွန်တော်လည်း သေနတ်ဘေးမှ လွတ် သော်လည်းတုတ်ဘေးကမလွတ်နိုင်သဖြင့် လက်ကျိုးသွားပါ သည်။ ထောင်ဆေးရုံ မသန့်တော့ပါ။ အပြင်မှလူကြီးများ စစ်ဆေးရန် လာကြည့်သောအခါ၊ တိုက်ထဲတွင်ထားသော လူမမာများကို မပြပါ။

၌ကိစ္စကြောင့် ရန်ကုန်ထောင်သို့ ပြောင်းရပါသည်။ ထောင်သူပုန် ထမှုနှင့်လည်း ရုံးတက်ရပါသေးသည်။ အမှု ကတော့ ဘာမှမဖြစ်ပါ။ အစိုးရကို တရားသူကြီးက အရှုံး ပေးလိုက်ပါသည်။ထောင်မင်းကြီးမက်ကွ၀ိုင်းနှင့် ထောင်ပိုင် မေဂျာရောင်းတို့ကိုမူ ရာထူးမှ ချထားသည်ဟု ကြားလိုက်ရ ပါသည်။ နောင်တော့ ဘာဖြစ်သည် မသိပါ။

http://nyisay.com



ထိုနောက်အချို့ကို အင်းစိန်၊ အချို့ကို သာယာဝတီထောင်သို့ ခွဲပို့ပါသည်။ ကျွန်တော်တော့ အင်းစိန်ကို ပြန်ရောက်ပါသည်။ အင်းစိန်ထောင်တွင်ပင် ထပ်မံ၍ အစားအသောက်စသောအခွင့်အရေးရသင့်ရထိုက်သည်များ မရသဖြင့် သပိတ်တလုံး ပေါ်ပြန်ပါသည်။ ထိုကိစ္စအတွက် တိုက်ပိတ်ခံရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံသော အမှုကြီးဖြစ်ပွားပြီး ဦးစော အင်းစိန်ထောင်သို့ရောက်လာရာ ကျွန်တော်တို့က သတ်ချင်ကြသည်၊ သတ်ဘို့ကြံစည်နေကြသည်ဆိုပြီး ရန်ကုန်ထောင်သို့ တခါပြန်ပို့ပါသည်။

ယခင်က တလတွင် ၂ကြိမ်မျှ အနိုင်နိုင်အမဲသားရနေရာက ကျွန်တော်တို့ ရန်ကုန်ထောင်သို့ ပြန်ရောက်သောအခါ အားလုံးထောင်များမှာ ၇ရက်တပတ်တကြိမ်ဝက်သားရလာခြင်းမှာ ဝမ်းသာဘွယ်တရပ်ဟုပင် ဆိုရပါလိမ့်မည်။

လွတ်လပ်ရေးမကျေညာမီရက်ပိုင်းအတွင်းတွင် ထောင်ထဲရောက်နေသော ရဲဘော်အချို့နှင့် ဗိုလ်တိုက်စိုး၊ ဗိုလ်အုန်းဖေစသောပုဂ္ဂိုလ်များ လာရောက်ဆွေးနွေးကြရာ၊ ဂျပန်ခေတ်က ဖြစ်ပျက်ခဲ့သော အမှုအခင်းများကြောင့် အပြစ်ခံနေရသော ရဲဘော်များကိစ္စ နှင့် တော်လှန်ရေး ရဲဘော်ဟောင်းများကိစ္စပါ ပါသည်။ လွတ်ရေးအတွက် မျှော်လင့်ချက်လည်း ဘော်တော်ရှိသယောင် ဖြစ်နေပါသည်။

ရှိးရှိးအကျဉ်းသားများကလည်းအများကြီးမျှော်လင့်ချက်ထားကြပါသည်။ထောင်ခါလိမ့်မည်၊ တထောင်လုံး လွတ်ပစ်လိမ့်မည်၊ ဗျော့ဘုရင်နန်းတက်သည်ထက် အရေးကြီးသော ကိစ္စဖြစ်သည် စသည်ဖြင့် ကောဠာဟလ သတင်းကောင်း

http://nyisay.com



အမျိုးမျိုးကလည်းတထောင်လုံးတွင်ဂယက်ရိုက်နေပါသည်။ အလုပ်ခွင်ဆင်းရာတွင်ငှင်း၊ ထမင်းဆွဲရာတွင်ငှင်း၊ အိပ်ထောင်ဝင်ရာတွင်ငှင်း၊ ဤစကားများကိုသာပြောပြီး၊ စမြို့ပြန်ကာဗီဘိဖြစ်နေကြပါသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်မှာထက်ကဲပါသေးသည်။ ထောင်မှာလည်းအလွန်ငြိမ်ပါသည်။

၁၉၄၇ခုနှစ်၊ ဇန်နဝါရီလ၄ရက်၊လွတ်လပ်ရေးကျေညာပြီးသည့်အခါ ခြောက်ဘို့ တဘို့(၁/၆)သာလျှော့ရက်ရကြောင်းအမိန့်ထွက်လာသဖြင့်အားလုံးလက်မှိုင်ချကာစိတ်အပျက်ကြီးပျက်ကြပါသည်။ ထို့ကြောင့် လွတ်မြောက်ရေးသပိတ်ဆိုပြီး သပိတ်မှောက်တိုက်ပွဲတခု ပေါ်ပြန်ပါသည်။

ထောင်တွင်း၌ ဤသို့ဒုက္ခကြုံနေစဉ်မှာပင် ကျွန်တော်၏ တနှစ်ခွဲလသားကလေးသေဆုံးသွားကြောင်းသူ့အမေထံမှ သတင်း ရရှိပါသည်။

၁၉၄၉ခုနှစ်၊ အင်းစိန်ကို ကရင်စီးထားသော အချိန်တွင် ရန်ကုန်ထောင်ကြီးမှ ရက်လ စေ့၍ လွတ်သဖြင့် ကမာရွတ်ရှမ်းစုတွင် ကျွန်တော့်မိန်းမနှင့်အတူပြန်နေပါသည်။ကာလကလည်းပျက်၊ ဆင်းရဲသားမဆိုထားဘိ သူဌေးများပင် ငိုင်နေရသောအချိန်ဖြစ်သဖြင့် ကျွန်တော်တို့ စီးပွားရေး အခြေအနေမှာ အလွန် ဆိုးပါသည်။ ကျွန်တော့်မိန်းမကတော့ အားမလျှော့ပါ။ နံနက်စောစောထ၍ ကောက်ညှင်းပေါင်းရောင်းပြီး နေ့လယ်ဘွင် သာကူ ထွက်ရောင်းပါသည်။ ကျွန်တော့်အတွက် အလုပ်အကိုင်ကလည်း ရှာလေရှားလေ ဖြစ်ပါသည်။ ကမာရွတ်မှာလည်း အင်းစိန်နှင့် ဝေးလှသည် မဟုတ်သောကြောင့် သာ၍ပင်အလုပ်ရှာရခက်ပါသေးသည်။ လက်နက်တွေ ပေါလှသော ခေတ်ပျက်ကြီးတွင် တဦးဦးက

http://nyisay.com



တနေရာရာမှာ ဓါးပြတိုက်သွားလျှင် နာမည်ပျက်ရှိနေသော ကျွန်တော့်အား ပုလိပ်က လာဆွဲမှာလည်း စိုးရပါသေးသည်။

တလလောက်ကြာသောအခါ မိတ်ဆွေတဦး၏အကူအညီနှင့် ဆံပင်ညှပ်ဆိုင်တွင် ဆံပင်ညှပ် အလုပ်ရသဖြင့် ထက်ဝက်စားနှင့် ဝင်လုပ်ပါသည်။ ဆံပင်ညှပ်ပညာကို ထောင်ထဲက ရလာသောကြောင့် တော်ပါသေးတော့သည်။

လင်မယားနှစ်ယောက် ဤမျှ လုပ်ကြသော်လည်း နေရာကျလှသည်မဟုတ်။ ထမင်းမှန်မှန်စားဘို့ပင် မသေချာ၊ အဝတ်အစားက အဟောင်းကုန်၍ အသစ်မဝယ်နိုင်၊ အခြားသူများ၏အိမ်ဘေးတွင် အဖီကလေးချ၍နေရရာ၊ ထိုအဖီကလေးကိုပင်ပြင်၍ မမိုးနိုင်၊ ဒီကြားထဲမှာ ထောင်ထွက်ဆိုပြီး အပေါင်းအသင်း မလုပ်လိုကြ၊ အလုပ်မပေးလိုကြ၊ မယုံသင်္ကာ ရှိကြ၊ လူဆိုးလူမိုက် ဓါးပြကြီးလိုထင်နေမြင်နေကြ၊ အထင်သေးကြသည့်အတွက်လည်း များစွာ စိတ်မချမ်းမသာ ဖြစ်ပါသည်။

ဤကဲ့သို့သော ဘဝ အခြေအနေတွင် တနေ့သောအခါ အပေါင်းအသင်းထဲက လာစပ်ကြသဖြင့် ဘာဘဲဖြစ်ဖြစ် မထူးဘူးဆိုပြီး မိန်းမကို ညာပြောကာ လိုက်သွား၍ ရေကူးဘက်တွင် ဓါးပြမှုတမှု ကျူးလွန်ပါသည်။ အဖေါ်များက ထွက်ပြေးကြသောကြောင့် လွတ်သွားကြပြီး၊ ကျွန်တော့်ကိုမူ အရပ်သားများက ဝိုင်းမိထားပါသည်။ ကျွန်တော့်တွင် လက်နက်ပါ၍ အရပ်သားများတွင် သေနတ် တလက်မှ မပါပါ။ ကျွန်တော်ပစ်ပြီး ထိုးဖေါက်ထွက်ပြေးလျှင် သေသေချာချာ လွတ်နိုင်ပါသည်။သို့ရာတွင် အရပ်သား သုံး လေးယောက်

http://nyisay.com



သေဆုံးအနာတရဖြစ်မည်ကို စဉ်းစားမိသဖြင့် ကျွန်တော် မလုပ်ပါ။ ကိုယ့်တွင် မရှိလွန်းသောကြောင့် မလွှဲသာလွန်း၍သာ ဓါးပြတိုက်ရခြင်းဖြစ်ရာ၊ သူတပါးကို သတ်ဘို့မှာမဖြစ်နိုင်ပါ။ကိုယ်သာအသေခံသင့်လျှင် ခံရမည်ဟု တွေးတောရင်းပိုင်းသူများ၏ အဘမ်းကို ခံလိုက်ပါသည်။

ဤအမှုအတွက် ယခုအနှစ် ၂၀ အပြစ်ခံနေရခြင်း ဖြစ်ပါသည်။ ထောင်ထဲ၌ မကျန်းမာ၍ သေမည်ဖြစ်သည်မှာ အကြိမ်ပေါင်းများလှပါပြီ။ အပြင်ဆေးရုံ ထွက်ကုသော်လည်း ဥပေက္ခာ၊ ထောင်တွင်း ဆေးရုံမှာလည်း ဥပေက္ခာနှင့်သာ တွေ့ရနေရသဖြင့် ကိုယ့်ဖါသာ ဂရုစိုက်ပြီး ခပ်ဖေးဖေးကလေးနေပါသည်။ ရောဂါတကယ်ကြီးလာလျှင်တော့ နှစ်မစေ့မီ အသက်နှင့်အပြင်မရောက်ဘဲ အလောင်းအဖြစ်နှင့် လွတ်ဘို့များပါသည်။

ထောင်ကလွတ်ပြီး ၃ လသာ အပြင်မှာနေခဲ့ရပါသည်။

---

(ဤစာအုပ် ပဌမရိုက်နှိပ်ခြင်း ထွက်ပြီး၍ ၇ရက်ခန့် အကြာတွင် မောင်ထွန်းတင်ကို အစိုးရက လွှတ်လိုက်ပါသည်။)

# ရှန်းဘေဟာရီး

## Shyan Behari

(အသက် ၄၄ နှစ်)

**(လျှပ်စစ်ဓါတ်အားပေးရုံ ငွေကောက် အလုပ်သမား)**

ကျွန်တော်မှာ ရန်ကုန်မြို့ ၂၁ လမ်းတွင် မွေး၍ အဘေ (Seo Prasad) ဆီးအိုပရာဆတ်နှင့်၊ အမေ (Manglea) မန်ဂလီးယားတို့၏ တဦးတည်းသောသားဖြစ်ပါသည်။ ငယ်စဉ်အခါက ဂျူဗလီဟောရှေ့ရှိ (S.P G.) အက်စ်၊ပီ၊ဂျီ၊ ဟိုက်စကူးတွင် ပညာသင်ကြားပါသည်။ အင်္ဂလိပ်၊ ဟင်ဒီ ဘာသာ ဆဋ္ဌမတန်းအထိ သင်ကြားခဲ့ဘူးပါသည်။ အသက် ၁၆ နှစ်တွင် ကျောင်းကထွက်ပြီး ကျွန်တော့်အဘေ၏ကိုယ်ပိုင် ရွှေပန်းထိမ်ဆိုင်တွင် အလုပ်ဝင်သင်ပါသည်။ နံပတ် ၁၃၆၊ ၂၅လမ်းမှာ ရှိပါသည်။ အသက် ၂၀အထိ အဘေနှင့်အတူထိုဆိုင်တွင်ပင် ဒိုင်းလုပ်ပညာသင်အဖြစ်နှင့် နေပါသည်။ ရွှေပန်းထိမ်ပညာကို အသင့်အတင့်သာတတ်ပါသည်။ ကျွန်တော်အသက် ၂၀တွင် အဘေဆုံးပြီး ဆိုင်ပျက်သွားပါသည်။ မိခင်မှာ ကျွန်တော်ငယ်စဉ်ကပင် ဆုံးခဲ့ရာ ဘခင်ဆုံးသောအခါ ကျွန်တော်တယောက်တည်းသာ ကျန်ရစ်ခဲ့သည်။

ပန်းထိမ်ဖိုကို ကျွန်တော်မအုပ်ချုပ်နိုင်ပါ။ အုပ်ချုပ်လုပ်ကိုင်ဘို့ကလည်းရွှေ၊ငွေ၊စိန် စသောအဘိုးတန် ပစ္စည်းများကို ကိုင်တွယ် သိမ်းဆည်းထားပြီး လုပ်ရသည့် အလုပ်ဖြစ်သော

http://nyisay.com



ကြောင့် မလုပ်ဝံ့ပါ။များစွာဝန်လေးမိပါသည်။ ထို့ကြောင့် မင်္ဂလာဒုံရှိ ကျွန်တော်တို့ပိုင်သော သရက်ခြံထဲရှိ အိမ်တွင် သွားရောက်နေထိုင်ပါသည်။

နေဘို့ရှိသော်လည်း စားဘို့မရှိသောကြောင့်၊ အင်းစိန်မြို့ အာ၊အီး၊တီလျှပ်စစ်ဓါတ်မီးအလုပ်ရုံတွင် ဘီကော်လက်တား ခေါ် ငွေကောက်ခံရသော အလုပ်ကို ကျွန်တော့် ဦးလေး ဘင်္ဂလား ပြန်သွားသဖြင့် သူ့နေရာတွင် ဝင်လုပ်ရပါသည်။ လခ ၂၂၀၊ ဂပဲရပါသည်။သို့ရာတွင် တနှစ်ပြည့်၍ ကျွန်တော့် ဦးလေး ဘင်္ဂလားမှ ပြန်လာသောအခါ ထိုအလုပ်က ထွက် ပေးရပါသည်။

အာ၊အီး၊တီမှ ထွက်ပြီး ၃ လလောက် ကြာသောအခါ၊ မင်္ဂလာဒုံ လေယာဉ်ပျံကွင်းတွင် (Central Air Craft Manufacturing Co:) ဗဟို လေယာဉ် ဆောက်လုပ်ရေး ကုမ္ပဏီမှာ (Time Keeper) အချိန်စာရင်းမှတ်သူ အဖြစ် အလုပ်ရပါသည်။ လခမှာ ၅၀ ဖြစ်ပါသည်။ လခကလည်း အတော်အသင့်ကောင်း၊ မင်္ဂလာဒုံ အိမ်နှင့်လည်း နီးသဖြင့် များစွာ သဘောကျနေပါသည်။ လူပျို ဖြစ်သောကြောင့် ငွေလည်းပိုပါသည်။ သို့ရာတွင် ၁၀လလောက်သာ ထိုအလုပ် ကို လုပ်ရပါသည်။ အင်္ဂလိပ် ဂျပန် စစ်ဖြစ်ပြီး ဗုံးများလာချစ အချိန်၁၉၄၁ခု၊ဒီဇင်ဘာလ ၂၃ရက်နေ့တွင်ရန်ကုန်မြို့တွင်းနှင့် မင်္ဂလာဒုံလေယာဉ်ပျံကွင်း ဘီအိုစီအနီး၌ဗုံးများကျသဖြင့် ထိုနေ့မှာပင် မင်္ဂလာဒုံမှ အလုပ်နှင့်အိမ်ကိုစွန့်၍ တိုက်ကြီး မြို့သို့ ကျွန်တော်ပြေးပါတော့သည်။ တိုက်ကြီးရှိ ဟိန္ဒူဘုရား ရှိခိုးကျောင်းတွင် ၃ လခန့်နေပြီး ဂျပန်ဝင်လာသောအခါမှ ကိုယ့်အိမ်ကိုယ် ပြန်လာခဲ့ပါသည်။

http://nyisay.com



ဂျပန်ဝင်လာသောအခါ စောစောပိုင်း၌ ကူလီ ဝင်လုပ်သည့်အခါလုပ်၊ လူစုပေးပြီး ကူလီခေါင်းလုပ်သည့်အခါလုပ်၊ ထိုနောက် နည်းနည်းကြောက်လာသောကြောင့် နွားမွေးပြီး နွားနို့ညှစ်ရောင်းသောအလုပ်ဘဲလုပ်နေပါသည်။ကျွန်တော့် နွားများကို ဂျပန်က အနှောင့်အရှက်မပေးပါ။ ဂျပန့်ခေတ်တွင်ပင် တံတားကလေးက မိန်းမရ၍ ကလေး ၂ယောက်ရပါသည်။ အိန္ဒိယ ဗမာ ကပြားမိန်းကလေး ဖြစ်ပါသည်။ ဗမာလိုလည်းဝတ်၊ ကုလားလိုလည်း ဝတ်ပါသည်။

အင်္ဂလိပ်ပြန်ဝင်လာသောအခါ၊ ကျွန်တော်က "ဦးလေး ဦးလေး"နှင့် ခေါ်လေ့ရှိသည့် ကျွန်တော့်အဘေ၏ သူငယ်ချင်းတယောက်နှင့် တွေ့ပါသည်။ ဆွေမျိုးပင် မတော်သော်လည်း ဆွေမျိုးအရင်းကဲ့သို့ ခင်မင်သူလည်း ဖြစ်ပါသည်။ သူက ခေါ်သဖြင့် သူနေသော တောင်ငူမြို့သို့ လိုက်သွားပြီး မီးရထား ဘက်တွင် ကြေးနန်း မင်းစေ အဖြစ် ဝင်လုပ်ရာ လခ ၅၀ရပါသည်။

တောင်ငူတွင် မီးရထားဘက်ကပေးသော အိမ်၌ သားအမိ သားအဘ ၄ယောက်နေကြ၍ ဝင်ငွေနှင့် မျှတအောင် စားကြရပါသည်။ ၉လလောက်ကြာသောအခါ၊ ပျဉ်းမနားသို့ အလုပ်ပြောင်းရပါသည်။ ပျဉ်းမနားဘူတာတွင် အလုပ်သမားများအတွက် အဆောက်အဦများ ဆောက်လုပ်၍ မပြီးသေးပါ။ ထို့ကြောင့် မီးရထားဘက်က အိမ်မပေးသဖြင့် များစွာဒုက္ခရောက်ရပါသည်။ အခြားသူများထံ ကပ်ရပ်ပြီး တလ ၄၀ပေး၍ နေထိုင်ရသည်မှာ သူ့မှာသလင်းပေါ်အိပ်၊ သမံသလင်းပေါ်နေရ၍ ကလေးများ မကျန်းမမာ ဖြစ်လာပါသည်။ သွီးအကြီးကလေးမှာ ဖေါရောင်ပြီး အပြင်းအထန်

http://nyisay.com



မကျန်းမာသဖြင့် ဆေးရုံတင် ရပါသည်။ ဆေးရုံတွင်လည်း ဆေးဝါး ပြည့်ပြည့်စုံစုံမရှိသဖြင့် ကောင်း၍ မသေပါ။ ထို့ကြောင့် ကျွန်တော်တို့အလွန်စိတ်ဆင်းရဲပါသည်။မိန်းမ၏ ကျန်းမာရေးကလည်း မကောင်းပါ။ တီအိုင်ကို အိမ်ပေးရန် အပူတပြင်းတောင်း၍ အိမ်မရလျှင် မဖြစ်ကြောင်း ကျွန်တော် ကပြောသောအခါ၊ တီအိုင်က ကျွန်တော့်အပေါ် မကျေနပ် ပါ။ ငေါက်ပါသည်။ တလခွဲခန့်ထိ အိမ်ရလိုရငြား ကျွန်တော် စောင့်သေးသော်လည်း နောက်ဆုံးတွင် မရသဖြင့် ၂၄နာရီ နို့တစ်ပေးပြီးမကျန်းမာနေသော ကလေးကို ဆေးရုံမှ ချလာ ကာ ရန်ကုန်သို့ တောက်လျှောက်ထွက်ခဲ့ကြပါသည်။ တောင်ငူ ကိုပင် မဝင်တော့ပါ။ ရန်ကုန်ကို ၍သို့ထွက်မလာလျှင်လည်း ယခု ၁၂နှစ်သမီးရှိနေပြီဖြစ်သော ကျွန်တော့်သမီးကလေးမှာ သေမှာ အမှန်ပင်ဖြစ်ပါသည်။

ရန်ကုန်တံတားကလေးမှာပင် မိန်းမဘက်က ဆွေမျိုးများ နှင့် နီးနီးပြန်နေရပါသည်။ အလုပ်လည်း မရှိသောကြောင့် စားရေး သောက်ရေးပင်အခက်ကြုံရပါသည်။နောက်ဆုံးတွင် မတတ်သာသောကြောင့်၊အခြားသူများထံမှ ငွေ၅၀ဝိ(ငါးရာ ကျပ်)ချေးပြီး၊ နို့စားနွားမများဝယ်ကာ နွားနို့ညှစ်ရောင်း သော အလုပ်ကိုလုပ်ပါသည်။ ၍အလုပ်နှင့် နေရေး ဝတ်ရေး စားရေး ကောင်းစွာမလုံလောက်ပါ။ထို့ကြောင့်အလုပ်လိုက် ရှာပါသည်။ တနှစ်ကျော်ကျော် ဘာအလုပ်မှ ရှာမရပါ။ အင်းစိန်တဝိုက်တွင် ကေအင်ဒီအိုနှင့်အစိုးရတပ်များ အကြီး အကျယ်တိုက်နေချိန်၌ ကျွန်တော်တို့ တံတားကလေးရွာမှာ ပင် နေကြပါသည်။ ကြောက်သော်လည်း ဘယ်မှ မပြေး နိုင်ပါ။

http://nyisay.com



၁၉၄၉ခုနှစ်၊ အစိုးရက အင်းစိန်ကို ပြန်သိမ်းပြီးသော အခါ ကျွန်တော်၏ ဆရာဟောင်းတယောက်နှင့် ပြန်တွေ့ပါသည်။ ထိုဆရာက ကျွန်တော့်ကို အင်းစိန်လျှပ်စစ်ဓါတ်အား ပေးရေးဌာနခွဲတွင် အလုပ်သွင်းပေးပါသည်။ ၁၉၄၉ ခုနှစ်၊ ဧပြီလမှာ အလုပ်ဝင်ရပါသည်။ လူနေအိမ်များ၊ ကုမ္ပဏီများ၊ ဆိုင်များက လျှပ်စစ်ဓါတ်အားပေးဌာနမှ ဓါတ်အား မီတာ ဘီလ်များကို လိုက်လံကောက်ခံရသော အလုပ်မှာကျွန်တော်၏ အလုပ်ဖြစ်ပါသည်။ လခရင်း ၈၂ိနှင့် အိမ်လခ ၇ိ-၈၆ ရရှိပါသည်။

အလုပ်ဝင်ပြီးနောက်၊ နွားဝယ်စဉ်က ချေးထားသော ငွေ ၅၀ဝိကို တစတစ ပြန်၍ ဆပ်သွားရာ တဖြည်းဖြည်းနှင့် ပြေသွားသဖြင့် ကလွန် ဝမ်းသာရပါသည်။

နွားများလည်း ပွါးလာကြပါပြီ။ နွားနို့လည်း ရောင်း၊ လခစားအလုပ်လည်းလုပ်ရာ၊ ဝင်ငွေလမ်းမှာ များစွာအဆင် ပြေလျက်ရှိပါသည်။ သို့ရာတွင် နွားနှင့်လူက တံတားကလေး မှာဖြစ်၍ အလုပ်က အင်းစိန်မှာဖြစ်နေသောကြောင့်၊ အင်းစိန် သို့ပြောင်းရွှေ့ဘို့ စီစဉ်ရပါသည်။ တံတားကလေးတွင် နေရ သည်မှာ လူလည်းပင်ပန်း အချိန်လည်းကုန် ဖြစ်ပါသည်။ အိမ်ပြန်ရောက်လျှင် အလုပ် မလုပ်ချင်တော့ပါ။ ၁၉၅၂ ခု နှစ်ဦးတွင် အင်းစိန်သို့ ပြောင်းဖြစ်ပါသည်။ ၁၉၅၃ ခုနှစ် တွင် အမှုဖြစ်ပါသည်။

ကျွန်တော်ထောင်ကျလာသောအကြောင်းမှာ ကျွန်တော် "နွားကျ"၍ အချုပ်ဖြစ်ပါသည်။ကျွန်တော့်တို့အလုပ်တိုက် က ငွေကိုင်စာရေးကြီးမှာ ကျွန်တော်နှင့် အများဆုံးဆက်ဆံ ရသော သူဖြစ်ပါသည်။ ကျွန်တော် ကောက်ခံရရှိသမျှသော

http://nyisay.com



ငွေများကိုသူ့ထံတွင်သွင်းရပါသည်။ ထိုငွေကိုင်စာရေးကြီး၏ သားကလေးတယောက်မှာ အင်းစိန်တွင် တိုက်ပွဲများဖြစ်နေစဉ်က ပျောက်ဆုံးသွားသဖြင့် သူ့အဘေက ငွေကြေးအကုန်အကျခံကာ ကလေးကိုရှာရပါသည်။ ထိုငွေမှာလည်း အခြားသူများထံမှငွေ ၁၀ ဝိလျှင်တလ ၁ ဝိတိုးနှင့်ချေးယူထားရသောငွေဖြစ်သဖြင့် တလ တလလျှင်အတိုးချည်း ၅ ဝိ ကျော်ဆပ်နေရပါသည်။ ကျွန်တော့်ဆရာလိုဖြစ်နေသော ၎င်းစာရေးကြီးက သူ၏အခက်အခဲများကို ကျွန်တော့်အား ပြောပြပြီးသူ့ကိုကူညီဘို့လည်းပြောပါသည်။ ကျွန်တော်ကိုယ်တိုင်မှာငွေပိုရှိသူမဟုတ်သောကြောင့် မကူညီနိုင်ကြောင်းကိုပြောပြရာ၊ စာရေးကြီးက ကျွန်တော်ကူညီနိုင်သော အစီအစဉ်သူမြင်ထားပုံကိုပြောပြပါသည်။ သူ့ကိုလည်း ကူညီချင်ပါသည်။ သို့နှင့် "ကျွန်တော်ဘာမှမဖြစ်ရင် ဆရာ့ကိုကူညီပါမယ်"ဟု ကတိပြုလိုက်ပါသည်။ သူကလည်းအာမခံပါသည်။ ငွေကိုလှည့်သွင်းသွားမည်ဖြစ်သောကြောင့် ၁ လ အနည်းငယ်အတွင်း နကိုအတိုင်း ပြန်ဖြစ်မည့်အပြင် ကြွေးရှင်ကို သူပေးနေရသောတလအတိုးငွေ ၅ ဝိကျော်လည်းသက်သာ၊ မူလကြွေးရင်းလည်းဆပ်ပြီးဖြစ်မည်ဟု အားရဝမ်းသာ ပြောပြပါသည်။

အိမ်ရှင်တွေ ကုမ္ပဏီတွေဆီက ကျွန်တော်ကောက်ခံလာသော ငွေများအတွက် ကောက်ခံရာဌာနတွင် ငွေအပြေရပြီးကြောင်းပြေစာကို ကျွန်တော်ကိုယ်တိုင် လက်မှတ်ထိုးပြီးသေသေချာချာ ပေးခဲ့ရသော်လည်း၊ ငွေကိုင်စာရေးကြီးမှာသည့်အတိုင်း လက်ဝဲဘက်မှ လက်ခံကော်ပီ ကောင်တာဖိုင်တွင် ကျွန်တော်ဘာမှမရေးမှတ်ခဲ့ပါ။ ဘီလ်တခုအတွက် ကောက်ခံ ရငွေ ၃ ဝိ သူ့ဆီအပ်သောအခါ ၃ဝ ဝိအစား

http://nyisay.com



သူက ၂၀ိသာရှိသော ဘီလ်တခုအတွက် ရရှိပြီးကြောင်းကို ကောင်တာဖွိုင်လက်ခံတွင်ကျွန်တော့်အားရေးခိုင်းပါသည်။ ၂၀၀ိကို သူခဏလှည့်သုံးမည်ဟုဆိုပါသည်။ ၁၅၀ိ၊ ၂၀ိ၊ ၃၀ိ စသော ငွေနည်းသည့် ဘီလ်များကိုမူ မှန်မှန်သွင်းပါသည်။

တချို့အိမ်များက ဘီလ် ၃ ခု ပေးစရာရှိရာ၊ ၂ခုအတွက် ငွေပေးလိုက်လျှင် တခုအတွက်သာပေးသွင်း၍ တခုအတွက် ဖြတ်သုံးထားပါသည်။

ဘီလ်များကောက်ခံလာပြီး အလုပ်တိုက်ရောက်၍သူ့ထံ တွင်ငွေသွင်းရရာ ဘလာချန်ထားသော လက်ခံကောင်တာ ဖွိုင်တွင် သူရေးခိုင်းသော နာမည် နှင့် သူရေးခိုင်းသော ငွေပေါင်းကိုရေးထည့်ရပါသည်။စာရေးကြီးးကသူ့လက်ရေး နှင့် ဘာမှမရေးပါ။ကျွန်တော်မှာ အလုပ်ပြုတ်မည်ကိုအလွန် ကြောက်သူဖြစ်ပါသည်။ ထို့ကြောင့် ''အထက်လူကြီးတွေ သိကုန်ရင် ထောင်ကျပါလိမ့်မယ်၊ တော်လောက်ပါပြီ၊ နကို အတိုင်းမှန်သွားအောင် ပြန်လုပ်ပါ''ဟု ပြောသောအခါ၊ စရေးကြီးက''မင်းဘာမှမပူနဲ့၊ငါအားလုံးစီစဉ်ထားတယ်၊ ငါလုပ်ထားတာတွေဘယ်သူမှ ဘမ်းလို့မရဘူး''ဟု ပြောပါ သည်။ကျွန်တော်မှာ ဥပဒေ နားလည်သူမဟုတ်ပါ။ ငွေ၁၀ဝိ တလ ၁ဝိတိုးနှင့် တလ၅ဝိပေးနေရသည်ဆို၍ သနားသော ကြောင့် သူ့ကိုကူညီသူဖြစ်ရာ၊ ကျွန်တော်နစ်နာအောင် မည် သည့် နည်းနှင့်မျှ လုပ်မည်မဟုတ်ဟု ယူဆမိပါသည်။

၎င်ငွေများထဲမှ ကျွန်တော်တပြားမှ ကိုင်တွယ်သုံးစွဲရခြင်း မရှိပါ။ သို့ရာတွင် စာရေးကြီးခေါ်သွား၍ဖြင့် တခါတရံ သူနှင့်အတူ အရက်သောက်ရ၊ စားရ၊ သောက်ရခြင်းတော့ ရှိပါသည်။တရားရုံးတော်မှာလည်း၎င်းအတိုင်းသာကျွန်တော်

http://nyisay.com



အစစ်ခံပါသည်။ သို့ရာတွင် ငွေမကောက်ခံသူမှာ ကျွန်တော်၊ ပြေစာပေးသူမှာကျွန်တော်ဖြစ်သည့်ပြင် အားလုံးကျွန်တော့် လက်ရေးနှင့်ချည်း ဖြစ်သောကြောင့် ကျွန်တော် လျှောက် ထားသည်များကို တရားသူကြီးက မယုံကြည်ပါ။နှစ်ယောက် တည်း ကြိတ်လုပ်ကြသော အလုပ်ဖြစ်သဖြင့်လည်း ကျွန် တော့်မှာ ဘာသက်သေမှ ပြစရာမရှိပါ။

အမှုဖြစ်သော ငွေပေ ငွေမှာ ၂၅၀၀ိကျော် ဖြစ်ပါသည်။ ကျွန်တော်က ရရှိသောငွေများကို တခုပြီးတခုဆိုသလို သွင်း သွားပါသည်။ကျွန်တော့်ထံတွင် ဘာစာရင်းမှလည်း မထား ပါ။ သူ့ကို ယုံယုံကြည်ကြည်နှင့်ပင် မှန်မှန် သွင်းခဲ့ပါသည်။ ဘီလ်များ ကမောက်ကမ ဖြစ်သည်မှာ ဖေဖော်ဝါရီလမှ ဩဂုတ်လအတွင်း ဖြစ်ပါသည်။

လျှပ်စစ်ဓါတ်အားပေး ကုမ္ပဏီ၏ လုပ်ရိုးလုပ်စဉ် ထုံးစံ မှာ ဘီလ်တခုသွားပေးလျှင် ငွေကိုချက်ခြင်း ပေးလိုလျှင်ပေး လိုက်၊ မပေးလိုက ၇ ရက်အတွင်း အလုပ်တိုက်သို့ သွား ရောက် ပေးသွင်းရပါသည်။ ၇ ရက်ကျော်၍မှ လာရောက် မပေးလျှင် နို့တစ်ထုတ်ပါသည်။ ဖေဖော်ဝါရီလမှ ဩဂုတ် လအတွင်း ၇လနီးပါး နို့တစ်များ မထုတ်သည်မှာ ဆန်း ပါသည်။ နို့တစ်များ ထုတ်လျှင်လည်း ကျွန်တော်ပင် သွား ပေးရပါသည်။ နို့တစ်များ မထုတ်သည်ကို ထောက်ခြင်း အားဖြင့် ငွေကိုင် စာရေးကြီးသည် သူပြောသည့် အတိုင်း ကျွန်တော် ပေးသွင်းသော ငွေများကို လည်လည်ပတ်ပတ် သွင်းပြီးနေပြီဟု ကျွန်တော် ယူဆပြီး များစွာ စိတ်ချနေခဲ့ပါ သည်။ နို့တစ်များ ထုံးစံအတိုင်း မှန်မှန် ထုတ်ပါလျှင်

ကျွန်တော်စောစောသိပြီး စာရေးကြီးကိုလည်း ငွေရှာနိုင်းမည်၊ နွားတွေသော်လည်း ရောင်းပြီးသွင်းပါမည်၊ထောင်ကျတော့ မခံပါ။ နို့တစ်(သတိပေးစာ)များ ပေးမည့်ပေးတော့ ကျွန်တော်က တဆင့် မသွားပါ။ ငွေကျန်များသူများထံ တိုက်ရိုက်ပို့ပါသည်။ ထိုအခါ ပေးပြီးသူများက ပြေစာများ တင်ပြပြီး ငွေပြေပေးပြီးကြောင်း ကုမ္ပဏီသို့ ပြန်ကြားကြပါသည်။

ဒိစတြိတ်အင်ဂျင်နီယာက အလုပ်ခွင်မှာပင် ကျွန်တော့်ကို စစ်ပါသည်။ ကျွန်တော်လည်း မှန်မှန်ပင် အစစ်ခံပါသည်။ ၁၉၅၃ခု၊ စက်တင်ဘာလ ဂရက်နွေ၊ ညနေ ၄ နာရီခွဲအချိန်တွင် အင်းစိန်ရဲဌာနသို့ ကျွန်တော့်ကို အပ်လိုက်ပါသည်။

ဘဏ္ဍာလ်တခုကိုတမှု၊ ပေါင်းအမှု ၂၃မှုတင်ပါသည်။ တရားသူကြီးက ပေါင်းပြီး ၅ မှုလုပ်လိုက်ပါသည်။ ထို ၅မှုလုံးအတွက်ပေါင်းပြီး ထောင်ချလိုက်ပါသည်။ တမှုကတနှစ်၊ ၃မှုက ၄လစီ၊ နောက်တမှုက ၆လ၊ပေါင်း ၂နှစ်နှင့် ၆လ ဖြစ်ပါသည်။

တပါတည်း လျှောက်သော်လည်းမရပါ။ တမှုပြီးတမှုခံရမည်ဟု အင်းစိန် ၄ရာဘက်တရားသူကြီးက အမိန့်ချမှတ်လိုက်ပါသည်။

ကျွန်တော့်ကို အင်းစိန်ထောင်တွင် မထားပါ။အင်းစိန်ထောင်မှာနှစ်ကြီးသမားများနှင့်အကြိမ်တော်တော်များများ ထောင်ထဲ ရောက်သူများသာ ထားသည့် ထောင်ဖြစ်ခြင်းကြောင့် သိရပါသည်။ယခုရန်ကုန်ထောင်တွင် နွားဘုတ်မှာ အလုပ်လုပ်ရပါသည်။နံနက်ပိုင်းတကြိမ် နေ့လယ်ပိုင်းတကြိမ်

http://nyisay.com



ထောင်ထဲကနွားများကိုထောင်ထဲမှာပင် ကျောင်းရပါသည်။ နွားစာများကို ဂရုစိုက်ရပါသည်။ နွားနို့ညှစ်သူမှာ အခြား တယောက်ဖြစ်ပါသည်။ ထောင်ထဲမှ နွားများကို ကျောင်း နေရသဖြင့် ကျွန်တော် နွားများကိုအလွန်သတိရပါသည်။

မိန်းမနှင့် သားသမီး သုံးယောက်သည် ယခုအင်းစိန် ဗိန္ဓဲကုန်းရွာတွင် နေကြပါသည်။ ကျွန်တော့်ကလေးများ အပြင် ကောက်ရ၍ မွေးစားထားသော သားကလေး တယောက်လည်းရှိပါသည်၊ ထိုကလေးကိုလွန်ခဲ့သော ၃နှစ် ခန့်က လမ်းပေါ်တွင်တွေ့ရာ အမေသေဆုံးကြောင်း၊ အဘေ လည်းမရှိတော့ကြောင်း မပြောတတ်ပြောတတ်နှင့် ပြောပြပါ သည်။အဘေလုပ်သူက နောက်မိန်းမယူရာ ကလေးမှာ အိမ် တွင်မနေနိုင်အောင်ဖြစ်ရသဖြင့် ခြေဦးတည့်ရာ လျှောက်သွား လျက်ရရာစားဖြစ်နေစဉ် ကျွန်တော်နှင့်တွေ့၍ ခေါ်မွေးထား သောသားဖြစ်ပါသည်။ ယခုသူ့အသက်မှာ ၁၀ နှစ်ရှိပါပြီ။

ကျွန်တော်တို့တွင် နွားမကြီး ဂ ကောင်၊ နွားကလေး ၂ ကောင်ရှိပါသည်။ နွားထီးမပါပါ။ ကျွန်တော့် မိန်းမနှင့် ကလေးများမှာ နွားနို့ညှင်ရောင်း၍ရသော ပိုက်ဆံနှင့်ပင် စားသောက် နေကြပါသည်။ နွားများ ကျောင်းရ ထိန်း ရသဖြင့် ကလေးများကိုကျောင်းမပို့နိုင်ပါ။ ကျွန်တော်ထွက် မှပင် ကြည့်စီစဉ်ရပါလိမ့်မည်။ မွေးစား သားကလေးမှာ နွားကြည့်ဖော်အရဆုံးဖြစ်ပါသည်။

သုံးဘို့တဘို့ကိုက်လျှင်၊ ထောင်ကျလျှော့ရက် သုံးပုံ တ ပုံရလျှင် ၁၅၉၆ ခု၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် လွတ် ပါလိမ့်မည်။သုံးဘို့တဘို့ရအောင် အလုပ်နှင့်ပြနေရပါသည်။

http://nyisay.com



တနေ့က ကျွန်တော့်မိန်းမ ထောင်ဝင်စာ လာပါသည်။ နို့စို့နွားကလေးများ ကြီးကုန်ကြပြီဖြစ်သဖြင့် နေ့စဉ်နွားနို့အထွက် နည်းပြီး ငွေဝင် နည်းလာသောကြောင့် မစားလောက်ဖြစ်နေကြောင်းပြောပါသည်။ နွားမတကောင်ရောင်းပစ်ရန်ပြော့သောအခါ နှမြောစ၍မရောင်းလိုကြောင်း၊ သူများထံမှ ငွေချေးသုံးလျှင် ဖဝိခန့်သာ ကုန်မည်၊ နွားမ ၂ကောင်ရှေ့လတွင်မွေး၍ မကြာမီနို့ပေါပေါရမည်၊ ထိုအခါ ချေးသုံးသော ငွေကို ပြန်ဆပ်သွားမည်ဟု ပြောပြသွားပါသည်။

.... ☆ ....

http://nyisay.com

# ကိုသုခ

## (အသက် ၄၁ နှစ်တွင်း)

### (လုပ်ကြံမှုကြီးတွင် ပါဝင်ခဲ့သူတဦး)

ဗမာပြည် နိုင်ငံရေး ရာဇဝင်တွင် မကြုံဘူး၊ မကြားဘူး အောင် အထိနာလိုက်ရသည့် လုပ်ကြံမှုကြီးကို လူတိုင်းလတ်လတ် ဆတ်ဆတ် မှတ်မိနေကြလိမ့်ဦးမည်ဟု ယူဆပါသည်။ ၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၉ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း အမှူး ပြုသော တိုင်းပြည် ခေါင်းဆောင် ဝန်ကြီးများကို ဦးစောတို့လူစုက ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်သည့် အမှုအခင်းကြီးကို ဆိုလိုပါသည်။

၎င်းအမှုကြီးနှင့် ပတ်သက်၍ လူတိုင်းလိုလို စိတ်ဝင်စားကြသည့်နည်းတူ ကျွန်တော်လည်း အမှန်ကိုသိလိုသဖြင့် ရန်ကုန်ထောင်ကြီးအတွင်း ၃ နှစ်ကျော်မျှ နေထိုင်ရစဉ် ထိုအမှုနှင့် ပတ်သက်၍ တသက်တကျွန်း အပြစ်ပေးခံနေကြရသော ခင်မောင်ရင်၊ ကိုနီ၊ ကိုသုခတို့နှင့် စကားစမြည်ပြောခွင့်၊ ၎င်းတို့အား မေးမြန်းခွင့်ရရှိခဲ့သဖြင့် သတင်းစာများတွင် မပါသေးသည့် ထိုလုပ်ကြံမှုကြီးနှင့်တဆက်တည်းဖြစ်သော အကြောင်းအရာ အချက်အလက်များကို ထပ်မံ သိရှိခဲ့ရပါသည်။

http://nyisay.com



ထို့ပြင်လူတယောက်သည် ဤကဲ့သို့သော မှုကြီး၊ခင်းကြီးတွင် ဘယ်သို့သော အကြောင်းများကြောင့် ပါဝင်ခဲ့ရသည်ဆိုသည့် အကြောင်းကိုလည်း လေ့လာလိုသဖြင့် ကိုသုခအား မိဘမျိုးရိုးမှစ၍ လူ့ဘဝရောက်လာပုံ၊ ပညာသင်ယူခဲ့ရပုံ၊ လူလောကတွင် ကြီးပြင်းလာခဲ့ပုံ၊ ဤအမှုကြီးတွင် မည်သို့မည်ပုံ ပါဝင်လာခဲ့ရပုံများကို ပြောပြရန် တောင်းပန်သဖြင့် ကိုသုခသည် စိတ်ရှည်လက်ရှည် ပြောပြရှာပါသည်။

ကိုသုခ ပြောပြသည်များကို ကျွန်တော်က ကြိုတင်ဝေဖန်ခြင်း မပြုလိုပါ။ မူရင်းအတိုင်း ယခု တင်ပြလိုက်သည်ဖြစ်ရာ၊ စာဖတ်သူမိတ်ဆွေများသည် လူတယောက်၏ဘဝကို လေ့လာသော သဘောဖြင့် အချိန်ယူ၍ ကျကျနန ဖတ်ရှုကြစေလိုပါသည်။

စာရေးသူ

\+ \+ \+

ကိုသုခ ပြောပြသည်မှာ–

ကျွန်တော်၏ အဘေက အတက်သားပါ။ မြင်းခြံခရိုင် တလုပ်မြို့က ဖြစ်ပါသည်။ အဘေ့အမေက ဒေါ်ငယ်မပါ။ အဘေ့နာမည်ကတော့ ဦးမှော် ဖြစ်ပါသည်။ ဦးမှော်နှင့် သူရဲဝန်ကတော် ဒေါ်ရွှေမယ်မှာ မောင်နှမ တဝမ်းကွဲ တော်ပါသည်။ သူရဲဝန်သည် မြင်ကွန်း မြင်းခုန်တိုင် အရေးတော်အခါက မင်းတုန်းမင်းဘက်က လိုက်၍ တိုက်သူဖြစ်ပါသည်။

အဘေ့အစ်ကိုက ဦးရွှေဘော်ပါ။ကျွန်တော်၏အဘေနှင့် ဘကြီးတို့မှာတိုင်းပြည်အခြေအနေကြောင့်တကြောင်း၊အလုပ်

http://nyisay.com



အဆင်မပြေမှုများကြောင့် တကြောင်း အလွန်ပင် ဆင်းရဲကြပါသည်။

ရပ်ရွာမှာ မနေနိုင်လောက်အောင်ပင် အခြေအနေဆိုးသောကြောင့် ဦးရွှေဘော်နှင့် ဦးမှော် ညီအစ်ကိုနှစ်ယောက်လည်း အောက်ပြည်သို့ ထွက်ခဲ့ကြပါသည်။ ခြေလျင်လျှောက်သည့်အခါလျှောက်၊ လှေရသည့်အခါ လှေနှင့်ဆင်းခဲ့ကြရင်း လမ်းတွင် ရပ်နားပြီး အလုပ်အကိုင်များ လုပ်ရသည့်အခါလည်း လုပ်ကြရပါသည်။

နောက်ဆုံးတွင် ညီအစ်ကို နှစ်ယောက်သည် အောက်ဗမာပြည် မြစ်ဝကျွန်းပေါ် ကျိုက်လပ်နယ်သို့ ရောက်လာကြပါသည်။ ထိုဒေသမှာ ထိုစဉ်အခါက လယ်ယာမြေ ကောင်းကောင်းမရှိသေးပါ။ သစ်တော ကိုင်းတောကြီးသာ ဖြစ်ပါသည်။ သစ်ပင်တွေလှဲ၊ တောခုတ်၊ ဂရံယူ၊ ၃ နှစ်ဆိုလျှင် ခါးမဦးချလုပ်ကိုင်သူ ပိုင်ပါသည်။

ဤနည်းကောင်းကို တွေ့ကြရာ ညီအစ်ကို ၂ ယောက်သည် အထက်ပြန်သွားပြီး ဆွေမျိုးတွေကို ခေါ်ခဲ့ကြပါသည်။ ထိုအချိန်က သီဘောမင်း မပါသေးပါ။ သစ်ပင်တွေလှဲလိုက်သည့်အခါ မျောက်တွေ ကြက်တူရွေးတွေ ပြေးလွှားပျံသန်းကြသည်ဟု ဆိုကြပါသည်။

၁၂၄၇ခု၊ သီဘောဘုရင် ပါတော်မူသောနှစ်တွင် အမေတို့ကလည်း မိဘ ဆွေမျိုးများနှင့် အတူ အောက်ပြည်သို့ ရောက်လာပါသည်။ထိုအခါက အမေမှာ ၂နှစ်သမီးသာ ရှိပါသေးသည်။ ဇာတိကတော့ နွားထိုးကြီးနယ် ငွေရွာကပါ။

http://nyisay.com



အဘေနှင့်အမေမှာ အောက်တွင် လာရောက် ဆုံစည်း မိကြခြင်း ဖြစ်ပါသည်။ အဘေက အမေ့ထက် အသက် အများကြီး ကြီးပါသည်။ နှစ်ပေါင်း၃၀ကြီးပါသည်။

အဘေ၏ ပဌမ အိမ်ထောင်မှာ ဒေါ်ယုဖြစ်ပါသည်။ မဝက်နှင့် ကိုရွှေသီးဆိုသော မောင်နှမ နှစ်ယောက်ထွန်း ကားပါသည်။ မဝက်မှာ ငယ်စဉ်ကပင် သေဆုံးသွားပါ သည်။

ဒေါ်ယု၏ လက်ထက်တွင် ကျွန်တော် သိရသလောက် စီးပွါးရေးက အသင့်အတင့်သာလျှင် တက်ပါသေးသည်။ အဘေမှာ အလွန်ကပ်စေးနဲသူ ဖြစ်ပါသည်။ ဟင်းကိုဆီမ ထည့်ရပါ။ဟင်းတွင် ဆီပါလျှင် ဒေါ်ယုကို ထဒေါင်းသည် ဟုအဆိုရှိပါသည်။ "ဆီပါရင် မွဲရောပေါ့ဟဲ့"ဟု ကြိမ်း မောင်းလေ့ ရှိကြောင်းလည်း ပြောကြပါသည်။

ဒေါ်ယု သေဆုံးသွားသည့်နောက်၊ ဦးမှော်သည် ကျုံ့ ပျော်သူ ဒေါ်ကျင်နှင့် လက်ထပ်ပြန်ပါသည်၊ ဒေါ်ကျင်နှင့် မစံတင့်ဆိုသော သမီးတယောက် ထွန်းကားပါသည်၊ အစ်မ မစံတင့် ယခုရှိပါသည်။ ထိုအချိန်တွင် အဘေ အ တော်အသင့် စီးပွါး တက်လာပါသည်။ ဒေါ်ကျင်နှင့်ပေါင်း ရသော နှစ်မှာ မများလှပါ။

ဒေါ်ကျင် ဆုံးပြီးသည့်နောက် ဒေါ်သာယာနှင့် အိမ် ထောင်ကျပါသည်။ ဒေါ်သာယာနှင့် သား၃ယောက် သမီး ၁ ယောက် ထွန်းကားရာ ကျွန်တော်မှာ တဘိယသားဖြစ် ပါသည်။ ယခု ကျွန်တော် တယောက်သာ ကျန်ပါတော့ သည်။ အမေနှင့် ပေါင်းသော ၁၀ နှစ်အတွင်းတွင် စီးပွါး အလွန်ပင် တက်ပါသည်။ အလှူကြီးများလည်း ပေးပါ

http://nyisay.com



သည်။ ကျောင်း၊ ရေတွင်း၊ ရေကန်များကို ရွာတကာ ရပ်တကာမှာ ဆောက်လုပ် တူးဖော် လှူဒါန်းပါသည်။ ရာဝင်အိုးကြီးများနှင့်ဆီတွေ လှောင်ထားပြီး ရောင်းလည်းရောင်း လှူလည်းလှူပါသည်။ အရပ်ထဲက လာတောင်းလျှင်လည်း ပေးပါသည်။ ငယ်ငယ်က ကပ်စေးနဲသလောက် ကြီးလာသောအခါ လှူပါသည်။ မိုးဦးကျ လာသောအခါ မျောတိုင်၊ဓနိ၊ဝါးတွေပုံထားပါသည်။ ယူသောသူများက ကိုယ်တိုင် စာရင်းမှတ်ကြရပြီး၊ ပြန်ပေးလျှင်လည်း ယူသည်၊ မပေးလျှင်လည်း ဘာမှမပြောပါ။

နွေ၊မိုး၊ဆောင်း ဥတုသုံးပါးလုံး၌ အိမ်ရှေ့တွင် ကနဖျင်းတဲကြီးထိုးထားပြီး ထန်းလျက်၊ ငါးခြောက်၊ ပဲလှော်၊ လက်ဖက်ခြောက်များ အပြည့်အစုံထားပါသည်။ စားချင်သူစား ဆိုသော သဘောပင်ဖြစ်ပါသည်။ ဒူးရင်းယိုတို့ ဟာလဝါတို့ ပါသည့်အခါ ပါပါသေးသည်။ တခါတရံ ကျေးရွာများမှာ ဓါးပြပူပါသည်။ အဘေကတော့ သေနတ် လိုင်စင်လည်းမတောင်း သေနတ်လည်း မဆောင်ပါ။ အိမ်ကိုလည်း နေ့ညဥ့် တံခါးပိတ်သည်မရှိလှပါ။ အမြဲပင် တံခါးဖွင့်ထားပါသည်။

အဘေတို့ အမေတို့ နေသော ကျိုက်လပ်နှင့် ၁၀မိုင်ခန့်ဝေးသည့် ပရိုက်အနောက်စုရွာတွင် ပျဥ်ထောင် သွပ်မိုးအိမ်တွေ အများကြီး အဘေကဆောက်ထားပါသည်။ လယ်လုပ်သူတွေ ဆွေမျိုးတွေ ထိုအိမ်များပေါ်တက်ပြီး နေကြပါသည်။ အဘေသေဆုံးသောအချိန်တွင် ထိုအိမ်များကိုနေထိုင်သူများက ပိုင်ကြပါသည်။ အမေတို့ကလည်း ဘာမှ မပြောကြတော့ပါ။

http://nyisay.com



ဝက်သားရောင်းသော တရုတ်များ သမ္ဗန်ကြီးများနှင့် လာလျှင် တရွာလုံး ဘယ်သူဆင်းယူယူ အလှူကြီး ပေးလိုက်ပါသည်။ တရုတ်များက စာရင်းမှတ်ထားပြီးအဘေ ့ယံတွင် ငွေရှင်းရပါသည်။ ငါးသည်များ လှေဝမ်းပြည့်မျှ ဟင်လာလျှင် ငါးလှေကို ဆင်းကြည့်ပါသည်။ အရှင်တွေများသည်ကို တွေ့က "အချိန်ဘယ်လောက်လဲ၊ဘယ်ဈေးလဲ" မေးပြီးလှေနံကို နင်းမှောက်ပစ်ပါသည်။ အရှင်တွေကို လွှတ်၍၊ အသေတွေကို အလှူလုပ်ခြင်းဖြစ်ပါသည်။

ရွာအနီးအနားက အင်းများကို အားလုံး လေလံအုပ်ဆွဲထားပြီး ငါးများကိုဘေးမဲ့ပေးထားပါသည်။ သူ့လေလံကြိုဆွဲထားသောကြောင့် သူသေပြီး ၇ နှစ်အထိ အမိုးရက လေလံ မပစ်နိုင်ပါ။ ဘယ်သူမှ အင်းမလုပ်ရပါ။

ကျိုက်လပ်မြို့ ၁၁ ပြတ်လမ်းက ကျောင်းတိုက်ကြီးထဲတွင် ကျောင်းတွေ ဆောက်ပြီး လှူသည်။ ကျိုက်လပ်ဘုရားကြီး ဝင်သည့် စောင်းတန်းကြီးကို မြို့က တဝက် သူက တဝက် ငွေထည့်ပြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဘုရားကြီးထဲတွင် တံခွန်တိုင်ကြီးတလုံးလည်း လှူသည်။

မြို့ပေါ်တွင် အောက်သမံသလင်းခံ တိုက်ခံ ပျဉ်ထောင် သွပ်မိုးအိမ် ၃၀ခန့် ဆောက်သည်။ မိတ်ဆွေတွေ အသိ အကျွမ်းတွေက အဘေ့ကို ပြောပြီး နေကြသည်က များသည်။

၁၂၀၀ ပြည့်နှစ် အသက် ၆၇နှစ်မှာ အဘေဆုံးပါသည်။ ထိုစဉ်က ကျွန်တော့်အသက်မှာ ၄နှစ် သာသာက လေးသာ ရှိပါသေးသည်။ အဘေဆုံးချိန်မှာ အခြားအစ်ကို တယောက်နှင့် အဘေတူအမေတူ မွေးချင်းအရင်း ၂ယောက်သာ ကျန်ပါသည်။

http://nyisay.com



ဒေါ်ယုနှင့်ရသော သား ကိုရွှေသီးမှာ ငယ်စဉ်ကတည်းက ကျောင်းကောင်းကောင်းမနေပါ။ ကျိုက်လပ်တွင် ရန်ကုန်မှ ဆရာတယောက်ခေါ်ထားပြီး၊ အိမ်တလုံးနှင့် သားကိုစာသင်စေရာတွင်လည်း လျှောက်လည်၍သာ နေပါသည်။ အဘေကိုလည်း တော်တော်ကလေး မထေလေးစားလုပ်ပါသည်။ ထိုသားကို အဘေအသက်ရှိစဉ် ကတည်းက ကျိုက်လပ်မှာ အိမ်တလုံးပေးထားပါသည်။ တခြားစီနေပါသည်။ လယ်တွေ ဘာတွေလည်း ပေးထားပါသည်။

နွေရာသီ စပါးသိမ်းရန် အဘေနှင့်အမေတောသွားရင်း အဘေက ကျိုက်လပ်မှာကိစ္စရှိသဖြင့် ကျိုက်လပ်ကို ဆက်အသွား၊ ဝမ်းရောဂါဖြစ်နေကြသောအချိန်ဖြစ်၍ အဘေ့ကို ဝမ်းရောဂါကူးစက်ပါသည်။ အမေလိုက်သွားရာသုံးရက်သာ အသက်မှီလိုက်ပါသည်။ အမေကရှီး၍ အလွန်ပူပင်တတ်ပါသည်။ အစ်ကို ကိုရွှေသီးက အမေ့ကို တောပြန်ရအောင် ဆိုပြီး ၇ ရက်ပြည့် ဆွမ်းသွတ်ပြီးသောအခါ သူက သေ့ာရအောင် ယူထားကာ၊ ရှေ့က သမ္ဗန်နှင့် သွားပါသည်။ မီးခံသေတ္တာထဲက စာချုပ်နှင့် ရွှေ၊ ငွေ၊ စိန်တွေယူပြီး ယူနီဖေါင်းသေတ္တာနှင့်ထည့်၍အခန်းတခန်းထဲ စုထားကာ အပိုင်စီးထားပါတော့သည်။ အိပ်လည်းစိတ်မချရ၊ စားလည်းစိတ်မချရသော ကျွန်တော်တို့တတွေမှာ ထမင်းစားလျှင်ပင် ဆေးခပ်မှာကြောက်၍ ထမင်းပွဲကိုလဲပြီးမှ စားရဲကြပါသည်။

"မောင်ရွှေသီးဘယ့်နှယ်လဲ၊ တို့စားဘို့သောက်ဘို့ ပေးပါ" ဟု အမေက ဆိုသည်ကိုလည်း သူက လက်မခံပါ။ နောက်ဆုံး အစ်မအိမ်သို့ သားနှစ်ယောက် လက်ဆွဲပြီး လက်ချည်း ဆင်းသွားရပါသည်။ လယ်တဖွဲ၊ ကျိုက်လပ်မှာ

http://nyisay.com



အိမ်တလုံး၊ တောမှာတလုံး ပေးထားရန်၊ ကျန်သည်ကို နောက်မှခွဲပေးရန်ပြောရာ "တပဲမှ မပေးဘူး၊ ကျန်တာရေထဲ အကုန်သွန်ပစ်မယ်"ဟု ပြောပါသည်။

ရွာသားများနှင့်ပြောသည်ကိုပင် မရတော့၍ တဘက်ကမ်းရှိ ပျဉ်းမကုန်း ရွာမှ ရွာသူကြီး သူဌေး ဦးညွန့်ကို ပြောခိုင်းရာ၊ ဦးညွန့်တို့လာသည့်အချိန်တွင် အပေါ်ထပ်က မဆင်းဘဲ၊ အိပ်ရာထဲမှပင် "မတွေ့နိုင်ဘူး၊ မိကျောင်းမင်း ရေးခင်းပြဘို့မလိုဘူး"ဟု ပြန်ပြောပါသည်။ ဦးညွန့်တို့မှာ ရှက်လည်းရှက် စိတ်လည်းနာ ဖြစ်ကြပါသည်။ အမေက တနှစ်ကြာ စောင့်သော်လည်း ဘာမျှ အကြောင်းမထူးပါ။ ဦးညွန့်နှင့်ကျွန်တော့် အဘေတို့မှာ ဆရာဂျေအေဦးမောင်ကြီးနှင့်သိကြပါသည်။ဦးညွန့်နှင့်အတူ အမေတို့ကဆရာဂျေအေဆီ လိုက်လာကြသည်။ ဆရာဂျေအေကမူ စိတ်မကောင်းရှာပါ။ သူကဝတ်လုံသာဖြစ်သည်။ မတတ်နိုင်။ သို့ရာတွင် ငွေအကုန် ခံပြီး အမှုဆောင်ရွက်ပေးမည့်သူ ရှာပေးမည်ဖြစ်ကြောင်း ပြောကာ ပြန်လွှတ်လိုက်ပါသည်။

နောက် ဆောင်ရွက်မည့်သူတွေ့၍ လာခေါ်ရာ၊ အမှုအကြောင်းမေးသဖြင့် ပြောပြရပါသည်။ ၇ ရက်စောင့်ရန် ပြောပြီး ၇ရက်ကြာသောအခါသူတို့လည်းမတတ်နိုင်ကြောင်း စကားပြန်ပါသည်။နောက်တခါတဦးနှင့်တွေ့၍ ဆရာဂျေအေက ထပ်ခေါ်သဖြင့် သွားကြရပါသည်။ သည်တခါတွင်မူ ဝါးခယ်မဘမြေပိုင်ရှင်ကျောင်းတကာဦးဖေကြီးဖြစ်ပါသည်။ ဆရာဂျေအေက အမှုအကြောင်းပြောပြပါသည်။ ဦးဖေကြီး မန္တလေးသို့ခဏသွားရာမှ ပြန်လာသောအခါ ပစ္စည်းတွေ

http://nyisay.com



ရှိ မရှိ စုံစမ်း၍ တွေ့လျှင်"အေးအေးဘဲ ခွဲပေးမလား"ဟု ကိုရွှေသီးကိုမေးရာ၊ ကိုရွှေသီးက ငြင်းလိုက်ပါသည်။

သည်တော့မှဦးဖေကြီးနှင့်အမေသည် အမှုပြီးလျှင်ကုန်ကျစားရိတ်အကုန်နုတ်ပြီး အမေကကျန်ပစ္စည်းတဝက်ခွဲပေးမည်ဆိုသော စာချုပ်ချုပ်ရပါသည်။ ဖျာပုံ စက်ရှင်ရုံးတွင် တရားစွဲပါသည်။နေထိုင် စားသောက်စားရိတ်ကိုမူ ဦးဖေကြီးထံမှ စာချုပ်နှင့် ချေးရပါသည်။ ဖျာပုံတွင် အိမ်ငှားပြီးနေကြရပါသည်။

ကျွန်တော်တို့ဘက်မှ ဖျာပုံကရှေ့နေကြီး ဦးသာခင်ကို ငှားပါသည်။ကိုရွှေသီးဘက်ကဝတ်လုံဦးဘဦးလိုက်ပါသည်။ (ယခုသမတကြီးဟုထင်ပါသည်။)ဘာမှမကြာခင် ဦးဘဦးက ဖျာပုံတွင် စက်ရှင်တရားသူကြီးဖြစ်ပါသည်။ ၍အမှုကိုလည်း သူလိုက်ခဲ့၍ သူမစစ်ထိုက်ဟုဆိုသောကြောင့် မအူပင် စက်ရှင်သို့ ပြောင်းပေးပါသည်။ ထိုအခါ အစ်ကိုကိုရွှေသီးကဝတ်လုံဦးအေးမောင် (တရားလွှတ်တော်ချုပ်တရားဝန်ကြီးဟောင်း ဒေါက်တာဦးအေးမောင်ဟု ထင်ပါသည်။)ကို ငှားပါသည်။

အမှုမှာ ဤသို့နှင့်ပင် ၃နှစ်မျှကြာသွားသည့် တိုင်အောင် အစ်ကိုကပစ္စည်းကိုသိမ်းယူထားလျက်ပင်ရှိပါသည်။ ထိုနှစ်အတွင်းမှာ ကျိုက်လပ်မှ မင်းကတော်ဒေါ်မမ[illegible] အချို့ကို အစ်ကိုထံမှ ဝယ်ပါသည်။ မအူပင်ရုံးရောက်သောအခါ အရေးပိုင် ဦးသာနိုး၏ သား ဗိုလ်ပြန် ဝတ်လုံ ဦးလှဖေကို ငှားပါသည်။ ပစ္စည်းများကို အစ်ကိုကိုရွှေသီးထံတွင် စိတ်မချရဟုဆိုကာ အစိုးရက ထိန်းသိမ်း ထားဘို့ လျှောက်ရာ၊ရုံးတော်ကထိန်းသိမ်းရန်အဆုံးအဖြတ်ပေးလိုက်ပါသည်။

http://nyisay.com



ထိုအခါလယ်အချို့နှင့်အတွင်းပစ္စည်းအချို့ရောင်းထား၍ မပြည့်မစုံတွေ့ရရာ၊ကိုရွှေသီးအား ဝရမ်းနှင့် ဘမ်းဘို့ဖြစ်လာပါသည်။ သူ့အဘေမျက်နှာကြောင့် မဘမ်းရသည့် နည်းနှင့်လုပ်ပေးပါဟု အမေက ဝတ်လုံကိုပြော၍ ရာဇဝတ်မှုမလုပ်ပါ။ သို့ရာတွင် လယ်ဝယ်သောမင်းကတော် ဒေါ်မမမေမှာကား တရားခံထဲပါလာပါသည်။

ယနေ့နာမည်ကျော် ဝတ်လုံတော်ရဦးကျော်မြင့်(တရားလွှတ်တော်ချုပ် တရားဝန်ကြီးဟောင်း)မှာ ဘိလပ်မှပြန်လာခါစဖြစ်ပြီး၊ ဒေါ်မမမေ၏ တူတော်သည်ဟု သိရပါသည်။ သူ့ကိုပါ ကိုရွှေသီးက ထပ်ငှားလိုက်ပါသည်။ ဒေါ်မမမေ လယ်များဝယ်ရာတွင် မစောမူ၊ မမြမူ၊ မတင်မူ စသည့်ဖြင့် နာမည်တွေပါ ပါသည်။ ဝတ်လုံဦးကျော်မြင့်၏ နှစ်မငယ် ကလေးများ၏ နာမည်များဟုလည်း ပြောကြပါသည်။

မအူပင်ကိုအမှုပြောင်းသွားဘတည်းကအမေနှင့်ကျွန်တော်တို့မှာ ဝါးခယ်မတွင် ပြောင်းနေကြရပါသည်။ ကျွန်တော်လည်း ဦးဘိုကြီးကျောင်းတွင် ကျောင်းစနေရပါသည်။ ယခု ဦးလှ၏ ဝတ်လုံဦးအေးမောင်၏နှစ်မ မတင်မြနှင့် တတန်းတည်း ဖြစ်ပါသည်။

မအူပင်သို့ အမှုသွားဆိုင်သည့်အခါ ကျွန်တော်တို့တတွေ ဝတ်လုံဦးလှဖေထံတွင် သွားတည်းကြပါသည်။ထိုအိမ်မှာပင် ဝတ်လုံဦးကျော်မြင့်နှင့် မင်းကတော် ဒေါ်မမမေတို့ကလည်း တည်းကြပါသည်။သို့နှင့်ပင် ဦးကျော်မြင့်နှင့် ကျွန်တော်တို့မှာ ခင်နေကြပါတော့သည်။

ဝတ်လုံ ဦးလှဖေကို ငှားသည်မှာ ၃နှစ်ရှိပါပြီ။ သူက တော်တော်သောက်သဖြင့် စိတ်ပျက်မိပါသည်။ ထို့ကြောင့်

http://nyisay.com



ဖျာပုံက အမတ်ဦးစိန်က အကြံပေးတိုက်တွန်းသဖြင့် ဘိလပ်က ပြန်လာခါစ ဦးပေါ်ထွန်းကိုဦးလှဖေအစားငှားပါသည်။ (ဆာပေါ်ထွန်းပင်ဖြစ်ပါသည်။)

မအူပင်စက်ရှင်များဖြစ်ကြသော ဦးဘိုးခ၊ ဦးအောင်လှစသည် တို့လည်း ပြောင်းကြပါပြီ။ အမှုကမပြီးသေးပါ။ ဦးပေါ်ထွန်းချည်း ၇နှစ်လုံးလုံး လိုက်ရပါသည်။ စုစုပေါင်းအမှု ကြာသည်မှာ ၁၄နှစ်ဖြစ်ပါသည်။

(၁) အစ်ကို့ဘက်က ကာကွယ်သည်မှာအပျော်မယားသာ ဖြစ်သည်။ တရားဝင်မယားမဟုတ်သဖြင့် အမွေမပေးထိုက်၊ သား သမီးများလည်း မရထိုက်ဟူ၍ဖြစ်ပါသည်။

(၂) ကျွန်တော်တို့ဘက်မှ သက်သေများဖြင့် တရားဝင်မယားဖြစ်ကြောင်း ထင်ရှားစွာပြနိုင်သဖြင့်····

မအူပင် စက်ရှင်တရားသူကြီးက–

(က) ဒေါ်သာယာနှင့် မညားမီက ပွားသော ပစ္စည်းများအတွက် ၄ပုံ ပုံလျှင် ၃ပုံကို အထက်သားကြီး သမီးကြီးကယူ၊ တပုံကို ဒေါ်သာယာနှင့် သားသမီးများကယူ။

(ခ) ဒေါ်သာယာ၏လက်ထက်ပွား ပစ္စည်းများကို ၈ပုံ ပုံလျှင် ၇ ပုံကို ဒေါ်သာယာနှင့် သားသမီးများက ယူ၊ တပုံကို အထက် သားကြီး သမီးကြီးများကယူ။

ကုန်ကျစားရိတ်ကို တရားခံကခံရမည်ဟု အမိန့်ချလိုက်ရာ၊ ကိုရွှေသီးက ဟိုက်ကုတ်တက်ပါသည်။ ဟိုက်ကုတ်မှာလည်း အောက်ရုံး စီရင်ချက် အတည်ဖြစ်ပါသည်။

ဤမျှသာ သူတတ်နိုင်တော့သည်။ ဗိလပ် Privy Council ပရီဗီကောင်စီ မသွားနိုင်တော့ပါ၊ သူမွဲလေပြီ။

http://nyisay.com



ဤသို့ အမှု ဖြစ်နေခိုက် အစ်မ မစံတင့်မှာ ရန်ကုန်က ဦးဖေဖြူနှင့် အိမ်ထောင်ကျရာ၊ ဦးဖေဖြူကလည်း သက်ဆိုင်သော အမွေ ရလိုကြောင်း တရားထပ်စွဲပြီး ဝင်လာပါသည်။ ထို့နောက် ဦးဖေဖြူ ဆုံးသွားပြန်ပါသည်။

သို့နှင့် စီရင်ချက်ချပြီးပြန်တော့လည်း အမွေခွဲဝေရ ခက်နေပြန်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ ဝတ်လုံ ဦးပေါ်ထွန်း၊အမေ၊မစံတင့်နှင့် သူမ၏ ဒုတိယယောက်ျား ဦးဘခြင့်တို့တိုင်ပင်ပြီး မြေပုံများကြည့်၍ တွက်ချက်ကာ ရန်ကုန်တွင် ခွဲကြပါသည်။

ကိုရွှေသီးမှာ မွဲနေပါပြီ။ သူ့မှာ ဘာမှမရနိုင်တော့သည့်ပြင် တရားစားရိတ်များလည်း မပေးနိုင်တော့ပါ။ ကျွန်တော်တို့ကလည်း မတောင်းတော့ပါ။ သူက မျက်ရည်စက်လက်နှင့်ရန်ကုန် လိုက်လာပြီး သူမှားကြောင်း အမေ့ကိုပြောကာ အတူလာနေပါသည်။ တောင်းပန်ပါသည်။

နောက်ဆုံး အမွေခွဲလိုက်ရာ၊ကျိုက်လပ်မြို့ပေါ်မှအိမ် ၁၁ လုံးနှင့် လယ်ဧက ၂၅၀လောက် ကျွန်တော်တို့က ရပါသည်။ မစံတင့်တို့ကလည်း အချို့အငက် ရကြပါသည်။ ကိုရွှေသီးကိုမူ သူလုပ်ကိုင်စားရန်လယ်နှင့်၊ နေရန်အိမ်ကို အမေကပင် တောမှာ ပေးထားလိုက်ပါသည်။ သူလည်း ၂နှစ်လောက် ကောင်းကောင်းနေပြီး သေရှာပါသည်။

အမှုပြီးချိန်တွင်ကား၊ ဆရာစံ သူပုန်ထသဖြင့် စပါးဈေးကျ၊ လယ်ဈေးကျနှင့် ငွေကြေး ကျပ်တည်းလာပါသည်၊

ကျွန်တော်မှာ ဝါးခယ်မ ဦးဘိုကြီးကျောင်းတွင် ၃တန်းအထိနေ၍ ဝါးခယ်မ အလယ်တန်းကျောင်းမှာ ၅ တန်းအောင်သည်အထိနေပြီး ရန်ကုန် ကူရှင်ဟိုက်စကူးကျောင်းသို့

http://nyisay.com



ပြောင်းနေပါသည်။ ၆တန်းနှင့် ၇တန်း ကူရှင်မှာနေပြီး ၈တန်းနှင့် ၉ တန်းကိုမူ အစိုးရ ဟိုက်စကူးကျောင်းတွင် ပြောင်းရွှေ့သင်ပါသည်။၉ တန်း အောင်ပြီးချိန်တွင် ကျောင်းအုပ်ကြီး မစ္စတာ ဘော်လဒွင်ကို အကြောင်း ပြုပြီး သပိတ်မှောက်ကြရာ ကျွန်တော်လည်း ကျောင်းပြန်မနေတော့ပါ။

အမေကလည်း ကျွန်တော် ရန်ကုန်တွင် ကျောင်းလာနေသည်ကို မခွဲချင်၍ ရန်ကုန်မှာ အိမ်ငှါးပြီး အတူလာနေပါသည်။ အစ်ကိုမှာမူ အမေ အမှုဆိုင်နိုက် သူ့ကို ဂရုမစိုက်နိုင်၍၊ ဟိုနေ ဒီနေနှင့်ပင် ပညာမတတ်ရှာပါ။ သူလည်း ရန်ကုန်မှာ အမေနှင့် လိုက်နေပါသည်။ ကျွန်တော် ကျောင်းထွက်သောအခါ အမေရော အစ်ကိုပါ ကျိုက်လပ်အနီး ပရိုက်အနောက်စုရွာသို့ တောက်လျှောက်ပြန်ကြပါသည်။ ရန်ကုန်မှာနေသည့်အချိန်တွင် နေထိုင်စားသောက်ရင်း ကျိုက်လပ်က အိမ် ၁၁လုံးမှာ ရောင်းစား၍ ကုန်ပါသည်။ အမေကလည်း နားမလည်၊ သူများတွေကလည်း အမဲဘမ်းပြီး ဝယ်ကြပါသည်။ အိမ်များ ကုန်သည်သာမက ငွေးတွေနှင့် တောသို့ ပြောင်းသွားရပါသည်။

အကြွေးတွေက အတိုးတွေ တက်တက်လာသည်။ လယ်တပွဲပြီး တပွဲ ရောင်းဆပ်ရသော်လည်း လယ်ဈေးကကောင်းကောင်း မရ၊ ကျွန်တော်တို့ကလည်း စီးပွါး မထိန်းတတ်၊ မရှာတတ်၊ ပျော်ပျော်နေဘို့ ဖြုန်းဘို့ သုံးဘို့ လောက်သာတတ်ကြပါသည်။ ထို့ကြောင့် တဖြည်းဖြည်းနှင့် စီးပွားလျှောကျခဲ့ပါတော့သည်။

သို့နှင့် ဂျပန်မဝင်လာမီ ကိုယ့်လယ် ကိုယ်လုပ် ကြပါသည်။လယ်မှာလည်းကေ၇၀ကျော်၈၀မျှသာ ကျန်ပါတော့

http://nyisay.com



သည်။ လယ်၂နှစ်လုပ်ပြီး တတိယနှစ်မှာ ဂျပန်ဝင်လာပါသည်။ လယ်ဆက်လုပ်ရန် ကြံသော်လည်း ဓါးပြတွေ တိုက်ကြသဖြင့် ကျိုက်လပ်သို့ ပြောင်းလာ ကြရပါသည်။ အစ်ကိုကလည်း အိမ်ထောင်ခွဲ၍နေပါသည်။တောကမရောင်း ရသေးသည့် စပါးများကို တုံကင်းတစင်း ၄ါးပြီး ခနောင်တို့မှာ ကျွန်တော်တို့လာရောင်းရာ ဟန်ကျပါသည်။ညီအစ်ကို ၂ယောက် ၎င်းအလုပ်နှင့် ဟန်နေကြပါသည်။

ထိုအချိန်မှာပင် ကျွန်တော်သည် ဂုန်ညင်းတန်းရွာက မြေပိုင်ရှင် ကျောင်းအမ တယောက်၏သမီး မမြသောင်းနှင့် အိမ်ထောင်ကျပါသည်။

တုံကင်းနှင့် စပါးပို့သော အလုပ်က ဈေးမကိုက်သဖြင့် ဆန်အိတ် ၁၅၀ ပါ သမ္ဗန်တစင်းနှင့်အထက်ကို ပြန်တက်ပါသည်။ စလေ၊ ပခန်းငယ် စသည်တို့သို့ ရောက်ပါသည်။ ထိုအလုပ်က တွက်ခြေကိုက်ပါသည်။ ၎င်းဂျပန်ခေတ်မှာပင် နိုင်ငံရေးစာပေများကို မိတ်ဆွေများမှတဆင့် လေ့လာရပါသည်။

ထို့နောက်တွင် အထက်သို့လည်း မတက်နိုင်တော့ဘဲ လယ်ဆက်လုပ်ပါသည် ဂျပန်ကို တော်လှန်သည့် အချိန်တွင် ဂုန်ညင်းတန်းသို့ ပြေးရပါသည်။ တပ်မတော်မှ လူများက တော်လှန်ရေးစလျှင် ပရိုက်အနောက်စုကို ပြေးလာမည်ဟု ကျွန်တော်နှင့် အဆက်အသွယ် ပြုထားသော်လည်း၊ သူတို့လာသောအခါ ကျွန်တော်က တရွာချောက်နေ ပါသည်။ သို့ရာတွင် ပရိုက်တရွာလုံးမှာ ဆွေမျိုးချည်း ဖြစ်သဖြင့် လိုလေသေးမရှိပါ။ အဆင်ပြေပါသည်။ ညီအစ်ကို ဝမ်းကွဲ

http://nyisay.com



များက ဂရုစိုက်ကြပါသည်။ ထိုရွာမှနေ၍ တပ်မတော်က မတ်လ ၂၇ ရက်နေ့မှာ အကြိမ်၄၀မျှ ဂျပန်ကို တော်လှန်ပြီ ဖြစ်ကြောင်း ကျေညာပါသည်။

သခင်စိုးက ပရိုက်အနောက်စုကို မကြိုက်ပါ။ ပရိုက် ချောင်းကူးက ကျွဲကူးရွာကို ကြိုက်သဖြင့် ကျွဲကူးရွာက ကု ရင်အမျိုးသား စောနေနိုင်အိမ်မှာ သွားနေပါသည်။ ပရိုက် အနောက်စုက တပ်မတော်ပါ ရွေ့သွားပါသည်။ ထိုစဉ် က ဖက်ဆစ် တော်လှန်ရေးသမားများကို ကျွန်တော်တို့ တတ်နိုင်သမျှ အသိပညာအလိုက် အကူအညီ ပေးပါသည်။

တော်လှန်ရေး ပြီးသောအခါ ကိုယ်လပ်မြို့သို့ ပြောင်း လာကြပါသည်။ စစ်အုပ်ချုပ်ရေး CAS (B) ခေတ်မှာ ဖဆပလကို စဖွဲ့သောအခါ ဉက္ကဋ္ဌ ကိုဒွေးအောင်၊ အတွင်း ရေးမှူး ကိုအောင်ကြည်နှင့် ကျွန်တော်က ဘဏ္ဍာရေးမှူး ဖြစ်ပါသည်။ ကွန်မြူနစ် ပါတီကလည်း ဆိုင်းဘုတ်တပ်၊ ဆိုရှယ်လစ်ကလည်း ဆိုင်းဘုတ်ချိတ်နေချိန်တွင် ကျွန်တော် လည်း အခြေအနေအရ စီးပွါးရေးဘက်သို့ ခြေဦးလှည့် ရပါသည်။

ရန်ကုန်သို့ တယောက်တည်း လာပါသည်။ တရုတ်မိတ် ဆွေတဦးနှင့်စပ်တူ ကားတစီးဝယ်ပြီး အထက်ကုန် အောက် ကုန် ရှမ်းပြည်ကုန် ကူးကြပါသည်။ ဤအလုပ်ကမဟန်ပါ။ သို့နှင့် ရွှေတောင်တန်း တိုက်နံပတ် ၁၀၁ မှာ ၃ ဦးစပ် ဗမာ့သမဂ္ဂ ရောင်းဝယ်ရေးဌာနဆိုပြီး ပွဲရုံတရုံဖွင့်ပါသည်။ ဘတ်စ်ကား တစီးလည်း ထောင်ထားပါသည်။ ဤဘတ်စ် ကား ထောင်၍ပင် ကားမောင်း တတ်ခြင်း ဖြစ်ပါသည်။ အထက်နှင့် ကုန်ကူးစဉ်က မမောင်းတတ်သေးပါ။

http://nyisay.com



ပွဲရုံထောင်နေစဉ်မှာပင် ကျိုက်လပ်မှ ကိုသက်နှင်း ဆိုသူသည် ရန်ကုန်သို့ မကြာမကြာ လာရောက်ကုန်ကူးပါသည်။ ကျိုက်လပ်တွင် နေကြစဉ်က သိရှိသာ သိ၍ မခင်မင်ခဲ့ပါ။ ၃ယောက်စပ်တူ လုပ်သူအနက် ကိုအေးကျော် ဆိုသူနှင့် ခင်မင်ပြီး သူ့ကုန်များကို ပွဲရုံမှာချ၊ ပွဲရုံမှာပင် တည်းပါသည်။ သို့နှင့် ကျွန်တော်နှင့် ခင်မင်လာကြပါသည်။

တနေ့တွင် အလုပ်အကိုင်များအတွက် သွားလာရင်း ကိုသက်နှင်းက ဦးစော ယူဂန္ဓာက ပြန်လာပြီး သူရိယတိုက်တွင် မန်နေဂျင်းဒါရိုက်တာလုပ်နေချိန် သူရိယတိုက်သို့ ခေါ်သွားသဖြင့် ဦးစောနှင့် စသိရပါသည်။ နောက်တခေါက်ပါ ပေါင်း ၂ခေါက် ရောက်ဘူးပါသည်။ ကိုသက်နှင်းမှာ စစ်မဖြစ်မီ ကတည်းက ကျိုက်လပ်တွင် မျိုးချစ်ပါတီ ခေါင်းဆောင်ဖြစ်၍ ဦးစောကိုလည်း အလွန်ဆရာတင်ပုံရပါသည်။

ကျွန်တော်တို့၏ ပွဲရုံအလုပ်မှာ လော်ရင်း နစ်နေသဖြင့် ဖြုတ်လိုက်ရပါသည်။ ထိုအချိန်မှာမိန်းမနှင့် ကလေးကလည်း အတူ လိုက်နေချင်ကြောင်း ပြောသဖြင့် ခေါ်ခဲ့ရပါသည်။ ၁၁၃သခ်းမှာ အိမ် ၂ခန်းကို ၆၀ဝိ၊ အပျောက်ပေး၄ါးငှားနေရပါသည်။ လော်ရီတစီး ထပ်ဝယ်ပြီးနောက် ဘော်ဒီတင်ကာ ဘတ်စ်ကား တစီး ထပ်တိုးလိုက်ပြန်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းစသော ခေါင်းဆောင်များ ဗိလပ်သို့ လွတ်လပ်ရေး ကိစ္စအတွက် သွားကြတော့မည့် ဆဲဆဲအချိန် ဖြစ်ပါသည်။ တနေ့သ၌ ကိုသက်နှင်းသည် အပေါ် ၂ယောက်နှင့် ၁၃၃လမ်း ကျွန်တော်တို့အိမ်တွင် လာတည်းပါသည်။ သူတို့ လာသောကိစ္စမှာ လွတ်လပ်ရေးအတွက်

http://nyisay.com



ဦးစော ဗိုလပ်သွားရမည်ဖြစ်၍ လိုက်ပို့ရန် ဖြစ်သည်ဟု ပြောပါသည်။

နံနက် ၄ နာရီခန့် ထပြီး ကိုယ်သက်နှင်းနှင့် အဖော် ၂ ယောက်ကို ကျွန်တော်တို့ ကားနှင့် လိုက်ပို့ရာ ဦးစောနှင့် ကန်းနားလမ်း စထရင်း ဟော်တယ်ထဲမှာ တွေ့ရပါသည်။ အခြား ပုဂ္ဂိုလ်များကို လိုက်ပို့သူများပါ မနည်းပါ။ ဦးစော၏ မျက်စိမှာ ထိုအချိန်က မျက်ရည်တရွှဲရွှဲနှင့် မကောင်းသေးသည်ကို သတိပြုမိပါသည်။ မိုးစင်စင်လင်းသောအခါ ဆိပ်ကမ်းသို့ လိုက်ပို့ကြရပါသည်။ ရေယာဉ်ပျံနှင့် သွားကြပါသည်။ ဦးစောတို့အသုတ်တွင် ဗိုလ်ချုပ်အောင်ဆန်းကိုတော့ မတွေ့ပါ။

ဦးစောကို ကျွန်တော် တတိယအကြိမ် တွေ့ခြင်း ဖြစ်ပါသည်။

ဘတ်စ်ကား ပြေးသော အလုပ်မှာလည်း တရှုံးတည်း ရှုံးနေပါသည်။ မခံနိုင်တော့ပါ။ မိန်းမကလည်း မပျော်တော့။ တောသာ ပြန်ချင်သည်။ ထို့ကြောင့် တသောင်းကိုးထောင် ကျထားသောဒုတိယကားကြီးကို ရောင်းလိုက်ရာ တသောင်းသုံးထောင်သာရပါသည်။ ပဌမ ကားကလေးက ရောင်း၍ မရပါ။ ကိုယ်ထည်ကလည်း သုံးမရတော့သဖြင့် စက်ကို ဖြုတ်ပြီး အိမ်အခန်းပေါ်တွင် တင်ထားပါသည်။ ကျွန်တော့် သူငယ်ချင်း စာရင်းစစ် လင်မယားက အိမ်တခန်းလိုချင်ကြောင်းပြော၍ ၂၅ဝိနှင့်ပေးရာ သူတို့ကတလုံးတခဲတည်းမပေးနိုင်ပါ။ ရန်ကုန်လာတိုင်း တလ တခါယူရန် သဘောတူရပြီး၊ အခန်းတခန်းကိုလည်း ရောင်းပေးရန် သူတို့ကိုပင် အပ်ခဲ့ရပါသည်။

သို့နှင့် ကျိုက်လပ်မြို့ပေါ်တွင် ဂျပန်ခေတ်က ဝယ်နိုင်သော အိမ်တွင် ပြန်နေကြပြီး၊ ဂုန်ညင်းတန်းမှာ လယ်လုပ်ကြပါသည်။

ကျွန်တော်က အခန်းရောင်းထားရသော ငွေတောင်းရန်နှင့် တပ်ရောင်းရမည့် အခန်းအတွက်ရလိုရငြား၊ မော်တော်ကားစက်ကလေးကို ယောက္ခမဆောက်ထားသော ဘုန်းကြီးကျောင်းက ဆရာတော်ကို လှူချင်သောကြောင့် ရန်ကုန်လာရန်ပြင်ပါသည်၊ ကိုသက်နှင်းက သူလည်း လိုက်ဦးမည်ဆိုပြီး လိုက်လာပါသည်။ ဤအခေါက်တွင် ကိုသက်နှင်းက ဦးစောအိမ်သို့ ခေါ်သွားသဖြင့် ခဏတဖြုတ် ရောက်ပါသည်။ ဘာမှလည်း အကြောင်းမထူးပါ။

ရန်ကုန်တွင် ကျွန်တော်ထီ ၁၀ စောင် ထိုးခဲ့ပါသည်။ ကားစက်ကလေးမှာလည်း ကူလီခ၊ သင်္ဘောခ ဂဝိ ခန့်ကျမည်ဖြစ်၍ မသယ်နိုင်ပါ၊ အိမ်ဘိုး ကမူ နည်းနည်းပါးပါး ရပါသည်။ အခန်းကလည်း မရောင်းရသေးပါ။ စက်ကလေးကို လမ်းမတော်ကမ်းနားလမ်းဘက်ရှိ ဂီမော်ပွဲရုံတွင် ထားခဲ့ရပါသည်။ နောက်တခါ သမ္ဘန်နှင့် လာပြီး တင်ဘို့စိတ်ကူးပါသည်

ကျိုက်လပ်သို့ ရောက်ပြီး များမကြာမီမှာပင် ကိုသက်နှင်းသည် ကျွန်တော့်ကို ဘာမှမတိုင်ပင်ဘဲ စာရွက် ၃၀၀ခန့် ပုံနှိပ်စက်မှာ ရိုက်ပါသည်။ ကိုသက်နှင်းအိမ်တွင် ဘယ်နေ့ဘယ်ရက်က အစည်းအဝေး လုပ်ပြီး မျိုးချစ်ပါတီ ပြန်လည်ဖွဲ့စည်းလိုက်ကြောင်း၊ ဥက္ကဋ္ဌ–ဦးကြည်တင်၊ အတွင်းရေးမှူး–ကိုသက်နှင်း၊ ကျွန်တော်ကတွဲဘက်အတွင်းရေးမှူးနှင့် စည်းရုံးရေးမှူးစသည်ဖြင့် ထည့်ထားပြီး ဝေပါသည်။

အမှန်အားဖြင့် မည်သည့်အစည်းအဝေးမှ ခေါ်သည်မဟုတ်ပါ။ သူ့ဖါသာစာရွက်ရိုက်ဝေခြင်းဖြစ်ပါသည်။ ကျွန်တော် ဘာမှမသိရဘဲ ကျွန်တော့်နာမည် ဤသို့ ပါလာပါသည်။ သို့ရာတွင် လူချင်းကလည်း အလွန် ခင်နေသောကြောင့် တကြောင်း၊ ဘာမှလည်း ဖြစ်နိုင်မည်မဟုတ်ဟု ယူဆသောကြောင့်တကြောင်း ကျွန်တော်လည်း ဘာမှမပြောဘဲနေလိုက်ပါသည်။ မျိုးချစ်ပါတီအနေနှင့် ကျိုက်လပ်တွင် ဘာမှလည်းမလုပ်ပါ။ တခါမှလည်း အစည်းအဝေး မခေါ်ရပါ။ တခြား အမှုဆောင်များလည်း စာရွက်ထဲ နာမည်ပါလာမှ ကျွန်တော်ကဲ့သို့ သိကြသူချည်းဖြစ်ကြပါသည်။

ကျွန်တော်သည်တောသို့သွား၍ခဏတဖြုတ်လယ်ကိုကြည့်ပါသည်။ မြို့တွင် အလုပ်မရှိလှပါ။ ကိုသက်နှင်းကလည်း အလုပ်အထူးမရှိလှပါ။ ခေတ်ရှင်ရုံပိုင်ရှိသည်ကို ငှားစားပါသည်။ ထို့ကြောင့် အားလျှင် လက်ဖက်ရည်ဆိုင်အတူသွားလေ့ရှိကြပါသည်။ တော်တော်ပင် ခင်ကြပါသည်။

တလသာသာကြာသောအခါ ကျွန်တော် ရန်ကုန်သို့လာပြန်ရာ၊ လူအားဖြစ်သည့်အတိုင်း ကိုသက်နှင်းလည်း လိုက်ပြန်ပါသည်။ ကျွန်တော်က မော်တော်ကား စက်တင်ဘီသို့ သမ္ဘန်လိုက်ခဲ့ရန် မှာခဲ့ပါသည်။ စက်ကလေးကို ဂုဏ်သဓ္ဓန်နှင့် တင်ပို့လိုက်ပါသည်။ အိမ်ခန်းမှာ မငှားရသေးပါ။ ထို့ကြောင့် အိမ်က ပါလာသော ငွေကိုပင် သုံးရပါသည်။ ရန်ကုန် ရောက်တိုင်း ကိုသက်နှင်းက ဦးစောထံ တခေါက်တခေါက်သွားလေ့ရှိရာ၊ ဤအကြိမ်တွင်လည်း သွားပြန်ပါသည်။ ကျွန်တော့်ကိုပါ ခေါ်သွားသည်။

http://nyisay.com



ဦးစောသည် ပဌမတွင် ဟိုစကား သည်စကား ပြောပြီး နောက်–

"ကိုသုခကို ကျွန်တော်ပြောစရာတခုရှိတယ်ဗျာ၊ကိုသက်နှင်းက ပြောပြထားလို့ ကိုသုခရဲ့ သမာဓိကိုတော့ ယုံကြည်ပြီးပါဘဲ၊ တခြားတော့မဟုတ်ပါဘူး။ ကျွန်တော်တို့ နိုင်ငံရေးလုပ်တယ်ဆိုတာ ငွေလိုတယ်ဗျ။ ငွေရှိမှဖြစ်တယ်။ ဒီတော့ နာရီဝက်အတွင်း သိန်း ၅၀ လောက် သေချာပေါက်ရဘို့ အလုပ်ကိုလုပ်ရမယ်။မာကင်တိုင်ဘဏ်ကို ဓားပြတိုက်ရမယ်။ ဒါသေချာတာဘဲ၊ ဖြစ်မှဖြစ်ပါ့မလားရယ်လို့တော့ တွေးမနေနဲ့တော့၊ သေချာပေါက်ဖြစ်တယ်။ ဒါ–အင်္ဂလိပ်ကို တိုက်ထုတ်တဲ့နည်းတနည်းဘဲ၊ သူတို့စီးပွားရေးလုပ်ငန်းကို ဖျက်တာဘဲ"စသည်ဖြင့် ပြောပြပါသည်။

ထိုအခါ ကျွန်တော်အံ့အားသင့်သွားပါသည်။ ဦးစောဤသို့ ကြံစည်လိမ့်မည်၊ ပြောလိမ့်မည်ဟူ၍ မထင်မိခဲ့ပါ။ ကျွန်တော့်တသက် တွင်ဓားပြတိုက်ရန် အပြောခံရဘူးသည်မှာ ဤအကြိမ်သည်သာလျှင် ပဌမအကြိမ် ဖြစ်ပါသည်။ ထို့ကြောင့် အလွန်စိတ်ညစ်မိပါသည်။ ဟန်မပျက်အောင် သတိအလွန်ထားပြီး နေရပါသည်။ စကားတခွန်းမှ ပြန်မပြောပါ။ ဤသို့လျှင် သူ့အားကြည့်နေရပါသည်။ သူပြောသမျှ နားထောင်ခဲ့ပါသည်။

ဤမျှအထိပြောပြီး စကားဖြတ်ကာ အခြားစကားတွေ လျှောက်ပြောပါသည်။ ကျွန်တော်တို့လည်း ခဏကြာသောအခါ ထပြန်လာကြပါသည်။ ဤရက်အထိ သူ့အိမ်တွင် ကျွန်တော်ထမင်းပင်တခါမှ မစားဘူးသေးပါ။ ရောက်သည့်အခါတိုင်းတော့ လက်ဖက်ရည်အချို တိုက်ပါသည်။

http://nyisay.com



ဦးစောအိမ်မှပြန်လာသောအခါ ဘတ်စ်ကားပေါ်တွင် ကျွန်တော် တွေးတော စဉ်းစားရင်း လိုက်ခဲ့ပါသည်။ ကိုသက်နှင်းကိုပင် စကားပြော၍ မရပါ။ မပြောချင်ပါ။ စိတ်လည်း နည်းနည်းမှ မကောင်းပါ။ နောက်တနေ့တွင် ဝယ်ခြမ်းစရာ ရှိသည်များကို ဝယ်ခြမ်းပြီး ကျိုက်လပ်သို့ ပြန်ခဲ့ကြပါသည်။

ရန်ကုန်တွင် ကိုသက်နှင်းနှင့် ဤအကြောင်းကို တခွန်းမှ စကားစပ်၍မပြောပါ။ ကျိုက်လပ်သို့ပြန်ရောက်တော့လည်း အစတွင် တခွန်းမှစပ်မပြော။ သို့ရာတွင် ကိုသက်နှင်းသည် ခါတိုင်းကဲ့သို့ပင် ဝင်ထွက် သွားလာနေပါသည်။

ရက်အတန်ကြာသောအခါ တညနေတွင် ကျိုက်လပ်ကန်ကြီးဘက် လမ်းလျှောက်ကြရင်း ကိုသက်နှင်းက ''ဘယ့်နှယ်လဲဗျ၊ ဦးစောပြောတာ သိပ်တော့မဆိုးဘူးထင်တယ်၊ ခင်ဗျားစဉ်းစားပြီးပလား''စသည်ဖြင့်ပြောစမ်းလာပါသည်။ ထိုသို့ပြောဖန်များသောအခါ ဤစကားများသည် ယဉ်ပါးလာပါသည်။ ကျွန်တော်၏ စိတ်တွင်လည်း ဤလုပ်ငန်း အထမြောက်လျှင် မိမိအတွက် အထိုက်အလျောက်ရမည်ဟု မျှော်လင့်မိကာ ''အကောင်းသားဘဲ''ဟု တခါပြောလိုက်မိပါသည်။ ဤတခါသာ ပြောမိပါသည်။ နောက်လည်း ဤကိစ္စကို မပြောကြတော့ပါ။

မိုးဦးကျသောအခါ လယ်လုပ်သည့်နေရာတွင် တဲအုံဆောက်လုပ်ရန်သွားပါသည်။ တဲဆောက်နေစဉ်သမ္ဗန်တစင်း ရောက်လာပါသည်။ ကိုသက်နှင်းက စာပေးလွှတ်လိုက်ခြင်း ဖြစ်ပါသည်။ ''ကိုသုခ အရေးကြီးလို့ ဤသမ္ဗန်နှင့် အမြန်လိုက်ခဲ့ပါ''ဟူ၍ ဖြစ်ပါသည်။

http://nyisay.com



အရေးကြီးသော ကိစ္စဆိုသည်မှာ ဦးစောပြောသော ကိစ္စပင် ဖြစ်မည်ဟု တွေးမိပါသည်။ လိုက်သင့် မလိုက်သင့်လည်း စဉ်းစားပါသည်။ လျှို့ဝှက်သော ကိစ္စတရပ် မိမိအား ပြောထားသည်ကို ရှောင်နေလျှင် မတော်ဟု ခပ်ပေါ့ပေါ့ပင် တွက်ဆပြီး လိုက်သွားပါသည်။ ညနေစောင်းမှ ကျိုက်လပ်သို့ ရောက်ပါသည်။

ကိုသက်နှင်းကမူ ဦးစောက အခေါ်လွှတ်လိုက်သဖြင့် နက်ဖြန် ရန်ကုန်သို့ ဆက်လိုက်ရန် ပြောပြပါသည်။ အိမ်သို့ ပြန်ကာ အဝတ်အစားပြင်၍ နက်ဖြန် ရန်ကုန်လိုက်မည့် အကြောင်း မိန်းမကိုပြောပြသည့်အခါ၊မိန်းမကနည်းနည်းမှ မသွားစေချင်ပါ၊ "ကိုယ့်အလုပ်အကိုင်တွေနဲ့၊အလုပ်အကိုင် ဝင်ခါနီး ခရီးမသွားလို့ မဖြစ်ဘူးလား"ဟူ၍သာ ပြောပါသည်။ သွားခါလာခါနီး စိတ်စနိုးစနောင့်ဖြစ်မည်ကိုလည်း သူစိုးသည်။ ကျွန်တော်တို့ အစီအစဉ်များကိုမူ မသိရှာပါ။

၎င်းကြားထဲတွင် ယခင် တခေါက်က ထိုးထားခဲ့သော ထီလက်မှတ် ၁၁စောင်အနက်မှ တစောင်က ၅၀ဝိဆု ပေါက်ကြောင်း သတင်းစာထဲတွင် ပါလာသဖြင့် ထိုထီလက်မှတ်ကိုပါ ကျွန်တော်ယူခဲ့ပါသည်။ယခုတခေါက်တွင် ဦးစောအိမ်မှ ကားနှင့်လာကြိုကာ တခါတည်း အင်းယားအိမ်သို့ ခေါ် သွားပါသည်။

ကျွန်တော်တို့ ကားဝင်သွားသည် ဆိုလျှင်ပင် ဦးစောက "ဟာ လာကြပြီ၊လာကြပြီ"ဟု ဖေါ်ဖေါ်ရွှေရွှေ နှုတ်ဆက်ပါသည်။ လက်ဖက်ရည်အချိုများ ချက်ခြင်း တိုက်ပါသည်။ ၎င်းအခေါက်တွင် သူ့ဝင်းထဲ၌ လူ ၃၀လောက် စုမိနေပါပြီ။

http://nyisay.com



လက်ဖက်ရည်အချို သောက်ပြီး မကြာမီမှာပင် ဦးစောကသူ့လူများကို "ကဲ ပြင်ကြ၊ ပြင်ကြဟေ့"ဟု ဆိုလိုက်ပါသည်။ လူအချို့လည်း လုပ်ဘူးလက်စရှိကြသည်ထင်ပါသည်။ ချက်ခြင်း ပြင်ဆင်ပြီး လှေ ၂စင်းပေါ် တက်ကြပါသည်။ တော်မီ၊စတင်း၊ဘရင်း အစုံပါပါသည်။ ဟိုကွေ့ သည်ကွေ့နှင့် အင်းယားထဲ လှော်သွားရာ အတန်ကြာလျှင် ကျွန်းကလေးတကျွန်းသို့ ရောက်သွား ကြပါသည်။ ထိုကျွန်းသို့ရောက်သောအခါ၊ ဦးစောက "တခြား လူတွေကတော့ အားလုံးသိနေကြပြီ။ ကိုသုခတယောက်ဘဲ မသိသေးတာ၊ (ကိုသက်နှင်းလည်း တွေ့ဘူးပြီး ဖြစ်ဟန် ရှိပါသည်။) ကဲ ဒီလိုဝင်၊ မိအောင်ဘမ်း၊မန်နေဂျာနဲ့ ကက်ရှ်ရှာကဗိုလ်တွေ၊ ဒီကောင်တွေကိုမိအောင်ဘမ်း။ မလှုပ်စေနဲ့၊သူတို့အရေးကြီးတယ်၊စာရေးတွေအရေးမကြီးဘူး။ ဟိုကောင်တွေဘောင်းဘီအိတ်ထဲ မနှိုက်စေနဲ့၊အံဆွဲမဖွင့်စေနဲ့၊သူတို့မှာခြောက်လုံးပြူးပါချင်ပါမယ်၊ မဘတ်သာပစ်ရမှာဘဲ။ ရိုက်လို့ရရင် ရိုက်ရမယ်၊ လုပ်ငန်းတော့အထိမခံရဘူး"စသည်ဖြင့်ပြောနေစဉ် အချို့က သစ်ပင်ကြားဝင်လိုက်ထွက်လိုက်နှင့် ဘဏ်ကိုတိုက်သော လေ့ကျင့်ခဏ်းလုပ်နေကြပါသည်။ဦးစောက ကျွန်တော့်ဘက်သို့ လှည့်ကာ၊"တနေ့ကပြောတဲ့ကိစ္စပေါ့ဗျာ၊ ဒါ ရီဟာဆယ်-အစမ်းပေါ့"ဟု ပြောပါသည်။ ထို့နောက် မှောင်လာသောကြောင့် "ကဲကဲ နောက်တခါမှ ဆက်ကြတာပေါ့"ဟုပြောပြီး လှေနှင့် ပြန်လာကြပါသည်။

နောက်တနေ့ နံနက် လက်ဖက်ရည်သောက် အပြီးတွင် ဘဏ်ကို သွား၍ ကြည့်ရပါသည်။ ထိုဘဏ်တွင် ဦးစောက ငွေ ၄သောင်းကျော် ၅သောင်းအပ်ထားပါသည်။ထို့နောက်

http://nyisay.com



နေ့စဉ် တထောင်ထုတ်လိုက်၊ နှစ်ထောင်သွင်းလိုက် လုပ်ကာ တပည့်များကို ကြည့်ခိုင်း လေ့လာ ခိုင်းနေပါသည်။ ထို နေ့တွင်မူ "တခြားလူတွေက ရောက်ဘူးကြပြီ၊ ကိုသုခ လိုက် ကြည့်ပါ" ဆို၍ ကျွန်တော် လိုက်သွားရပါသည်။ ဘဏ် ရောက်သွား၍ ကြည့်သောအခါတွင် အောက်ထပ်မှာ ပြင်နေ သည်ကို တွေ့ရပါသည်။ အပေါ် တက်ရသည်မှာလည်း တဆစ်ချိုးဝင်ရသဖြင့် အပေါ်မှာ လုပ်နေသည်ကို အောက် က မသိနိုင်ပါ။ သို့နှင့် ကြည့်ပြီး ပြန်လာကြပါသည်။

ဤသို့ဖြင့် ဖရက်ဂုရက်မျှ ဘာမှမလုပ်ရဘဲ ဤသို့ပင်နေကြ ရပါသည်။ သူကလည်းအလွန်ဖော်ရွေပါသည်။ တအိမ်လုံး ပျော်ပျော် ရွှင်ရွှင်နေကြပါသည်။ ကျွန်တော်တို့လည်း ကိုယ် ကြိုက်သောလူနှင့်တွဲပြီး ထွက်လည်နိုင်ကြပါသည်။ ကျွန်တော် ပေါက်သော ထီလက်မှတ်အတွက်လည်း ငွေ ၅၀၀ဝိထုတ်ကာ အိမ်သို့ ပို့လိုက်ပါသေးသည်။

တနေ့ညနေ နေတော်တော် စောင်းချိန်တွင် ဦးစောက ကျွန်တော်ပါ လူဆယ့်လေး ငါးယောက်ကို သူ့ဝင်းခြံကြီး အတွင်းမှ အိမ်ကလေး တအိမ်သို့ ခေါ်သွားပါသည်။ ထို အိမ်တွင် ကျွန်တော်တို့အား ဘဏ်ကို မည်သို့စီးရမည် ဆို သည်ကို အသေးစိတ် ညွှန်ကြားချက် ပေးပါသည်။ မန်နေ ဂျာနှင့် ကက်ရှ်ရှာ ငွေကိုင်ကို အထူးသတိပြုပြီး သေသေ ချာချာ ရအောင်ဘမ်းရမည့်အကြောင်း၊ မန်နေဂျာကို ဘယ် သူနှင့် ဘယ်သူကဘမ်း၊ ကက်ရှ်ရှာကို ဘယ်သူနှင့် ဘယ်သူ ကဘမ်း၊ စာရေး ၅၀ လောက်ရှိသည်ကို ဘယ်သူ ဘယ်ဝါ က တော်မီ ၃ လက် နှင့် အခန်းမကြီး၏ အလယ်တွင် ဝပ်နိုင်း ထားရမည်။ တယောက်မှ အပြင်မထွက်စေရ။

http://nyisay.com



"ခင်ဗျားတို့ဆီက ပစ္စည်း ဘာမှ မယူဘူး၊ ခင်ဗျားတို့ကိုလဲ ဘာမှမလုပ်ဘူး၊ ကျွန်တော်တို့ ဘဏ်ကိုစီးနေတာ၊ ခင်ဗျားတို့ ငြိမ်ငြိမ်နေကြရင် ပြီးရော"ဟု ပြောရန် သင်ကြားပါသည်။ "မန်နေဂျာနဲ့ ကက်ရှ်ရှာကို ဘမ်းသူတွေက လက်ပြန်ကြိုးတုပ်၊ သော့တွေယူပြီး (Safe)အာမခံသေတ္တာတွေ ဖွင့်နိုင်းရမယ်၊ အထဲက စိန်၊ ရွှေ သေတ္တာတွေ၊ ငွေစက္ကူ အသစ် အဟောင်း တွေကို တနေရာထဲမှာ တခါထဲပုံ၊ အသင့် ယူသွားတဲ့ ဂုံနီ အိတ်တွေထဲထည့်။ နောက်ဖေးပေါက် လှေကားကို ခြောက် လုံးပြူးနဲ့ တယောက်စောင့်။ နောက်ဖေးက ဝင်လာသူဖြစ် ဖြစ်၊ ရှေ့အပေါက်ကဝင်လာသူဖြစ်ဖြစ် ဝင်လာသူကို ခွင့်ပြုရ မယ်၊ အထွက်ကိုခွင့်မပြုရ။ ဝင်လာသူများကို 'ခင်ဗျားတို့ကို ဘာမှမလုပ်ဘူး၊ ခင်ဗျားတို့ပိုက်ဆံကို လက်နဲ့မတို့ဘူး၊ ဘဏ် ကို စီးနေတာ၊ခင်ဗျားတို့ ဝပ်နေကြ'လို့ ပြောပြီး စာရေးတွေ ဝပ်နေတဲ့နေရာကို ပို့ပြီး ဝပ်နိုင်းရမယ်"

"အပေါ် ၂ ထပ်က တထပ်မှာ ရှိတဲ့ လူနေအိမ်ခန်းမှာ လူ၃ယောက်၊အထက်ခန်းမှာလူတယောက်ဘဲရှိတယ်။တော်မီ စတင်းတွေနဲ့ သုံးလေးယောက်စီ သွားပြီး စီးထား၊ ပစ္စည်း ဘာမှ ယူဘို့မလိုဘူး၊ တယ်လီဖုန်းကြိုးရှိရင် ဖြတ်ထားရမယ်။ ရှေ့အပေါက်ဝမှာ ရိုင်ဖယ် ကိုင်ထားတဲ့ ကုလား ဒရဝမ် တယောက်ရှိတယ်၊ အဲဒီကုလားဘယ်နည်းနဲ့မှမလွတ်အောင် အမိဘမ်းပြီး စာရေးတွေထဲဝင် ဝပ်နိုင်း၊ လွယ်လွယ်နဲ့ မရ ရင် ရိုက်လှဲပြီး ကြိုးတုပ်ထားရမယ်"

"ရှေ့အပေါက်ဝမှာ ဒရဝမ်ကို စာရေးတွေဆီ ပို့ပြီး (S.I.P.) ရဲအုပ်လို ဝတ်ထားတဲ့ လူတယောက်က အဝမှာ စောင့်နေရမယ်။ ရဲအုပ်အနားမှာ ပုလိပ်လို ဝတ်ထားသူ

http://nyisay.com



တယောက် နေရမယ်၊ ဝင်လာသူတိုင်းရဲ့ နောက်က လိုက်သွားပြီး လှေကားကွေ့ကို ရောက်သွားတိုင်း ခြောက်လုံးပြူးနဲ့ ချိန်ပြီး၊ 'ခင်ဗျား ဟိုရှေ့က လူအုပ်ထဲမှာ သွားပြီးဝပ်နေပါ၊ ခင်ဗျားကို ကျုပ်တို့ ဘာမှမလုပ်ဘူး၊ ငြိမ်ငြိမ်နေဘို့ဘဲ လိုတယ်၊ ဘဏ်ကိုသာ တိုက်နေတာ'လို့ ပြောပြီး ဝပ်ခိုင်းရမယ်''

''အဝင်ဝဒလဝမ်ကို မိအောင်ဘမ်းဘို့က အရေးအကြီးဆုံးဖြစ်တယ်။ သူ့ကို အလွတ်မခံနိုင်ဘူး။ ဒါကြောင့် သူ့ကို ရိုက်မှဘဲ ဖြစ်မယ်။ သူက အကြမ်း ဖက်ချင် ဖက်မယ်။ ပစ်လို့လဲမဖြစ်ဘူး။ တုတ်တခု သယ်သယ်ဆောင်သွားရလိမ့်မယ်။ ဒလဝမ်ကို လုပ်ဘို့ကိစ္စပြီးရင် အဲဒီတုတ်ကို လှေကားကွေ့မှာ ထားရမယ်''

''အထဲဝင်လာသူ တယောက်ဟာ မူလ အစီအစဉ်အတိုင်း စာရေးများနဲ့ အေးအေး ဆေးဆေး သွားဝပ်ရင် ဝပ်၊ မဝပ်ဘဲ ကလန်ကဆန်လုပ်ရင် တုတ်စာ ကျွေးရမယ်၊ အလဲချရမယ်၊သူ့ကိုအထွက်မခံနဲ့၊ လူတယောက် ထွက်သွားရင် ပျက်သွားမယ်''ဟု ဆက်ပြောပြီး၊ ရဲအုပ်အနားက နေကာ လူရိုက်ရမည့်နေရာကို ကျွန်တော် လုပ်ရမည်ဟု ခိုင်းပါသည်။

''မန်နေဂျာနဲ့ ကက်ရှ်ရှာက ထုတ်ပေးလို့ ပစ္စည်းအပြောက်အမြား မူလအစီအစဉ်အတိုင်းရပြီး အသင့် ဖြစ်တဲ့အခါ ဝီစီကလေးတခုနဲ့ အချက်ပေးရမယ်။ ကိုယ့်တာဝန်အတိုင်း ရွှေအိတ်၊ ငွေအိတ် ထမ်းတဲ့သူကထမ်း၊ ဆိုင်ရာဌာနများကို တာဝန်ယူထားကြတဲ့ သူများကလဲ ဘဏ်ရှေ့

http://nyisay.com



မှာ ရပ်ထားတဲ့ လော်ရီကားကြီး တစီးပေါ်နဲ့ ဘားလမ်းနဲ့ ကုန်သည်လမ်းဒေါင့် ကားလမ်းအတွင်း ရပ်ထားတဲ့ ဂျစ်ကားပေါ်ကို အမြန်ဆုံး တပြိုင်တဲ အရောက် လာကြရမယ်။ ကားတစီးကို စိန်ကြီး မောင်းရမယ်၊ နောက် တစီးကို ခင်မောင်ရင် မောင်းရမယ်၊ ကားကြီးပေါ် ပစ္စည်းတင်ပြီး ရှေ့ကသွားရမယ်။ နောက်ကရန်သူလာရင် နောက်ကားက ခုခံရမယ်။ ကက်ရှ်ရှာနဲ့ မန်နေဂျာကို ဗိုမ်ခြင်း သူတို့အံဆွဲတွေဖွင့်ပြီး လက်နက်ရှာရမယ်။ လက်နက်တွေလို့ မသိမ်းရင် အထွက်မှာ ရန်ရှာနိုင်တယ်"

"မာကင်တိုင် ဘဏ်ဟာ ရွှေတွေ ငွေတွေ စိန်တွေ ကို ညဥ့်မသိပ်ဘူး။ မနက် ၁၀နာရီကျမှ Reserve ရီဇာဗ်ဘဏ်က သွားထုတ်တယ်။ ညနေနာရီပြန် ၂ ချက်မှာ ပစ္စည်းတွေ အားလုံးပြန်ပို့တယ်။ ဒါကြောင့် မနက် ၁၁နာရီနဲ့ ၁ချက်ကြားမှာ အပြီးတိုက်မှဖြစ်မယ်၊ ဘဏ်ကို သွားစီးတဲ့ အခါ ယူသွားရမဲ့ စတင်း၊ တော်မီ စတဲ့ လက်နက်တွေကို ကိုင်ပြီး ဘဏ်ထဲ ဝင်သွားဘို့ကိစ္စမှာ မိုးကာအင်္ကျီ ပါကြရမယ်၊ ဒါကြောင့် လုပ်မဲ့ အချိန်မှာ မိုးရွာနေဘို့ လိုတယ်၊ ဒါမှ ဖြစ်မယ်"ဟု ဦးစောက ပြောပြပြီး ရဲအုပ်၏ တံဆိပ်၊ ကြယ်စသည်တို့ကိုလည်း ဝယ်နိုင်းပါသေးသည်။

အစစ ပြည့်စုံသောအခါ အဝတ်အစားဝတ်ပြီး လက်နက် ပစ္စည်းကရိယာ အစုံအလင်နှင့် နံနက် ၁၀ နာရီမှ တချက်ထိုးအထိ စောင့်ကြရပါသည်၊ လုပ်ငန်းတခုလုံးမှာ ၁၅ မိနစ်နှင့် ပြီးနိုင်ပါသည်။ ပြီးအောင် လုပ်ရမည် ဟုလည်း ဦးစောက အမိန့်ပေးပါသည်။

http://nyisay.com



ဦးစောပြောပြ စီစဉ်ချက်များမှာ အားလုံး ဖြစ်နိုင်သည်ဟု သူ၏တပည့် အားလုံးက ယုံကြည် စိတ်ချ ကြပါသည်။ ဤသို့ ဖြစ်အောင်လည်း သူက ပြင်ဆင်မှု အရပ်ရပ် လုပ်ထားပြီး ဖြစ်ပါသည်။

ထို့ကြောင့် နေ့စဉ် အသင့်ဝတ်၊ အသင့် လက်နက်ပြင်ပြီး မိုးအရွာစောင့်ရာ၊ ၆ ရက်တိတိ မိုးမရွာပါ။ ဇါဆိုလဆန်းအခါလောက် ဖြစ်သဖြင့် မိုးရွာမည်မုချဟု တွက်ထားချက်မှာ မကိုက်ဘဲ ဖြစ်နေပါသည်။

၆ ရက်စောင့်၍မှ မိုးမရွာသဖြင့် အားလုံး စိတ်ပျက်ကြပါသည်။ တယောက်နှင့် တယောက် တိုင်ပင် ကြရသည် လည်းမဟုတ်၊ ဦးစောကလည်း လက်လျှော့ပါတော့မည်ဟု မပြော၊ သို့ရာတွင် အားလုံးပင် အလိုလို တညီတည်း စိတ်ပျက်လက်လျှော့ကြပြီး ထိုလုပ်ငန်း အစီအစဉ်ကြီးမှာ ပျက်ပြယ်ပြယ်ဖြစ်သွားပါသည်။ အားလုံး၏ စိတ်ထဲတွင် ဦးစောက ခိုင်းစေသောကြောင့် မငြင်းဆန်သာ၍သာ အားတင်းပြီး လုပ်ဘို့ ရည်ရွယ်ထားကြသော်လည်း တကယ်အားဖြင့် မလုပ်လိုကြ၊ ဝန်လေးကြကြောင်းကို အားလျှော့သောအခါ ကောင်းစွာ အကဲခတ်မိနိုင်ပါသည်။

ထိုလုပ်ငန်းကြီး ပျက်သွားသောအခါ ဘာမှ အလုပ်မရှိကြတော့ဘဲ၊ ခပ်ပေါ့ပေါ့ပင် နေကြပြန်ပါသည်။ ကိုယ့်အတွဲကိုယ့်အုပ်စုနှင့် လည်ကြ၊ပတ်ကြပါသည်။ ဦးစောကလည်း မချုတ်ချယ်သေးပါ။ တော်တော်ပင် လွတ်လပ်စွာ နေကြရပါသည်။ အားလုံးကို ဖော်ဖော်ရွေရွေနှင့် ဆက်ဆံပါသည်။

ဦးစော၏အိမ်သို့ နေ့နေ့ညညပင် ကားကြီး ကားကောင်းများနှင့် အင်္ဂလိပ်များ၊ ဗမာများ ဝင်ထွက်သွားလာနေကြပါ

http://nyisay.com



သည်။ ဂိတ်တံခါးတွင် အစောင့်ရှိပါသည်။ ပဌမတွင် တော်ရုံ တန်ရုံသာစောင့်ပြီး နောက်တွင် ရိုင်ဖယ်နှင့်စောင့်ရပါသည်။

ဤသို့ ငြိမ်နေစဉ်မှာပင် ကိုဘညွန့်၊ကိုစိန်ကြီး၊ ကိုသက်နှင်း၊ ကိုစိုးတို့နှင့် ဦးစောကိုယ်တိုင်လိုက်ပါပြီး ဘရင်းဂန်းအလက် ၂၀၀ကို လော်ရီကြီးပေါ်တင်ကာ နေ့ခင်းကြီးမှာပင်ယူလာ ပါသည်။ ထိုနေ့က ကျည်ဆံများ မပါပါ။ ဘရင်း ၂၀၀ နှင့် ပြောင်းပို ၂၀၀ သာ ဖြစ်ပါသည်။

ကားဝင်လာသော အချိန်၌ ကျွန်တော်တို့ လူအုပ်မှာ အိမ်နောက်ဖေးတွင် လက်ဖက်ချည်ကြမ်း သောက်နေကြပါ သည်။ ဦးစောမှာ အိမ်သို့ ရောက်နေနှင့်ပါသည်။ကားရောက် လျှင် အိမ်ထဲမှ ဆင်းလာပြီး ကျွန်တော်တို့ ဘက်သို့ လှည့်ကာ "ဂဠုန်ကွ"ဟု လက်သီးဆုပ်၍ ပြုံးပြုံးရွှင်ရွှင်နှင့် အော် ဟစ် ကြွေးကြော်ပါသည်၊ ကျွန်တော်တို့ အထဲက "ဘာပါ လိမ့်"ဟု ပြောလိုက်ရာ၊ သူက "အိမ်ရှေ့မှာ သွားကြည့်ကြ စမ်း"ဟု ပြောပါသည်။ အိမ်ရှေ့ သရက်ပင်အောက်တွင် ရပ်ထားသော လော်ရီကားကြီးပေါ်တွင် ဘရင်း ၂၀၀ နှင့် ပြောင်းပို ၂၀၀ တင်လာသည်ကို မြင်ရသဖြင့် ကျွန်တော်တို့ လည်း များစွာ အံ့သြနေကြပါသည်။ ယခင်က ဘရင်း ဆို၍ တလက်မှ မတွေ့ဘူးသေးပါ။ စတင်း၊ တော်မီ၊ ဆပ်မရှင်း၊ ပစ်စတို၊ အမေရိကန်မော်ဇာ၊ ဂျပန်မော်ဇာ၊ ကာဘိုင်၊အမေ ရိကန်ရိုင်ဖယ် စသည်တို့သာ မြင်ဘူးပါသည်။ ထို့ပြင် ဦးစောတွင် အလွန် ထူးဆန်းသည့် လက်နက် တမျိုးလည်း ရှိပါသေးသည်။

ထိုလက်နက်ကလေးမှာ ဖေါင်တိန်လောက်သာရှိ၍၊ အ တွင်းက(Spring)စပရင်သံပတ် ပါပါသည်။ တခါ စမ်းပြ

http://nyisay.com



သည်မှာ ထိုလက်နက်ကလေးကို မြေကြီးပေါ်တွင် ထောင်ထားပြီး ကျည်ဆံဖျားခဲကလေးကို တင်ထားရပါသည်။ ထိုခဲပေါ်သို့ နှီးဖျားကလေးနှင့် သွားတို့လိုက်ရာ၊ ရိုင်ဖယ်ပစ်သကဲ့သို့ အလက်သို့ ထွက်သွားပါသည်။ မိမိဆီသို့ တွားတွားပြီး တက်လာသော ရန်သူများကို ထိုလက်နက်မျိုး လမ်းတွင် ချထားပြီး ကာကွယ်လျှင် ရန်သူမတက်နိုင်ဟု ဦးစောကပြောပြပါသည်။

ဘရင်းဂန်း အလက် ၂၀၀အတွက် ဦးစောမှာ ဘာမှအစီအစဉ် ရှိဟန်မတူပါ။ သုံးရက်လုံးလုံး လော်ရီကားပေါ်တွင် တာလပတ်အဝတ်အုပ်ပြီး ထားပါသည်။ ထို့နောက် မိုလ်တထောင် သော်မဆင်လမ်းဟု ထင်ရသော ကမ်းနားဘက်ကကန်ထရိုက်တာ အဖတ်ဆိုသည့် တရုတ်ကြီးထံတွင် ပေပါပုံးကြီးများ ရေလုံ လေလုံမှာပြီး ဂရိစ်တွေ သုတ်ကာ ထည့်ပါသည်။ ထို့နောက် ပိတ်ပြီး ညဘက်တွင် အင်းယားကန်ထဲ၌ သူပြောသည့်အကွက်အတိုင်း ချကြရပါသည်။သူက မြေပုံနှင့် စာရင်းယူထားပါသည်။ ပေပါတလုံးတွင်မှ ဘရင်း ၇လက် ၈ လက်သာဝင်ရာ၊ ပေပါပုံးမှာ မလောက်နိုင်အောင် ဖြစ်ပါသည်။ လူတွေလည်း တယောက်မှ အလုပ်မအားတော့ပါ။

ပေပါပုံးများ ရသလောက် ရသော်လည်း ကားပေါ်မှ ဘရင်းပုံကြီးမှာ လျော့သည် မရှိပါ။ ထို့ကြောင့် ဦးစောကိုယ်တိုင် ထင်းရှူးသေတ္တာဆိုင်များကို လိုက်ကြည့်ကာ ဝယ်ခဲ့ပါသည်။အခြားသူများကိုလည်းဝယ်ခိုင်းပါသည်။ထိုသေတ္တာများသည် ၇ လက်၊ ၈ လက်ဆန့်ပါသည်။ လော်ရီတစင်းကို အုတ်ဖိုကထပ်ယူခိုင်းပြီး ထင်းရှူးသေတ္တာနှင့် ဘရင်းကိုရေမြှုပ်

http://nyisay.com



၍ မဖြစ်သောကြောင့် ရန်ကုန်နှင့် ပြည်လမ်းရှိမိတ်ဆွေများထံ လိုက်အပို့ ခိုင်းပါသည်။

ဘရင်းများရောက်ကတည်းက ဦးစောမျက်နှာမှာတဖြည်းဖြည်း တင်းမာလာသည်ကို တွေ့ရပါသည်။ အိမ်အဝင်ဂိတ်မှာလည်း တင်းတင်းကျပ်ကျပ် ဖြစ်လာပါပြီ။ ၃ယောက်တတွဲ ၄ ယောက်တတွဲ တွေ့လျှင်ခေါ်ပြီး "ကျုပ်တို့ အခုလုပ်နေတဲ့ အလုပ်ဟာ ရာဇဝတ်မှုတွေဖြစ်တယ်။ တယောက်ယောက်က သစ္စာဖေါက်ရင် လူ ၃၀ ကျော် တခါထဲ ဒုက္ခဖြစ်လိမ့်မယ်။ ဒါကြောင့် တယောက်ဖေါက်ရင် အဲဒီတယောက်ကို 'ပြောင်' ပစ်မှ ဖြစ်မယ်။ ဒီတော့ကာ လူတိုင်းက "ကျွန်တော်သည် ကျွန်တော့် ကိုယ်ရေးကိုယ်တာအတွက် လောကကြီးကို စိတ်ပျက်သဖြင့် အသက်ရှင်၍ မနေလိုတော့သောကြောင့် ကိုယ့်ကိုယ်ကို သတ်သေလိုက်ပါသည်"လို့ စာတရွက်စီရေး ပေးထားရင်မကောင်းဘူးလား၊ ဒါမှစိတ်ချရမယ်" စသည်ဖြင့် ပြောပြပါသည်။ မည်သူမှမတော်ပါဟုမပြောရဲ၊ "ကောင်းပါတယ်"ဟု ပြောကာ သဘောတူကြပါသည်။ ဤသို့အစုလိုက် ခေါ်ပြောပြီးနောက်၊ တနေ့တွင် အားလုံးလူ၃၀ကျော်ကိုသူ့ ဘုရားစင်ရှိရာသို့ ခေါ်ပြီး သစ္စာရေတိုက်၊ သစ္စာဆိုခိုင်း၊ ကိုယ့်ကိုယ်ကို ကိုယ့်ဖါသာ သတ်သေကြောင်းစာကို ရေးခိုင်းပြီး သူက သိမ်းထားပါသည်။

အကယ်၍ တယောက်ယောက်က သစ္စာ ဖေါက်မည့် လက္ခဏာကိုသူတွေ့လျှင်ထိုလူကိုသတ်ပြီးထိုလူရေးသည့်စာကို အိတ်ထဲထည့်၊ ခြောက်လုံးပြူး တလက် ထိုလူ့လက်နှင့်ဆုပ် ဟန်ဖြစ်အောင်လုပ်ပြီး လူပြတ်ရာတနေရာ၊ ပြည်ကားလမ်း ပေါ်တွင် ဖြစ်စေသွား၍ချထားလိုက်ရန် ဖြစ်ပါသည်။

http://nyisay.com



ဤအစီအစဉ်များ လုပ်ပြီးသည့်နောက် ဦးစောသည် ညနေ့ဘက်တွင် အပြင်သို့ အလွန်ထွက်ပါသည်။ တခါတရံ အဖေါ်ပါ၍ တခါတရံ သူကိုယ်တိုင် ကားမောင်းပြီး ထွက်ပါသည်။ အများအားဖြင့် သန်ကောင်ကျော်မှ ပြန်လာတတ်ပါသည်။ စိန်ကြီးတို့ ခင်မောင်ရင်တို့က တခါတရံ ကားမောင်းပြီးလိုက်ကြပါသည်။ ကိုဘညွန့်ဖြစ်စေ၊ ကိုသက်နှင်းဖြစ်စေ တယောက်ယောက်လည်း ပါတတ်ပါသည်။ ညထွက်သည့်အခါ အဖေါ်မှာ တယောက်ထက် မများပါ။

အဖေါ်များအား ဘယ်သွား ဘယ်လာကြောင်း မပြောရန်လည်း မှာထားဟန်မတူပါ။ လိုက်ပါသွားသူများ ထဲမှ တခါတခါ ပြောပြချက်အရ မင်္ဂလာဒုံဘက် ရောက်ကြောင်း သိရပါသည်။

မင်္ဂလာဒုံစစ်တပ်ကဟု သိရသောအင်္ဂလိပ်ထောင်ထောင်မောင်းမောင်းကြီးတယောက်လည်း အိမ်ကို မကြာမကြာလာပါသည်။ ထိုစစ်ဗိုလ်ကြီးမှာ အမှုကိစ္စ ဖြစ်လာသောအခါပါသည်ဟု မကြားပါ။ ဘယ်သူဘယ်ဝါ ဆိုသည်ကိုလည်း ကျွန်တော် မသိပါ။

ဤသို့ညပိုင်းတွင်ထွက်ထွက်နေပြီးသည့်နောက်များမကြာမီတော်မီ၊ ခြောက်လုံးပြူး၊ စတင်း၊ ဘရင်း စသော သေနတ်များအတွက် ကျည်ဆံပေါင်း တသိန်းသုံးသောင်းကျော်ကို လော်ရီကားကြီး ၂စင်းနှင့် နေ့လယ်မှာပင် သယ်ယူခဲ့ကြသည်ကို တွေ့ရပြန်ပါသည်။ အားလုံး သေတ္တာအသစ်များနှင့် ရေလုံလေလုံ ဖြစ်ကြပါသည်။ ဦးစောက ရေကန်ထဲတွင် ဆောက်ထားသော ဘုရားဆောင်ကလေး၏ တိုင်ခြေရင်းများ

http://nyisay.com



အနီး၌ ၎င်းကျည်ဆံများကို ချစေပါသည်။အခြား ဟိုနေရာ ဒီနေရာများတွင်လည်း ထားစေပါသည်။ ဦးစောကိုယ်တိုင် ပြောပြချက်အရ ထိုမျှ များပြားသော ကျည်ဆံများကို ဈေး ပေါပေါကလေးနှင့် ရကြောင်း၊ သုံးသောင်းခွဲမျှသာ ပေးရ ကြောင်း၊ နောက်ထပ်ကျည်ဆံဆယ်သိန်းခန့် မကြာမီရဘို့ရှိ ကြောင်း၊ ငွေတသိန်းခွဲခန့်ပေးလျှင် ရမည်ဖြစ်ကြောင်းနှင့်သိရှိ ရပါသည်။ ဗြိတိသျှ စစ်တပ်သည် ဤယမ်းတောင့် များကို ဖျက်ဆီး ပစ်ကြရမည် ဖြစ်ကြောင်း၊ ဖျက်ဆီးသည့် စာရင်းထဲ တွင်ပြပြီး တဘက်က လှည့်ကာ ခိုးရောင်းခြင်းကြောင့် ဤမျှ ဈေးပေါပေါနှင့် ရနိုင်ခြင်း ဖြစ်ကြောင်းကိုလည်း ပြောပြ ပါသည်။

ကျွန်တော်တို့ လက်ဖက်ရည်ခုံသို့ ဦးစော တခါတရံ လာတတ်ပါသည်။ တနေ့တွင် ဆုံမိသောကြောင့် ဦးစောက ပြောပြနေခြင်း ဖြစ်ပါသည်။

ရိုင်ဖယ်ခတ်ဟောင်းဟောင်းနှင့် ၂ လုံးပြူးပါ ပေါင်း သေနတ် ၁၅၀၀ခန့် အားလုံးကောင်းစွာသုံး၍ရသည်များကို လည်း ရရန်ရှိသေးကြောင်း၊ထိုလက်နက်များကို လက်နက် တိုက် တခုတွင်အစောင့်များနှင့်ထားကြောင်း၊ ထိုလက်နက် များကို သရက်မြို့ဆီမှ လာထုတ်လိမ့်မည် ဖြစ်ကြောင်း၊ ၎င်းတို့လာမထုတ်မီ အချိန် ၁နာရီ ၂ နာရီခန့်စောပြီးလက် မှတ်တု နှင့် မိမိတို့က ထုတ်ယူနှင့်ရန် ဖြစ်ကြောင်း၊ ထိုကိစ္စ အတွက်လည်း မိမိစီစဉ်နေကြောင်းနှင့် ပြောပြပါသည်။

ရှိနှင့်ပြီး လက်နက်ခဲယမ်းမီးကျောက်များကို သိမ်းရ ဆည်းရ နှင့် အားလုံး အလုပ် အလွန်များနေကြပါသည်။

http://nyisay.com



ညွှသည်များလာကြသော်လည်း အလုပ်လုပ်နေကြသည်ကို မတွေ့နိုင်ပါ။ ထုပ်ပိုးပြင်ဆင်ပြီး အချို့ လက်နက်များကို ပြည်လမ်းပို့ အချို့ကို ရန်ကုန်မြို့တွင်း အသိမိတ်ဆွေများထံ ပို့ပါသည်။ သို့ရာတွင် ပို့၍မနိုင်၊ သိမ်း၍မနိုင်ဖြစ်နေသေးသဖြင့် ဘရင်းဂန်းများ ထည့်ထားသော ထင်းရှူးသေတ္တာ ၂လုံးကို ဦးစောက ကျိုက်လပ်ဘက်တွင် ဖွက်ထားရန် ကိုသက်နှင်းကို ပြောပါသည်။ ကိုသက်နှင်းက ကျွန်တော့်ကို တိုင်ပင်ပြော ပြောပြန်ရာ၊ ကျွန်တော်ကလည်း သဘောတူလိုက်ပါသည်။

ဝါဆိုလပြည့်နေ့နံနက်စောစောမိုးမလင်းမီ လော်ရီပေါ် တင်ပြီး ကျိုက်လပ်သဘော်ာဆိပ်ဘက်သို့ ကျွန်တော်တို့ကားကို မောင်းလာရာ၊ ခေါင်းပေါင်းနီနှင့်ပထန်အမ်ပီများ ဂျစ်ကားနှင့်လာနေသည်ကိုတွေ့ရ၍ တော်တော်ပင်လန့်သွားပါသည်။ အမ်ပီများက ရပ်ပြီး စစ်၍ တွေ့သွားလျှင် မည်သို့များဖြစ်မည်နည်းဟုလည်း တွေးမိပါသည်။ သို့ရာတွင် ဦးစောအပေါ် အထင်ကြီးမှုကြောင့် ဦးစောရှိသားဘဲဟုတွေးကာ မကြောက်လှပါ။ အမ်ပီကားလည်း ကျွန်တော်တို့ကိုကျော်ပြီး မင်္ဂလာဒုံဘက်သို့ ဆက်၍ မောင်းသွားပါသည်။ အမ်ပီတယောက်ကမူ နောက်သို့ ပြန်လှည့် ကြည့်ပါသေးသည်။ တော်တော်ကလေး လှမ်းသောအခါ အမ်ပီဂျစ်ကားရပ်ပြီး ကျွန်တော်တို့ကားဘက်ဆီသို့ကြည့်နေကြပါသည်။ ထို့နောက်ပြန်လှည့်ပြီးမောင်းလိုက်လာပြန်ပါသည်။ ကျွန်တော်တို့လည်း တော်တော်ကလေး စိုးရိမ်နေကြပါသည်။ သို့ရာတွင် သူတို့သည် ကျွန်တော်တို့နောက် တောက်လျှောက် လိုက်မလာ

http://nyisay.com



ကြပါ။ သူတို့ကိစ္စနှင့်သူတို့ တလမ်းသို့ချိုးပြီး မှောင်းသွားကြပါသည်။ မိန်းမနောက် လိုက်နေကြဟန်တူပါသည်။

လော်ရီကားကြီး ဆိပ်ကမ်းသို့ရောက်သောအခါ မိုးထိန်ထိန်လင်းနေပါပြီ။ ကူလီတွေ အများကြီး ခေါ်ပြီး သမ္ဗန်မော်တော်ပေါ် တင်ရပါသည်။ ကူလီများက"လေးလိုက်တာ ဘာတွေပါလိမ့်"ဟု ညည်းကြ မေးကြပါသည်။ မော်တော်ကားပစ္စည်းများ၊ သံထည်တွေချည်းဖြစ်၍ လေးကြောင်း ပြောရပါသည်။ မြစ်ဆိပ်တွင် ပုလိပ်များလည်း ရှိကြပါသည်။ တင်နေ ချနေသည်ကိုပင် ကြည့်နေကြပါသည်။

ပစ္စည်းများကို မော်တော်ဝမ်းထဲသို့ ချပြီး မော်တော်သမားများက ပိတ်လိုက်ပါသည်။ မည်မျှပင် လေးစေကာမူ သူတို့က သဘောကျနေကြပါသည်။ လေးလေ ပိုက်ဆံရလေဖြစ်သောကြောင့် ကြေနပ်နေကြပါသည်။ ၇ နာရီ ထိုးသောအခါ မော်တော် ထွက်ပါသည်။ လမ်းမှာပင် တယောက်တသေတ္တာ ယူထားရန် သဘောတူကြပါသည်။ ကျိုက်လပ်သို့ မွန်းလွဲ ၁ နာရီ ၂ နာရီ အချိန်လောက်တွင် ရောက်သွားပါသည်။ ကိုသက်နှင်းမှာ မြူနီစီပယ်လူကြီး ဖြစ်ဘူး၍ တပည့်လက်သားပေါသူ ဖြစ်သောကြောင့် သူ့တပည့် တချို့အားခေါ်ပြီး သေတ္တာ ၂လုံးကို လှည်းနှင့် တင်ကာ တလုံးကို ကျွန်တော့်အိမ်၊ တလုံးကို သူ့အိမ်သို့ ချပေးရန် ခိုင်းလိုက်ပါသည်။ ကျွန်တော်တို့ကမူ ပြန်နှင့်ကြပါသည်။

ကျွန်တော် ထမင်းစားနေခိုက်မှာပင် လှည်းရောက်လာပါသည်။ ကူလီများကလည်း"လေးလိုက်တာ လေးလိုက်တာ" နှင့်ညည်းရင်း သေတ္တာကြီးကို ချပေးကာ လှေကားအောက်တွင် သွင်းပေးသွားပါသည်။

ဤသေတ္တာကြီးကို မြို့ပေါ်တွင် ထား၍မလုံခြုံ။ ထို့ကြောင့် အိမ်တွင်ရှိသော ကိုချစ်တီးအား သမ္ဘန် တစင်းနှင့် ဂုန်ညင်းတန်း ရွာသူကြီး ဦးဘထွန်းနှင့် ဦးစိန်ဘန်းတို့ကို ခေါ်ခဲ့ရန် လွှတ်လိုက်ပါသည်။ ညဥ့်သန်ကောင် သန်လွဲ ရောက်ချင်ရောက်၊ ထိုလူ ၂ ယောက်နှင့် ချက်ခြင်း ပြန်ခဲ့ရန်လည်း မှာလိုက်ပါသည်။

မိုးချုပ်သောအခါ သေတ္တာကိုဖွင့်ပြီး သေနတ်များကို ဂုံနီအိတ်နှင့်ထုပ်၍ လူမရှိသော တဘက်အိမ်အောက်တွင် သွားထားပါသည်။ ကျွန်တော် လုပ်နေကိုင်နေသည်များကို ထိန်ဖုံးထား၍ မဖြစ်နိုင်တော့ပါ။ ထို့ကြောင့် စောစောက "ကိုသက်နှင်းရဲ့ မော်တော်ကားပစ္စည်းတွေ ခဏ လာထားတာပါ"ဟု ပြောထားသော ကျွန်တော့်မိန်းမအား ဖွင့်ပြောရပါတော့သည်။ ကျွန်တော့်မိန်းမမှာ ဤအကြောင်းကိုကြားပြီး ဤပစ္စည်းများကို မြင်ရသောအခါ အလွန်စိုးရိမ်ပူပန်ပါသည်။ ကျွန်တော့်ကိုလည်း မပြောရဲပါ။ ရန်ကုန်သို့ ကိုယ့်စီးပွားရေးကိစ္စမဟုတ်ဘဲ ကိုသက်နှင်းနှင့်သွားနေကတည်းက သဘောမကျ ဖြစ်နေရာ၊ ယခုမူ အလွန်ပူပင်သောက ဖြစ်နေရှာပါတော့သည်။

သူကြီးဦးဘထွန်းနှင့် ဦးစိန်ဘန်းတို့မှာ ကျွန်တော့်အား ချစ်ခင်လေးစားသူ ဖြစ်သောကြောင့် ကျွန်တော်က အရေးကြီး၍ အခေါ်လွှတ်လိုက်သည် ဆိုရာ၊ ချက်ခြင်းပင် ထလိုက်လာကြသဖြင့် နံနက် ၂နာရီအချိန်တွင် ရောက်လာကြပါသည်။ ကိုချစ်တီးကိုမူ ဘာမှအသိမပေးဘဲ ဦးဘထွန်းနှင့်ဦးစိန်ဘန်းတို့ကိုသာ ဖုက်စရာနေရာမှစ၍ အကျိုးအကြောင်း ပြောပြပြီး

http://nyisay.com



ဂုံနီအိတ်ထုပ်ပစ္စည်းများကို လူတွန်း လှည်းကလေးနှင့် တင်ကာ သမ္မန်ပေါ် တင်ပေးလိုက်ပါသည်။

နံနက်မိုးလင်းသော် ကိုသက်နှင်း ကျွန်တော်တို့ အိမ်သို့ ပေါက်လာပါသည်။ ကိုသက်နှင်းသည် ဤမျှကြီးကျယ်သော ကိစ္စကြီးများနှင့် ပတ်သက်၍ ကျွန်တော့်ကိုကောင်းစွာစိတ်ချဟန်မတူပါ။ ကျွန်တော်များသစ္စာဖေါက်လေမလားဟုလည်း အနည်းငယ် သံသယရှိဟန် တူပါသည်။ ကျွန်တော့်ကို မျက်ခြည် အပြတ်မခံပါ။ လက်ဖက်ရည် ဆိုင်သို့ သွား၍ လက်ဖက်ရည်သောက်ကြပြီးလျှင် နံနက် ၁၀ နာရီထိုးသော်၊ ဦးစော၏ "တည္ဂအိပ်ထက် ဘယ်နည်းနှင့်မျှ ပိုမကြာကြစေနှင့်"ဟူသောအမိန့်အတိုင်း ဖျာပုံသင်းဘောနှင့် ရန်ကုန်သို့ ပြန်လိုက်လာကြပါသည်။

ပတ်သက်ရာ လူအားလုံး ကျွန်တော်တို့ တတွေမှာ၊ အစက ဦးစောကဲ့သို့ ပုဂ္ဂိုလ်ကြီးနှင့် ပေါင်းသင်းရ၍ ဂုဏ်ရှိသည်ဟု ထင်မိပါသည်။ သူသည် မျိုးချစ်စိတ် ထက်သန်သော ခေါင်းဆောင် တယောက် ဖြစ်သည်ဟု ယူဆ ကြပါသည်။ သို့ရာတွင် ရက်ကလေး အတော်ကြာသောအခါ သူ၏ ကိုယ်ကျင့်တရား ချွတ်ယွင်းမှု၊ ဓါးပြတိုက်ရန်ကြံစည်ချက်၊ အကျပ်ကိုင်လေ့ ရှိခြင်း အစရှိသည်တို့အတွက် စိတ်ပျက်စပြုလာကြပါသည်။

ကျွန်တော်မှာ ခေါင်းဆောင်ကောင်း တယောက် နှင့် နီးစပ်ရသည့်အတွက် ဝမ်းသာရသော အခြေအနေမှ အကြီးအကျယ် စိတ်ပျက်ရသော ဘဝသို့ ရောက်လာ ရပါသည်။ သို့ရာတွင် နောက်မဆုတ်နိုင်ပါ။ သူ၏ အကြံအစည်များကို ရိပ်မိသောကြောင့် အလိမ္မာနှင့် ခွဲထွက်ရန် စိတ်ကူးပါသည်။

http://nyisay.com



သို့ရာတွင် သူအနည်းငယ်သံသယဖြစ်လျှင်ဖြစ်ခြင်း အသက်နှင့်ခန္ဓာ အိုးစား ကွဲမည်မှာ သေချာ ပါသည်။ ကျွန်တော်တို့လောက် လူစားကို ပရွက်ဆိတ်တကောင်ကဲ့သို့ လက်ချောင်းကလေး တချောင်းနှင့် ချေမှုန်းပစ်နိုင်ပါသည်။ အမှုန်အ၀ါကလည်းကြီးပါသည်။ အပိုးရပိုင်းနှင့် နေရာအများတွင် သူ့ဩဇာမှာ ကြီးမားတုန်းပင် ဖြစ်ပါသည်။

တခါတရံ သူငယ်စဉ်က သူနှင့်ရန်သူ ဖြစ်ခဲ့သူများကို မည်သို့ လုပ်လိုက်ပုံများကို ပြောပြလေ့ရှိသည့်ပြင်၊ သူ့ကိုမကောင်းကြံသူမှန်လျှင် တိမ်ဖျားတွင် တက်ကပ် နေသည်ပင်ဖြစ်စေ ရှာအောင်ချမည်ဖြစ်ကြောင်း၊ သူ့ထက်အများကြီး အသက်ကြီးသော အရာရှိကြီးတဦးသည် သူ့အား အစ်ကိုကြီးဟု ခေါ်ကြောင်း၊ ထိုသူသည် သူ့အား နိမ့်ကျအောင် အကြီးအကျယ်ချောက်တွန်းခဲ့ဘူးကြောင်း၊ သို့ရာတွင် မကြာသေးမီက သူ့ကိုလာရောက် တောင်းပန်ကြောင်း၊ အိမ်ရှေ့သရက်ပင်အောက်တွင် သူ့ခြေထောက်ကို လာဆုပ်ကြောင်း၊ သူက "ကိစ္စမရှိပါဘူး"ဟု ပြောလိုက်ကြောင်း၊ သို့သော် ဤလူမျိုးကို ဘယ်နည်းနှင့်မျှ မကြေကြောင်း၊ တိမ်ဖျားတွင် ကပ်နေစေဦး၊ မြေကြီးက သူ့ကြွမ်မသာကြောင့် တနေ့မြေကြီးရောက်လာလျှင် ဘယ်နည်းနှင့်မျှ သူ့လက်က မလွတ်ကြောင်း စသဖြင့်လည်း အားရပါးရ ဒေါနှင့်မောနှင့် ပြောလေ့ရှိပါသည်။

ထို့ကြောင့် ဦးစောက "တည္ဘ်အိပ်ထက် ပိုမကြာစေနဲ့"ဟုမှာသည့်ကို ကျွန်တော်တို့ မလွန်ဆန်နိုင်ပါ။ အိပ်မွေ့ ချထားခြင်းခံရသော သူများကဲ့သို့ပင် ဖြစ်နေပါသည်။ သူ့ဩဇာ

http://nyisay.com



သည် ကျွန်တော့်အပေါ်တွင်သာမက အားလုံးသော ကျွန်တော်တို့လူစုအပေါ်တွင် လွှမ်းအုပ်လျက်ရှိပါသည်။

ယနေ့အထိ ဦးစောအိမ်သို့ ကျွန်တော် ရောက်နေသည်မှာ တလ ကျော်ကျော်ရှိပါပြီ။ ဦးစောအိမ်က လက်ဖက်ရည်အချိုသောက်၍ ထမင်းသာ စားပါသည်။ ဆေးလိပ်ဘိုးတပြားပင် မယူဘူးပါ။ ကျွန်တော့်အိမ်က ငွေ ၂၀၀ ခန့်ပါခဲ့သည့်အထဲမှပင် ဆေးလိပ် ဝယ်သောက်ပါသည်။ ဦးစောကလည်း ပိုက်ဆံမပေးပါ။ အခြားလူများအား ပေးသည်ကိုလည်း မမြင်မတွေ့မိပါ။ လူအများ အတွက် ချက်ရသဖြင့် တခါတရံ ဟင်းမကောင်းပါ။ ထိုအခါမျိုးတွင်အခြားလေးငါးယောက်နှင့် အတူ မြို့ထဲသွားပြီး ကိုယ့်ပိုက်ဆံနှင့်ကိုယ် ထမင်း ဝယ်စားကြပါသည်။ တယောက်တည်း ၂ယောက်တည်းလည်း မသွားပါ။ သံသယအဖြစ်မခံနိုင်ပါ။ သူအယုံကြည်ဆုံး လူအချို့နှင့် အတူသွား၍ အတူပြန်ကြပါသည်။ ကျပ်တည်းလာသော ရက်ပိုင်းများတွင်မူ လုံးလုံး မထွက်နိုင်ကြတော့ပါ။

ဘရင်းဂန်းများ မရောက်မီက ကျွန်တော့်မိန်းမမှာ ကိုယ်လေးလက်ဝန်ကြီးနှင့်ဖြစ်သဖြင့် အိမ်ပြန်လိုကြောင်း ကိုသက်နှင်းကို ပြောပြရာ၊ ကိုသက်နှင်းက ဦးစောကို သူပြောပေးမည်ဟု ပြောပါသည်။ သို့သော်လည်း ဘရင်းဂန်းများသွားမို့မှပင် ရောက်ခဲ့ရပါသည်။ ယခုလည်း ကိုသက်နှင်းအား ခေတ္တပြန်လိုကြောင်း သုံးလေးကြိမ်မျှ ကျွန်တော်ပြောပြရာ၊ကိုသက်နှင်းက အရိပ်အခြည်ကြည့်ပြီး သူပြောပေးပါမည်ဟု ပြောပါသည်။ သို့ရာတွင် သူကိုယ်တိုင်လည်း ပြောရဲဟန် မတူလှပါ။ ကျွန်တော်လည်း တိုက်ရိုက် မပြောဝံ့ပါ။ ဦးစောကလည်း

http://nyisay.com



ကျွန်တော်တို့ ရောက်ခါစနှင့် မတူတော့ပါ။ မျက်နှာ တော်တော်တင်း၍ စိတ်အတော် ခက်ထန်နေပါသည်။

ဦးစောအိမ်သို့ ရောက်သည့် အထဲတွင် ကျွန်တော်တို့မှာ နောက်အကျဆုံးလောက်ဖြစ်ပါသည်။ဦးစောကလည်းလူကြီးများကဲ့သို့ပင် ဆက်ဆံပါသည်။ သို့ရာတွင် တခါမှ ကျွန်တော်တို့နှင့် အတူရော၍ ထမင်းမစားဘူးပါ။ ကျွန်တော်တို့ ရောက်ခါစက တွေ့ရသည်မှာ အိမ်ဘေး ကန်ဘက် မျက်နှာပြုသော နေရာကလေးတွင် လသာသာအောက်၌ သူတယောက်တည်း ထမင်းစားလေ့ရှိပါသည်။ ဒေါ်သန်းခင်နှင့် ဘဘီစောတို့ပင် အတူစားသည်ကို မတွေ့ဘူးပါ။ ဟင်းတပွဲပြီးတပွဲ လာချသည်ကို စားလိုက်၊ ကန်ဘက်ကြည့်ပြီး စဉ်းစားလိုက်နှင့် တယောက်တည်း ဇိမ်ရှိရှိစားလေ့အကြံထုတ်လေ့ရှိပါသည်။ သူ့ထမင်းပွဲနားသို့ အိမ်သားများ မည်သူမှမလာကြပါ။ကျွန်တော်နှင့် ကိုသက်နှင်းမှာ ရောက်ခါစ ဖြစ်သောကြောင့် သူစားနေသော မြန်မာထမင်းစားပွဲဝိုင်းနှင့် မလှမ်းမကမ်း နေရာရှိ စားပွဲကလေးတွင် လက်ဖက်ရည်ကြမ်း သောက်နေမိကြပါသည်။ သူကြိုက်သည် မကြိုက်သည်လည်းမသိပါ။ဘယ်ဟာကို ဦးစောကြိုက်၍ ဘယ်ဟာကို မကြိုက်သည်၊ အိမ်မှာ ဘာစည်းကမ်းတွေ ရှိသည်ကိုလည်း ကျွန်တော်တို့မသိကြပါ။

အရက်ကလေးကို ဇိမ်ခံသောက်ပြီးနောက် ဦးစောသည် ထမင်းစားနေရာမှနေ၍ တခါတရံ တခွန်းစ နှစ်ခွန်းစ ကျွန်တော်တို့ဆီကို စကားလှမ်းပြောပါသည်။ သူပြောမှပင် ကျွန်တော်တို့လည်း ပြန်ပြောကြပါသည်။ သူကလည်း တခွန်းတလေ ပြောပြီး နောက်မှီကလေးကိုမှီလိုက်၊ လက်သုတ်ပုဝါနှင့် လက်ဖားကိုပွတ်လိုက်၊ စားလိုက်နှင့် စိတ်ကူးထုတ်နေဟန်

http://nyisay.com



တူပါသည်။ လမသာလျှင်လည်း အိမ်တွင်းမှ မီးရောင်ကလေး က လသာရောင်မျှလောက် ထိုးပေးလျက် ရှိပါသည်။ ရေဒီယို တီးဝိုင်းကလည်း အိမ်ခန်းထဲမှ နေ၍ ငြိမ့်ငြိမ့် ညောင်းညောင်း ဖြည်းဖြည်းသာသာဖြင့် လျှံထွက်လျက် ရှိပါသည်။ ထမင်းစားပြီးသောအခါ ခဏတဖြုတ် ကျွန်တော်တို့ကို ရယ်စရာ မောစရာ လှမ်းပြောတတ်ပါသေးသည်။တခါထမင်းစားလျှင် အနည်းဆုံးတနာရီခန့်ကြာပါသည်" များသောအားဖြင့် ကျွန်တော်တို့မှာသူထမင်းစားပြီးသည်အထိ ထိုစားပွဲကလေးတွင် မရှိကြပါ။ သူတယောက်တည်းသာ သူ့နေရာနှင့်သူ အချိန်ယူပြီး အကြိဥာဏ် ထုတ်နေလေ့ရှိပါသည်။

ဝါဆိုလ မိုးရာသီရောက်လာသောအခါတွင်မူ တိုက်တွင်း အလယ်ခန်းရှိ ထမင်းစားပွဲတွင် သူတယောက်တည်းပင် စားလေ့ရှိပါသည်။ မည်သူမှ သူနှင့်အတူစားသည်ကို မတွေ့ဘူးပါ။ တအိမ်လုံးက သူ့ကိုအလွန်ကြောက်ကြရဟန် တူပါသည်။ ရောက်ခါစတွင် ဒေါ်သန်းခင်ရော ဘဘီစောပါ အိမ်တွင်ရှိကြသည်ကို တွေ့ရပါသည်။ များမကြာမီ ကလေးမကလေးသည် ကျောင်းအိပ် ကျောင်းစား သွားနေပါသည်။ များမကြာမီ ဒေါ်သန်းခင်ကိုလည်း မတွေ့တော့ပါ။ ရက်အနည်းငယ်ကြာမှ အင်းစိန်သို့ သွား၍ ဥပုသ်သီတင်း စောင့်နေကြောင်း သိရပါသည်။

ဦးစောနေသောအိမ်တွင် ဦးစော၊ ကိုဘညွန့်နှင့် ဆံပင်ဆံတိုနှင့် အခိုင်းအစေ မိန်းကလေးတယောက်သာ အိပ်ကြပါသည်။ အခြားလူများမှာဝင်းကြီးအတွင်းရှိအခြားအိမ်များတွင် အိပ်ကြပါသည်။ ဤအချိန်ပိုင်းတွင် အချို့ကို နေရာခွဲ၍ အိပ်စေသည်။ အချို့ကိုလည်း နေ့တာဝန် ညဉ့်တာဝန်ချထား

http://nyisay.com



ဟန်တူပါသည်။ ဦးစောမှာလည်း ခါတိုင်းနှင့် မတူ၊အားလုံး အပေါ်တွင် တင်းကျပ် လာပါသည်။ မျက်နှာသာ မပေး တော့ပါ။ ဇိမ်ရှိရှိ အေးအေးချမ်းချမ်း စိတ်ကူးထုတ်ရင်း ထမင်းစားလေ့ရှိသော သူ့ထံမှ ဒေါ်ပွပြီး ဆူညံသံ တခါ တရံ ကြားရပါသည်။ ကျွန်တော်တို့နှင့် ပြေပြေပြစ်ပြစ် စ ကားစမြည် ပြောနေသော အချိန်အခါဟူ၍ မရှိတော့ပါ။

စောစောပိုင်းကဆိုလျှင် ဝင်းကြီးထဲ၌ တော်မီသေနတ် လေ့ကျင့်သူက လေ့ကျင့်လေ့ရှိကြပါသည်။ ဦးစောကိုယ် တိုင်လည်း တော်မီ၊ သို့မဟုတ် စတင်းကို ထုတ်လာကာ ကန်ဘေးတွင် တန်းစိုက်ထားသော သရက်ပင်များအရင်း တွင် ထားရှိသည့် သံပုံးပေါက်စသည်တို့ကို လက်တည့်စမ်း လေ့ရှိပါသည်။ ကျည်ဆံတွေကလည်းပေါ၊ ခြံကြီးကလည်း ကြီးသဖြင့် ခြံကြီးအတွင်း ဘာလုပ်နေသည်ကို အပြင်လူများ သိကြဟန် မတူပါ။

အကြောင်းသိ၍ တစုံတယောက်က ပြည်လမ်းမပေါ်မှ စောင့်ကြည့်မည်ဆိုလျှင်မူ သေသေချာချာသိနိုင်မြင်နိုင်ပါမည်။ သေနတ်ပစ်သည်မှာလည်း ပြည်လမ်းဘက်သို့ ဦးတည်၍ သစ် ပင်ခြေရင်းကို ချိန်ပြီး ပစ်သဖြင့် ကျည်ဆံမှာ အပေါ်သို့ထောင် မတက်ပါ။သရက်ပင်နှင့်လွဲ၍သွားစေကာမူ ရေကန်ထဲသို့သာ ရောက်ပါသည်။

ယခုမူ ဤလေ့ကျင့်ခြင်းမျိုးလည်း ရပ်ဆိုင်းနေကြပါသည်။ ဦးစောလည်း ကားနှင့် အပြင်ထွက်လိုက် ပြန်လာလိုက်နှင့် အလွန်အလုပ်ရှုပ်နေပါသည်။ နေ့ရောညဉ့်ပါအလုပ်များနေ ပါသည်။ အမှုထဲပါကြသော မေရှာဗ်ဗင်ယန်းနှင့် ကက် ပတိန် ဘီဗင်တို့လည်း အိမ်ကို အဝင်အထွက် များကြသော

http://nyisay.com



လူမျိုးခြားများထဲတွင်အပါအဝင်ဖြစ်ကြပါသည်။ ကက်ပတိန်ဘီဗင်မှာ ဘရင်းဂန်းထုတ်သည့် နေရာတွင်ပင် အလုပ်လုပ်သူဖြစ်၍ ဘရင်းဂန်း ထုတ်စဉ်က လက်မှတ်တူ လုပ်ပေးသူဟု သိရပါသည်။ စောဘဦးကြီးနှင့်အတူ သေပြီဟု သတင်းစာထဲတွင် ပါဘူးပြီး မကြာမီကရှိသေးသလိုလို သတင်းစာတစောင်တွင် တွေ့လိုက်ရသော ကက်ပတိန်ဘီဗင်ပင် ဖြစ်ပါသည်။

အိမ်ပြန်လိုသောသူများမှာ တော်တော်များနေကြပါလိမ့်မည်။ ကိုသက်နှင်းကလည်း ကျွန်တော့်အတွက် ပြောမပေးသဖြင့် ကျွန်တော် ခေတ္တပြန်လိုကြောင်း အရဲစွန့်၍ ပြောဘို့ကြံခိုပါသည်။ သို့ရာတွင် တနေ့သောညနေ၌ ဦးစောသည် အိမ်ဝင်းထဲတွင် တစုံတရာစိတ်ကူးထုတ်ရင်း ခပ်ဖြည်းဖြည်းလမ်းလျှောက်နေပါသည်။ ကျွန်တော်တို့သုံးလေးယောက်မှာလည်း ဦးစောနှင့်သိပ်မဝေးပါ။ အုတ်ဖိုနယ်ဘက်မှ ကိုရှိန်ကလေးဆိုသူသည်(ပို၍အသက်ကြီးသောကိုရှိန်ကိုမူကိုရှိန်ကြီးဟုခေါ်သည်။)ဦးစောအနီးသို့ရို့ရို့ကလေးသွားကာ "ကျွန်တော့်ကို ပြန်ဘို့ ခွင့်ခဏပေးပါ။ ၂ရက်အတွင်း ကျွန်တော်ပြန်လာပါမယ်"ဟုပြောရာ၊ ဦးစောက "လူတွေ ဒီလောက်အလုပ် ရှုပ်နေရတဲ့အထဲ ခင်ဗျားက အိပ်ပြန်ချင်သလား၊ ပြန့် ပြန် ဘယ်တော့မှ ပြန်မလာခဲ့နဲ့"စသည်ဖြင့် ငေါက်ငန်းမာန်မဲလိုက်ပါသည်။ ဤသို့ ပြောနေသည်ကို ကျွန်တော်တို့ကြားလည်း ကြားနေရပါသည်။ မြင်လည်း မြင်နေကြရပါသည်။ ထို့ကြောင့် ကျွန်တော်လည်း လက်လျှော့လိုက်ပါသည်။

လူ ၃၀ကျော် ရှိကြသည့်အနက် ဦးစောက ဘယ်သူတွေသည် အရင်းဆုံး၊ စိတ်အချရဆုံး၊ ဘယ်သူတွေကို အစစ

ဘိုင်ပင်နိုင်သည်။ဘယ်သူတွေကိုမှ မတိုင်ပင်နိုင်၊ ဘယ်သူတွေကို ဘယ်လိုနေရမှာ အသုံးချရမည် စသည်တို့ကို ဝေဘန်တိက ပြုထားပြီး ဟန်ရှိပါသည်။ ဤလူစုထဲတွင် ကိုစိုးမှာ အရင်းအ ကျဆုံးတယောက်ဖြစ်ပါသည်။ သူဤအိမ်သို့ ရောက်နေသည် မှာလည်း အကြာဆုံးသူတယောက် ဖြစ်သည့်ပြင် ဂဠုန်အစစ် ဆုံးလည်း ဖြစ်ပါသည်။ ကိုစိုးမှာ မင်းလှမြို့နယ်ကဖြစ်၍ စား နိုင် သောက်နိုင် ချောင်ချောင်လည်လည် ဖြစ်ပါသည်။အသက် ၄၀ ကျော်လောက် ရှိပါပြီ။

ကိုဘညွန့်မှာ အိုးသည်ကုန်းမြို့ တရားရုံးတရုံးတွင် ရှေ့ ဖတ် စာရေးလုပ်ဘူး၍ အကြံဥာဏ်ကောင်းသူ တဦး ဖြစ်ပါ သည်။ ဦးစောက သူ့အိမ်တွင် အတူနေစေ၍ အတော်လည်း ယုံကြည်ပါသည်။ အသက် ၃၀အောက်မှာပင် ရှိပါလိမ့်မည်။

ကိုသက်နှင်းမှာလည်း ကျိုက်လပ်မြို့က ဂဠုန်လက်ဟောင်း ဖြစ်ပါသည်။ ဦးစောကို အလွန်လေးစား၍ ဦးစောကလည်း အလွန် ယုံကြည်ပါသည်။ ထိုအခါက အသက် ၄၀ကျော် လောက် ရှိပါပြီ။

မှုံကြီးမှာ ဒုတ်ဖို အနီးအနားတဝိုက် တောရွာကလေး တရွာက ဖြစ်ပါသည်။ပညာလည်း မတတ်ရှာပါ။ရိုးရိုးအလုပ် ကြမ်းသမား တယောက်သာ ဖြစ်ပါသည်။ ဦးစောက သူနိုင်း သမျှ ရမည်ဆိုသော သဘောနှင့် ခေါ်ထားဟန် ရှိပါသည်။ အိမ်တွင်လည်း အခိုင်းအစေသဘောမျိုးဆန်ဆန်ပင် နေရရှာ ပါသည်။ အမှုဖြစ်စဉ်က အသက် ၃၀နီးပါးလောက် ရှိပါ လိမ့်ဦးမည်။

ရန်ကြီးအောင်မှာမူ ဦးစော၏တူ တော်ပါသည်။ဦးစော ၏ ညီအစ်ကို တဝမ်းကွဲက မွေးသူ ဖြစ်ပါသည်။ ဘားလမ်း

http://nyisay.com



အချုပ်ခန်းထဲတွင် ရန်ကြီးအောင်၊ရန်ကြီးနိုင်တို့ နှစ်ယောက်နှင့် ကျွန်တော် ရက်ပေါင်း ၅၀လုံးလုံးအတူနေရရာ၊ထိုအခါမှပင် သူတို့နှင့် စကားပြောဘူးပြီး သူ့ရဲ့ ဘဝဖြစ်အင်များကိုလည်း သိရပါသည်။

ရန်ကြီးအောင်မှာ အဘမ်း ခံရစဉ်က ၁၆နှစ်သာ ရှိပါသေးသည်။ ရန်ကြီးနိုင်ဆိုသော ကလေးမှာလည်း မတိမ်းမယိမ်းပင် ဖြစ်ပါသည်။ အလွန်ပင် ငယ်ကြပါသေးသည်။ ရန်ကြီးအောင်သည် သတ်ရဲ ဖြတ်ရဲ ပစ်ရဲ ခတ်ရဲ မိုက်သွေးရှိသော လူငယ်ကလေး တယောက် ဖြစ်ပါသည်။ သို့ရာတွင် မိုလ်ချုပ်အောင်ဆန်းကို လူကိုယ်တိုင် တခါမှ မမြင်ဘူးပါ။ အတွင်းဝန်ရုံးကို မည်သို့ဝင်၊ မည်သို့ ထွက်ရသည်ကို သိဘို့ဝေး၍၊ အတွင်းဝန်ရုံး ဆိုသည်မှာ ဘာဆိုသည်ကိုပင် သူမသိရှာပါ။ အခြားသူများနှင့် လိုက်သွားပြီးအခြားသူများ ပစ်ခတ်သော လူစုထဲသို့ ရိုင်းစေညွှန်ကြားသည့်အတိုင်း ဝင်ရောက်ပစ်ခတ်သူ ဖြစ်ပါသည်။ နိုင်ငံရေးလည်း ဘာမှ နားမလည်ပါ။ ဘားလမ်း အချုပ်ခန်း အဘွင်း၌ အတူနေရစဉ် လုပ်ကြံမှုကြီးထဲသို့ သူပါလာရပုံကို ရန်ကြီးအောင်က ပြောပြ၍ ဤအတိုင်း ကျွန်တော်သိခဲ့ရပါသည်။

စိန်ကြီးမှာ ကြို့ပင်ကောက်မြို့ ဇာတိဖြစ်ပါသည်။ ဂျပန်တော်လှန်ရေးတွင် ထိုနယ်၌ တာဝန်ထမ်းဆောင် ရသော တပ်မတော်သားကလေး တယောက် ဖြစ်ပါသည်။ သာယာဝတီ ပေါင်းတည်နယ် တဝိုက်မှ တပ်မတော်ထဲတွင် ကြီးပွားနေကြသူ အတော်များများသည် သူနှင့်မိတ်ဆွေများဖြစ်၍ တော်တော်ပင် ခင်မင်ကြကြောင်း ကိုရှိရပါသည်။

http://nyisay.com



စိန်ကြီးနှင့် ရန်ကုန်ထောင်ကြီး ကြိုးတိုက်အတွင်း ရက်ပေါင်းများစွာ အတူနေခဲ့ရသဖြင့် သူပြောပြချက်အရ ကျွန်တော် သိရှိမှုသည်များမှာ အလွန်ဆန်းကြယ်လှပါသည်။ စိန်ကြီး၏ မိဘများမှာပစ္စည်းဥစ္စာ အတော်အသင့် ချမ်းသာကြပါသည်။ နိုင်ငံရေးအားဖြင့် မျိုးချစ်ပါတီကို ထောက်ခံပြီး ဦးစောကို ပုဂ္ဂိုလ်အရ အလွန်လေးစား ကြည်ညိုသူများဖြစ်ကြပါသည်။ သူ့အစ်ကိုနှစ်ယောက်ကမူ ရိုးရိုးကုန်သည်များ ဖြစ်ကြပါသည်။

တော်လှန်ရေးပြီးသည့်နောက် စိန်ကြီးသည် ကြို့ပင်ကောက် ပြည်သူ့ရဲဘော်အဖွဲ့ ဖွဲ့စည်းရာတွင် အရေးကြီးသော ရဲဘော်တယောက် အဖြစ်ဖြင့် ပါဝင်ခဲ့ရသည်။ ထို့နောက် စစ်ခေါင်းဆောင်ဖြစ်ပြီး များစွာတက်တက်ကြွကြွ ဆောင်ရွက်သူ ဖြစ်သည်။ သူ၏မိဘများမှာ ဦးစောဘက်သားအားသန်သူများဖြစ်၍ စိန်ကြီး ဤသို့ လုပ်ကိုင်နေသည်ကို နည်းနည်းမှ သဘောမကျကြပါ။ ဦးစောကလည်း ဗိုလ်ချုပ်အောင်ဆန်းကို ယှဉ်ပြိုင်ရန် ပြင်ဆင်နေပြီဖြစ်ရာ၊ ၎င်းတို့သားတယောက်သည် ဦးစောကို ဆန့်ကျင်သော ပြည်သူ့ရဲဘော်အဖွဲ့တွင် မားမားကြီး ဆောင်ရွက်နေသည့်အတွက် ၎င်းတို့စိတ်ထဲတွင် မသက်သာကြဟု ဆိုပါသည်။

ဗိုလ်ချုပ်အောင်ဆန်း နှင့် အဖွဲ့သည် ပြည်လမ်းဘက်သို့ စည်းရုံးရေးထွက်ကြသည်။ ဦးစောကလည်း သူ့လူစုနှင့်သူ ထွက်ပြန်သည်။ ကြို့ပင်ကောက်သို့ရောက်သောအခါ စိန်ကြီး၏ မိဘများနှင့်တွေ့၍ စိန်ကြီးအကြောင်း စကားစပ်မိကြသည်။ ထိုအချိန်က ဦးစောမှာ လူငယ်လူရွယ်၊ လူတော်လူကောင်း

http://nyisay.com



အလွန်လိုနေသော အချိန်ဖြစ်သဖြင့် လူထုထောက်ခံမှု၍ ခေါင်းဆောင်မှု အတော်အသင့် ရနေသော စိန်ကြီး အကြောင်းကို ကြားရသောအခါ ငန်းငန်းတက် လိုချင် လေတော့သည်။

စိန်ကြီး၏မိဘများက ၎င်းတို့သားအား ပြည်သူ့ရဲဘော် တပ်ဖွဲ့မှထွက်၍ ဦးစောနောက်သို့လိုက်ရန်ပြောရာ၊ စိန်ကြီးက ခါးခါးသီးသီးငြင်းသည်။ နိုင်ငံရေး အယူအဆချင်း မတူသူ တဦးနှင့်ပေါင်း၍ မလုပ်နိုင်ကြောင်းတင်ပြသည်။ ဦးစော၏ ဝါဒကို မကြိုက်ကြောင်းလည်း အတိအလင်း ပြောပြသည်။ မိဘများကမူစိတ်မလျှော့ကြ၊၎င်းတို့သားအား အတင်းရော အဓမ္မပါ ဦးစောနှင့်ထည့်တော့သည်။သားဖြစ်သူက မိမိမှာ ပြည်သူ့ရဲဘော် ခေါင်းဆောင်တဦးဖြစ်၍ ဤသို့မလိုက်နိုင် ကြောင်း ငြင်းဆန်သော်လည်း ဦးစောနှင့် တွေ့ဆုံပေးကြ သည်။ ဦးစောသည် လူချင်းတွေ့စ ကျအောင်လုပ်ရာ၌ ဝိဇ္ဇာ တယောက်ဟုဆိုလျှင် လွန်မည်မထင်ပါ။ ကိုသက်နှင်း ခေါ် သွား၍ စိန်ကြီးထက် အသက်ကြီးသဖြင့် အတွေ့အကြုံ အတော်အတန်ရှိသော ကျွန်တော်ပင်လျှင် ဦးစော၏ အဆွဲ ဓါတ်ကိုမခံနိုင်ဘဲ ရှိခဲ့ပါသည်။သတ္တိကောင်း၍ တက်ကြွသော လူငယ်ကလေးပင် ဖြစ်သော်လည်း ဦးစောကမူ မရအရ ဆွဲမည်မှာ သေချာပါသည်။ ဆွဲလည်းဆွဲခဲ့ပါသည်။

စိန်ကြီးသည် မိဘကိုအားနာ၍၎င်း၊ ဦးစောကို အားနာ ၍၎င်း ကြို့ပင်ကောက်တရားပွဲတွင် ဦးစောအနား၌ နေရ ပါသည်။ ဦးစောကလည်း သူနှင့်ဝေးဝေး မခွါစေဘဲ နေရာ ပေးသည်။ကားနှင့်သွားလည်း သူ့ဘေးမှာပင် ထိုင်ခိုင်းသည်။ စိန်ကြီးကမူ အနည်းငယ်မျှ စိတ်မချမ်းသာ၊ ပြည်သူ့ရဲဘော်

http://nyisay.com



အချင်းချင်းလည်း ရှက်၍နေသည်။ မျက်နှာပင် မပြချင်။ ထို့ကြောင့် ဦးစောပြည်ဘက်သို့ ဆက်၍ မတက်မီ တချိန်တွင် စိန်ကြီးသည် လစ်ပြီး ရှောင်ပြေးသည်။ ဦးစောသည် ခရီးဆက်မထွက်ဘဲ စောင့်နေသည်။ မိဘချားက လိုက်၍ရှာကာ ဦးစောနှင့်အတူ လိုက်ခစေပြန်သည်။ ဦးစောကလည်း ကားပေါ်တွင် သူ့ဘေးကပင် ထိုင်လိုက်စေသည်။ လမ်းတနေရာတွင် စိန်ကြီး ထပ်၍ လစ်ပြန်သည်။ ဦးစောက လိုက်၍ရှာပြီး ထပ်ခေါ်ပြန်သည်။ နောက်တနေရာတွင်မူ စိန်ကြီးသည် ကြို့ပင်ကောက်အရောက် ပြန်ခဲ့သည်။ ဦးစောလည်းလိုက်မရှာနိုင်၊ မစောင့်နိုင်ဘဲ ပြည်ဘက်သို့ ဆက်၍ တက်သွားတော့သည်။

အသွားတွင်သာ အစောင့်အရှောက် လို၍ ခေါ်ခြင်းဖြစ်သည်၊ အပြန်တွင် ခေါ်တော့မည်မဟုတ်ဟု စိန်ကြီးက ယူဆကာ ခပ်ပေါ့ပေါ့ပင် ဒိုးခ်၍ နေလိုက်သည်။ ကျားကုတ်ကျားခဲနိုင်သော ဦးစောသည် အပြန်ခရီးတွင် စိန်ကြီး၏မိဘများထံဝင်၍ နှုတ်ဆက်ရင်း စိန်ကြီး ပြန်ရောက် မရောက်မေးသည်။ ထိုအခါ စိန်ကြီးနှင့် ပက်ပင်းပါ တွေ့နေရာ ခက်ပြန်တော့သည်။ မိဘများက ငုံးတို့ဒိုးသားကို ပြည်သူ့ရဲဘော်တပ်ဖွဲ့ထဲတွင် မမြင်လို၍ ဦးစောနှင့် ချန်ကုန်လိုက်သွားရန် အတင်းတွန်းထိုး ထည့်ကြသည်၊ ဦးစောကလည်း ဇွတ်တရွတ် ခေါ်ပြန်သည်။ စိန်ကြီးသည် မိဘများ စိတ်မကောင်း ဖြစ်မည်စိုးသည်။ ဦးစော ကိုလည်း အားနာသည်။ ထို့ကြောင့် ဦးစောဘေးက ထိုင်ကာ ရန်ကုန်သို့ လိုက်ခဲ့သည်။

ထို့ပြင် စိန်ကြီးမှာ အခြားစိတ်ကူးလည်း ပေါ်လာသည်။ အင်းယားစောင်း ဦးစောအိမ်သို့ရောက်လျှင် ဦးစောသည် စိန်ကြီးအား အခြားသူများထက် မျက်နှာသာ ပိုပေးသည်။

http://nyisay.com



ဂျစ်ကား ကောင်းကောင်း ၂စီးရှိရာ စိန်ကြီးသည် ဂျစ်ကား တစီးကို ဘယ်အခါမဆို ထုတ်မောင်း သွားလာနိုင်သည်။ မကြာမကြာလည်း ကားမောင်းပြီး ထွက်သွားလေ့ရှိသည်။

စိန်ကြီးသည် လူရည်သန့်သည်။ စကားမှန်မှန်ပြောသည်။ ဆက်ဆံရေးကောင်းသည်။ သပ်ယပ်ကောင်းမွန်စွာ ဝတ်စားလေ့ရှိသည်။ ဦးစောကိုလည်း ခပ်မှန်မှန် ခပ်တည်တည်ပင် ဆက်ဆံ ပြောဆို ပေါင်းသင်းပါသည်။ မျက်နှာလို မျက်နှာရ အပိုအမို ပြောဆို ဆက်ဆံခြင်းမရှိ။ ထို့ကြောင့် ဦးစောက လည်း သူ့ကို အထင်မသေးနိုင်။

ဂျပန်ခေတ်က ကြို့ပင်ကောက်နယ်သို့ ရန်ကုန်မှ စစ်ပြေး ပြေးကာ လာရောက်နေသူများအနက်၊ ကျောင်းသူရွယ် မိန်း ကလေးတဦးသည် ဖက်ဆစ်တော်လှန်ရေးအချိန်တွင် တော် လှန်ရေး၌ ပါလာသည်။ သူနာပြု လုပ်ငန်း တာဝန်များကို ဆောင်ရွက်နေသည်။ ထိုမိန်းကလေးတဦးနှင့် စိန်ကြီးသည် လူငယ်တို့ဘာဝသမီးရည်းစားဖြစ်ကြသည်။သို့ရာတွင် စိန်ကြီး၏ မိဘများက ၎င်းတို့သားကို ထိုမိန်းကလေးနှင့်သဘောမတူ။ မိန်းကလေး၏ မိဘများကလည်း သူတို့သမီးကို စိန်ကြီးနှင့် သဘောမတူ။စစ်ပြီးသောအခါ မိန်းကလေးနှင့်မိဘများသည် ကြည့်မြင်တိုင် စမ်းချောင်းသို့ပြန်၍ ပြောင်းလာရာ၊ပျိုရွယ်သူ ၂ဦးမှာချစ်ပင်ပျိုးစ၌ပင် ခွဲခွါလိုက်ကြရသည်။ မလွဲသာ၍ ဦးစောနှင့် ရန်ကုန်သို့ လိုက်ခဲ့ရသော စိန်ကြီးသည် သူ၏ ချစ် ရည်းစားကို တွေ့အောင် ရှာရန် အခွင့်ကောင်း ရတော့ သည်။ ထို့ကြောင့်ပင် ဂျစ်ကားတစီးယူကာ စိန်ကြီး ထွက် ထွက်သွားခြင်း ဖြစ်သည်။ တခါတရံ သူ့သူငယ်ချင်း မိတ်

http://nyisay.com



ဆွေများရှိရာ ပြည်သူ့ရဲဘော် တပ်ဖွဲ့သို့လည်း အလည်အပတ် သွားလေ့ရှိသည်။ ဤအကြောင်းကို ဦးစောမသိပေ။

သူ၏ရည်းစားသည်သည် ကျောင်းပြန်၍နေသည်။ ဂါဝန်ကလေးနှင့် ကွန့်ဗင့်ကျောင်းတကျောင်းသို့ တက်သည်။ စိန်ကြီးက ရှာ၍ တွေ့သောအခါ ဝမ်းသာကြသည်။ တခါတရံ ကျောင်းပြေးပြီး စိန်ကြီးနှင့်အတူ အင်းယားဘက်သို့ သွားကာ အချိန်ကုန်သည်အထိ စကား ပြောနေတတ်ကြသည်။ စိန်ကြီးကမူ မိန်းကလေးကို ညှာတာသည်။ သစ္စာမဖေါက်၊ အတူမနေနိုင်သေးသည့် အခြေအနေကိုလည်း ပြောပြထားသည်။ ကြို့ပင်ကောက်သို့ စိန်ကြီး မပြန်နိုင်သော အကြောင်းတကြောင်းမှာ ဤအကြောင်းလည်း တခုအပါအဝင် ဖြစ်လေသည်။

ထို့ပြင် သဘောလည်းကောင်း၊ ငယ်ရွယ်သူကိုလည်း ချစ်ခင်တတ်သော စိန်ကြီးအား ကလေးငယ်အရွယ် ၁၃ နှစ်သို့ခန့်သာ ရှိသေးသော ဘေဘီစောကလေးကလည်း အလွန်ခင်သည်။ "အစ်ကို-အစ်ကို"နှင့် ခေါ်၍ နေလေ့ရှိသည်။ စိန်ကြီးကလည်း ဘေဘီစောအား နှစ်မငယ်ကလေးအရင်းသဖွယ် ယုယသည်။

ဤကလေးကို ခင်မင်မှုသည်လည်း ဦးစော၏ဝါဒ အစစကို မကြိုက်သော စိန်ကြီးအဘို့ ဦးစောထံမှ ထွက်မသွားနိုင်သော အကြောင်းတရပ် ဖြစ်သည်။

\+ \+ \+

တနေ့ညနေတွင် ခါတိုင်း ညနေများမှာကဲ့သို့ အင်းယားကန်တွင် ကျွန်တော် ရေဆင်းချိုးပြီး အဝတ်အစား လဲကာ အနည်းငယ် အညောင်းဆန့်ရန် အတွက် အိမ်ရှေ့ကွက်လပ်

http://nyisay.com



ဘက်သို့ ရောက်ခဲ့ပါသည်။ ဤအချိန်တွင် ဦးစောနှင့် အခြား ၃ဦးလောက်သည် အိမ်ရှေ့ပိုင်း တနေရာတွင် ထိုင်ကာ တစုံ တခု တိုင်ပင်နေကြပါသည်။ ဦးစောက ကျွန်တော့်ကို မြင် သောအခါ လှမ်းခေါ်ပြီး "ကဲ ကိုသုခ အတော်ဘဲ"ဟု ဆို ပါသည်။ ကျွန်တော်လည်း ကုလားထိုင် အလွတ်တခုတွင် ဝင်ထိုင် လိုက်ပါသည်။ "ကျွန်တော်တို့မှာ အရေးကြီးတဲ့ ကိစ္စတခုရှိတယ်။ ကိုသုခက ကားမောင်းရလိမ့်မယ်။ အရင် ကိစ္စထက် အရေးကြီးတဲ့ကိစ္စဘဲ၊ဘယ့်နှယ်လဲ၊မောင်းနိုင်ပါ့ မလား"ဟု မေးပါသည်။ ကျွန်တော်လည်း "ဘာကိစ္စဖြစ်ပါ သလဲ"ဟုပင်မမေးတော့ပါ။ "မောင်းတာပေါ့"ဟုဖြေလိုက် ပါသည်။ သူဘာခိုင်းခိုင်း လုပ်ရမည့်အခြေအနေတွင်ရှိရကား မောင်းခိုင်းသည်ကို မောင်းရမည်ပင် ဖြစ်ပါသည်။တအိမ်လုံး တွင်၊ ဦးစောအိမ်၌ရှိနေသောပရိသတ် ၃၀ကျော်တွင် ကား မောင်းတတ်သူက ၃ ယောက်သာ ရှိပါသည်။ ခင်မောင်ရင်၊ စိန်ကြီးနှင့် ကျွန်တော်တို့ ဖြစ်ကြပါသည်။ ဤအကြောင်းကို ဦးစောသိပြီးဖြစ်၍သူ့အစီအစဉ်တွင် ထည့်သွင်းတွက်ချက်ပြီး ဖြစ်ဟန် တူပါသည်။

"မောင်းပါ့မယ်"ဆိုသော စကားပြန် ရပြီးသည်နောက် ဦးစောသည် မူလ လူ ၃ယောက်နှင့်ပင် ဆက်လက်၍ စကား ပြောနေပါသည်။ ခပ်တိုးတိုးပင် ဖြစ်ပါသည်။ "မိုလ်ချုပ်" စသည်ဖြင့် သူ့စကားများထဲတွင် နာမည်နာမ တလုံးမှမပါ ပါ။ သို့ရာတွင် မည်သို့တက်၊မည်သို့ဝင်၊မည်သို့ပစ်ခတ်ရမည် စသည်များကို ပြောနေကြခြင်းဖြစ်ရာ၊ တစုံတခုသော သတ် ဖြတ်မှုကိုစီစဉ်နေကြခြင်းဖြစ်သည်ကိုကား အနီးတွင်ထိုင်လျက် ရှိသော ကျွန်တော်သည် ကောင်းစွာ ရိပ်မိပါသည်။ ကျွန်

http://nyisay.com



တော် အား တမင်ခေါ်ယူ တိုင်ပင်ခြင်း မဟုတ်ပါ၊ အိမ်ရှေ့ ထွက်လာ၍ ခေါ်ပြောခြင်းသာ ဖြစ်ပါသည်။ အခြားသူ ၃ ယောက်ကမူ အပိုင်းအဆစ်တွေ သိပြီး ဖြစ်ဟန် တူပါ သည်။

ထို့နောက် လူစုကွဲသွားကြပါသည်။ မည်သူတွေနှင့် မည်သို့ ကြိုတင် ပြင်ဆင်ထားသည်ကိုကား ကျွန်တော် ဘာမှ မသိပါ။ ယခု လူစုခွဲကြရာတွင်လည်း ဘယ်သူက ဘာတာဝန် စသည်ဖြင့် သေသေချာချာခွဲသည်ဟုလည်း မကြားပါ။ ဦးစော ထသွား၍ အခြားသူများလည်း ထသွားကြခြင်း ဖြစ်ပါသည်။ သူတို့ကိုကြည့်ရသည်မှာ ခပ်ပေါ့ပေါ့ဖြစ်၍၊ တစုံတရာ အခက် အခဲရှိမည်ကို ပူပင်သော ဟန်အမူအရာကို မတွေ့ရပါ။ ထိုနေ့ မှာ ၁၉၄၇ခု၊ ဇူလိုင်လ ၁၀ ရက်နေ့ ဖြစ်ပါသည်။

ညမိုးချုပ်သော် ၎င်းလူစုသည် တနေရာတည်းတွင် အတူတူ အိပ်ကြပါသည်။၎င်းတို့နှင့်ပတ်သက်၍ စကားတခွန်းမှမပြော ကြပါ။ တယောက်မှလည်း စကားမစပ်ကြပါ။ ဦးစော မျက် ကွယ်တွင် တော်၏မတော်၏ ဘာဘယ်သို့ ဟူ၍ လုံးလုံး တိုင်ပင်ရခြင်း မရှိကြပါ တယောက်တယောက်လည်း ဘယ် လောက်ယုံကြည်ရသည် ဆိုသည်ကို မသိနိုင်ပါ။ တိုင်ပင်မိရာ တွင် အစွန်းအစထွက်၍ သံသယဖြစ်ဖွယ် စကား တခွန်းကို ပြောမိပါလျှင် ထိုသူမှာ မုချ သေရဘို့သာ ရှိပါသည်။

အိပ်ရာထဲမလှဲမီ ကျွန်တော်တို့ ဝိုင်းဖွဲ့ပြီး ဟိုစကား သည် စကား ရယ်စရာများကို ပြောနေကြပါသည်။ ဦးစောသည် ရုတ်တရက်ဝင်လာပါသည်။ ရယ်မောနေကြ၍ ဖြစ်ပါသည်။ "မထကြနဲ့ မထကြနဲ့" ဟုလည်း လက်ကာပြကာ ပြုံးနေပါ

http://nyisay.com



သည်။ “ဘာတွေများပြောနေကြသလဲ”ဟုလည်းမေးလိုက်ပါသည်။ ကျွန်တော်တို့အထဲမှ တယောက်က “အလကား ရယ်စရာတွေ ပြောနေတာပါ” ဟု ဖြေလိုက်ပါသည်။ ခဏသာ မတ်တပ်ရပ်နေပြီး နှုတ်ဆက်ကာ သူ့အိမ်သို့ ပြန်သွားပါသည်။ ကျွန်တော်ရောက်နေသောရက်ပေါင်း ၄၀ခန့်အတွင်း ကျွန်တော်တို့ နေရသော ဤအိမ်ကလေးသို့ ဦးစောလာသည်မှာ ဤတကြိမ်သာ ဖြစ်ပါသည်။ အရေးကြီးသော အချိန်ပိုင်းဖြစ်၍သူနှင့်တွေ့ဆုံပြီးနောက် ကျွန်တော်တို့ချင်း ဘာတွေဆွေးနွေး တိုင်ပင်နေသည်၊ စိတ်ချရမည်၊ မချရမည်စသည်တို့ကို အကဲလာခတ်ခြင်းဖြစ်ဟန်တူပါသည်။ကျွန်တော်တို့ရှိရာအိမ်ထဲသို့ မဝင်မီက အပြင်ဘက်မှ မည်မျှကြာကြာရပ်ကြည့်အကဲခတ်ပြီး၊ နားထောင်ပြီးပြီဆိုသည်ကိုလည်း ကျွန်တော်တို့မသိပါ။

နံနက်မိုးလင်းပြီ။ ရေမိုးချိုးပြီး လက်ဖက်ရည်အချိုသောက်ကြပါသည်။ ၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၉ရက်နေ့၊ ၁၃၀၉ခု၊ ဝါခေါင်လဆန်း ၂ရက်၊စနေနေ့ဖြစ်ပါသည်။

ဦးစောက ခေါ်ခိုင်း၍ အမှုထဲပါသူအချို့ သွားကြပါသည်။ယူနီဖေါင်းများ ဝတ်ကြရန်၊ အသင့်ပြင်ကြရန် ပြောပါသည်။

ခဲယမ်း မီးကျောက်အစုံနှင့် စစ်ယူနီဖေါင်းအစုံပေါင်းမြောက်မြားစွာအထပ်လိုက် အပုံလိုက် ဦးစော အိပ်သောအခန်းထဲတွင် ရှိပါသည်။ စစ်ဦးထုပ်များလည်း ကားရုံ အခန်း ၂ခန်းထဲတွင် အများကြီး ဖြစ်ပါသည်။

မှတ်မိပါသေးသည်။ ဘဏ်တိုက်ကို စီးရန် ကြံစဉ်က ပါရမည့်သူများ ယူနီဖေါင်း ဝတ်ကြည့်ကြရာ၊ တော်သူ

http://nyisay.com



တယောက်မှမရှိ၍ အားလုံးပြင်ချုပ်ခဲ့ကြရပါသည်။ ထိုအစီအစဉ်တွင် ပါခဲ့သူများအတွက်မူ ဦးစော အခန်းထဲမှ ယူနီဖေါင်း ယူရန် မလိုတော့ပါ။ ကျွန်တော်မှာ ကားမောင်းရမည့်သူဖြစ်သောကြောင့်“ကျွန်တော်ကော ယူနီဖေါင်းဝတ်ဘို့ လိုပါသလား”ဟု မေးရာ၊ ဦးစောက“ဘောင်းဘီတော့ ဝတ်ပါ။ အင်္ကျီတော့ ကိစ္စမရှိဘူး”ဟု ပြန်ပြောပါသည်။

အိမ်ကလေးသို့ ပြန်ပြီး ဘောင်းဘီစိမ်းနှင့် ရှပ်လက်တိုအဖြူကိုဝတ်ကာ ကျွန်တော် ပြန်လာသောအခါ၊ “ပစ်ဘို့ထဲက တယောက် လိုနေတယ်”ဟု ဦးစောနှင့်ကိုစိုးတို့လူစု ပြောနေကြပါသည်။ သဲသဲကွဲကွဲ ဆုံးဖြတ်ကြရသေးဟန် မတူပါ။ ထို့နောက် “ရန်ကြီးအောင်ဘဲ ကောင်းတယ်”ဟု ပြောကြကာ ရန်ကြီးအောင်ကို ခေါ်ပြီး ယူနီဖေါင်းများ ကိုစိုးနှင့် ကိုသက်နှင်းတို့က ဝိုင်းဝတ် ဆင်ပြင် ပေးကြပါသည်။ ထို့နောက် စစ်တပ်တံဆိပ်များ တပ်ဆင်ကြပါသည်။ ကောင်းစွာမတပ်တတ်ကြသဖြင့် ရယ်ကြရပါသေးသည်။ နောက်ဆုံး တပ်ပြီးသည့်တိုင်အောင် စံနစ်တကျ မှန်ကန်လိမ့်မည် မဆင်ပါ။ ဘိနပ်များကလည်း သားရေ စစ်ဘိနပ်ထူကြီးများ မဟုတ်၊ ကိုယ့်ဖါသာကိုယ် ဝယ်ပြီး တခါတရံ စီးကြသော ကင်းဘတ်စ်ဘိနပ် အညိုများသာ ဖြစ်ပါသည်။ ဦးစောက ဝယ်မပေးပါ။ သေသေချာချာ ဂရုပြုကြည့်လျှင် စစ်သား မဟုတ်ကြောင်း သိသာလှပါသည်။

အသင့် ဖြစ်ကြသောအခါ ဦးစောက ခပ်တိုးတိုး၊ ဟန်အမူအရာ ခပ်ဖြည်းဖြည်းနှင့် မှာစရာများကို မှာနေပါသည်။ ထိုအချိန်တွင်တယ်လီဖုန်းလာ၍ ဦးစောသည် တယ်လီဖုန်း

http://nyisay.com



ရှိသောအခန်းတွင်းသို့ ထသွားပါသည်။ ကျန်ရစ်သော လူစုသည် စကားတခွန်းမှ မပြောကြပါ။ ကိုယ့်စိတ်ကူးနှင့်ကိုယ် တွေးနေကြပါသည်။ ဦးစောသည် တယ်လီဖုန်းကို အသံအုပ်ပြီး တိုးတိုးပင် ပြောနေပါသည်။ ဘာ ပြောနေသည်ကို မသိနိုင်။ ဦးစောနှင့်မည်သူ တယ်လီဖုန်းစကား ပြောနေကြသည်ကိုလည်း ကျွန်တော် မသိပါ။ ခင်မောင်ရင်၊ မှုံကြီး၊ ကိုနီနှင့်ကိုဘညွန့်တို့ စောစောကတည်းက ဒေါ်ဂျစ်နှင့် မြို့ထဲသွားနှင့်ကြသည်ကို အမှုဖြစ်လာမှသာ သိပါသည်။ ထိုအချိန်ကမူ မသိသေးပါ။ အိမ်အတွင်း တနေရာတွင် အစေခံမိန်းကလေးနှင့် ယောက်ျားကလေးတဦး ရှိကြပါသည်။ ဦးစောက ထိုကလေးများနှင့် တာဝန်ပေးထားသူထဲက အချို့လူများကို အသိမပေးလို၍ ဤအရေးကြီးသော အချိန်တွင် တိုးတိုးဖြည်းဖြည်း လုပ်နေ ပြောနေဟန် တူပါသည်။

တယ်လီဖုန်း ပြောပြီးနောက် ခြေကိုပင် ခပ်ဖြည်းဖြည်းနင်းပြီး ဦးစောပြန်လာပါသည်။ ခပ်တိုးတိုးပင်၊ သို့ရာတွင် ဒေါပါပါနှင့် ပြန်ဆက်၍ "ဘာမှကြောက်စရာမရှိဘူး။ လုပ်စရာရှိတာကိုသာ သေသေချာချာလုပ်ဘို့လိုတယ်။ သတိတော့ ရှိရမယ်၊ သတိဆိုတာကတော့ ပိုတယ်လို့မရှိဘူး"စသည်ဖြင့် မှာကြားနေပါသည်။ တယ်လီဖုန်း လာပြန်ပါပြီ။ ယခင်က အတိုင်း ဦးစောထပြီး တိုးတိုးပြောပြန်ပါသည်။ ထို့နောက် ပြန်လာပြီး ဆက်ကာ အားပေးစကား၊ သတိပေးစကားများ ပြောနေပြန်ပါသည်။ မကြာမီ တယ်လီဖုန်း မြည်သံကြားရပြန်ပါသည်။ ဦးစောထသွား၍ ဖြည်းဖြည်း ပြန်လာပြန်ပါသည်။ စကား တိုးတိုး ပြောနေခိုက် တယ်လီဖုန်း တဘန်

http://nyisay.com



ထပ်လာပြီးနောက်ဦးစောက"ကဲသွားကြမယ်၊ထကြပြင်ကြ" ဟုဆိုပါသည်။ ထိုအချိန်မှာ ၁၀နာရီခန့်ရှိနေမည်ဟု ထင်ပါသည်။

မိုးအနည်းငယ်ရွာနေပါသည်။ အိမ်ပေါ်ကအဆင်းလိုက်၊ အဝတ်ဘိနပ် ရော်ဘာခံ ဖဝါးနှင့် ရေညှိပေါ် နင်းမိ၍ ကျွန်တော်ချော်လဲရာ တော်တော်ပင် တင်ပါးဆုံ နာသွားပါသည်။ ဦးစောက"ဘယ့်နှယ်နေသလဲ၊ဘယ့်နှယ်နေသလဲ" လိုက်မေးပါသည်။ ကျွန်တော်က အသာထပြီး "ကိစ္စမရှိပါဘူး" ဟု ပြန်ပြောကာ ကားဆီသို့ ဆက်သွားပါသည်။ ထိုအခါကသာ တင်ပါး မနာဘဲ လက်ကျိုးသွားလျှင် ကျွန်တော် ကားမောင်းလိုက်ရမည် မဟုတ်ပါ။

ဂျစ်ကားကို ကျွန်တော်တို့ကိုယ်တိုင် အသင့် ပြင်ထားခြင်း မဟုတ်ပါ။ တော်မီ ၃လက်နှင့် စတင်းတလက်လည်း ကားပေါ်တွင် အဆင်သင့် ရှိပါသည်။ ဦးစောက သူ့တာဝန်နှင့်သူ အားလုံးအသင့်ဖြစ်အောင် တာဝန်ချထားပြီး လုပ်ခိုင်းထားဟန်ရှိပါသည်။ ကားပေါ် တက်ပြီး မောင်းထွက်သွားရန် အားလုံး အသင့် ဖြစ်နေပါသည်။ ကိုစိုး၊ကိုသက်နှင်း၊စံနိကြီး နှင့် ရန်ကြီးအောင်တို့ ကားပေါ်ရောက်လျှင် ထွက်ပါတော့သည်။ဦးစောက လက်လှမ်းပြပြီး နှုတ်ဆက်ပါသည်။ ကားပေါ်ကလည်း ပြန်ပြ နှုတ်ဆက်ဟန် ပြုကြပါသည်။

အတွင်းဝန်ရုံးသို့သွားရာတွင် ပြည်လမ်းမကြီးပေါ်၌ကင်း ၂ကင်း ရှိပါသည်။ ကမာရွတ်ဂိတ်အနီးတွင် တကင်း၊ မြေနီကုန်းတွင်တကင်းဖြစ်ပါသည်။ စိန်ကြီးသည် ၎င်းလမ်းများနှင့် ၎င်းကင်းများကို ကောင်းကောင်းလေ့လာပြီး ဖြစ်ဟန်တူပါသည်။အိမ်ကထွက်ပြီး ပြည်လမ်း အတိုင်း မောင်းနေရာမှ

http://nyisay.com



၁၀မိနစ်ခန့်အကြာတွင် စိန်ကြီးကဘယ်ကွေ့ခိုင်းပြီး ထိုလမ်း ၌လမ်း စသည်ဖြင့် ညွှန်ပြကာ မောင်းခိုင်းပါသည်။ တက္ကသိုလ်နယ်မြေတွင်း လမ်းများပေါ်တွင် ကားပြေးနေပါ သည်။ထို့နောက်ဆက်မောင်းသွားရာ ဘယ်လမ်းမှ ဘယ်သို့ မောင်းရသည်ဆိုသည်ကိုမူ ယခု မမှတ်မိတော့ပါ။မကြာမီပင် ၌ထောင်ကြီးနောက်ဖေးက ပြည်လမ်းမကြီးပေါ်သို့ ရောက် လာပါသည်။ ထို့နောက် ကော်မရှင်နာလမ်း၊ မောင်ဂိမာရီ လမ်း(ယခုမိုလ်ချုပ်လမ်း)မှ စပတ်လမ်းကိုချိုးပြီးအတွင်းဝန် ရုံး စာတိုက်ကလေးအနီး၌ စပတ်လမ်းပေါ်မှပဌမအပေါက် ကျယ် အတိုင်း ဝင်ရပါသည်။ဂိတ်အဝင်တွင် ဘာဖြစ်သည် မသိပါ။ ကားအများ ပိတ်ဆို့ နေကြပါသည်။ ထို့ကြောင့် ရပ်စောင့်နေကြရပါသည်။ ထို့နောက် စိန်ကြီး မောင်းခိုင်း သည့် လမ်းအတိုင်း ဆက်၍မောင်းကာ သူတို့ကိုတနေရာတွင် ချထားပြီး၊ သူတို့ပြထားသည့် တနေရာတွင် စောင့်နေရပါ သည်။ စိန်ကြီးက "ကားစက်မရပ်နဲ့" ဟုလည်း မှာခဲ့ပါ သည်။

အတွင်းဝန်ရုံးပေါ်သို့ ၄ယောက် တက်သွားပြီး မကြာမီ ပင်"ဖြောက်-ဖြောက်"နှင့် အသံများကြားသဖြင့် ပစ်ကုန် ကြပြီဆိုသည်ကို ကျွန်တော်သိပါသည်။ အသံမှာ သိပ်လည်း မကျယ်ပါ။ ဝုံးဝုံးဒိုင်းဒိုင်းလည်း မဖြစ်ပါ။အရွက်တွေများ သော သရက်ပင်ကို ကျောက်စရစ်ခဲကလေးများနှင့် ဆုပ်၍ လှမ်းပစ်သည်ကို မလှမ်း မကမ်းမှ ကြားရသော အသံ လောက်သာရှိပါသည်။ ဘယ်လိုဖြစ်နေသလဲ၊ သူတို့ကဘဲ ပစ် နေကြသလား၊အပြန်အလှန် ပစ်နေကြသလား စသည်ဖြင့် တွေးတောနေမိပါသည်။ခဏကြာသော် သူတို့လူသိုက် လှေ

http://nyisay.com



ကားမကြီးအတိုင်း ခပ်သုတ်သုတ် အပြေးကလေး ဆင်းလာကြပါသည်။ ကားစက်မှာ နိုးနေရာမှ သူတို့ ပစ်နေသည့်အချိန်မှာပင် ရုတ်တရက်ရပ်သွားပါသည်။ နှိုးသော်လည်း မရပါ။သူတို့ဆင်းလာသည်ကိုတွေ့၍ ထပ်နှိုးသော်လည်း မနိုးပါ။ကားပေါ် လူ့တွတက်ပြီ၍ စိန်ကြီး အတင်းနှိုးတော့မှ နိုးပါသည်။ ဤကားမှာ စိန်ကြီး ကိုင်နေကျ ကား ဖြစ်သည့်ပြင် ကျွန်တော့်ထက်လည်း သူက နားလည်ပါသည်။

စပတ်လမ်းဘက်သို့ပင်မောင်းထွက်ရပါသည်။ထို့နောက် ဘယ်ချိုး၊ယာချိုး၊ဘယ်တခါချိုးပြီး စတော့ကိတ်လမ်းအတိုင်း က ကန်တော်ကြီးသို့ တက်ပါသည်။ ကျွန်တော် ကားမောင်းသည်ကို အားမရကြပါ။ "ခင်ဗျားကားမောင်းတာနှေးတယ် နှေးတယ်"နှင့် ကိုသက်နှင်းက တဖြစ်တောက်တောက် ပြောနေပါသည်။ ကျွန်တော်ကလည်း ကိုယ့်အချိန်အဆနှင့်ကိုယ် အမြန်ဆုံး မောင်းနေခြင်း ဖြစ်ပါသည်။

ဗဟန်းဘက်သို့ ရောက်သောအခါ ကျွန်တော့်ကို ဖယ်ခိုင်းပြီး စိန်ကြီးမောင်းပါသည်။ ၃ တန် ကုန်တင် ကားကြီးတွေကလည်းသွား၊အခြားကားရိုးရိုးများကလည်း ခရီးများချိန် ဖြစ်သဖြင့် အမြန်မောင်းရန် အလွန်ခက်သော နေရာဖြစ်ပါသည်။ သို့ရာတွင် စိန်ကြီးသည် လျှင်မြန်ခြင်းကို နည်းနည်းမျှမလျှော့ဘဲ၊ ကားတွေပိတ်ဆို့နေသည့် ကြားထဲမှပင် အမြန်ဆုံး မောင်းနေပါသည်။ ၃ တန်ကားပေါင်းများစွာကို ကျော်ပြီးပြီ။ကားတကားကိုကျော်တက်လိုက်၊ နောက်ရောက်သွားလိုက်၊ လမ်းကျယ်လျှင် ထပ်ကျော်လိုက်၊ တခါတရံ ကပ်တရာစေးလမ်းပေါ် တဝက်၊ မြေနီလမ်းပေါ် တဝက်

http://nyisay.com



မောင်းပြန်ပါသည်။ ကျွန်တော့် စိတ်ထဲ၌ တနေရာရာတွင် ကားမှောက်၍ သေလိမ့်မည်ဟု ထင်မိပါသည်။ ဂျစ်ကားမှာ ဤ့ထက်ပို၍ လျင်မြန်နိုင်စွမ်း မရှိနိုင်တော့ပါ။

မြို့ဝင်းဝသို့ ရောက်လျှင် ခါတိုင်းကဲ့သို့ စောင့်မနေရပါ အသင့်စောင့်နေသူက ဖွင့်ပေးပါသည်။ ကားပေါ်ကနေပြီး ဦးစောကို လှမ်းကြည့်ကြရာမတွေ့ပါ။အောက်ရောက်၍ ဟိုကြည့်ဒီကြည့်ကြည့်သော်လည်း မတွေ့ပါ။တော်တော်ကလေး ကြာမှ ကန်စောင်းဘက်မှလာနေသည်ကိုတွေ့သဖြင့် ကိုစိုးနှင့် ကိုသက်နှင်းတို့က လက်သီးဆုပ်မြှောက်ကာ "အောင်ပြီ–အောင်ပြီ"ဟု လှမ်းအော် ကြွေးကြော်နှုတ်ဆက်ကြပါသည် ဦးစော၏ မျက်နှာမှာ မကောင်းလှပါ။ ရွှင်ရွှင်ပျပျ အားရ ဝမ်းသာရှိသည့်အသွင်ကိုလည်း မတွေ့ရပါ။ သို့ရာတွင် သူက လည်း လက်သီးဆုပ်မြှောက်ကာ "အောင်ပြီ-အောင်ပြီ"ဟု ပြန်လှန်ကြွေးကြော် နှုတ်ဆက်ပါသည်။ အိမ်ထဲသို့ ရောက်၍ ထိုင်မိသောအခါ၊ ပစ်ခတ်သူများက ဘယ်လိုပစ်လိုက်တာဘဲ၊ ဘယ်လို ဖြစ်သွားတာဘဲ စသည်ဖြင့် ပြောလိုက်ကြသည်မှာ ဆူညံနေပါတော့သည်။ ထို့နောက် ဦးစောက အရက်တိုက် ပါသည်။ သူလည်း သောက်ပါသည်။ ကိုသက်နှင်း နှင့် ကျွန် တော်တို့ကမူ မသောက်ကြပါ။ ကိုသက်နှင်းမှာ ပုတီးသမား တယောက်ဖြစ်၍ တသက်လုံး အရက်ရှောင်ပါသည်။

တယ်လီဖုန်းလာ၍ ယခင်ကအတိုင်း ဦးစော စကားထ ပြောပါသည်။

ခဏကြာသော် ဦးစောက "ထမင်းစားကြ၊ အပန်းဖြေကြ" ဟု ပြောသဖြင့် ကျွန်တော်တို့လည်း လူစုခွဲလိုက်ကာ ထမင်း စားပွဲတွင် ပြန့်စုကြပါသည်။ ဝမ်းပိုက်ထဲတွင်ကား ဘာအစာ

http://nyisay.com



မှ မရှိပါ။ ဝမ်းဟာသည်မှာ ပြောစရာမရှိပါ။ သို့ရာတွင် ထမင်းစားချင်စိတ်လည်းမရှိ၊ စား၍လည်းမရပါ။ ဆေးလိပ်လည်း အလွန် ငတ်ပါသည်။ ပြည်လမ်းမပေါ်ရှိ ဆိုင်တွင် ထွက်၍ဝယ်ခွင့်လည်း မရပါ။ ထို့ကြောင့် စိတ်ညစ်ညစ်နှင့် အိပ်ရာထဲသို့ သွားကာ လှဲနေလိုက်ပါသည်။ အခြားသူများလည်း အိပ်ရာသို့ ရောက်လာကြပါသည်။

ညနေ ၃နာရီအချိန်ခန့်တွင် အိပ်ရာမှနိုး၍ ကြည့်လိုက်ရာ၊ အိမ်ဝင်းအပြင်ဘက်၌ သံခမောက်စစ်ဦးထုပ်တွေ အမြောက်အမြားစီလျက် ချထားသည်ကို တွေ့ရသဖြင့် များစွာ အံ့အားသင့်သွားပါသည်။ အခြားသူများလည်း နိုးလာကြပါသည်။ ကျွန်တော်ကပြောသဖြင့် ကြည့်ကြရာ၊ ဝင်းကြီးတခုလုံးကို ရဲ၊ စစ်တပ်စသည်တို့က နေရာယူပြီး ဝိုင်းထားကြသည်ကို တွေ့ရသည်။ ကိုစိုးကမူ ဆပ်မရှင်းဂန်း သေနတ် အငယ်စားကို ထဆွဲပါသေးသည်။ အခြား လူများက သူ့ကို ဆွဲထားပြီး "ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ အားလုံး သေကုန် မှာပေါ့" ဟုပြောကြသောကြောင့်သာ သူမပစ်ဘဲ နေလိုက်ပါသည်။

မိနစ် အနည်းငယ်မျှကြာသော် ရဲအမှုထမ်း တယောက်လာပြီး "ဦးစောက ခင်ဗျားတို့ကို ခေါ်ခိုင်းတယ်" ဟုပြောပါသည်။ ကျွန်တော်တို့ထလိုက်သွားချိန်တွင် ရဲစသော လက်နက်ကိုင်များသည် ဝင်းထဲတွင် ပြည့်နေပါပြီ။

"ဟဲ-ဟဲ လာကြ လာကြ" ဟု ဦးစောက ကျွန်တော်တို့ကို လှမ်းခေါ်ပြီး "မြို့ထဲမှာ ဗိုလ်ချုပ် အောင်ဆန်းတို့ကို သေနတ်နဲ့ပစ်သွားလို့ မသက်သာတာနဲ့ ကျုပ်တို့ကိုနဲ့နဲ့ပါးပါး ရှာချင်လို့တဲ့" ဟု လှမ်းပြောပါသည်။ ထိုနောက်ခရိုင်ရဲဝန်ခန့်

http://nyisay.com



အဆင့်အတန်းရှိမည်ထင်ရသော အရာရှိအား "ရှာချင်တယ် ဆို၊ ခင်ဗျားတို့ဆီမှာ ရှာဖွေဘို့ ဝရမ်းပါသလား" ဟု ခပ်တည်တည်နှင့်မေးလိုက်ရာ၊ အရာရှိကြီးက တယ်လီဖုန်းဆက်ပါသည်။ ထို့နောက် "ရှာဖွေခွင့် အမိန့် ပေးပါတယ်" ဟုပြန်ပြောလိုက်ရာ၊ ဦးစောက "ဒီလိုဆိုရင် ရှာကြပေါ့" ဟု ခပ်အေးအေးပင် ပြန်ပြောပါသည်။ လက်တဘက်က ဝီစကီဖန်ခွက်ကလေးကိုကိုင်လျက် တခါတခါ ဖြည်းဖြည်း သောက်လိုက်၊ ခင်ရှင်ရှင် စကားလှမ်းပြောလိုက်နှင့် လုပ်နေပါသည်။ ရဲများရှာသည့်နောက်သို့ လိုက်မသွားပါ၊ ထိုင်မြဲထိုင်နေပါသည်။သူ့အိပ်ခန်းထဲမှကျည်ဆံအမြောက်အမြားကို ရဲများက ဆွဲထုတ်လာကြသည်ကိုလည်း သူလှည့်မကြည့်ပါ။ "ကဲ–ရှာဖွေပြီးရင် ခင်ဗျားတို့အစီအစဉ်က ဘာတဲ တုန်း" ဟု ရဲအရာရှိအား ဦးစောက လှမ်းမေးလိုက်ပါသည်၊ အရာရှိကြီးလည်း တယ်လီဖုန်းဆက်ပြန်ပါသည်။ "လုံခြုံစိတ်ချရရေးအတွက် ခေါ်ခဲ့ဘို့အမိန့်ပေးပါတယ်" ဟု ရိုသေစွာ ပျော့ပျော့ပျောင်းပျောင်း ပြန်ပြောပါသည်။ ဦးစောက "ကျုပ်တယောက်ထဲလား" ဟု မေးပြန်ရာ၊ တယ်လီဖုန်းဆက်ပြန်ပါသည်။ "အားလုံးကိုဘဲ အန္တရာယ်မရှိရအောင် လုံခြုံစိတ်ချရရေးအတွက် ဘမ်းဘို့ အမိန့်ပေးပါတယ်" ဟု ပြန်ပြောပါသည်။

"ကဲ–ကဲ မသက်ာလို့ ကျုပ်တို့ကို ခဏ ဘမ်းမလို့တဲ့၊ အသင့်ပြင်ကြ၊ အသင့်ပြင်ကြ၊ အိပ်ရာလိပ်တို့ ဘာတို့ ယူခဲ့ကြ၊ ဟိုရောက်တော့ သူတို့ပေးဘို့ လွယ်ချင်မှ လွယ်လိမ့်မယ်။ သုံးလေးရက်ကြာချင်လဲ ကြာလိမ့်မယ်" စသည်ဖြင့် ဦးစောက ကျွန်တော်တို့အား ခပ်အေးအေးပင် လှမ်းပြောပါသည်။ ကျွန်တော်တို့ ယောက်ျားချည်း ၃၀ကျော်အားလုံးကို အင်း

http://nyisay.com



စိန်ထောင်သို့ ပို့ပါသည်။ ကိုနီ၏ မိန်းမ၊ ခင်မောင်ရင်၏ မိန်းမနှင့် အခိုင်းအစေ ကလေးမကလေး၊ အခိုင်းအစေ ယောကျ်ားကလေးတို့ကိုလည်း ဘမ်းသည်ဟု နောက်တော့ ကြားရပါသည်။ ကျွန်တော်တို့ အင်းစိန်ထောင်သို့ ရောက်သောအခါ မှောင်နေပါပြီ။

ပဌမညတွင် အားလုံး အတူတူအိပ်ကြရပါသည်။ နောက်နေ့ နေ့လယ်တွင် ဦးစောကို ခွဲထားလိုက်ပါသည်။ ၃ရက်ခန့် ကြာသောအခါ ခင်မောင်ရင်ကို လာခေါ်သွားပါသည်။ ထို့နောက် အခြားသူများကိုပါ ခေါ်ခေါ် သွားပါသည်။ ဘားလမ်းတွင် အချို့သွားစုမိကြပြန်ပါသည်။ အချုပ်ခန်းထဲတွင် လမ်းလျှောက်ရင်း ကိုဘညွန့်အား "ဘယ်လိုလုပ်ကြမလဲ" ဟု တိုးတိုးမေးရာ၊ ကိုဘညွန့်က "ဒီအမှုမှာဖေါ်ရမှာဘဲ၊ မဖေါ်လို့မရဘူး၊ မဖေါ်ရင် အားလုံး သေကုန်မယ်။ ဖေါ်ရင် ကျန်တဲ့သူကျန်လိမ့်မယ်" ဟုပြောပါသည်။ ကိုသက်နှင်းကို မေးပြန်ရာ၊ "မဖေါ်ရင် ဘယ်နည်းနှင့်မှ ဘာမှ မဖြစ်နိုင်ဘူး" ဟု ပြောပါသည်။ ကျွန်တော်မှာ ဘာမှ နားမလည်၊ သူတို့ကိုပင် မေးကြည့်ရပါသည်။

"ဖေါ်ကောင်ဘညွန့်" ဟုဆိုသော်လည်း၊ ဤလုပ်ကြံမှုကြီးကို ပဌမဆုံး အပြည့်အစုံဖေါ်သူမှာခင်မောင်ရင်ဖြစ်ပါသည်။ ခင်မောင်ရင်က ဥပဒေကိုနားမလည်။ ကိုဘညွန့်မှာမူ ရုံးတွင် ရှေ့ပတ်စာရေး လုပ်လာသူ ဖြစ်သောကြောင့် သူဖေါ်မည်၊ ဤအမှုအတွက် ဘာမဆိုဖြစ်အောင်သူလုပ်ပေးမည်၊ ဦးစောလည်ပင်းကိုကြိုးကွင်းတပ်ပေးမည်၊ သို့ရာတွင် ဒီစတြိတ် ရာဇဝတ်တရားသူကြီး(အရေးပိုင်)ကို ခေါ်ပေးပါဟု ပြောသဖြင့် ရဲက စီစဉ်ပေးရပါသည်။ တရားသူကြီးနှင့် တွေ့သောအခါ

http://nyisay.com



၍လုပ်ကြံမှုကြီးနှင့်ပတ်သက်၍သူဖြောင့်ချက်ပေးလိုကြောင်း၊ ဖေါ်ကောင် လက်မှတ်လည်း ထုတ်ပေးပါမည့် အကြောင်း လျှောက်ထားရာ၊ တရားသူကြီးက ထုတ်ပေးလိုက်ပါသည်။

ခင်မောင်ရင်သာမက၊ အခြားတရားခံ တော်တော် များများက ရဲအရာရှိများထံ အိတ်သွန် ဖါမှောက် ဖေါ်ထုတ်ဝန်ခံ ကြပြီးသည့် နောက်မှ ဖေါ်သည့် ကိုဘညွန့်က "ဖေါ်ကောင်" ဖြစ်ပြီး ခင်မောင်ရင်က "ဖေါ်ကောင်" မဖြစ်သည်မှာဥပဒေကိုနားမလည်သောကြောင့်ဖြစ်ပါသည်။

တရားခံအချို့၏စစ်ချက်များကိုလက်နှိပ်စက်နှင့် အပြည့်အစုံ ရိုက်ထားပြီးနောက် ကျန်တရားခံအချို့ကို ခပ်နာနာကလေးတီးပြီး ဖတ်ခိုင်းရာ "အားလုံးမှန်ပါသည်" ဟု ဝန်ခံကြရသည်ချည်းဖြစ်ပါသည်။ အချို့ ထွက်ချက်များမှာ အသေးစိတ်တခုမကျန် ဘာကလေးများ လိုပါသေးလားဟု မရှိလောက်အောင် စုံစေ့ပါသည်။ အမှုနှင့် မဆိုင်သည့် ကိစ္စများပင် ပါပါသေးသည်။အချို့က အပိုအမိုကလေးများ ပင်ပါပါသေးသည်။ကျွန်တော် မသိသော အကြောင်းအရာများလည်း ပါပါသည်။

ဘားလမ်းအချုပ်ခန်းသို့ နောက်တကြိမ်ပြန်ရောက်သောအခါ ရန်ကြီးနိုင်၊ ရန်ကြီးအောင်တို့နှင့် အတူ နေရသဖြင့် "ကိုစိုးတို့နဲ့ ဒီကိစ္စကြံစည်နေတာကြာပြီ၊ သူ့ကိုတိုက်ရိုက်ပြောမပြဘူးပေမဲ့သူသိတယ်"ဟု ရန်ကြီးအောင်က ကျွန်တော့အား ပြောပြပါသည်။

၎င်းအချိန်တွင်ကိုစိုးနှင့်ကိုသက်နှင်းကလွဲ၍ အခြားသူများသည် ဖြစ်ပျက်ရသော ကိစ္စအရပ်ရပ်နှင့်ပတ်သက်၍ ဦးစောသည် သူ့ဆန္ဒများပြည့်ဝမှု၊ သူ့ရည်ရွက်ချက်ဖြစ်မြောက်မှု

http://nyisay.com



အတွက် မိမိတို့အား လက်ပါးစေ၊ ဓါးစာခံများအဖြစ် အသုံးပြုလိုက်ခြင်း ဖြစ်သည်ဟု နားလည်ကြကာ ဦးစော အပေါ် စိတ်နာလာကြ၊ မုန်းလာကြသည်။ ကျွန်တော်တို့ အမူအရာ ပြောင်းလာခြင်း၊ ဦးစောအား မကောင်းပြော လာကြခြင်းများကို တွေ့ရှိကြရာ၊ ကိုစိုးနှင့်ကိုသက်နှင်းတို့သည် တဦးချင်းနှစ်ဦးချင်းအနေနှင့် မကြာမကြာ မသိမသာ လာ ရောက် ချော့လေ့ရှိကြပါသည်။ "ဂုဏ်ရှိတဲ့ အထက်တန်း လူတယောက်နဲ့တွဲပြီး ဖြစ်ရတဲ့ကိစ္စမှာ ပူစရာမရှိပါဘူး။ သူ့ဖါသာ ကြည့်လုပ်သွားလိမ့်မပေါ့" စသည်ဖြင့် ပြော လေ့ရှိကြပါသည်။ ဤနည်းနှင့် ဒေါသပုပ္ပန် ထမှုများကို လျှော့လွဲပေးကြပါသည်။သို့ရာတွင် မရပါ။ မယုံကြည်ကြပါ။

အင်းစိန်ထောင်ကြီးထဲတွင် အထူးခုံရုံးဖွင့်၍ ပဋ္ဌမဦးဆုံး တရားသူကြီးများရှေ့သို့ ရောက်ရသောနေ့တွင် ဦးစောနှင့် ကျွန်တော်တို့အားလုံး ပြန်တွေ့ကြရပါသည်။ ဦးစောက ကျွန်တော်တို့ဘက်သို့လှမ်း၍"ဘယ့်နှယ်လဲ နေကောင်းကြ ရဲ့လား"စသည်ဖြင့် နှုတ်ဆက်ပါသည်။ကျွန်တော်တို့ ဘက် ဆီမှမူ ကိုစိုးနှင့်ကိုသက်နှင်းမှလွဲ၍ အခြားသူများက စိတ်ပါ လက်ပါ ပြန်လည်နှုတ်မဆက်ကြပါ။ နှုတ်ဆက်ချင်သောစိတ် မရှိသောကြောင့်လည်း ဖြစ်ပါသည်။ အမှုအခင်း ရှေ့နေ ရှေ့ရပ်များနှင့် ပတ်သက်၍ ခုံရုံးဥက္ကဋ္ဌ တရားဝန်ကြီး ဦးကျော်မြင့်က "တရားခံများဘက်မှ ရှေ့နေ ဘယ်သူတွေ ဆောင်ရွက်ကြမလဲ"ဟု မေးလိုက်ရာ၊ဦးစောက သူ့အတွက် ဝတ်လုံတော်ရ မစ္စတာ ဘဘားနီးစ်နှင့် အင်္ဂလန်ပြည်မှ နာမည်ကြီးဝတ်လုံ ကားတစ်(စ်)ဘဲနက် (ကေစီ) (ဘုရင့် ကောင်စီ အဖွဲ့ဝင်) ဝတ်လုံကြီးများက ဆောင်ရွက်မည်

http://nyisay.com



ဖြစ်ကြောင်း၊ အခြားသူများအတွက် အခြား ရှေ့နေ နှစ်ယောက်က ဆောင်ရွက်မည် ဖြစ်ကြောင်း ထ၍ ပြန်ပြောပါသည်။ ကျွန်တော်တို့ အတွက် လိုက်ပါ ဆောင်ရွက်ရန်ဆိုသောရှေ့နေများမှာ အုတ်ဖိုနှင့်သာယာဝတီမှ ရှေ့နေများဖြစ်ပါသည်။တဦးမှာ ဒုတိယတန်းရှေ့နေ ဖြစ်သည်ဟု ထင်ပါသည်။ ဤအပြုအမူစေတနာထားချက်အတွက် ကျွန်တော်တို့လူစုက ဦးစောကို သာ၍စိတ်နာကြပါသည်။ သူ့အတွက်မှာမူ ပဋ္ဌမတန်းဝတ်လုံများ၊သူ့အတွက် ဓါးစာခံရခဲ့သူများအတွက်ကား တောရှေ့နေများ ငှားပေးသည်ဟု မြင်ကာအကြီးအကျယ် ဒေါပွကြပါသည်။

ထို့နောက် တရားဝန်ကြီးဦးကျော်မြင့်က ဝတ္တရားအတိုင်းတရားခံများအားမိမိတို့အတွက်ရှေ့နေမည်သူလိုက်မည်နည်းဟုမေးပါသည်။ကိုစိုးနှင့်ကိုသက်နှင်းတို့ကဦးစောနာမည်ပေးသွားသော ရှေ့နေ၂ဦးပင်ဆောင်ရွက်မည်ဖြစ်ကြောင်းပြော၍ စိန်ကြီးအလှည့်ရောက်သောအခါ စိန်ကြီးက "ကျွန်တော်ရှေ့နေမငှားပါ"ဟုထဖြေလိုက်ပါသည်။ဦးစောသည်စိန်ကြီးကိုကြည့်ကာမတ်တပ်ရပ်ပြီး "မောင်စိန် မောင်စိန် မောင်စိန်"နှင့် လှမ်းခေါ်ပါသည်။ စိန်ကြီးက လှည့်မကြည့်ပါ။

ရန်ကြီးအောင်ကိုမေးသောအလှည့်တွင်ဦးစောတူတော်၏ ၁၆နှစ်သားသာရှိသေးသော ရန်ကြီးအောင်သည် ဘာဖြေရမှန်းမသိဘဲ၊အတော်ကြာမျှငေးနေပါသည်။ကိုစိုးနှင့် ကိုသက်နှင်းတို့က "စာရင်းပေးထားတဲ့ အတိုင်းဘဲလို့ ပြော"ဟုလှမ်းပြောနေကြသဖြင့်ရန်ကြီးအောင်လည်းကြည့်တိကြောင်တောင်နှင့် ပါးစပ်ကပြောကာထိုင်လိုက်ပါသည်။ကျွန်တော့် အလှည့်ရောက်သောအခါ "အစိုးရငှါးပေးပါ" ဟုထပြောလိုက်ပါ

http://nyisay.com



သည်။ထိုအခါ ဦးစောက "ကိုသုခ ကိုသုခ"ဟု လှမ်းအော်ပါ သေးသည်။ ကျွန်တော်လည်း လှည့်မကြည့်ပါ။

ထို့နောက် ဦးစောကထ၍ "ဟိုဘက်ကကလေးတွေကိုသူတို့ ဘာတွေပြောလို့ ဘယ်လိုလုပ်ထားမှန်းမသိပါ၊ ကျွန်တော့် အပေါ်မှာ အထင်မှား အမြင်မှား ဖြစ်နေကြပါတယ်၊ ဒါ ကြောင့် လူငယ်တွေနဲ့ တွေ့ခွင့်ပေးပါ"ဟု ခုံရုံးသဘာပတိ တရားဝန်ကြီး ဦးကျော်မြင့်အား ခွင့်တောင်းပါသည်။ သို့ ရာတွင် တွေ့ခွင့်မပေးပါ။

အမှုအတွက် ပဋ္ဌမဆုံးထွက်ရသော ထိုနေ့တွင် ကျွန်တော် တို့မှာ အဝတ်အစားများ စုတ်ပြတ်ညစ်ပေနေကြပါပြီ။ထည် လဲလည်း မရှိကြသဖြင့် အလွန် ညစ်ပတ်နေပါပြီ။ ထောင် ဝင်စာလာခွင့်လည်းမရသဖြင့် မိဘဆွေမျိုး သားမယားများ ကလည်း မပို့နိုင်၊ မပေးနိုင်ကြပါ။ ဤအခြေ အနေနှင့် ကျွန်တော်တို့၏ ဆန့်ကျင်ဘက် စိတ်ဓါတ်ကို မြင်ရသော ကြောင့်လား မပြောတတ်ပါ၊ နောက်နေ့တွင် ဦးစောက တ ယောက်တခန်းစီ အစောင့်တွေနှင့်နေကြရသော ကျွန်တော် တို့ထံ ချည်ကြမ်း လုံချည်တကွင်းစီ ပို့ပေးလိုက်ပါသည်။ စိန်ကြီးက မယူဘဲ ပြန်ပေးသည်ကို ကျွန်တော်တွေ့လိုက်ရ ပါသည်။ ကျွန်တော်လည်း မယူလိုက်ပါ။အခြားသူတွေထဲက မယူမည့်သူတွေရှိပါလိမ့်မည်၊ မည်သူတွေဟူ၍တော့ မသိပါ။

နောက်တကြိမ် ရုံးတက်သောနေ့တွင် ကျွန်တော့်အတွက် အစိုးရက ငှါးပေးသော ရှေ့နေမှာ ဦးဘထွန်း ဆိုသူ ဖြစ် ကြောင်း သိရပါသည်။ ကျွန်တော်က အားမရသဖြင့် တရား ဝန်ကြီး ဦးကျော်မြင့်က မေးသောအခါ "ကျွန်တော်ရှေ့နေ မငှါးတော့ပါဘူး"ဟူ၍ထပြောလိုက်ပါသည်။တရားဝန်ကြီး

http://nyisay.com



ဦးကျော်မြင့်က "မောင်သုခက ဦးဘထွန်းကို မကောင်းဘူး ထင်လို့လား၊ ဦးဘထွန်းကောင်းပါတယ်၊ စမ်းကြည့်ပါဦး" ဟု ပြောပါသည်။ကျွန်တော်လည်းစိတ်ရှုပ်ရှုပ်နှင့်မလှုပ်ပါ။

၍သို့ အထူးခုံရုံးဖွင့်၍ စစ်ဆေးနေပြီ ဖြစ်သော်လည်း ကျွန်တော်တို့ လေးငါးခြောက်ယောက်ကိုမူ အင်းစိန်ထောင် တွင်တလှည့်၊ ရန်ကုန်ထောင်တွင် တလှည့် ထားပါသည်။ ဦးစောကိုလည်း အားလုံးနှင့်ခွဲ၍ထားပါသည်။ စိန်ကြီးသည် တပ်မတော် ရဲဘော်ဟောင်း တယောက်၊ ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင်တယောက်ဖြစ်ကြောင်း ရဲများစစ်ရာ၌၎င်း၊ရုံး၌၎င်း တခွန်းမှမပြောပါ။ကျွန်တော်တို့ အချင်းချင်းကိုသာ စကား စပ်မိသဖြင့်ပြောပါသည်။ရဲဘော်ဟောင်းတယောက်၊ပြည်သူ့ ရဲဘော်တယောက်၊ဖက်ဆစ်တော်လှန်ရေးသမားတယောက် ဖြစ်ပါလျက် ၍အမှုကြီးကို ကျူးလွန်ရာတွင် ရှေ့ဆုံးတန်းက မိုက်မဲစွာပါခဲ့မိသည့်အတွက် ယူကျုံးမရ ဖြစ်နေသည်ကို သိ နိုင်ပါသည်။ ဆင်ခြင်တိုင်းထွာမှုကင်း၍ အဘောကိုသတ်မိမှား သော သားဖြစ်နေပြီကို သူကောင်းစွာသတိရနေဟန်တူပါ သည်။သို့ရာတွင် အမှားကြီးကို ကျူးလွန်ပြီးပြီ၊ ပြင်၍မရနိုင် တော့သဖြင့် မြန်မြန်ကိစ္စပြီးပြီး ဖြစ်ချင်ရာ ဖြစ်ရန် အသင့်ပြင် ထားလျက် ရှိပါသည်။

ရဲများစစ်စဉ်က သေလုမြောပါး အရိုက်အနှက် ခံရပြီးမှ ဖြောင့်ချက်ပေးခဲ့သော်လည်း၊ရုံးတွင်မူ မေးသမျှအားလုံးကို "ဟုတ်တယ်၊ဟုတ်ပါတယ်၊ဟုတ်ကဲ့၊ မှန်တယ်" စသည်ဖြင့် သာ တလျှောက်လုံးဖြေပါသည်။ မေးပြီး ဖြေပြီး ဖြစ်စေချင် သည်။ မြန်မြန်ပြီးစေချင်သည်။အဆိုးဆုံးအတွက် အသင့်ပြင်

http://nyisay.com



ထားပြီးဖြစ်၍ ဤကိစ္စကြီး ကျော်လွန်ပြီးစီးသွားစေချင်သည်။ ကြိုးတိုက်သို့ ပြန်ရောက်သောအခါတွင်လည်း သူသည်မည်သူ့ကိုမှ ဤအမှုအကြောင်းမပြော၊ သူများပြောသည်ကိုလည်း မကြိုက်၊ သူ့ထံသို့မူ အမေနှင့်အစ်မတို့သာမက သူ၏ရည်းစားကလေးသည်လည်း မကြာမကြာ ထောင်ဝင်စာလာသည်ကို တွေ့ရပါသည်။

အထူးခုံရုံးက ကြိုးမိန့်ပေးလိုက်ပါပြီ၊ ကျွန်တော်လည်း ပါပါသည်။ တနေ့သော အခါ အင်းစိန်ထောင်တွင် ကိုနီ၊ ခင်မောင်ရင်မှ စ၍ ကြိုးဒဏ် အပြစ်ပေး ခံရပြီး တရားခံများထံ အိမ်သူ အိမ်သား ဆွေမျိုးမိဘများ ထောင်ဝင်စာ လာနေကြပါသည်။ အင်းစိန် ကြိုးတိုက်မှာ ဖြစ်ပါသည်။ ကျွန်တော်၏အမေနှင့်အစ်မတို့လည်း လာကြပါသည်။ သူတို့ ငိုသည်ကို ကျွန်တော်မကြိုက်ကြောင်းသိ၍၊ အော်မငိုဘဲ မျက်ရည်တွေကျပြီး ရင်ထဲကသာ ပူလောင်နေကြပါသည်။အမေက မနေနိုင်သဖြင့် ရှိုက်လာပါသည်။ ထိုအခါ အစ်မက “ငါ့မောင်ကလေး ဒေဝဒတ်နဲ့ ပေါင်းမိလို့ ဒီလိုဖြစ်ရတယ်ဟဲ့” ဟု အော်ဟစ်ငိုပါတော့သည်။

အခြားဧည့်သည်များနှင့် ထောင်ပိုင်၊ ထောင်မှူး၊ ဝါဒါ တွေတော့ ကြားကြပါလိမ့်မည်။

ရန်ကုန်ကြိုးတိုက်သို့ ပြောင်းခဲ့ရသောအခါ ကျွန်တော်တို့မှာ သေဘို့ရက်က နီးလာပါပြီ။ နောက်တွင်ဖြစ်ခဲ့သည်များမှာ ဆိုးဝါးလွန်းသဖြင့် စိတ်ထဲတွင် ပေါ်၍ မလာစေလိုပါ။ရှေ့ဖြစ်ရမည့်အတွက်လည်း မတွေးလိုပါ။ထို့ကြောင့် လက်ငင်းအချိန်ထဲမှာပင် စိတ်ဝင်စားနေအောင်၊ အလုပ်များနေအောင် လုပ်ပြီးနေကြပါသည်။

http://nyisay.com



စိန်ကြီး၏ ရည်းစားကလေးနှင့် စိန်ကြီး၏ သူငယ်ချင်း နှစ်ယောက်သည် ၁၉၄၇ ခု၊ မေလ ၇ရက်နေ့တွင် နံနက် စောစောပိုင်းမှစ၍ စိန်ကြီးထံ ထောင်ဝင်စာလာနေကြသည် ကိုတွေ့ရပါသည်။ တနေ့လုံးနောက်ပြောင်ကြည့်စားနေကြပါ သည်။ "နက်ဖန်ခါ ဒီအချိန်တော့ ငါဒီမှာ ရှိမှာမဟုတ်ဘူး၊ ခရီးသွားစရာရှိလို့ သွားရဦးမယ်၊ နံနက်စောစော ငါခရီး ထွက်မဲ့အချိန်မှာ မင်းတို့ ၃ယောက်လုံး အရက်သောက်ကြ ပါ၊ စီးကရက် အပိုတလိပ်လဲ မီးညှိထားပါ"ဟု စိန်ကြီးက မှာလိုက်ပါသည်။ ယခု မဖေါက်သေးဘဲ နောက်တနေ့မှ သုံးယောက်စုံညီဖေါက်ရန် စာတစောင်ကိုလည်း စိန်ကြီးက သူ့သူငယ်ချင်း တယောက် လက်ထဲကို ထည့်ပေးလိုက်ပါ သည်။ ထိုစာထဲတွင် သူပိုင်သောပစ္စည်း ၅၀ဝိ၊ ၆၀ဝိ ဘိုးခန့် ဘယ်မှာ ဘာရှိသည်၊ ထိုပစ္စည်းများကို တနေ့နေ့၌ သူ့ ရည်းစားကလေးလက်ထပ်လျှင် လက်ဖွဲ့လိုက်ပါဟူ၍ရေးထား ကြောင်း၊ စိန်ကြီးကချွေသည်များ ပြန်သွားပြီးနောက် ပြော ပြပါသည်။

သေဒဏ်မှလွတ်သောအမိန့် ကျွန်တော်တို့လည်းမရသေး ပါ။ နက်ဖန်ကြိုးစင်တက်ရမည်ဖြစ်သောကြောင့် ယနေ့နံနက် ပိုင်းတွင် ဘုန်းကြီးသုံးပါး ကြွလာပြီး ကြိုးသမားများကို ထုံးစံအတိုင်း သရဏဂုံတင်ပါသည်။ ကျွန်တော်တို့ ရောက် နေကြပြီ ဖြစ်သော်လည်း၊ စိန်ကြီးကမူ တိုက်ခန်းထဲကထွက် မလာပါ။ သွားခေါ်ရာ"ဒီဘဝ ဒီလောက်အဆိုးဖြစ်ချင်တာ ရှေ့ဘဝတွေမှာ ဖြစ်ချင်တာ ဖြစ်စမ်းဆိုပြီး လွှတ်ပေးထား လိုက်မယ်၊ နေပေစေတော့"ဟု ပြန်ပြောလိုက်ပါသည်။

http://nyisay.com



တော်တော်ကလေး နေစောင်းသောအခါ ကိုနီနှင့် ကျွန်တော့အားကြိုးဒဏ်အပြစ်မှတသက်တကျွန်းသို့ပြောင်း လိုက်သော အမိန့်ရောက်လာသဖြင့် ကြိုးတိုက်မှ ၅ဆောင်သို့ ချက်ခြင်း ပြောင်းရပါသည်။ နောက်တရက် နံနက်စောစော ထောင်မဖွင့်သေးသောအချိန်တွင် စိန်ကြီးနှင့် ရန်ကြီးအောင် တို့နှစ်ယောက်ကို ကြိုးပေးလိုက်ပါသည်။ စိန်ကြီးမှာ အသက် ၂၂နှစ်သာ ရှိပါသေးသည်။

ဦးစော၊ ကိုစိုး၊ ကိုသက်နှင်းနှင့် မှူးကြီးတို့ကိုလည်း အင်းစိန် ထောင်ကြီးတွင် ထိုအချိန်လောက်မှာပင် ကြိုးပေး လိုက်ပါသည်။

ထိုနေ့မှာ ၁၉၄၈ ခု၊ မေလ ၈ရက် ဖြစ်ပါသည်။

\+ + +

ဦးလှမေး၍သာ ဤအမှုကြီး အကြောင်းကို မချန်မခြွင်း အသေးစိတ် ကျွန်တော်ပြောခြင်းဖြစ်ပါသည်။ ဆိုးဝါးလွန်း သော နိုင်ငံရေးမိုက်ပြစ်ကြီးတွင် ပါဝင်ခဲ့သူတယောက်ဖြစ်၍ ဤထက်ရှက်စရာ စက်ဆုတ်စရာကောင်းသော အလုပ်ကို လူ တယောက်အနေနှင့် ဤလောကမှာ ပြုမိနိုင်စရာမရှိတော့ပါ။ ထို့ကြောင့်မည်သူမေး၍မှ ဤအကြောင်းကို ပြောမပြချင်ပါ။ မေးမည့်သူဆိုလျှင်တတ်နိုင်သမျှကျွန်တော် ရှောင်နေပါသည်။ မေးသည်ကို ဖြေရန်၊ အမှုအကြောင်းကို ပြောပြရန်မဆိုထား နှင့်၊ ကျွန်တော့ဖါသာ တယောက်တည်း ပြန်တွေးရန်ပင် အင်မတန်ဝန်လေးနေမိပါသည်။ နှစ်စဉ်ပင်ဇူလိုင်လ ၁၉ရက် ဆိုလျှင် လွန်ခဲ့သည့်အကြောင်း များကို တွေးတော သတိရပြီး စိတ်မကောင်းဖြစ်ရပါသည်။ မိမိကိုယ်ကိုမိမိ အပြစ်မလွှတ်နိုင် သလိုမြင်ပြီး ထိုမိုက်မှားမှုကြီးအတွက်ရင်နာလျက်ရှိပါသည်။

http://nyisay.com



မိတ်ဆွေဖြစ်သော ကိုသက်နှင်းကို ခင်မင်ရာမှ သူက ဦးစောနှင့် မိတ်ဆက်ပေးသည်။ဦးစောနှင့် ပေါင်းရသည်ကို ဂုဏ်ရှိသည်ဟု ကျွန်တော့်စိတ်တွင် ထင်ခဲ့ပါသည်။ ခေတ်နိုင်ငံရေးအယူအဆ ဝေဖန်သုံးသပ်မှုတွင် ဘာမှ နားမလည်သေးသောကျွန်တော်သည် ဦးစောနှင့်ပေါင်းရသောကြောင့် မိမိတွင် ဘာမှ နစ်နာစရာမရှိဟု တွက်ဆမိခဲ့ပါသည်။ဦးစောသည်လည်း ရာဇဝတ်မှုကြီးများကို ကြံစည်လိမ့်မည်ဟု ကျွန်တော်မထင်ခဲ့။ရက်စက်သောလုပ်ကြံမှုကြီးကို ပြင်ဆင်နေလိမ့်မည်ဟု ကျွန်တော်မယူဆ၊ မျိုးချစ်စိတ်ထက်သန်၍ လွတ်လပ်ရေးအတွက် ဆောင်ရွက်နေသော ခေါင်းဆောင်ကောင်းဟူ၍သာ ကျွန်တော် ယုံမှတ်လေးစားခဲ့ပါသည်။

မိတ်ဆွေ ကိုသက်နှင်း၏ ဆွဲဆောင်ချက်၊ ကိုသက်နှင်းအပေါ် ကျွန်တော်၏ ခင်မင်မှုများနှင့် ဦးစောအပေါ်အထင်ကြီးမှုကြောင့် သူတို့၏ အတွင်းပိုင်း စည်းဝိုင်းအတွင်းသို့ ရက်ပေါင်း အနည်းငယ်ကြာမျှ ကျွန်တော်ရောက်သွားရပါသည်။

မကြိုက်သောအမှုအရာ၊ အစီအမံများ၊ အကျပ်ကိုင်မှုများကို အထိုက်အလျောက် ရိပ်မိတွေ့ရှိရ၍ ခွာရန်ကြံသောအချိန်အခါတွင်မူ မဖြစ်နိုင်တော့ပါ။

ဦးစောသည် ဩဇာလည်းကြီး၊ ငွေလည်းပေါ၊ကျွန်တော်တို့လို လူတယောက်ကို ဖျောက်ပစ်ရန် ဘာမှမခဲယဉ်း။ပစ္စက်ဆိတ် တကောင်ကို လက်ကလေးနှစ်ချောင်းနှင့် ပွတ်ချေခြင်းထက် ပိုမို ခက်စရာမရှိ။ သူနှင့် သူ့လူရင်းများက သံသယဖြစ်သည်ဆိုလျှင် ထိုသူသည် မည်သို့မျှ တတ်နိုင်တော့မည်မဟုတ်။ သူတို့အကြောင်းတွေသိနေသော လူတယောက်သည်

http://nyisay.com



သူတို့ အပြုံအပြင်မခံရဘဲ နောက်မဆုတ်နိုင်တော့။ သူတို့ကို အတိုက်အခံ လုပ်ရန်အထိလည်း ကျွန်တော်မဝံ့။

ထို့ကြောင့် ကျွန်တော်အပါအဝင် လူတော်တော် များများမှာ တစတစနှင့် ဦးစောပိုင်စက်ရုပ်များသဖွယ် ဖြစ်လာကြရပါသည်။ ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်စဉ်းစားမှုဟူ၍လည်း ဘာမှ မရှိတော့ပါ။ စဉ်းစားချင်စိတ်လည်းမရှိ။ စဉ်းစားရန်လည်း မကြံရွယ်တော့။ လွတ်လပ်စွာစဉ်းစားရန် ပင်မဝံ့တော့ဘဲ မျှောလိုက်ရရာက နစ်သောဘဝသို့ ရောက်ကြရခြင်း ဖြစ်ပါသည်။

ဦးစော၏ခြံဝင်းကြီးထဲတွင် ကျွန်တော်လာရောက်နေထိုင်သော ရက်ပေါင်းမှာ ၄၀ ကျော်ခန့်မျှသာ ဖြစ်ပါသည်။ ထိုရက်မျှ အတွင်းမှာပင် ထိုမျှဆိုးဝါးသော အမှုကြီးဖြစ်ပွားပြီး၊ ကျွန်တော်လည်း စက်ရုပ်လက်ပါးစေအဖြစ်ဖြင့် ခေါင်းစားခံပါခဲ့ရပါသည်။

၍လုပ်ကြံမှုကြီးကို ဦးစောသည် ကျွန်တော် သူတို့အထဲ မပါသော်လည်း လုပ်မည်ပင်ဖြစ်ပါသည်။ကျွန်တော်သာမက ယခုအမှုတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ခဲ့ကြသူများ မရှိလျှင်လည်း ဦးစောသည် တနည်းနည်းနှင့် တနေ့နေ့တွင် ဖြစ်အောင် လုပ်မည်ဟု ကျွန်တော် ယူဆပါသည်။

တိုင်းပြည်တွင်ရင်း၊ ကမ္ဘာတွင်ရင်း မခန့်မှန်းနိုင်အောင် အကျိုးယုတ် နစ်နာစေသည့် လုပ်ကြံမှုကြီးတွင် တရားခံ တယောက် ဖြစ်ခဲ့ရသည့်အတွက် ကျွန်တော့်မှာလည်း လူဖြစ်ရှုံးပါပြီ။ငွေကြေးတသောင်းတသိန်းမျှသည်မျှပင် ကြွေးတင်ပါစေ၊ စီးပွားကြိုးစားရှာပြီးဆပ်လျှင် တနေ့သော် ကျေနိုင်ပါသေးသည်။ ၍ရာဇဝင်ကြွေးဆိုးကြီးကိုမူ ဆပ်၍ကျေနိုင်တော့

http://nyisay.com



မည် မထင်ပါ။ ယခု ထောင်အနှစ် ၂၀ ကျခံပြီးသည်နောက် အကယ်၍ ထောင်ထဲမှာ မသေဘဲ လွတ်ခဲ့သည့်တိုင်အောင် ဤအပြစ်ကြီးအတွက် အပြစ်မရှိတော့ဟု မဆိုနိုင်ပါ။ ကျွန်တော်သေသွားသည့်တိုင်အောင်လည်း ဤအမဲမှတ်ကြီးသည် ပျောက်တော့မည် မဟုတ်ပါ။ သားစဉ်မြေးဆက် ထိနိုက်ဝမ်းနည်းဖွယ် ဖြစ်ပါသည်။ ဤနိုင်ငံရေး အကုသိုလ်ကြီး ပပျောက်သွားမည့်ကုစားမှုအလုပ်ဆိုလျှင် ယခုချက်ခြင်းပင် သေရပါစေ၊ ကျွန်တော်ထမ်းဆောင်မည်သာ ဖြစ်ပါသည်။

ထောင်ထဲရောက်မှရရှိသောနိုင်ငံရေးဗဟုသုတ၊နိုင်ငံရေးအမြင်များသည် ကျွန်တော့်အားရှေ့အဘို့တွင် လမ်းမှန်ကို ရှေ့ဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ အခွင့်သာသော တနေ့တွင် ပြုခဲ့မှားသော လူသတ်ဝါဒ နိုင်ငံရေးအကုသိုလ်ကြီးကို ဖုံးအုပ်သွားနိုင်သည့် နိုင်ငံရေး ကောင်းမှုရပ်များကို သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင် နိုင်လိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

ဤမျှလောက်ဆိုလျှင် ကျွန်တော့်အကြောင်း တော်တော်စုံလောက်ပြီ ထင်ပါသည်။

\+ + +

ဇူလိုင်လ ၁၉ ရက်နေ့၊ ဗိုလ်ချုပ်တို့ ကျဆုံးသည့်နေ့ဆိုလျှင် ထောင်အုပ်ချုပ်ရေး အာဏာပိုင်များ၏ ခွင့်ပြုချက်အရ အကျဉ်းသားများသည် လူသတ်ဝါဒရှုတ်ချပွဲများ ပြုလုပ်ကြပါသည်။ ကျွန်တော်နေခဲ့သော ၃ နှစ်အတွင်း ဇူလိုင်လ ၁၉ ရက်နေ့ ရောက်ပြီဆိုလျှင် ၅ဆောင်တွင် ကျွန်တော်နှင့် တဆောင်တည်းနေကြသော ကိုသုခနှင့်ခင်မောင်ရင်တို့သည်

http://nyisay.com



အခမ်းအနားအတွက်စာပွဲထမ်း၊ ခုံရွှေ့အလုပ်မှစ၍ လုပ်စရာများကို ဝိုင်းလုပ်နေကြသည်ကို တွေ့ရသည့်ချည်း ဖြစ်သည်။ ကိုနီ ကိုလည်း အစည်းအဝေး၌ တွေ့ရသည်။ သူတို့သည် ကုစားဘို့ခက်လာသော အပြစ်ဆိုးအတွက် နောင်တ အကြီးအကျယ် ရလျက်ရှိသည်မှာလည်း ထင်ရှားသည်။

ကိစ္စကြီး ဖြစ်ပွားခဲ့စက သူတို့ကို အစိမ်းလိုက် ဝါးစားချင်သူများကလည်း ရန်မမူကြတော့။ အားလုံး အပေါင်းအသင်း ဖြစ်နေကြချေပြီ။

**တောင်းပန်ချက်။** ။ ရှေ့ပိုင်းစာမျက်နှာများ ရိုက်ပြီးချိန်တွင် မိတ်ဆွေတဦးက ကိုသုခ၏ အစ်မ မခံတင့်၏ ပဥ္စမခင်ပွန်း ဦးဖေငြိမ်းအနိဌာရောက်ပြီဆိုသည်မှာမဟုတ်ကြောင်း၊ ယခုတိုင် ကျန်းမာစွာရှိကြောင်းနှင့် စာရေးလိုက်ပါသည်။ မှားယွင်းသွားသည့်အတွက် များစွာ ဝမ်းနည်းပါသည်။

စာရေးသူ။

http://nyisay.com

# ဘုရားတကာကြီး ဦးစံညွန့်

## ( အသက် ၆၁ နှစ် )

### (ထူးဆန်းသော ဓါးမြမှု)

ဘုရားတကာကြီး ဦးစံညွန့်ဆိုလျှင် ရန်ကုန် ထောင်ကြီး အတွင်း၌ သိသူများပါသည်။ ၂ ဆောင်တွင်ရှိသော စေတီ၊ ဗောဓိပင်နှင့် ဆင်းတုတော်စသည်တို့ကို ကြည်ညိုဖွယ် ဖြစ် အောင် ကြည့်ရှု စောင့်ရှောက်၍ ကဆုန် ညောင်ရေသွန်း ပွဲတော်၊ ဝါဆို၊ သီတင်းကျွတ်စသော ပွဲတော်များဖြစ်မြောက် ရေးကို မနေမနား ကြိုးပမ်းသော လူကြီးတဦး ဖြစ်သည်၊ ၁၉၅၅ခုနှစ်တွင် အသက် ၆၁ နှစ်ရှိနေပေပြီ။

၎င်း၏ ပန်းခြံအတွင်းမှ ပန်းကလေးများကိုခူးကာ ညနေ တိုင်း ကျွန်တော်နေသော နံပတ် ၅ အဆောင်ရှိ ကြည်ညို ဖွယ်ကောင်းသည့် ရုပ်ပွားတော်တွင် ပူဇော်ရန် ကျွန်တော့ ထံသို့ လာရောက် ပေးလေ့ရှိပါသည်။ တနေ့သော အခါ မည်သို့သော အကြောင်းကြောင့် ဤထောင်ထဲသို့ရောက်လာ ပုံကို ပြောပြရန် တောင်းပန်သဖြင့် ဦးစံညွန့်သည် စိတ်ရှည် စွာ အောက်ပါအတိုင်း ပြောပြပါသည်။

**စာရေးသူ။**

= — =

http://nyisay.com



ကျွန်တော်၏အဘမှာ ဦးကျော်၊ အမိမှာ ဒေါ်အောင်ဖြူ ဖြစ်ပါသည်။ ကျွန်တော့်ကိုတောင်ကုတ်မြို့တွင်မွေးဖွား၍ အဘိုးမှာ ဆေးဆရာဖြစ်ပါသည်။တောင်ကုတ်မြို့ဆရာဦးဖသထို ကျောင်းတွင်မြန်မာစာ ၆တန်းအထိသင်ဘူးပါသည်။အသက် ၁၉နှစ်မှာ ကျောင်းက ထွက်ပြီး သံတွဲမြို့တွင် ရဲအမှုထမ်း အဖြစ်ဖြင့် သွားရောက် အလုပ် လုပ်ရင်း နေထိုင်ပါသည်။ သံတွဲမြို့တောင်ပိုင်းအရပ်တွင်နေပါသည်။ရန်ကုန်တွင် နာမည်ကျော် ဝတ်လုံတဦးဖြစ်နေသော ဦးထွန်းစိန် (ဘီအေ၊ဘီအယ်လ်)သည် ကျွန်တော့်ကို ကောင်းကောင်း သိပါသည်။ ကျွန်တော်တို့မြို့ကပင် ဖြစ်ပါသည်။ကျွန်တော့်အမှုကို သူပင် လိုက်ပါ ဆောင်ရွက်ပေးပါသည်။

ခေတ်ဟောင်းက ရဲအမှုထမ်း ဝင်လုပ်ရသည်မှာ လခ အလွန် နည်းပါသည်။ ၁၂ိသာ ရရှိပါသည်။ အသက် ၂၁ နှစ်တွင် သံတွဲမြို့မှ မမေဥဆိုသော အမျိုးသမီးတဦးနှင့် အိမ်ထောင် ကျပါသည်။သားတယောက် သမီး ၂ယောက် ရရှိပါသည်။

အင်္ဂလိပ်မပြေးမီကပင် စာသင်ဘဝတွင် ပင်စင်ယူလိုက်ပါသည်။ အသက်ကလည်းကြီး တိုးတက်ရန် လမ်းစလည်း မမြင်သောကြောင့် ဖြစ်ပါသည်။

ရဲအလုပ်က ထွက်လိုက်သော်လည်း ရုံးတို့ ဂတ်တို့နှင့် တော့ မကင်းသေးပါ။ အတွေ့အကြုံများသော ရဲအမှုထမ်း ထွက်တယောက် ဖြစ်သောကြောင့် အမှုအခင်း၊ အထူးသဖြင့် ရာဇဝတ်မှုနှင့်ပတ်သက်သည့် ကိစ္စများတွင် တရားခံများသည် ကျွန်တော့်ထံ လာရောက် တိုင်ပင် အကူအညီ တောင်း လေ့ရှိပါသည်။ ဘယ်အမှုမျိုးတွင် ရဲများဘယ်လို

အမှုဆင်လေ့ရှိသည်၊ ဘယ်လိုလုပ်တတ်သည်၊ စသည်တို့ကို ကောင်းစွာသိပြီးဖြစ်သဖြင့် ကျွန်တော်ဆောင်ရွက်သော အမှု မှန်လျှင် လွတ်သည်က များပါသည်။ လာဘ်ထိုးမှဘဲလွတ်နိုင် တော့မည့် အခြေအနေရောက်လျှင်လည်း တရားခံများကို ဖွင့် ပြောပြလိုက်ပါသည်။ လာဘ်ထိုးပါဟုတော့မပြောပါ။ဘယ် လိုလုပ်လျှင် ဂတ်တွင်ပြီးမည်၊ ဘယ်လိုဆောင်ရွက်လျှင် အမှု ပိတ်လိမ့်မည် စသည်တို့ကို ကျွန်တော်က အမှုသည်များအား ပြောပြနိုင်သည်။ ဤသို့ပြောပြနိုင်အောင်လည်း ရုံးတွင်ရင်း၊ ဂတ်တွင်ရင်း အပေါင်းအသင်းများ ရှိထားပါသည်။ ထို့ ကြောင့် ရှေ့နေတယောက် မဟုတ်သော်လည်း ဆင်းရဲသား အမှုသည်များက ကျွန်တော့်ကို အားကိုးကြပါသည်။ သဒ္ဓါကြေးလည်း ပေးကြပါသည်။

အမှုများလွတ်ဖန်များသဖြင့် အမှုတင်ရ၊ ဆင်ရသော ရဲအရာရှိများက ကျွန်တော့်ကို မုန်းလာကြပါသည်။ မုန်း လည်းမုန်းစရာပင် ဖြစ်ပါသည်။သူတို့က ကောင်ကျမှ မျက်နှာ ရမည်။ ကျွန်တော်က လွတ်အောင် လုပ်နေသည်။ ကဏ္ဍာ ကောစပင် ဖြစ်ပါသည်။ ဤလည်း ဓမ္မတာပင် ဖြစ်ပါသည်။ ချက်ကောင်းရှာ၍ စွပ်စွဲရန် ဆင်ကြပါသည်။ကျွန်တော်မှာ ရဲ ဟောင်းကြီးဖြစ်၍ ရဲရည်ဝ၊ရဲကြော ကောင်းကောင်း သိသူ ဖြစ်သောကြောင့် သူတို့ ဘာမှ မတတ်နိုင်ကြပါ။

သို့နှင့်အင်္ဂလိပ်ပြေး၍ ဂျပန်ခေတ် ရောက်လာပါသည်။ ၁၉၄၄ခုဌ် သံတွဲမြို့နှင့် ၇မိုင်ဝေးကွာ၍ ငွေမြို့အပိုင် အလယ် လက်ပံကုန်းရွာတွင် ဓါးပြမှု ဖြစ်ပွါးပါသည်။ အိမ်ရှင် လည်း သေသွားပါသည်။ ၎င်းအမှုနှင့် ပတ်သက်၍ ဂျပန်

http://nyisay.com



ခေတ်တွင် ငြိမ်နေသော်လည်း ၁၉၄၅ ခုနှစ်၊အင်္ဂလိပ်ပြန်ဝင်လာသောအခါ ထိုအမှုမှာ အသက်ဝင် လာပါသည်။

ထိုအချိန်မှာ တရားစီရင်ရေးကို စစ်ဘက်မှ အုပ်ချုပ်နေသော အချိန်ဖြစ်၍ အလွန် ကြောက်စရာ ကောင်းပါသည်။ ကျွန်တော့်အပေါ်တွင်မျက်မုန်းကျိုးနေကြသော ရဲများသည် ဤအခွင့်ကောင်းအခါကောင်းကို အသုံးချကြပါသည်။ ဓါးပြအတိုက် ခံရ၍ ယောက်ျား သေဆုံးသွားရသော တရားလိုဒေါ်မေဥ (ကျွန်တော်၏ မိန်းမနာမည်နှင့် အတူတူဖြစ်နေပါသည်။)ကို သွားရောက် မြှောက်ပေးကြပါသည်၊ မြှောက်ပေးသူများတွင် ခေါင်းဆောင်မှာ ကျွန်တော့်ကိုမျက်မုန်းအကျိုးဆုံးဌာနာအုပ်ဂျိုးဆင်း ဆိုသူဖြစ်ပါသည်။ထို့ကြောင့် တရားလိုက ဂျပန်ခေတ်တွင် သူတို့ကို လာရောက်ဓါးပြတိုက်သူ၊ သူ့ယောက်ျားကို သတ်သွားသူများတွင် ကျွန်တော်ပါပါသည်ဟု စွပ်စွဲပါတော့သည်။

တရားလိုများဘက်မှ သက်သေ ၆ယောက် ပြရာ၊၃ယောက်က ထိုဓါးပြလူသတ်မှုတွင် ကျွန်တော် မပါဟု ထွက်၍၊ ၃ ယောက်ကမူ ကျွန်တော်ပါသည်ဟု ထွက်ဆိုကြပါသည်။

သေသူ၏ သွီးကလေး အသက် ၆နှစ် ရွယ်မှာ သက်သေထဲတွင် ပါပါသည်။ ထိုကလေးက လူ၃ယောက် ဓါးပြလာတိုက်ရာတွင် ကျွန်တော်မှာ ရှေ့ဆုံးမှ သေနတ်ကြီးကိုင်ပြီး တက်လာသူဟု ထွက်ဆိုပါသည်။ ရဲများက သင်ပေးထားသည့်အတိုင်း အကုန် ထွက်ပါတော့သည်။ နို့နံ့ပင် မပျောက်သေးသော ဤမျှငယ်သည့် ကလေးကလေး ထွက်ဆိုခြင်းမှာ တရားမဝင်နိုင်ကြောင်း ကျွန်တော်က တရားသူကြီး

http://nyisay.com



အား ပျောက်ပါသည်။ ဤကလေးကလေးက ဤတရားခံ ၃ယောက်သည် သူ့အဘေကို ဓါးနှင့် ခုတ်သတ်ကြပါသည် ဟု ထွက်ဆိုပြန်ပါသည်။

"နင့်အဘေကိုဓါးနဲ့ခုတ်သတ်နေတာအချိန်ဘယ်လောက် ကြာသလဲ"ဟု ကျွန်တော်ကမေးသောအခါ ကလေးကလေး က နာရီဝက်ကြာကြောင်းထွက်ဆိုပါသည်။ "အဲဒီအချိန်မှာ ဖြစ်ပျက်တဲ့နေရာနဲ့ နင်နဲ့ဘယ်လောက်ဝေးသလဲ"ဟု ကျွန် တော်ကမေးရာ "အနီးကလေး၊ပေ ၅၀အတွင်းမှာ ရှိတယ်" ဟု ကလေးကလေးကထွက်ဆိုပြန်ပါသည်။"ဒီလိုနင့်အဘေ ကို တခြားလူတွေက ခုတ်နေ ထစ်နေတော့ နင်မကြောက်ဘူး လား၊ ထွက်မပြေးဘူးလား၊ကြည့်နေတာဘဲလား"ဟု ဆက် မေးပြန်ရာ "မကြောက်ပါဘူး၊ ထွက်မပြေးပါဘူး၊ ကြည့်နေ တာပါဘဲ"ဟု ထွက်ဆိုသည်။

ကလေးကိုသာမက၊ အခြားသက်သေများကိုလည်း ကျွန် တော် မေးခွန်းတွေ အများကြီးထုတ်ပါသည်။ ရှေ့နေကြီး တယောက်ကဲ့သို့ မေးခွန်းများမေးသည်ကို တရားသူကြီးက ကြိုက်ပုံမပေါ်ပါ။ "ဒီအကောင်ရှည်လွန်းသည်၊ လွန်လွန်း သည်"ဟု အောက်မေ့ဟန်တူပါသည်။ စီရင်ချက်ရေးသော အခါ ဤကလေးထွက်ဆိုချက်ကို ယုံကြည်သည်ဟု တရား သူကြီးက မှတ်ချက်ချပါသည်။

ကျွန်တော့်ဘက်မှ သက်သေ ၁၁ယောက်ပြရာ၊ ထိုသက် သေများက ထိုလ ထိုနေ့ ထိုအချိန်၌ ကျွန်တော် မည်သည့် နေရာတွင် မည်သူမည်ဝါများနှင့် အတူရှိသည်။ ဤအမှုတွင် လုံးဝ မပါကြောင်း အတိအလင်းပင် ထွက်ဆိုကြပါသည်။ သို့ရာတွင် တရားသူကြီးက မယုံကြည်ပါ။

http://nyisay.com



တရားသူကြီးမှာ စစ်ဘက်တွင် မေဂျာတယောက် ဖြစ်ပါသည်။ စစ်အုပ်ချုပ်ရေးအခါ ဖြစ်သောကြောင့် ဗစ်ရာထူး ပေးထားသည်၊ ပေးမထားသည်ကိုကား မပြောတတ်ပါ။ ဘရာဘက် ရာဇဝတ် တရားသူကြီး ရေ်ဘာဆင်ဆိုသူ အင်္ဂလိပ်လူမျိုး ဖြစ်ပါသည်။

၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျွန်တော်နှင့် အခြားအမှုတွဲနှစ်ယောက်ကို သေဒဏ် အပြစ်ပေးလိုက်ပါသည်။ ထိုအချိန်မှာ စစ်တွေထောင်တွင် ကြိုးမိန့်ကျသူများကို စစ်သားများက သေနတ်နှင့်ပစ်၍ သတ်နေသောအချိန်ဖြစ်ရာ၊ ကျွန်တော်တို့၏ အသက်မှာ တည်းတည်းပင် ရှိပါတော့သည်။

လွှတ်တော်ရှေ့နေကြီးဦးထွန်းစိန် ဘီအေ၊ဘီအယ်လ် က ကျွန်တော်တို့အတွက် ဟိုက်ကုတ်တွင်အယူခံပေးသောကြောင့် သေဒဏ်မှ အနှစ် ၂၀သို့ ပြောင်း၍ အပြစ်ဒဏ်ပေးခြင်း ခံရခြင်း ဖြစ်ပါသည်။

အနှစ် ၂၀ သမားများ အဖြစ်ဖြင့် စစ်တွေထောင်သို့ ပြောင်းရွှေ့ရ၍ ၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလလောက်တွင်မှ ရန်ကုန်ထောင်သို့ ပြောင်းရွှေ့ခဲ့ရပါသည်။ရောက်သည့်နေ့မှ ယနေ့တိုင် ၂ထောင် (၂အဆောင်)တွင်ပင် နေရပါသည်။ ရန်ကုန်ထောင်တွင် ထိုအချိန်က ထောင်မှူးကြီးမှာ မစ္စတာဘာကီဆိုသူဖြစ်ပါသည်။ ရောက်ပြီး ၅ရက်အရတွင် ထောင်မှူးကြီး ဘာကီက ၂ဆောင် စေတီ ဘုရားတကာအဖြစ်ဖြင့် တာဝန်ချပေးခြင်းခံရရာ၊ ယနေ့အထိ ထိုအလုပ်ကိုပင်လုပ်နေရပါသည်။ အသက် ကြီးသူတယောက် ဖြစ်သောကြောင့် ထိုအလုပ်ကို လုပ်ရသည့်အတွက် ဝမ်းသာနေရပါသည်။

http://nyisay.com



နောင်ကြို့လျှင်လည်း ကျွန်တော်တို့ဒေသတွင် ဆရာဦးလှ မေးကြည့်ပါ။ ကျွန်တော်ထောင်ကျခံနေရသည်မှာမမှန်သော အမှုဖြစ်သောကြောင့် များစွာ နစ်နာပါသည်။ အကျိုး အကြောင်းစုံ ဖေါ်ပြပြီး တရားဌာနဝန်ကြီးထံ အသနားခံစာ တင်ထားသည်မှာ အတော်ပင် ကြာပါပြီ။ ကျွန်တော့်ကို "ချောက်"ချသည့် ဌာနာအုပ်မှာလည်း ကျွန်တော် ဒုက္ခ ရောက်ပြီး မကြာမီမှာပင် ပင်စင်ယူပြီး ပုသိမ်သို့ပြောင်းသွား ပါသည်။ ကျွန်တော် မတရားခံရကြောင်း ရပ်ရွာ၌ လူပြော များသောကြောင့် ဤသို့ ပင်စင်ယူပြီး ပြောင်းရွှေ့သွားခြင်း ဖြစ်သည်ဟု ပြောကြပါသည်။ ထောင်ထဲမှ ကြားရသော သတင်းဖြစ်သဖြင့် အကယ်မှန်ကန်သည်၊ မမှန်ကန်သည်ကိုမူ ကျွန်တော်မသိပါ။

ကျွန်တော်၏ အိမ်သူအိမ်သားများထံမှ စာတလတစောင် ခန့်တော့ ရပါသည်။ ကျွန်တော်ကလည်း စာမှန်မှန်ထည့်ပါ သည်။ ခရီးက ဝေးလွန်းသောကြောင့် သူတို့ လာနိုင်ကြရန် မလွယ်ကူ။ စားရိတ် စားခကလည်း သက်သာမည်မဟုတ်ပါ။

မသေမီ သားမယားနှင့်တော့ တွေ့ရဦးမည်ဟု မျှော်လင့် ထားပါသည်။ ထောင်ထဲတွင် နာမည်ပျက် ဘာမှမရှိပါ။

\+ + +

ဘုရားတကာကြီး ဦးစံညွန့်သည် ၇၊ ၆၊ ၅၅ ရက်နေ့ ညနေ ၅နာရီ အချိန်တွင် ကျွန်တော့်အခန်းသို့ လာကာ "အသနားခံစာ အောင်မြင်လို့၊ နက်ဖန် လွတ်တော့မယ်။ အမိန့်လာပြီ"ဟု အားရဝမ်းသာ ပြောပြပါသည်။ "ဘာလို့

http://nyisay.com



ချင်သလဲ''ဟု ကျွန်တော်က မေးသောအခါ ပုံချည်တထည်သာ လိုချင်ကြောင်းပြောသဖြင့် လုံချည်တထည် ပေးလိုက်ပါသည်။

ဦးစံညွန့်သည် ထောင်ထဲတွင် အသားချည်း ၉နှစ်၊ ၇လနှင့် ၂ရက်နေသွားရပါသည်။ မသက်သာလှပါ။ လျှော့ရက်၊ ဆုမှတ်ရက်များ အရဆိုလျှင် ရှေ့ ၂နှစ်နှင့် ၆လခန့် ကြာမှ လွတ်ပေလိမ့်မည်။ ၇၊ ၆၊ ၅၅ ရက်နေ့ နံနက်ပိုင်းတွင် လွတ်သွားပေပြီ။

\+ \+ \+

အမှုမမှန်ဘဲလျက် ထောင်ထဲတွင် ဤမျှကြာကြာနေရသည်ဆိုသော ကိစ္စနှင့်ပတ်သက်၍ ဘုရားတကာကြီး ဦးစံညွန့်ပြောပြချက်ကို အစသော် ကျွန်တော် မယုံကြည်ပါ။ အချို့သောသူများသည် မိမိအမှုကို အမှန်အတိုင်း ထုတ်ဖော် ပြောပြလေ့မရှိသည်ကို ကောင်းစွာ တွေ့ဘူးသောကြောင့် မြုံးကနဲ လက်မခံနိုင်ခြင်း ဖြစ်ပါသည်။ သို့နှင့် ရခိုင်ပြည်ဘက်မှ ထောင်တွင်း ရောက်နေသူများထံ စုံစမ်းကြည့်ရာ''အဘိုးကြီးဗလာ ခံရသည်''ဟုပင် ဖြေကြပါသည်။ ဘုရားတကာကြီး ဦးစံညွန့်အမှုတွဲများ ကိုယ်တိုင်ကလည်း''ဦးစံညွန့်သက်သက် ခံရခြင်းဖြစ်သည်။ အမှုတွင်လုံးဝမပါ''ဟု ၎င်းတို့၏ မိတ်ဆွေများကို၎င်း၊ ကျွန်တော့်ကို၎င်း ပြောပြပါသည်။

ဇာတ်ဆရာ ဦးဘိုးစိန်ကဲ့သို့ ''ဘုရားတကာ''ဘွဲ့ရရှိရန် အပြစ်မရှိပါဘဲလျက် ၉နှစ်၊ ၇လ၊ ၂ရက် ထောင်ကျခံရရှာသော ဦးစံညွန့်သည် ထောင်ထဲ၌ပင် အိုမင်းပြီး အသက်မဆုံးရှုံးရသည့်အတွက် တော်ပေသေးတော့သည်။

http://nyisay.com

# မူကြော

## (ဆလုံ အမျိုးသစ်း၊ အသက်မသိပါ၊)

### (ပင်လယ်ကြော မျောခဲ့သူ)

ကျွန်တော်တို့ ဆလုံ လူမျိုးများမှာ အသက် မသိရပါ။ (ခန့်မှန်းခြေ ၄၀ခန့်ရှိပါပြီ။ ။စာရေးသူ)ကျွန်တော်တို့ဆလုံ လူမျိုးများသည် ကျွန်တော် ကဲ့သို့ပင် အသက် ဘယ်နှစ်နှစ် ရှိပြီဆိုသည်ကို မည်သူမျှ မသိကြပါ။ ကျွန်တော့် အမိမှာ မန်းင်ရိပ်၊ အဘမှာ ဆင်းန်ညော ဖြစ်ပါသည်။ ပင်လယ်ထဲမှ ကျွန်းတခုပေါ်ရှိ ရွာမှာနေပါသည်။ရွာနာမည်မှာ "ပလက် တဝိုင်း"ဖြစ်ပါသည်။ ယိုးဒယားပြည်အတွင်းရှိ ရနောင်မြို့နှင့် လည်း လှေ၊ သို့မဟုတ် မော်တော်ဘုတ်နှင့်သွား၍ရပါသည်။ ဗမာနယ်စပ် ကော့သောင်(ဝိတိုရိယအငူ)နှင့်လည်း နီးပါ သည်။

မိဘ အလုပ်အကိုင်မှာ မြိတ်စကားဖြင့် "ငွေးခံသည်" ဖြစ်၍၊ ရန်ကုန် စကားဖြင့်မူ ပုစွန်မှုန်ကလေးများကို ငါးပိ လုပ်ရန် ထောင်းသည်၊နောက်တွင် ငါးပိလုပ်သည်။ညီအစ်ကို မောင်နှမ်မဆို၍ အစ်ကိုအကြီး ၃ယောက်၊အစ်မ၂ယောက်၊ ကျွန်တော်ပါ အားလုံး ၆ယောက် ဖြစ်ပါသည်။ မြိတ်မြို့မှာ အစ်ကိုတယောက်နေပါသည်။ဗမာလူမျိုးတဦး၏ပုစွန်ခြောက် ကုမ္ပဏီ (မြိတ်စကား "ကျားပါးစပ်")တွင် ကူလီအလုပ်

http://nyisay.com



လုပ်နေပါသည်။ ဒုန်း ဆိုသောကျွန်းတွင် အစ်ကို၂ယောက် ဖျားပြီး သေဆုံးသွားပါသည်။ ("အသက် ဘယ်အရွယ်မှာ သေသလဲ"ဟု မေးရာ၊ ရယ်မော၍ အသက် မသိကြောင်း ပြောပါသည်။ ။စာရေးသူ) အစ်မတယောက်လည်း ကော့သောင်မြို့တွင် သေပါသည်။

ဆလုံစာမသင်ရပါ။ ဆလုံစာမရှိပါ။ ပသျှူးစာသင်ချင်ပါသော်လည်း သင်ခွင့်မရပါ။ ပသျှူးလူမျိုးများက သူတို့စာကို ဆလုံလူမျိုးများအား သင်မပေးပါ။ ဂဏန်း အရေအတွက် ဟူ၍ရှိပါသည်။ အရေးအသားတော့ မရှိပါ။ စကားသာရှိပါသည်။ မိဘ အစဉ်အဆက်က သင်ပေးကြပါသည်။ ဥပမာ။ ။တစ်=ဆ။ နှစ်=ဒွေအ။ သုံး=သလောအိမ်။ လေး=ပတ်။ ငါး= နင်းမ။ ခြောက်= နမ္ဓ။ ခုနစ်=အိုယု။ ရှစ်= ဘယ်လွ ီး။ ကိုး= ရှားဝိုင်းဒအး။ တစ်ဆယ်= ကျပိုး။ ဆယ့်တစ်=ပိုကျစ်။ ဆယ့်နှစ်=ပို့ဟူးယား စသည်ဖြင့် ဖြစ်ပါသည်။

ကျွန်တော်တို့ ဆလုံလူမျိုးများသည် အလုပ်အကိုင် နားလည်လျှင် မိန်းမယူပါသည်။ အချို့လည်း လူ ၏မျှကြီးသောအခါ(၅ပေခန့်အမြင့်ကို လက်နှင့်ပြသည်။)အချို့လည်း ၏မျှမကြီး၊ အချို့ ၏မျှထက် ကြီးမြင့်လျှင်ယူပါသည်။ကျွန်တော် မိန်းမယူသည်မှာ ဘယ်လောက်ကြာပြီဆိုသည်ကို မမှတ်မိပါ။ ဟုတ်ကဲ့၊ ဂျပန် မြိတ်ကိုဝင်လာသောအခါ မြိတ်ကမ်းခြေ ၁၂ အိမ်ဒိုင်းရပ်မှ ကော့သောင်သို့ ပြေးပါတည်။ မကြာမီပင် ကော့သောင်မှ ဆလုံအမျိုးသမီးကညလေးတဦးနှင့် အိမ်ထောင်ကျပါသည်။ မိန်းမနာမည်မှာ"အီးဘား"ဖြစ်ပါသည်။ ယခု သားငယ်(ကလေး)၂ယောက်ရှိပါသည်။အကြီးသွီးမှာ ၏မျှ

http://nyisay.com



လောက်ရှိပါပြီ။(၃ပေခန့် အမြင့် ပြပါသည်။)သားအငယ်က ဤမျှလောက်ရှိပါပြီ။(၂ပေသာသာခန့်အမြင့်ကို ပြပါသည်။) သမီးနာမည်က "မကြီး" ဖြစ်၍၊ သားကလေး နာမည်က "မအောင်း"ဖြစ်ပါသည်။သမီးအကြီးကို"မကြီး"ဟု ဗမာ နာမည် မှည့်ပေးထားပါသည်။ ကလေးတွေမှာ ဘာမှအလုပ် ကောင်းကောင်း မလုပ်တတ်သေးပါ။ သို့သော် ရေထသော အပတ်မှာ ကမ်းနားတွင် ငါးတို့ ဘာတို့ကို ယက်သဲ့ ကလေးများနှင့် ဘင်းကြပါသည်။ကျွန်တော့်မိန်းမကတော့ ပုစွန်နုကလေးများ (ပုစွန်မှုန့်)ကို နေလှန်း ပေးပါသည်။ ကျွန်တော် မရှိခိုက်တွင်ကား အခြား သူများထံ ကူလီလိုက် လုပ်ရပါသည်။ တနေ့ ဒိ၊ အလုပ်များလျှင် ၂၀၊၃၀၊၄၀အထိ ရပါသည်။ပုစွန်မှုန် ကူလှန်းရသော အလုပ်များ ဖြစ်ပါသည်။

ဆလုံလူမျိုးအချို့သည် ရွာများတွင် နေကြပါသည်။ တရွာလျှင် အိမ်ခြေ ၁၅၊၂၁၊၃၀ စသည်ဖြင့်ရှိကြပါသည်။ ရွာအချို့သည် ကျွန်းများပေါ်တွင်ဖြစ်ပါသည်။ရွာအချို့မှာ ပင်လယ်ကမ်းပါး (ရေခံ)ရှိ သွန်ကြီးများပေါ်တွင် တဲအိမ် ငယ်များထိုးပြီးနေကြပါသည်၊အချို့က လှေများပေါ်မှာပင် နေကြပါသည်။ လှေကတော့ အုန်းလက် အငယ်စားနှင့် တူသော ရေငန်းလက်များမှ ဆူးများကိုခုတ်ပစ်ပြီး နေလှန်း ရပါသည်။ ၎င်းရေငန်း လက်လုံးများကို ကြိမ်နှင့် သီ ဖေါက်ပြီး အောက်နားက သစ်သားလှေကလေး လောင်း ကလေး မတည်ထားပါသည်။သစ်သားလောင်းနှင့် ရေငန်း လက်များ သီထားသော လှေကလေးကို ရေနံကြီး(ရေနံမဲ) သုတ်ထားပါသည်။ လှေတွင် တယောက်ကပဲ့ကိုင်၍ နှစ် ယောက်က ခတ်ပါသည်။ ပဲ့က လူက မလှော်မခတ်ရပါ။

http://nyisay.com



လှေရွက်များမှာ အဝတ်အရွက်မဟုတ်ပါ။သဇင်ရွက်များကို ကြိမ်နှင့်သီထား၍ အလွန်ခိုင်မာသော ရွက်များဖြစ်ပါသည်။ ဘယ်လိုပင်ရေစိုစိုလေတိုက်တိုက်လှိုင်းခတ်ခတ် မပျက်စီးပါ။ ရာသီဥတုဒဏ်ကို ခံနိုင်ပါသည်။ ဆလုံလူမျိုး အားလုံး၏ လှေများမှာ ဤလှေဤရွက်မျိုးချည်း ဖြစ်ပါသည်။ လှေမှာ မမြုပ်ပါ။ ပင်လယ်ထဲတွင် ဤလှေများနှင့် သွားနေကြ ပါသည်။ မည်မျှပင် လှိုင်းကြီးစေကာမူ မကြောက်ရပါ။ ဘဲငန်းများကဲ့သို့ ဖြစ်နေပါသည်။ လှိုင်းကြီးလှေအောက် ဖြစ်ပါသည်။ လှေများမှာ ကြီးကြီးမားမား မဟုတ်ပါ၊ အကြီးဆုံးမှ ၆ လံခွဲသာ ရှိပါသည်။ အချို့သော ဆလုံ အမျိုးသားများသည် သား သမီး လင်စုံ မယားစုံ တအိမ် သားလုံး လှေပေါ်တွင် နေကြပါသည်။ လှေပေါ်မှာပင် ချက်ပြုတ်စားပါသည်။ ဤလှေများနှင့်ပင် ငါးဘမ်း၊ လှေ ပေါ်တွင်ပင် ချက်စရာချက်စားကြပါသည်။ သောက်ရေ ပြတ်လျှင် ကျွန်းများပေါ် တက်ရှာရပါသည်။ လှေတစင်း လျှင် ခွေး ၂ကောင်၊ ၃ကောင်အမြဲတမ်း ပါပါသည်။ ကျွန်း များသို့ရောက်လျှင် ခွေးများနှင့်တောဝက်လိုက်ကြပါသည်။ ခွေးသည် အလွန်အသုံးကျပါသည်။ဝက်သားမှာမူ ရှားရှား ပါးပါး အသားဖြစ်ပါသည်။ ငါးမှာ နေ့တိုင်း စားရ၍ ကျွန်တော်တို့ အကြိုက်ဆုံး အစားအသောက်လည်း ဖြစ်ပါ သည်။

ကျွန်းများကိုရောက်လျှင် ရေနှင့် ၃လံ၊ ၄လံခန့် ရှိသော ကျောက်ကမ်းပါးများတွင် ကပ်နေသည့် "ခရင်း" များကို အသာခေါက်ဘမ်းကြပါသည်။ ထို့နောက် ရေအောက်တွင် နေကြသည့် ကမာများကို ဘမ်းကြပါသည်။ အစိမ်းလည်း

http://nyisay.com



စားကြပါသည်။ဟင်းချက်၍လည်း စားရပါသည်။ဗမာများ လည်း ဤသို့ပင် စားကြပါသည်။

ကျွန်တော်တို့ ဆလုံများသည် ဆွေမျိုးအုပ်စုနှင့်နေလေ့ ရှိကြပါသည်။ အချို့အုပ်စုမှာ အစဉ်အဆက် ကတည်းက မုတ်ငုပ်လေ့ရှိရာ၊ ယခုလည်း ဤအလုပ်များကိုသာ လုပ်ကြ ပါသည်။ (ပုလဲငုပ်ခြင်းကိုဆိုလိုသည်။) ၎င်းတို့သည် ဤအ လုပ်မျိုးတွင် ကျွမ်းကျင်ကြပါသည်။ အချို့ ဆွေမျိုးအုပ်စုက ငှက်သိုက်လုပ်ငန်းကို လုပ်ကြပါသည်။ ကျောက်တောင်များ ပေါ်သို့ အသက်ဆံဖျား တက်ကြရပါသည်။ ၎င်းအလုပ်ကို အခြားသူများ မလုပ်နိုင်ပါ။ အချို့ဆွေမျိုးစုက ငါးကြီးအန် ဖတ် လိုက်ကြပါသည်။ ၎င်းတို့သည် ပင်လယ်ထဲတွင် လှေ များနှင့် နေသူများ ဖြစ်ကြပါသည်။

ငါးကြီးအန်ဖတ်ဆိုသည်မှာ ဘယ်ဆီမှာ ရှိမှန်းမသိပါ။ အချို့လည်း ငါးကြီးကအန်ခဲ့၍ လှိုင်းပုတ်ပြီး ကမ်းကပ် လာသဖြင့် ဝင်တိုးပြီး ရကြပါသည်။ များသောအားဖြင့်အနံ့ ခံပြီးလိုက်လေ့ရှိကြပါသည်။ ငါးကြီးအန်ဖတ်ရှိသောနေရာ နှင့် တမိုင်ခန့်အကွာအဝေးဆိုလျှင် ညှီနံ့ကောင်းကောင်း ရပါသည်။လက်ဖက်ရည်ပန်းကန်အသေးကလေး (၂အောင် စဝင်) ခန့်ဆိုလျှင် ဖေါက်သည်ဈေး ၂၅၀ ခန့် ရှိပါသည်။ ကံကောင်းသူများမှာ ဝင်တိုးပြီး များများကောင်းကောင်း ရပါသည်။အဖြူက အမဲထက် ဈေးပိုရပါသည်။

အချို့ဆလုံဆွေမျိုးစုများက ငမန်းထိုးကြသည်။မိကျောင်း တော့မထိုးပါ။ကြောက်ပါသည်။အချို့သည်ပုစွန်မှုန်ဘမ်းပြီး မျှင်ငါးပိလုပ်ကြသည်။ အချို့မှာ ၎င်းလုပ်ငါးများတွင် ကူလီ

http://nyisay.com



လုပ်ကြပါသည်။ အချို့လည်း သစ်ခေါက် ခွာသော အလုပ် လုပ်ကြပါသည်။

ဆလုံလူမျိုးများမှာကျွန်တော်သိသလောက်အနှံ့အပြား နေထိုင်ကြပါသည်။ယိုးဒယားပြည်ဘက် ရနောင်၊ ကွန်ပါ၊ ဗမာပြည်ဘက် ကော့သောင်၊မလိ၊ ကွန်မွေ၊ပထော်တောင်၊ မြိတ်ကမ်းခြေ စသည်တို့တွင် နေကြပါသည်။ ယိုးဒယားပြည် ဘက်တွင်သဲထူသောကျွန်းများ၌ အုန်းပင်များစိုက်ပြီး နေကြ ပါသည်။ယိုးဒယားနှင့် ဆလုံများ ရောနှောနေကြပါသည်။ စပါးစိုက်၊တောင်ယာစိုက် အလုပ်များလည်း အချို့လုပ်ကြ ပါသည်။

မြိတ်အနီးတွင် ပုလဲငုပ်သူများမှာ ရေငုပ်အကောင်းဆုံး လူစု ဖြစ်ကြပါသည်။ ၁၅လံ၊ ၁၆လံ၊ ၁၇လံထိ ရေငုပ်နိုင် ပါသည်။ ကျွန်တော်တို့ဘက်တွင်မူ ၇လံ၊ ၈လံမျှသာငုပ်နိုင်ကြ ပါသည်။ မည်မျှကြာသည်တော့ မသိပါ။ ရေထဲတွင် တော် တော် ကြာကြာကြီး နေနိုင်ပါသည်။

ဆွေမျိုးအရင်းချင်း အိမ်ထောင်မပြုပါ။ အခြား အုပ်စု ဆွေမျိုးနှင့်သာ အိမ်ထောင်ပြုပါသည်။ မင်္ဂလာဆောင်သည် ကို "အိမ်တက်သည်"ဟု မြိတ်စကားဖြင့် ခေါ်ပါသည်။ "မိုက်မြိနိုင်"ဟု ဆလုံဘာသာဖြင့်ခေါ်ပါသည်။မိန်းကလေး မိဘက သဘော တူမည်ဟု ယူဆလျှင် သတို့သားသည် ငွေလက်ကောက်၊ ငွေလက်စွပ်၊ ထမီ၊ အင်္ကျီများကို မိန်း ကလေး မိဘများထံသွား၍ တင်ရပါသည်။ ထိုအခါ မိဘက သမီးကို ချစ်နိုင် မချစ်နိုင် မေးသည်။ မိန်းကလေးက မချစ်နိုင် ဆိုလျှင် မိဘက မပေးစားပါ။ထိုအခါ လာတင်သော ပစ္စည်း များကို ပြန်ပေးပါသည်။

http://nyisay.com



အချို့လူငယ်ချင်း ချစ်ကြိုက်မှုများ ရှိကြသည်။ ထုံးစံအတိုင်း ပစ္စည်းတင်၍ မိဘက သဘောမတူလျှင် လူငယ်ချင်းခိုးရာလိုက်၍ ထွက်ပြေးခြင်းများလည်းရှိပါသည်။ သို့ရာတွင်တခါတရံသာဖြစ်၍ ဤကိစ္စမျိုး နည်းပါသည်။

ပိုက်ဆံရှိသောသူများ မင်္ဂလာဆောင်လျှင် အရက်တိုက်သည်။မုံ့အကျွေးအမွေးရှိပါသည်။ ယောက်ျားကလေးဘက်က ငွေကုန်ခံရပါသည်။ ဆင်းရဲသားများမှာမူ ငွေလက်ကောက်၊ ငွေလက်စွပ်၊ ထမီ၊ အင်္ကျီတင်လျှင် ငြိုးကြပါသည်။ နတ်ကိုမကန်တော့ပါ။ ဖျားနာသည့်အခါ နတ်ကို ကန်တော့ပါသည်။

ဆလုံဆေးဆရာသည် ဆေးဝါးမကိုင်ပါ၊ မရှိပါ။ ဖျားနာသောအခါ ဆလုံဆရာက အထက်ဘုရားဆီမှနတ်ကိုပင့်ပါသည်။ လူမမာထံသို့ ဆရာ လာသောအခါ ဆရာ၏ တပည့် ၂ယောက်လည်း ပါလာပါသည်။ဆရာက နတ်ပင့်ပြီး နတ်ပူးဝင်ပါသည်။ ဘေးမှ လူ၂ယောက်က ရောဂါ အခြေအနေအကျိုးအကြောင်းကို နတ်ဝင်ဆရာမှတဆင့် ပြောပြပါသည်။ ထိုလူ၂ယောက်က"ရှင်ကြီးအလိုရှိတာ ပြောပါ" ဟုဆိုလျှင်ကြက်၊မုံ့၊ငှက်ပျောသီး၊ကြံ၊ ဘဲဥ စသည်တို့ထဲမှ တခုခုတင်ဆက်ရန်ပြောပါသည်။နတ်ပူးသည့် ဆရာသည် လူမမာ၏ နာကျင် ကိုက်ခဲနေသော နေရာကို ဆုပ်ကိုင်ပေးသည်။ ပျောက်လည်း ပျောက်ကြပါသည်။

သေသောအခါ တလား (ခေါင်း)နှင့် မြေမြှုပ်ပါသည်။ ဘုန်းကြီးတွေဘာတွေမရှိပါ။ သင်းချိုင်းလည်းအတည်မရှိပါ။ အိမ်ခြေ ယာခြေနှင့် တခေါ်လောက် ဝေးသော နေရာတွင်

http://nyisay.com



မြှုပ်ကြရပါသည်။ ပိုက်ဆံရှိသူသေလျှင် ဆရာလည်း လိုက်ပါသည်။ မမြှုပ်နှံမီ ဆရာ့ကို အရက်တိုက်ပါသည်။ လူသေကောင်ကို မမြှုပ်မီ ဆရာက "မင်းပစ္စည်းတွေလဲယူသွားပါ၊ ရွာထဲကလူတွေကိုလာမခေါ်ပါနဲ့၊ ဖျားအောင်နာအောင်လဲ မလုပ်ပါနဲ့" စသည်ဖြင့် တောင်းပန်ပြီး နောက်မှ မြှုပ်နှံလိုက်ပါသည်။

လူသေလျှင် သက်ဆိုင်ရာပစ္စည်းတွေပါအားလုံး မြှုပ်လိုက်ပါသည်။ ဘာမှ ချန်မထားပါ။ ယူထားလျှင် ယူထားသူများအား သေသူကလာခေါ်မည်ကို ကြောက်ကြ၍ ယူမထားခြင်းဖြစ်ပါသည်။

ကလေးမျက်နှာမြင်သည့်နေရာသို့ ယောက်ျားများမသွားရပါ။လင်ယောက်ျားမှာခပ်ဝေးဝေးကထင်းခွဲပေးရပါသည်။ အနှိပ်သည်(ဝမ်းဆွဲ) က ထင်းကို လာယူပါသည်။ မျက်နှာမြင်သူသည် မီးလှုံရပါသည်။ ကျောက်ခဲမီးဖုတ်နှင့် အုတ်ပူထိုးရပါသည်။ ဘာဆေးမှမတိုက်ပါ။မိန်းမ ၄၊၅ယောက်က မီးနေစောင့်ကြပါသည်။မီးမဖွားနိုင်၍ကလေးလူကြီး ၂ဦးလုံး သေသူများလည်း ရှိပါသည်။ အမေသေ၍ ကလေးရှင်သည်များလည်း ရှိပါသည်။မီးဖွားကိစ္စတွင် နတ်မတင်ပါ။

ကျွန်တော်တို့ဘက်တွင် မိန်းမများ အင်္ကျီဝတ်သူ ဝတ်ကြပါသည်။ မဝတ်သူများမှာ ပိုက်ဆံမရှိ ဆင်းရဲသောကြောင့် မဝတ်နိုင်၍ မဝတ်ခြင်းဖြစ်ပါသည်။ ရှိသောအခါ ဝတ်ကြပါသည်။ အချို့ အစုတ်ဝတ်ထားကြပါသည်။ အကောင်းမဝတ်

http://nyisay.com



ချင်၍ မဝတ်ခြင်းတော့ မဟုတ်ကြပါ။ မဝတ်ခြင်းမှာ ထုံးစံဆိုသည်မှာလည်း မဟုတ်ပါ။

လက်ဝတ် လက်စားလည်း ဝတ်ချင်ကြပါသည်။ မဝတ်ချင်မရှိပါ။ ပိုက်ဆံရှိသူများသည် ရွှေလက်ဝတ်လက်စားများ ဝတ်ကြပါသည်။ ငွေဝတ်သူများမှာ ရွှေမတတ်နိုင်၍ ဖြစ်သည်။

ဆလုံ အမျိုးသွီးတဦးသည် တရုတ်၊ကုလား၊ရှမ်း၊ဗမာ၊ကုရင်၊ပသျှူး စသည် မည်သည့် လူမျိုးကိုမဆို လက်ထပ်ခွင့်ရှိပါသည်။ဒုန်းဆိုသောမြိတ်ပင်လယ်တွင်းကျွှာတွင်ကုရင်နှင့်ဆလုံများ အယူများကြပါသည်။ တရုတ်၊ရှမ်း၊ဗမာစသောလူမျိုးခြားများမှာ ဆလုံချောချောလှလှ များကို ယူတတ်ကြပါသည်။ ဆလုံမ တယောက်သည် တရုတ်၊ ကုလား၊ ဗမာစသော လူမျိုးများနှင့် လက်ထပ်လျှင် ဆလုံများက သဘောကျကြပါသည်။ ဂုဏ်ရှိသည်ဟု ထင်ကြပါသည်။ နိုင်ငံခြားသား မိုလ်ကတော် သဘောမျိုး ဖြစ်ပါသည်။

ဆလုံ လူမျိုးတွင် စကား ၃ မျိုးရှိပါသည်။ မြိတ်ဆလုံ၊ ရနောင်ဆလုံနှင့် ကော့သောင် ဆလုံ များက စကားတမျိုးတည်းဖြစ်၍၊ ယုံးဒယားဘက်တွင် ၂မျိုးရှိပါသည်။

ကျွန်တော်တို့ ယခုထောင်ထဲ ရောက် လာရာတွင် ဂျပန် ၂ယောက်၊ပသျှူး၆ယောက်၊ ဆလုံ၁၆ယောက်၊ဗမာစကားပြန်တယောက်နှင့် ယုံးဒယား ၁၂ယောက်၊ ပေါင်း ၃၇ ယောက်ဖြစ်ပါသည်။ ယုံးဒယားပင်လယ်ဘက်တွင် ဤအဖွဲ့သည် သင်းဘောကလေး ၁စင်း၊ လှေငယ် ၆ စင်းနှင့် ငါးဘမ်းရန် ပိုက်ချ၍ စာဝက်ခန့်ပင် ဆွဲတင်မိနေပါပြီ။ ဤ

http://nyisay.com



အချိန်တွင် (လေပုန်း) လေမုန်တိုင်း ဖြိုးကနဲ ဝင်လာရာ၊ ပိုက်ပြတ်ပြီး သင်းဘောမှာ ပင်လယ်ပြင်ဘက်သို့ ပါသွားပါသည်။ မိုးချုပ်ခါနီးအချိန် ဖြစ်ပါသည်။ လေမုန်တိုင်းကြောင့် သင်းဘောထဲတွင် မထနိုင်ပါ။ အိပ်နေကြရပါသည်။ သင်းဘောစက်လည်း ပျက်သွားပါသည်။ တက်မတခြမ်းလည်း ပျက်သွားပါသည်။ ထနိုင်၍ ထကြည့်သောအခါ မီးပြတိုက် တတိုက်မှ မီးကိုမြင်ရပါသည်။ ရေမရှိ၍ ထမင်း မစားရသည်မှာ ၄ရက်ခန့်ရှိပြီ ထင်ပါသည်။ သင်းဘောကိုပြင်ရာ နည်းနည်း ကောင်းလာပါသည်။ သို့နှင့် မီးမြင်ရာသို့ မောင်းလာရာ၊ ကိုကိုးကျွန်းသို့ ရောက်လာပါသည်။ ကျွန်းရှိလူများက ဘာကြောင့် လာကြောင်း မေးရာ၊ အကျိုးအကြောင်း ပြောပြပါသည်။ကိုကိုးကျွန်းမှ အရာရှိများက ထမင်းနှင့် ငါးဟင်းများ ကျွေးကြပါသည်။ ထို့နောက် ကျွန်တော်တို့ကို ဘမ်းလိုက်ပါသည်။သင်းဘောပေါ် လိုက်ရှာရာ၊ လက်နက်ဘာမှမတွေ့ပါ။ ပိုက်ကွန်နှင့် ဆန် ၃အိတ်သာတွေ့ကြပါသည်။ ပတ်စ်ပို့မရှိမှုနှင့်ဘမ်းခြင်းဖြစ်ပါသည်။ ကိုကိုးကျွန်းတွင် တလခန့် ထားပြီး မော်တော်ဘုတ်ကို သင်းဘောတစင်းနှင့် တွဲကာ ရန်ကုန်သို့ ခေါ်လာပါသည်။ ရန်ကုန်သို့ရောက်သောအခါ ထောင်ကြီးထဲ သွင်းထားလိုက်ပါသည်။ယိုးဒယားမှ ထွက်လာကတည်းက ယနေ့အထိ ၉လခန့်ရှိပြီဟု အဖေါ်များက ပြောကြပါသည်။

ကိစ္စရှင်းလင်းပြီးဖြစ်၍ ယခု ၂ သုတ် ပြန်သွားကြပြီ။ ၁၁ယောက်သာ ကျန်ပါတော့သည်။ဆရာမှာ ဂျပန်ဖြစ်ပါသည်။ယုိးဒယားသံရုံးကသင်းဘောကလေးပါပြန်၍ရမည်၊

http://nyisay.com



စောင့်ကြဦးဆို၍စောင့်နေကြပါသည်။ သင်္ဘော ကလေး ပြန်ရလျှင် သင်္ဘောနှင့် ပြန်ကြပါမည်။

ဤအလုပ်ကို ဝင်လုပ်ပြီး တလလောက် ကြာသောအခါ ဤသို့ဖြစ်ရပါသည်။ ဂျပန်ငါးဘမ်းကုမ္ပဏီမှ ယခုပါလာသူမှာ လူကြီးတယောက် ဖြစ်ပါသည်။ ကုမ္ပဏီက အလုပ်သမားခေါ်၍ ပိုက်ပစ်အလုပ်သမားအဖြစ် ယူ၀ိးဒယားငွေ တလ၃၀၀ဝိ၊ (ဗမာငွေ ၁၂ဝိ) သူ့ထမင်းစားနှင့် ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါသည်။

(မြိတ်သား မောင်မောင်တင်က စကားပြန်၍ကူညီသည်။)

# မောင်တင်

## (အသက် ၃၂ နှစ်)

### (အခြေအနေ မရှိသောကြောင့်)

ဇာတိ ပုသိမ်အပိုင် သာပေါင်း ရွာကပါ။ ဦးမောင်တင့် ဒေါ်စိန်တင့်တို့၏ သား ဖြစ်ပါသည်။ ကိုယ်ပိုင် လယ် ကေ အစိတ်ခန့် လုပ်ကိုင်ပါသည်။ ညီ၂ယောက်ရှိရာ၊ တယောက် က ကျောက်ပေါက်သေပြီး၊ တယောက်မှာ ရောင်ဖေါပြီးသေ သွားပါသည်။ ယခုသော် ကျွန်တော် တယောက်သာ ကျန် ပါတော့သည်။

ငယ်ငယ်က ရွာလယ်ဘုန်းကြီးကျောင်းမှ ဘုန်းတော်ကြီး ဦးပညာဝံသ ထံတွင် စာသင်ရပါသည်။ စာရေး စာဖတ် တတ်ပါသည်။ ဂဏန်းကိုမူ ကောင်းကောင်း မတတ်ပါ။ ပရိတ်ကြီးကုန့် အတွင်းအောင်ခြင်း အပြင်အောင်ခြင်း ထိ သင်ဘူးပါသည်။ ကျောင်း နေသည်မှာ ၁၁နှစ်၊၁၂နှစ်သား အရွယ်က အစဖြစ်ပြီး ၁၄နှစ်၊ ၁၅နှစ်သား အရွယ်တွင် ကျောင်းထွက်ပါသည်။ ၁၅နှစ်မှာ ရှင်ပြု၍၁၇နှစ်မှာ ရှင်လူ ထွက်ပါသည်။

ရှင်လူထွက်ပြီး မိဘများအား နွားကျောင်း၊ လယ်ထွန်၊ ကောက်ရိတ် စသည်ဖြင့် ကူညီ လုပ်ကိုင်ပေးရပါသည်။

၁၇နှစ်မှ ၁၉နှစ်ရွယ် အထိ မိဘနှင့်အတူ နေပါသည်။ ၁၉နှစ်တွင်ရွာမှ မတင်ဆိုသူ မိန်းကလေးနှင့် အိမ်ထောင်ပြု

http://nyisay.com



ပါသည်။ သမီးကလေး တယောက်ရပြီး ယခုသော် ကလေးမှာ ၁၂နှစ် သမီးရွယ် ရှိပါပြီ။ ယခုလည်း ရွာမှာပင်ရှိနေကြပါသည်။ ကျွန်တော်က ဒီထွက်လာ၍သာ တခြားစီ ဖြစ်နေခြင်း ဖြစ်ပါသည်။

မိဘများမှာ အိုမင်းကြပြီ ဖြစ်၍ လယ်ကို ကျွန်တော်ပင် ဦးစီး လုပ်ကိုင်ရပါသည်။အရက် သေစာ မသောက်ပါ။

တနေ့တွင် ဝမ်းကိုက်ပါသည်။ တော်တော်နှင့်လည်း မပျောက်ပါ။ ၂ လလောက် ကြာပါသည်။ ကုလား ဆရာ တယောက် ခေါ်ကုသည်တွင် ဘိန်းနှင့် ဆေးခြောက်ပါသော ဆေးနှင့်ကု၍ သက်သာပြီး ပျောက်သလို ဖြစ်သွားပါသည်။ သို့ရာတွင် မကြာမီပြန်ဖြစ်ရာ ဆေးခြောက်နှင့် ဘိန်းနည်းနည်း လုပ်လိုက်လျှင် သက်သာသွားပြန်ပါသည်။မလုပ်ဘဲ နေလိုက်လျှင် ရောဂါ ပြန်ပေါ်၊ ပြန်ကု၊ သည်လိုနှင့်ပင် နောက်ဆုံး ဘိန်းစွဲနေပါတော့သည်။

ဘိန်းအဆီချ၊ ကွမ်းကို ဓါးနှင့်ပါးပါးလှီးပြီး မီးကင်၊ ဘိန်းဆီနှင့်ရောနယ်၊ ဝါးလုံးကို တမာကူဆေးတံကဲ့သို့လုပ်၊ ဝါးထဲတွင်ရေထည့်၊ အပေါ်က အတက်ကလေးထဲသို့ ဘိန်းဆီနှင့် နယ်ထားသော ကွမ်းဓားလှီးကို ထည့်ပြီး ရှူရပါသည်။ ဘိန်း ရှားပါးသည့်အခါ ချွေတာရေး သဘောနှင့် ၎င်းကွမ်းပုံကိုပင် ရှူရခြင်းကို ဆိုလိုပါသည်။ဘိန်းကဲ့သို့ပင် အတူတူ ကောင်းပါသည်။ဘိန်းနှင့် ဘာမျှ အကြောင်းမထူးလှပါ။

ရွာတွင် နေရင်း ဘိန်းစွဲနေသည်မှာ ၅နှစ်လောက်ကြာပါသည်။လိုင်စင်မရှိဘဲ တရုတ်များထံမှဝယ်၍ ရသော်လည်း ဈေးကြီးလှပါသည်။ ရန်ကုန်တွင် ယခုပေါက်ဈေး (၅၅ ခုနှစ်

http://nyisay.com



ဇွန်လ)မှာ တပဲသားလျှင်၅မူးလောက်ကျပါသည်။တောတွင် တပဲသားလျှင် ၂၀ဈေးဖြစ်ရာ၊ ဆင်းရဲသားဖြစ်၍ တလတကျပ်ခွဲသားလောက်သာ တတ်နိုင်ပါသည်။ ထို့ထက်လည်း ပိုပြီး မတတ်နိုင်ပါ။ သို့တိုင်အောင် ၄၄၀ဘိုးလောက် ရှုံးပါသည်။

ကျွန်တော့်အဘို့ဤသို့ဖြစ်၊ဤသို့ကုန်ကျသောကြောင့်မိဘနှင့်သားမယားများက မကြေနပ်ကြပါ။ လယ်အလုပ်ကိုမူ မလုပ်မဖြစ်၍ ကြိုးစားလုပ်ရသော်လည်း ခွန်အားမှာ ဆုတ်ယုတ်နေပါသည်။

ရန်ကုန်သို့ ထွက်လာသည်မှာ ၁၁လ မျှသာ ရှိပါသေးသည်။(၂၅၊ ၆၊ ၅၅၊နေ့တွင်ပြောသည်။)

ရန်ကုန်သို့ ထွက်လာသည့်အကြောင်းမှာ မိဘများ၏မွေးစားသားကြောင့်ဟုပင် ဆိုရပါမည်။ မိဘများတွင် မွေးစားသားငယ်တယောက် ရှိပါသည်။ သူသည် လက်ဖက်ရည်ဆိုင်၊ လွှစက်၊ထမင်းဆိုင် စသည်တို့တွင် တနေရာ ၄၊၅ရက်မျှ ဝင်ရောက်လုပ်ကိုင်ပါသည်။မည်သည့် အလုပ်ကိုမျှ စွဲစွဲမြဲမြဲလုပ်သည်ဟူ၍ရှိမပါ။ ထို့ကြောင့် ကျွန်တော်က စွဲစွဲမြဲမြဲ လုပ်ရန်နေရန် ပြောပြဆုံးမငေါက်ငန်းရာ ကျွန်တော်၏ မိဘများက သဘောမကျ၊၎င်းတို့သားကို ငေါက်ရပါမည်လား၊ ကိုယ့်ထက်အငယ်ကို မချော့ကောင်းလားဟု အပြစ်တင်ပါသည်။

ကျွန်တော်ကလည်း စေတနာကောင်းနှင့် ဆုံးမသည်ကို မကြိုက်ရကောင်းလား ဆိုပြီး ဒေါပွမိပါသည်။ မိဘများမှာ ကျွန်တော်တို့ ငယ်ငယ်က ထမင်းစားရင်း"ပြွတ်-ပြွတ်" နှင့်ပါးစပ်ကမြည်လျှင် ထရိုက်ပြီး ဆုံးမတတ်ပါသည်။ သားအရင်းများကိုစည်းကမ်းတကျဆုံးမလာပြီး၊မွေးစားသားကိုမူ

http://nyisay.com



အလွန် အကျုံး အလိုလိုက်၊ နေမြင့်အောင်အိပ်၊ အလုပ် မလုပ်ဘဲ နေစေ၊ စားချိန်တန်မှ ထစားသည်ကို ခွင့်လွှတ်ထားရာ ကျွန်တော်က မကြိုက်နိုင်ပါ။

ထို့ကြောင့် “ငါ့ဖါသာငါ ဘာဘဲဖြစ်ဖြစ်” ဆိုပြီး ငွေ ၆၀ လောက်ယူကာ ပုသိမ်သို့ ပဌမ ထွက်ခဲ့ပါသည်။ပုသိမ်၌ ဆိုလျှင် မိဘ ဆွေမျိုးများနှင့် တွေ့နေဦးမည် စိုး၍ တညသာ အိပ်ပြီး ရန်ကုန်သို့ မီးရထားနှင့် လိုက်ခဲ့ပါသည်။

ရန်ကုန်၌ ၂၃လမ်း အထက်လမ်းတွင် ဗီလပ် မီးဖိုများ လုပ်ရောင်းသည့် ဘညွန့်ဆိုသူ သူငယ်ချင်း တယောက်ရှိပါသည်။ ကွမ်းခြံ ဘူတာက ဆင်းလျှောက်ဆင်းချင်း ၂၃လမ်းတွင် နေသော ဘညွန့်ကိုလိုက်ရှာရာ ချောချော မောမောပင် တွေ့ရပါသည်။

ယခင်က ရန်ကုန်ကို လေးခေါက်လောက် ရောက်ဘူးရာ ပဌမတခေါက်မှာဂျပန်ခေတ်ဘုန်းကြီးနှင့် လိုက်လာခြင်းဖြစ်ပြီး၊ ထိုအခါက ၈ ရက်လောက်သာ ကြာပါသည်။နောက်သုံးခေါက်မှာမူ ဘုရားဖူး၊အလည်အပတ်၊ အရောင်းအဝယ်လာခြင်းများ ဖြစ်ပါသည်။ စစ်ပြီးစက လေထိုးစများ ဝယ်ပြီး ရွာသို့ ပြန်၍ ရောင်းပါသည်။

သူငယ်ချင်းဘညွန့်က ၂၃လမ်းထဲက ကိုလှရွှေ ထမင်းဆိုင်တွင် ထမင်းချက်အလုပ် သွင်းပေးပါသည်။ ထမင်းကျွေးတနေ့ ဒိ–၈ပဲ၊ပေးပါသည်။သုံးလေးလလောက်လုပ်၍ ကိုလှရွှေတို့က ၎င်းတို့ ထမင်းဆိုင်ကို တခြားလူတယောက်အား တဆင့် ငှါးခဲ့ပြီး ခရီးထွက်ကြရာ၊ ကျွန်တော်လည်း ဆက်မလုပ်တော့ပါ။

http://nyisay.com



ဘညွန့်တို့နှင့်ပင် အတူနေ၍ အလုပ်မှာ ကျဘမ်းပင် လုပ်ရပါသည်။သင်းဘောကြီးကုန်တင်ကုန်ချ လူလိုသည် ဆို လျှင်လိုက်၊ အိမ်မိုးပေးရန် လူလိုသည်ဆိုလျှင်လိုက်၊ ဤသို လျှင် တွေ့ရာ ကျဘမ်းလုပ်ပါသည်။

လွန်ခဲ့သည့် ၄လလောက်က ထောင်ထဲသို ရောက်လာခြင်း မှာ ပဋ္ဌမဆုံးအကြိမ် စရောက်ဘူးခြင်းဖြစ်ပါသည်။ ထောင် ထဲသို့ရောက်ဘို့ ဖန်တီးလာသောအကြောင်းမှာလည်း နံနက် ၅နာရီထိုးခါနီးတွင် မိုလ်ကလေး ဈေးနားသို့ ရောက်လာ မိသည့်အတွက်ဖြစ်ပါသည်။အိမ်မိုးအလုပ်လုပ်ရဘို့ သွားရင်း မော်တော်ကား၊ ဘတ်စ်ကားများ ပြင်သည့် အလုပ်ရုံတခု အနီးတွင် စင်းကားစက်ခေါင်းတခု တွေ့၍ ပိုင်ရှင်လည်း မရှိသည်နှင့် ဆွဲယူကာ ဘတ်စ်ကားစီးပြီး အိမ်ပြန် အပို့၊ သိမ်ကြီးဈေးနားရောက်သောအခါ ကင်းသမားများနှင့် တွေ့ ပါသည်။၎င်းတို့က မသင်္ကာသဖြင့် ဂတ်သို့ပို့ရာ အခြေအနေ မရှိသောကြောင့် ဂတ်က ဘမ်းထားလိုက်ပါသည်။

နောက်တရက်တွင် တရားသူကြီးထံပို့ရာ၊ရမန် ၇ရက်ပေး လိုက်သဖြင့် ထောင်ကြီးချုပ်ခရောက်လာရပါသည်။ ၎င်း အမှု နှင့် ပတ်သက်၍ တရားသူကြီးက ထောင်တလ ချလိုက်ပါ သည်။

ထောင်ကလွတ်သောအခါ ၂၃လမ်းတွင် ဘညွန့်တို့နှင့်ပင် အတူနေပါသည်။အလုပ်အကိုင်မှာ ယခင်အတိုင်းဖြစ်ပါသည်။

တနေ့နံနက်တွင် ပုဇွန်တောင်ဘက်သို့ အိမ်မိုးရန် အဖေါ် တယောက်နှင့် သွားပါသည်။ မန္တလေးလမ်း ရောက်သော အခါ ၄နာရီခွဲခန့်ရှိနေပါပြီ။စက်ဘီးပတ်ဟာရောင်က မသင်္ကာ ဟုဆိုကာ ဘမ်းပြီး ချုပ်ပါသည်။ ကျွန်တော်က အိမ်မိုးငှား

http://nyisay.com



ထားသောအိမ်ရှင်ကိုမေးပြီး၊ မဗာ့တ်လျှင်ဘမ်းရန် ပြောသေးသော်လည်း မရပါ။ သို့နှင့်ဘမ်း၍ရုံးတင်ပြီး ထောင်ကြီးချုပ်သို့ ပို့ပါသည်။ ထို့နောက် ရုံးတခါ ထပ်တင်၍ ပုလိပ်ရုံးကြီး အောက်ထပ်ရှိ လူကြီး ၂ ယောက် နှင့် မိန်းမကြီးတယောက် ထိုင်သော ရုံးက ၃လ အပြစ်ပေးလိုက်ပါသည်။ နောက် ၁၃ရက်ဆိုလျှင် လွတ်ပါတော့မည်။ (၂၅၊၆၊၅၅ နေ့တွင် ပြောပြသည်။)

ထောင်ထဲတွင် ဘိန်းကောင်းကောင်းမရ၍ ဝမ်းခဏခဏသွားပါသည်။ယခုလည်း ဆေးရုံတက်နေရပါသည်။ ထောင်ထဲတွင် အနှိပ်ကလေး နည်းနည်းပါးပါး နှိပ်ပြီးရိက္ခာသက်ဆက်နေရပါသည်။

ထောင်မှလွတ်လျှင် စားရိတ်ရှာပြီး ရွာသို့ပြန်ရန် ကြံထားပါသည်။ ယခု တကြိမ်တွင်ကား မိန်းမ၊ကလေးနှင့် မိဘများကို များစွာ သတိရလျက်ရှိပါသည်။ လွမ်းနေပါသည်။

# မောင်လွန်းအောင်

## (အသက် ၂၀ နှစ်)

## (အင်္ဂလိပ်အဝင် ဂျပန်အပြေးခေတ်က မှုခင်း)

ကျောက်ဖြူ ခရိုင် ရမ်းဗြဲမြို့အပိုင် အိမ်ခြေ ၇၀ ခန့်ရှိသော "စေမိရွာ" ဇာတိဖြစ်ပါသည်။ ရမ်းဗြဲမြို့၏အနောက်စူးစူးတွင် ရှိပါသည်။ရွာမှ နံနက် မစောစောသွားလျှင် မြို့သို့ ဂနာရီ ဇနာရီခန့်တွင် ရောက်ပါသည်၊

အဘေ ဦးနှောင်း၊ အမေဒေါ်ရှင်သာဖြစ်၍ သားသမီး ဂယောက်ရှိရာ၊ ယောကျ်ားကလေး ၃ယောက်၊ သမီး မိန်းကလေး ၄ယောက်ဖြစ်ပါသည်။ ကျွန်တော်မှာ အကြီးအောက်ကဖြစ်၍ အကြီးဆုံးမှာ အစ်မ ဖြစ်ပါသည်။ကျွန်တော့်အစ်မ သည်သစ်ပင်ပေါ်မှလိမ့်ကျ၍သေသည်ဟု ကြားသိရပါသည်။

မိဘများမှာ ကျွန်တော် ဂနှစ်သား အရွယ် မှတ်မိသလောက်က ဆိုလျှင် ကိုယ်ပိုင်လယ်၊ ကိုယ်ပိုင်ကျွဲ၊ ရွှေစငွေစနှင့် ထမင်း ဝဝစားနိုင်ပြီး ကြွေးမြီကင်းသော အလတ်တန်းစား လယ်သမားများ ဖြစ်ကြပါသည်။အစက ကျွဲများကိုင်နိုင်ခဲ့ကြသော်လည်း တဖြည်းဖြည်းလယ်မြေများပေါင်နှံလာရသောကြောင့် ကျွဲအစား နွားကိုင်လာရပါသည်။ကျွဲမှာကျွဲစားရန်မြက်ခင်းရှိဘို့ လိုပါသည်။ မူလက လယ်မြေနှင့်တွဲလျက် မြက်ခင်းရှိပါသည်။ နောက်တော့လည်း မြေများပေါင်နှံရောင်းချရသဖြင့် မြက်ခင်းများမရှိတော့ပါ။ထို့ကြောင့်အတော်အသင့် အစားအသောက် ကောက်ရိုးနှင့်ပြီးနိုင်သော နွားကိုပြောင်း

http://nyisay.com



ကိုင်ရပါသည်။ ကျွဲက ကောက်ရိုးနှင့်မဖြစ်ပါ။ အစကတော့ ချောင်ချောင်ချိချိ ရှိပါသည်။ မချေးရ မငှားရပါ။ နှစ်စဉ် စပါးတင်း ၂၀၀၊ ၃၀၀ ရောင်းစားရပါသည်။ လယ်အပြင် ဓနိခင်းရှိသည့် အတွက် ဓနိရေများကို ရောင်းစားရပါသေးသည်။

ဓနိရေ ရောင်းစားရသည်မှာ မလွယ်ပါ။ လိုင်စင်ဆွဲထားသော ရမ်းဗြဲတွင် ရှိသည့် တရုတ်လူမျိုး လိုင်စင်စီပိုင် ဓနိရေဆိုင်သို့ ပို့ပြီးရောင်းရပါသည်။သူတို့က ဘယ်နေ့ဘယ်လောက် လာပို့ ဆိုမှ သွားပို့ရပါသည်။ ၁၂ ပုလင်းဝင် အိုးနှင့် ထမ်းပြီး ရမ်းဗြဲရောက်အောင် သွားပို့ရပါသည်။

လမ်းပန်း အဆက်အသွယ်က အလွန် ဆိုးဝါးပါသည်။ ရွာနှင့် မြို့ကြားရှိ စုံးဘလေးတောင် ဆိုသော တောင်ကြီးကို ဖြတ်ပြီး ထမ်း၍ သွားပို့ရပါသည်။ ထိုစဉ်က ကျွန်တော်မှာ ဘုန်းကြီးကျောင်းမှထွက်စ၁၅နှစ်သား အရွယ်သာရှိပါသေးသည်။ ၂အိုးတထမ်းကိုမှ တရုတ်(လိုင်စင်ရ)က ငါးမူးသာ ပေးပါသည်။ ရွာမှာရောင်းလျှင် ၆ပဲ ရပါသည်။ သို့သော် ရောင်းခွင့်မရှိပါ။ သူတို့ သိလျှင် တရားစွဲပါသည်။ ပိုက်ဆံ ငါးမူး ရပါမည့်အရေး ဤသို့လျှင် ထမ်းပိုးပြီး သွားပို့ရပါသည်။

မြို့မှာ ရောင်းကောင်းမှ တရုတ်က ပို၍မှာပါသည်။ ပို့ချင်သလောက် ထွက်သလောက် မပို့နိုင်ပါ။ မယူပါ။

ကျွန်တော်၏ ပညာရေးကတော့ ဘုန်းကြီးကျောင်းတွင် ပရိတ်ကြီး စာအုပ် ၃ပုံ ၁ပုံလောက်ထိ သင်ဘူးပါသည်။ အပေါင်း အနုတ်၊ အမြှောက်၊ အစား၊ ဂဏန်း၊ ဗေဒင် နည်းနည်း သင်ရပါသည်။

http://nyisay.com



ကျွန်တော်မှာ ဘုန်းကြီးက ချစ်ခင်သောတပည့် ဖြစ်ပါသည်။ အနားမှာပင် နေရသည်က များပါသည်။ တနေ့တွင် ဘုန်းကြီးက“မောင်လွန်းအောင် မင့်မိဘများဟာ အစိုးရကို လယ်ခွန်၊ ဓနိခင်းခွန်တွေ ဆောင်ရ၊ လုပ်သူက မင့်အဘေ တယောက်ထဲ၊သားသွီး ဗုစုခရုတွေ စားနေဝတ် စားရိတ်နဲ့ မင်းတို့သားအဘ ဓနိရေကြိုက်တတ်တာနဲ့ တနှစ်ကို လယ် တဧက တဧကလောက် ပေါင်ရတယ်”ဟု ပြောပါသည်။

ကျွန်တော်မှာ ဘုန်းကြီး ကျောင်းသား ဖြစ်သော်လည်း အိမ်တွင် ဓနိရေကပေါသဖြင့် ရွာဓလေ့အတိုင်း ဓနိရေကြိုက် ပါသည်။ ငယ်စဉ်ကလေးကတည်းက ခိုးခိုးသောက်ပါသည်။ အဘေကလည်း စိပ်ပုတီးနှင့် အလွန်သဘော ကောင်းပါ သည်။ သူကိုယ်တိုင်လည်း ဓနိရေကိုတော့ အလွန်ကြိုက်ပါ သည်။ ရွာအနေနှင့်မူ လူငယ် ၁၀ ယောက်မှာ ၈ယောက် လောက်က မူးနေသူများ ဖြစ်ပါသည်။

ကျွန်တော်၏ မိဘများမှာ ရှိသော ရွှေစ ရွှေန များကို ပဌမရောင်းချရပါသည်။ ထို့နောက် လယ်ပိုင်ရှင်ကြီးများထံ လယ်စားရိတ်ငွေ ချေးရပါသည်။အတိုးက ကြီးပါသည်။ ငွေ ၁၀၀ိ ချေးလျှင် စပါးပေါ်သောအခါ ငွေ၁၅၀ိသော်၎င်း၊ ၎င်းတန်ဘိုးနှင့်ညီမျှသော စပါးသော်၎င်း ပေးရပါသည်။

စပါးပေါ်သောအခါ မိဘများမှာ အရင်းကိုဆပ်နိုင်သည် မရှိပါ။ အတိုးကိုပင် မနည်း ကြိုးစား၍ ဆပ်ရပါသည်။ မြေပိုင် ရှင် ကြေးရေတတ်ကြီးများကလည်း ကျွန်တော်တို့၏ လယ် မြေကို မြင်ထားပြီးဖြစ်သဖြင့် နောက်နှစ် ထပ်ချေးလျှင်လည်း ဆက်ပြီးပေးပါသည်။ တခါတရံ အတိုးပင် မဆပ်နိုင်ရှိရာ၊

http://nyisay.com



အတိုးနှင့် အရင်းပေါင်းပြီး၊ တုံးရင်းပေါင်း စာချုပ်အသစ် ချုပ်ရပါသည်။

သို့နှင့်ပင် ကျွန်တော်တို့ပိုင်လယ်များမှာ မြေပိုင်ရှင်များထံ တစတစနှင့်ရောက်သွားရပါသည်။ စပါးများများထွက်သော လယ်ကောင်းများက ရှေ့ဦးစွာ ၎င်းတို့လက်သို့ ရောက်သွားပါသည်။နောက်မှ နည်းနည်းညံ့သည့်လယ်များ ရောက်ပါသည်။ သို့နှင့် မြေမဲ့လယ်သမား ဖြစ်လာပါတော့သည်။

လယ်ထဲတွင် လယ်ရိုင်း နည်းနည်းပါးပါးသာ ကျန်ပါတော့သည်။ ထိုလယ်များကိုအဘေက မလုပ်ချင်ပါ။စပါးပင်မှာ တတောင်ခန့်သာ မြင့်ပါသည်။မသန်ပါ။သို့သော်မလုပ်လျှင်လည်းငတ်သေရန်သာရှိပါသည်။ကျွဲစာအတွက် မြက်ခင်းလည်း မရှိတော့ပါ။ ထို့ကြောင့် စားရိတ်ကြီးသော ကျွဲထီးကျွဲမ ၆ကောင် ရောင်းပြီး နွား ၄ကောင်ဝယ်ပါသည်။လယ်ရိုင်းကိုပင် လုပ်ကိုင် စားသောက်ကြရပါသည်။

ကျွန်တော့်ထက် ၂နှစ်ငယ်သော ညီငြိုမှာ မိဘဆင်းရဲလာသည့်အတွက် သူ့ဖါသာသူ ငါးဘမ်းကရိယာ၊ကွန်ပိုက်၊ မြှုံး၊ ငါးများချိတ်၊ ငါးများတံ စသည်တို့ ရအောင်ရှာပြီး ငါးဘမ်း၍ မိဘကို ကူညီပါသည်။ရလည်းရပါသည်။အလုပ်လည်း အလွန် လုပ်ပါသည်။ ကျွန်တော်ကမူ သောက်စားမူးယစ်နေပြီး အလုပ်ကောင်းကောင်းလုပ်သည် မရှိလှပါ။

ကျွန်တော့်ဘခင်မှာ ၁၁ရက်တွင် ဂရက်လောက်ထမင်းတနပ်သာစားပါသည်။နံနက်ဝေလီဝေလင်းလယ်တောထွက်သို့မဟုတ် ထင်းခွေထွက်သည်မှာ မွန်းတည့်ခါနီးမှပင် ပြန်ရောက်လာတတ်ပါသည်။ပြန်ရောက်၍ နေ့လယ်မှာ ထမင်း

http://nyisay.com



စားရာ မနက်စာ ညစာပြီးသွားသည်ပင်ဖြစ်ပါသည်။ညဥ့်တိုင်လည်း ညဥ့်နက်သည်အထိ ရေနံဆီမီးခွက်တခုနှင့် တောင်းရက်၊ နှီးဖျာရက်၊ ထွန်ပြင်၊ ထယ်ပြင်ဖြင့် အနား မပေးပါ။ အလွန် အလုပ်လုပ်ပါသည်။ဥပုသ်နေ့များတွင် ဥပုသ်စောင့်ချင်သော်လည်း အလုပ် မလုပ်လျှင် မဖြစ်၍"ငါ့ဟာက ဆိုးတယ်။ ဥပုသ်တောင် မစောင့်နိုင်ဘူး" ဟုညည်းတွားရင်းဖြင့် အလုပ်ခွင်ရှိရာသို့ ထွက်သွားရတတ်ပါသည်။

ကျွန်တော် မှတ်မိသလောက် အဘေသည် ရပ်ရွာတွင်ဈောင်းသည့်မုန့်ပဲသွားရည်စာ တခါမျှဝယ်စားသည်ကိုမမြင်ဘူးပါ။ "ဆန်အိုးထဲမှာ ဆန်မှမရှိဘဲ ဘယ်စားလို့ဖြစ်မလဲ။ ပိုက်ဆံ ရှိလို့ ပေါရင်တော့ စားချင်တာပေါ့"ဟု ပြောပါသည်။ အမေကမူ ကလေးများ ငိုယိုလျှင် နည်းနည်း ဝယ်ကျွေးတတ်ပါသေးသည်။

တခါမှာ ကျွန်တော်တို့ အဘေသည် ကလေးကို သင်ရှန်းဓါးနှင့် ခေါင်းရိတ် ပေးနေပါသည်။ ရိတ်ရင်း ဓါးထက်လာအောင် ခြေသလုံးပေါ်ရှိ လုံချည်နှင့် ခတ်သွေး သွေးလိုက်ရာ၊ ဓါးက လုံချည်ကို လှီးသကဲ့သို့ဖြစ်ပြီး လုံချည်စုတ်သွားပါသည်။ ထိုအခါ စုတ်သတ်ပြီး"ငါ့အသား စုတ်သွားရင်ငါ့ဒီလောက် မနှစ်မြောဘူး၊ လုံချည်စုတ်သွားတာ ပိုနှစ်မြောတယ်၊အသားသာ စုတ်သွားရင် စုတ်တောင်သတ်မိမှာ မဟုတ်ဘူး"ဟု ပြောသဖြင့် ကျွန်တော်မှာ တော်တော် ဝမ်းနည်းသွားပါသည်။

ကျွန်တော့်ညီညို ရှာလာသော ငါးများမှာ တခါတရံ ၁ ပိဿာ ၂ပိဿာ ဆိုသလိုရပါသည်။ ထိုသို့ရလာသည့် ငါးများကို အမေသည် ဆန်နှင့် လဲသည့်အခါလဲ၊ မြေရှင် ငွေရှင်

http://nyisay.com



များထံ သွားပြီး နောင်ငွေချေး ကြွေးယူ၍ လွယ်အောင် သွားရောက် လက်ဆောင်ပေးသည့်အခါ၊ ပေးရပါသည်။

အိမ်သားများအတွက်မှု အမြီးဖျား ခေါင်းဖျားသာ ဖြတ် ပြီး ဆီမပါဘဲ ဖြစ်သလို ချက်ပြုတ် စားရပါသည်။

ကလေးငယ်များမှာ ၎င်းတို့၏ အစ်ကိုလတ် ငါးများရ လာသည်ကိုမြင်ထားကြသောကြောင့် ထမင်းစားသည့်အချိန် တွင် ငါးဟင်းကောင်းကောင်းစားကြရလိမ့်မည်ဟု မျှော်နေ ကြပါသည်။ သို့ရာတွင် ထမင်းစားသောအခါ ငါးဟင်းမှာ ခေါင်းနှင့် အမြီးချည်း ဖြစ်နေသောကြောင့် "ဒီငါးတွေက အသားမပါဘူးလား အမေ"ဟု မေးကြပါသည်။ ထိုအခါ အမေက ငါးများမှာ မူလကအသားတွေနှင့်ပင် ဖြစ်ကြောင်း၊ သို့ရာတွင် သားသမီးများ မှန်မှန် ထမင်း စားနိုင်ရန်၊ အဝတ် အစားကလေးများ ဝယ်နိုင်ရန်အတွက် ငါးများကို မည်သို့ ထုခွဲရသည်ဆိုသည့် အကြောင်းကို ပြောပြရှာပါသည်။

ကျွန်တော်ရှိစဉ်က ကျွန်တော့်ညီ ဘိုးထွန်းဆိုသော ကလေးမှာ ၂နှစ်သားလောက်သာ ရှိပါသေးသည်။သူ့ခမျာ အချိုးအချင်းသာစားရ၍ ခဏခဏ အရိုးမျက်ပါသည်။ငါးရိုး စူးပါသည်။ အမေမှာ လုပ်ရ ကိုင်ရ သည်ကများ၊ စိတ် ကလည်း တိုသည်နှင့် ငါးရိုးမျက်လျှင် ကလေးကိုသာ ရိုက် တတ်ပါသည်။

အမေကလည်း ယက်သဲ့နှင့်တခါတရံ ငါးရှာရပါသည်။ ရသည့် ငါးများကို အချို့ ငါးပိလုပ်၊ အချို့ကို ဆန်၊ ဆေး အသုံးဝင်ရာ ရရာနှင့်ဖြစ်သလို လဲလှယ်၊ ငွေရှင် မြေရှင်များကို လက်ဆောင် ပေးသည့်အခါပေး လုပ်ရသောကြောင့် ကုန်း ကြောင်း တမျိုး၊ ခြေလျင် တလှည့်နှင့် အလုပ်များနေသည့်

http://nyisay.com



အမေ့ကိုသာ ကလေးများက မျှော်နေ တတ်ကြပါသည်။ အမေ ပြန်လာမှပင် စားကြရ သောက်ကြရကြမည် မဟုတ်ပါလား။ နို့စို့ ကလေးကိုမူ အရပ်ထဲမှ နို့စို့ကလေး ရှိသော မိန်းမတဦးဦးထံ နို့တိုက်ပေးရန် အပ်ထားခဲ့ပါသည်။ ကလေးများသည် အမေ ပြန်လာလျှင် ဝမ်းသာ အားရ အတင်း ဖက်တက်ကြပါတော့သည်။

ကျွန်တော်မှာ ၁၂သားအရွယ်အထိ ရှင်မပြုရသေးပါ။ မိဘကလည်း ပြုနိုင်ရန်အရိပ်အခြည်မရှိပါ။ဆရာဘုန်းကြီးက ကျွန်တော့်ကို သိပ်ချစ်ပါသည်။ ကျောင်းမှာပင် အိပ်၊ စား၊ စာသင်နေရပါသည်။တနေ့တွင် ကျွန်တော်တို့ရွာနှင့် မိုင် ၃၀ နီးပါး ဝေး၍၊ နံနက် ၅နာရီ သွားလျှင် ညနေ ၄ နာရီ လောက်မှ ရောက်သော ဟုန်းချောင်းဖျား ရွာမှ တကာများက ကျွန်တော်တို့ဆရာတော်ကို လာရောက် ပင့်ကြပါသည်။ ဟုန်းချောင်းဖျားရွာမှာ အိမ်ခြေ ၂၀၀ခန့် ရှိပါသည်။ တောင်ကျောင်းမှာ ဘုန်းကြီး ရှိပြီးဖြစ်၍ ယခု မြောက်ကျောင်းသစ်၌ ကျောင်းထိုင်ရန် ကျွန်တော်တို့ ဆရာတော်အား လာပင့်ကြခြင်း ဖြစ်ပါသည်။

ဆရာဘုန်းကြီး အစီအစဉ်မှာ တပည့်ဘုန်းကြီးကို ကျွန်တော်တို့ရွာတွင် ကျောင်းထိုင်စေပြီး၊ ဆရာဘုန်းကြီး ကိုယ်တိုင်မှာ ကြွသွားရန် ဖြစ်ပါသည်။ တညတွင် ကျွန်တော့်အား "မောင်လွန်းအောင် မင်းမိဘများက ရှင်ပြုနိုင်ကြမယ် မထင်ဘူး၊ မင့်ကို ငါဘဲ ရှင်သာမဏေလုပ်ပေးမယ်၊ စာသင်ပေးမယ်၊အဝတ်အစားဆင်ပေးမယ်၊ ဟုန်းချောင်းဖျားရွာကို ငါနဲ့အတူလိုက်မလား" ဟု မေးပါသည်။ ကျွန်တော်က မိဘကိုပြောပြီး ဘုန်းကြီးနှင့်အတူ လိုက်သွားပါသည်။

http://nyisay.com



ဟုန်းချောင်းဖျားရွာသို့ ရောက်၍ ၂ရက်ခန့် နေလျှင်ပင် ရွာထဲမှ အဒေါ်အရွယ် အမျိုးသမီးကြီးတဦးက "မောင်လွန်း အောင် ဘုန်းကြီးကျောင်းမှာ ညထမင်းစားရတာလဲ ခက် ပါတယ်။ တပည့်တော်ကဘဲ သားအဖြစ် မွေးပြီး အိမ်မှာ ခေါ်ထားပါရစေ" ဟု ဘုန်းကြီးကို လျှောက်ပါသည်။ ကျွန်တော့်သဘောကို မေးသောအခါ ကျွန်တော်က မလိုက် လိုကြောင်း ပြန်လျှောက်ပါသည်၊ ထိုအခါ အဒေါ်ကြီးက ညနေတိုင်းထမင်းလာပို့ပါသည်။ နောက်ဘုန်းကြီးထံလည်း တောင်းပါသည်။ ၃၊ ၄ ရက် ကြာသောအခါ ဘုန်းကြီးက " မောင်လွန်းအောင် လိုက်သွားပါတော့ကွာ " ဟု ဆို၍ အဒေါ်ကြီး အိမ်သို့ လိုက်သွားရပါသည်။ အဒေါ်ကြီးမှာ မုဆိုးမဖြစ်ပါသည်။ကျွန်တော့်ထက်ကြီးသောသမီးတယောက် ငယ်သော သမီးတယောက် ရှိပါသည်။ "ဒါက မင့်အစ်မ၊ ဒါကမင့်နှစ်မ"ဟု အဒေါ်ကြီးက ဆွေမျိုး စပ်ပေးပါသည်။ သူတို့က ကျွန်တော့်ကို အရင်းအချာကဲ့သို့ ခင်ကြပါသည်။ ကျွန်တော်ဝတ်ရန် လုံချည်ရက်ပေးကြပါသည်။အဝတ်အစား လိုလေသေး မရှိပါ။

ဆရာဘုန်းကြီး၏ ရည်ရွယ်ချက်မှာ ကျွန်တော့်ကို စာသင်၊ ရှင်ပြု၊ ရဟန်းဘောင်အထိ တက်ပေးရန် ဖြစ်ပါသည်။ ထို့ကြောင့်အလွန်မြောက်စားအလိုလိုက်ပါသည်။ဤကြားထဲ ကျွန်တော်က ဖေါက်ပါသည်။ ရွာတွင် နေကတည်းက ကောင်းကောင်းဝတ်၊ကောင်းကောင်းစား၊ မရှိလျှင် လုမည် ဆိုသော လူစားမျိုး ဖြစ်ပါသည်။ ကျွန်တော့်ညီ ညို့နှင့် မတူပါ။ ဤရွာသို့ ရောက်တော့လည်း ဖဲသမား၊ အရက် သမား၊ သူခိုး၊ လူဆိုးမှစပြီး အပေါင်းအသင်းက အလွန်

http://nyisay.com



စုံပါသည်။ ဘုန်းကြီးပိုက်ဆံခိုး၊ အဝတ်အစားရောင်း လုပ်ပါသည်။ ဘုန်းကြီးက မကြိုက်ပါ။ ကျွန်တော်ဤသို့ လုပ်သဖြင့် စိတ်ဆိုးပြီး ၁၅ ရက် အရက် ၂၀ စကားမပြောဘဲနေပါသည်။ ဤသို့နှင့် ကျွန်တော်လည်း ဘုန်းကြီးကိုပင် မလျှောက်ဘဲ မိဘရပ်ရွာသို့ ပြန်ခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်မှာ ၁၅နှစ်သားသာရှိပါသေးသည်။ ဟုန်းချောင်းဖျားရွာမှအပေါင်းအသင်းများမှာ အသက် ၂၀ ရွယ်၊ ၂၀ကျော်များ ဖြစ်ကြပါသည်။ကျွန်တော်တို့ရွာသို့သူတို့ကလည်း အလည်သွားကြမည်ဖြစ်၍ ကျွန်တော့်မှာ အဖေါ်ကောင်းသည့်အတိုင်း ဘုန်းကြီးကိုပင် မလျှောက်ဘဲ ပြန်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော် ရွာသို့ ပြန်ရောက်သောအခါ၊ ကျွန်တော့် အဘေမှာ မြေပိုင်ရှင်ထံ ပေါင်နှံထားသော လယ်မြေများ အနက် မြေရိုင်းအချို့ကို သီးစားခနှင့်လည်းလုပ်၊ ဓနိရေ အလုပ်လည်း လုပ်လျက်ပင်ရှိပါသည်။ ဓနိရေ အလုပ်လုပ်သူ ပီပီ ဓနိရေကို အသောက်စွဲ၍ မကြာမကြာ မူးယစ်နေသည့် အခြေသို့လည်း ရောက်နေပါသည်။ ထို့ကြောင့် အနုပ်က "ဆင်းရဲမှာပေါ့၊ ဓနိရေ သိပ်သောက်တာကိုး" စသည်ဖြင့် ကဲ့ရဲ့ကြပါသည်။ အဘေက နောင်တရပြီး၊ အသောက် ဖြတ်ကာ ဓနိရေလုပ်ငန်းကို သားအကြီးကျွန်တော့်အား လွှဲပေးလိုက်ပါသည်။တနေ့လျှင် ဓနိရေအိုးကြီး ၃လုံးခန့်အထိ ထွက်ပါသည်။ သို့ရာတွင် ၇မိုင်မျှ ဝေးကွာသော ရန်းမြို့ရှိ ငှင်စင်ရ တရုတ် ဓနိရေဆိုင်က မှာသလောက်သာ ပို့ရပါသည်။

ကျွန်တော်ပြောဘူးသည့်အတိုင်းပင် ကျွန်တော့်ညီ ညို မှာ အလုပ်အကိုင် အလွန်ကောင်းပါသည်။ ငါးဘမ်းသည့်

http://nyisay.com



အလုပ် လုပ်ရာမှာ ချောင်းရိုးတွင် အိပ်၍ လုပ်ပါသည်။ သူ အလုပ်အကိုင် ကောင်းသည့် အကြောင်း ဆွေမျိုးများထဲတွင် သတင်းပြန့်နှံ့နေသည့်အတိုင်း တနေ့တွင် ကျွန်တော့် အဘေ၏ အင်ကို ဝမ်းကွဲတော်သူ ဘကြီး တယောက်က ကျွန်တော့် အဘေထံတွင် ညီ့ကို ပေးရန် တောင်းပါသည်။ ဘကြီးက ပိုက်ဆံ အတော်အသင့် ချမ်းသာပါသည်။ ကျွဲကျောင်း၊ နွားကျောင်းနှင့် ဆေးကိုင်းလုပ်ငန်းများ လုပ်ရန်ပင်ဖြစ်ပါသည်။ ညီ့ကိုလည်း ဘကြီးက ကောင်းကောင်းနေရ၊ ထိုင်ရ၊ ဝတ်ရ၊ စားရမည်ဟု ပြောပါသည်. အဘေနှင့်အမေက လုံးဝမထည့်ချင်၊ မပေးချင်ကြပါ။ ညီ့ တယောက်ကိုသာ အားကိုးနေရသည့်အတွက် မထည့်လိုကြောင်းငြင်းသော်လည်း ငယ်ရွယ်သူပီပီ ညီ့က ဝတ်လိုစားလိုသော စိတ်ကြောင့် ဝမ်းကွဲဘကြီးနောက်သို့ လိုက်သွားပါတော့သည်။

ညီ့ ဘကြီးနောက် လိုက်သွားသည့် အခါ၊ ဘုန်းကြီးကျောင်းတွင်နေသော ဖနှော် ၇နှစ်ရွယ်၌ ညီအငယ် ဘိုးခင်သည် လိမ္မာ၍ အရွယ်နှင့် မလိုက်အောင် ပညာသင်လိုစိတ်ရှိနေသော်လည်း၊ အခြေ အနေကြောင့် ကျောင်းဆက်၍ မထား နိုင်တော့ပါ။ ကျောင်းမှထုတ်ပြီး အဘေနှင့် အတူ လယ်ရိုင်းသို့လိုက်၊ နွားကျောင်း၊ တောက်တိုမယ်ရ ကူညီရပါသည်။

ကျွန်တော့်အစ်မ တယောက်ကလည်း သူများ နည်းတူ အဝတ် အစားကလေး ပတ်နိုင်အောင် ကောက်စိုက်ရပါသည်။ တနေ့လျှင် ၄ပဲသာရသည်မှာ ထုံးစံပင်ဖြစ်ပါသည်။

ငါးရှာနေကျ ညီ့လည်း မရှိတော့သဖြင့် နို့စို့ကလေးကို အိမ်နီးချင်းနို့သက်အမေတဦးဦးထံအပ်ကာ ကျွန်တော့်

http://nyisay.com



အမေလည်း ၁၂နှစ် အရွယ်လောက် ရှိဦးမည့် ကျွန်တော့် နှစ်မငယ် တယောက်ကို ခေါ်ပြီး ယက်သဲ့ဖြင့် ပုစွန်ရှာ ငါးဘမ်းထွက်ရပါသည်။ ယခင်ကထက် ပို၍ လုပ်ရပါသည်။ ရသည်ကို ဆန်နှင့် လဲ၍ စားကြရပါသည်။

ကျွန်တော်မှာလည်း ဘာမှမသိတတ်သေးပါ။ မြို့သို့ဓနိရေ သွားရောင်း၍ ရသည့်ငွေကို "အမေ ကျွန်တော် သွားရောင်းလို့ ရတဲ့ငွေကို ကျွန်တော်ဘဲ ယူမယ်နော်"ဟု ပြောရာ အမေက "ယူ–ယူ မင်းဘဲသုံး၊ မရှိရင် တို့အငတ်ခံ သေမယ်၊ ကိစ္စမရှိဘူး"ဟု ပြောပါသည်။ ကျွန်တော် သွားပို့တိုင်း ငါးမူး ရပါသည်။

ကျွန်တော် လုပ်ရသည်မှာလည်း မသက်သာပါ။ ဓနိရေများကို ဆိုင်ရှင်က နံနက် ၈ နာရီ၊ ၈နာရီခွဲ အရောက် ပို့ခိုင်းပါသည်။ ထိုအချိန်မှာ လူအစည်ဆုံး ရောင်းအကောင်းဆုံး အချိန်ဖြစ်သည့်အတွက် ပို့ခိုင်းခြင်း ဖြစ်ပါသည်။ နောက်ကျလျှင် မယူပါ။ ထို့ကြောင့် ရွာက နံနက် ၄နာရီ၊ ၄နာရီခွဲ လောက်ထပြီး ဓနိရေအိုးများ ထမ်းသွားရပါသည်။ အချို့ ဓနိရေပို့သူများကို လိုင်စင်စီဆိုင်ရှင်က ရေပါသည် ဆိုကာ အိုးရိုက်ခွဲ၊ လူကိုခြေနှင့်ကန်၊ ပိုက်ဆံလည်း တပြားမှမပေးဘဲ ထားသည်ကို တွေ့ရဘူးပါသည်။ ဆိုင်ရှင်ကလည်း မူးမူးနှင့် လုပ်သည်ပင် ဖြစ်ပါသည်။

ကျွန်တော်ကား မိဘ အလုပ်ကို ဝိုင်းကူပြီး လုပ်နေသည် မဟုတ်ပါ။ မိဘများမှာ လုပ်အားလိုနေသော်လည်း ကျွန်တော့် ဓနိရေလောက်ကိုသာ ကျွန်တော် ဂရုစိုက်ပါသည်။ အခြားသူများက မိဘနှင့်အတူ အလုပ်ကူ၍လုပ်ရန် ပြောကြသောအခါ၊ ကျွန်တော်က "လုပ်ကော ဘာထူးသလဲ၊ တို့စားရ

http://nyisay.com



တာမှမဟုတ်ဘဲ၊ တို့လုပ်တဲ့စပါး သူများ ပေးပစ်ရတာချည်းဘဲ။ ကိုယ်စားရဘို့မဟုတ်တာတော့ မလုပ်ချင်ဘူး။ ငါတော့ဘာဖြစ်ဖြစ်သေချင်သေ၊မသေလို့ထောင်ထဲ တသက်လုံးနေရနေရ ကိုယ့်ကိုယ်ကိုတော့ သတ် မသေဘူး။ ရတဲ့ နည်းနဲ့ရတာလုပ်မှာဘဲ။ ဘာမှ မကြောက်ဘူး''စသည်ဖြင့် မိဘ ညီအစ်ကို မောင်နှမများ အငတ်ငတ် အပြတ်ပြတ် ဆင်းရဲနွမ်းပါးလှသည်ကို မြင်တွေ့ ခံစားနေရသော ကျွန်တော်မှာ စေတနာနှင့်ပြောလာသူတိုင်းကို ထိုအတိုင်းဘောက်ပြန်ပြောလေ့ရှိပါသည်။

ကျွန်တော် ၁၆ နှစ် အရွယ်တွင် ကျွန်တော်တို့ ရွာထဲက မိန်းကလေးတယောက်နှင့် ချစ်ကြိုက်ကြပါသည်။မိန်းကလေး မိဘများမှာ တနှစ်လျှင် စပါးသုံးရာ လေးရာ ရောင်းစားရပါသည်။ တော်တော်ကလေး ချမ်းသာပါသည်။ မိန်းကလေးကလည်း ကျွန်တော့်ကို အလွန်မေတ္တာရှိပြီး၊ ပိုက်ဆံနိုးပေးသည့်အခါ ခိုးပေး၊ပွဲလမ်းသွားစရာရှိလျှင်ကျွန်တော့်မှာ အဝတ်အစားမရှိမှန်း သိသည့် အတိုင်း မကြာခဏ ဝယ်ပေးသည့်အခါ ပေးပါသည်။ ရွှေတိုရွှေစပေးသည်ကိုတော့ ကျွန်တော်မယူပါ။ ကျွန်တော်တို့ချစ်ရေးကို သူ့မိဘများသိသောအခါ "ဘာမှ အလုပ်မလုပ်တဲ့အကောင်၊ စားစရာမရှိတဲ့ အိမ်ကအကောင်နဲ့မှ ကြိုက်ရသလား။ ရွှေဘုံပေါ် မစံချင်ဘဲ နွားချေးပုံမှာ နေချင်တဲ့သမီး''စသည်ဖြင့် အမျိုးမျိုး ရေရွတ်ဆူပူကြပါသည်။

၎င်းတို့သမီးကိုလည်း တရွာက ဆွေမျိုးချင်း လူငယ်တယောက်နှင့်ပေးစားရန် လူကြီးချင်း ဧ့စပ် လိုက်ကြရာ၊ အဆင်မပြေ ဖြစ်ကုန်ပါသည်။

http://nyisay.com



မိန်းကလေးကလည်း လူကြီးပေးစားသူကိုမယူလို၊ ကျွန်တော့်ကိုသာယူမည်၊ ခိုးလှည့်ပါ စသည်ဖြင့် ပြောရာ ကျွန်တော်ကလည်း"ငါ့ယူရင် မင်းဆင်းရဲလိမ့်မယ်။ ငါနေတာထိုင်တာလဲကြည့်ဦး"ဟုပြောပါသည်။ သို့သော်လည်း သူကမည်မျှပင် ဆင်းရဲပါစေ၊ကျွန်လုပ်ကျွေးရသည့်တိုင်ကျွန်တော့်နောက်သာ လိုက်မည်ဖြစ်ကြောင်း ဇွတ်ပြောပါသည်။ ကျွန်တော်က သူဆင်းရဲမည်ကို မကြည့်လို၊ စိတ်ကလည်း ထွေသည်နှင့် ရွာက ထွက်သွားသည်မှာ တလလောက် ကြာပါသည်။ရွာတွင်မူ တရွာက မိန်းကလေးတယောက်နှင့် အိမ်ထောင် ကျနေကြောင်း သတင်းလွှင့်ထား၍ ကျွန်တော့်ရည်းစားကလည်း အမှန်ဟု အောက်မေ့ နေပါသည်။

ကျွန်တော် ပြန်ရောက်၍ သတင်းနားထောင်သောအခါ ၎င်းတို့မှာ မင်္ဂလာဆောင်ရန် ၂ရက်ခန့်သာ လိုတော့ကြောင်း သိရပါသည်။

ကျွန်တော် လမ်းလျှောက်သွားသည်ကို မြင်၍ သူက သူ့အစ်မ တယောက် အိမ်ထဲမှ နေပြီး ခေါ်ပါသည်။ ကျွန်တော် သွားသောအခါ "ဟိုရွာမှာ မိန်းမ ရနေတယ်ဆိုတာ ဟုတ်သလား"ဟု မေးပါသည်။ မဟုတ်ကြောင်းပြောရာ၊ သူ့ကိုတခြားလူနှင့် ပေးစားတော့မည်ဖြစ်၍ ခိုးရန်၊ ယခုပင် ခေါ်သွားရန် ပူဆာပါသည်။ ကျွန်တော်ကလည်း မိဘမှာ ကလေးတွေ အလွန် များကြောင်း၊ ဆင်းရဲလှကြောင်း၊ ထို့ကြောင့် လူကြီးများ ပေးစားသူကိုသာ ယူရန် ပြောပါသည်။ နားချပါသည်။

မင်္ဂလာဆောင်ပြီးသောအခါ မိဘများက ယောကျ်ားရွာကို ထည့်လိုက်ပါသည်။ တလပင် မကြာပါ။ သူ့အဝတ်

http://nyisay.com



အစားများယူပြီး ရွာသို့ပြန်လာပါသည်။မပျော်ကြောင်းပြော ပါသည်။ ကျွန်တော့်မှာလည်း အခက်ကြုံနေရသဖြင့် အဝေး ကပင် ခွာနေပါသည်။ သူ့ယောက်ျားလည်း ဤရွာသို့ လိုက် လာပြီး နေပါသည်။ အနည်းအပါး သတင်းကြားနှင့် ကျွန်တော့်အားအထင်မှားပြီး မခေါ်မပြောဖြစ်နေပါသည်။ ရိုက်ချင် နှက်ချင်သလိုလည်း လုပ်ပါသည်။ ကျွန်တော်လည်း ခပ်ခွာခွာ ခပ်တည်တည်ပင် နေပါသည်။

ကျွန်တော် ၁၇ နှစ်သား အရွယ်လောက်တွင် အခြား တရွာတွင်နေသော ကျွန်တော့်အဘေ၏နှစ်မ ကျွန်တော့် အဒေါ်တို့က ဆယ့်လေးငါးရက် အလုပ် လာကူလုပ်ရန် ကျွန်တော့်ကိုတောင်းပါသည်။ ကျွန်တော်သွားကူလုပ်သော အခါတွင် ဆွေမျိုး အရင်းခေါက်ခေါက်ကြီးပင် ဖြစ်သော် လည်း ကျွန်တော့်မှာ အလွန်ဆင်းရဲသော မိဘများ၏ သားဖြစ်၍၊ ၎င်းတို့မှာ လယ်ပိုင်မြေပိုင်နှင့် ချမ်းသာသူများ ဖြစ်ပေရာ၊ ကျွန်တော့်အပေါ် ဆက်ဆံပုံမှာ ဆွေမျိုးနှင့် မတူဘဲ သူရင်းငှား ကျေးကျွန်ငယ်ထယောက်ကဲ့သို့ သဘော ထားပါသည်။ အနေအထိုင်အစားအသောက်များမှာ သူတို့ သားအရင်းနှင့် ကျွန်တော့်အား ကျွေးမွေး ပြုစုရာတွင် များစွာ ကွာခြားပါသည်။အလုပ်ပြီး၍ ကျွန်တော်ပြန်သော အခါ ကျွန်တော့်ကြီးတော်အရင်း(အရှင်ကြီး)က သူ့သား ဝတ်သော ပလေကပ်လုံချည်အဟောင်းတထည် ပေးလိုက် ပါသည်၊ သူ့သားကမူ မသိပါ။ ကျွန်တော်ရွာပြန်ရောက်၍ ၂ရက်၃ရက်ခန့် ကြာသောအခါ ကျွန်တော့်အစ်ကိုဝမ်းကွဲ (ရခိုင်လို "ယောက်ဖ"ဟု ခေါ်ပါသည်) က ၎င်းလုံချည် အဟောင်းကို ပြန်တောင်း ပါသည်။ ဆွေမျိုးချင်း ဆင်းရဲ

http://nyisay.com



သားအပေါ် ဤမျှပင် ညှာတာစိတ် မရှိကြပါကလား ဟူ၍ ကျွန်တော် ဝမ်းနည်း စိတ်နာ ဖြစ်မိပါသည်။

| ရခိုင်အခေါ် | မြန်မာအခေါ် |
| --- | --- |
| ဘားဘာ | အဘေ |
| အီးယောင် | အမေ |
| မေ့မေ့ | အစ်မ |
| ဂုိးဂို | အစ်ကို |
| ညီ | ညီ |

မိဝိအဘေထက် အသက်ကြီးသော ယောက်ျားမယောက်ျား သူကို (မင်းကြီး) "မင်းကရီး"ဟု ခေါ်ပါသည်။

ယောက္ခမ မိန်းမသူကို(အရှင်ကြီး) "အရှင်ကရီး"ဟု ခေါ်ပါသည်။

အဘေထက် ယောက္ခမက အသက်ငယ်လျှင် ယောက်ျား သူကို "မင့်မင့်"ဟုခေါ်ပါသည်။

ငယ်သော ယောက္ခမ မိန်းမသူကို "အရီးငယ်" ဟု ခေါ်ပါသည်။

အလွန်ခင်မင်သော သူငယ်ချင်း အပေါင်း အသင်းကို "ငါ့လူ"ဟု ခေါ်ပါသည်။

အဘွားကို"ဒို့ဒို့"ဟုခေါ်၍ အဘိုးကို"ဖိုးဖိုး"ဟု ခေါ် ပါသည်။ ဆွေမျိုးမတော်သော အခြားအဘိုးကြီးများကိုမူ "အဘိုး" ဟုပင် ခေါ်ပါသည်။

ရွာထဲတွင် ပိုက်ဆံရှိသော လူများကလည်း တော်တော် ကလေး မင်းမူ မော်ကြွားကြပါသည်။ တခါက ပိုက်ဆံနှ

http://nyisay.com



သော လူတယောက်နှင့် ကျွန်တော် ရန်ဖြစ်ရာ၊ သူက "မင်းတို့လို အကောင်မျိုး သတ်ပစ်ရင် ငွေ ၁၀၀ဝ ထက် ပို မကုန်ဘူးကွ"ဟု အတိအလင်း ကြိမ်းမောင်းဘူးပါသည်။

ကျွန်တော် ၁၈ နှစ်အရွယ်တွင် ကျွန်တော်တို့ ရွာနှင့် ၄ မိုင်ခွဲခန့်ဝေးမည့် သံဝရရွာက မိန်းကလေး တယောက်နှင့် ချစ်ကြိုက်ပါသည်။ ထုံးစံအတိုင်း ကျွန်တော့် မိဘ၏ ပစ္စည်း အခြေအနေကို ယောက္ခမလောင်းနှင့် ဆွေမျိုးက စုံစမ်း ထောက်လှမ်းပါသည်။ ထုံးစံအတိုင်းသဘောမတူကြပါ။ သူတို့သမီးကို ကျွန်တော်နှင့် မယူဘို့ ဖျက်ကြပါသည်။ မိန်းကလေးကမူ ကျွန်တော့်ကိုသာယူမည်၊ မိဘများက ဆွေမျိုးချင်း စပ်ဟပ်ထားသူကို မယူလိုကြောင်း ငြင်းပါသည်။ နောက်ဆုံး၌ ကျွန်တော်နှင့်မပေးစားလျှင်သတ်သေမည်ဆို၍ မသဒ္ဓါရေ သဒ္ဓါရေ ကျွန်တော်နှင့် ပေးစားပါသည်။ ကျွန်တော့် မိဘများမှာ ဆင်းရဲသည့် အတွက် သူတို့သမီးကို ကျွန်တော့်အိမ်သို့ မထည့်လိုက်ပါ။ကျွန်တော့်ကိုသာ ခေါ်ထားပါသည်။ ကျွန်တော့် ယောက္ခမအိမ်တွင် ၂ နှစ်ခွဲခန့် ကြာပါသည်။ ယောက်ျားသူကြီးကမူ သားယောက်ျား မရှိသည့်အတွက် ကျွန်တော့်ကို တော်တော်အလိုလိုက်ပါသည်။ မိန်းမသူကြီးကမူ ကောင်းကောင်း မခေါ်မပြောပါ။ ကျွန်တော့် မိန်းမမှာ ကလေး မီးဖွါးပြီး ကိုယ်ဖေါရောင်သည့် ရောဂါနှင့်သေဆုံးသွားပါသည်။ ကလေးက သူ့အလျှင်ဆုံးရှာပါသည်။ ကျွန်တော်နှင့် ၂နှစ်ခွဲမျှသာ ပေါင်းလိုက်ရပါသည်။ ကျွန်တော်လည်း အလောင်းကို သင်္ဂြိုဟ်ပြီး နောက်ရက်တွင် ရွာသို့ ပြန်ပါသည်။

http://nyisay.com



၁၉၄၆ခုနှစ်၊ ဝါခေါင်လလောက်တွင် ကျွန်တော်တို့ နယ်က ဗမာ့မျိုးချစ်တပ်မတော်ထဲ၌ဂျပန်တခေတ်လုံးတာဝန် ထမ်းဆောင်နေကြသော ရဲဘော်၃ယောက် ကျွန်တော်တို့ နယ်သို့ ပြန်ရောက်လာကြပါသည်။ သူတို့က“ဗမာပြည်ဟာ လွတ်လပ်ရေးမရသေးဘူး၊ နယ်ချဲ့ဆန့်ကျင်ရေး ဆင်းရဲသား သက်သာချောင်ချိရေး လုပ်ငန်းတွေဆက်လက်လုပ်စရာတွေ အများကြီးရှိသေးတယ်” စသည်ဖြင့် တရားလာဟောပြီး တပ်သားစုကြပါသည်။

ကျွန်တော်တို့မှာနိုင်ငံရေးဆိုသည်လည်းဘာမှနားမလည် ကြပါ။ထိုသူများမှာ ကျွန်တော်တို့ရွာနားကရွာများမှလူတွေ ဖြစ်ပါသည်။ သူတို့တတွေမှာ ဗမာ့ လွတ်လပ်ရေးအတွက် အသက်ပေး တိုက်ခိုက် ဆောင်ရွက်ခဲ့သူများ ဖြစ်ကြ၍ သူတို့ ပြောသည်များကို မှန်ကန်လေမည်ဟု ယူဆကြပါသည်။၎င်း တို့ကဂျပန်ထွက်ပြေးပြီဖြစ်သော်လည်း၊ မူလ လက်ဟောင်း အင်္ဂလိပ်နယ်ချဲ့သမား ပြန်ဝင်လာနေပြန်ပြီ ဖြစ်ကြောင်း။အင်္ဂ လိပ် လက်အောက်မှ လွတ်မြောက်အောင်တိုက်ရန် လိုသေး ကြောင်း၊ ဆင်းရဲသားများ လယ်ပိုင် မြေပိုင်၊ ကျွဲပိုင်၊ နွားပိုင် ဖြစ်လာအောင် လုပ်ရန်လိုကြောင်း။ ဤသို့ဖြစ်ရန်မှာလည်း သွေးစုတ်နယ်ချဲ့သမားများမရှိမှသာဖြစ်နိုင်ကြောင်း၊လယ်ခွန် မြေခွန်များမပေးသင့်ကြောင်း၊မပေးလျှင် ဆင်းရဲသားများအာ လွန်သက်သာမည်ဖြစ်ကြောင်း၊ကြီးလေးသော အခွန်အတုတ် များမပေးရအောင် လူအားလက်နက်အားနှင့်ကာကွယ်ခုခံမှ ရနိုင်ကြောင်း၊ ထို့ကြောင့် တပ်သားအဖြစ်ဝင်ရောက်ကြရန်၊ လက်နက်စုကြရန် ဟောပြော တိုက်တွန်းပါသည်။

http://nyisay.com



ကျွန်တော်တို့က "ဖြစ်နိုင်ပါ့မလား။ လက်နက်တွေဟာ အခု ပေါလှတယ် ဆိုပေမယ်လို့ ဒါတွေကုန်သွားရင် ဘယ့်နှယ်လုပ်မလဲ"ဟု မေးသောအခါ ၎င်းတို့က "ရန်သူ့လက်နက်ဟာ ကိုယ့်လက်နက်ဘဲ၊ ကိုယ့်မှာ ကုန်ခါနီးရင် ရှိတဲ့နေရာကို တက်စီးယူရုံပေါ့"ဟု ဖြေကြပါသည်။

မိမိ လုပ်အားနှင့် မိမိပစ္စည်းကို မိမိသဘောကျ ရောင်းချစားသောက်ကြရ၍ ဓနိရေလုပ်ငန်း၊ ဓနိလုပ်ငန်း အတွက်လည်း အစိုးရအနှောင့်အရှက်မရှိဖြစ်ရမည် ဆိုသည့် အချက်ကိုလည်း ရွာများမှ လူများစု(လူထု)က ကောင်းစွာ လက်ခံကြပါသည်။ ရွာတိုင်းမှ လူငယ်ပေါင်းများစွာ တပ်ထဲဝင်ကြပါသည်။ တပ်အတွက် လက်နက်များ ရှာဖွေစုဆောင်းကြပါသည်။ အင်္ဂလိပ်စစ်တပ် ပြန်အဝင်၊ ဂျပန် တော်လှန်ရေးပြီးခါစ ဖြစ်၍၊ လက်နက်ကလည်း အနှံ့အပြား အလွန်ပေါပေါပါသည်။

ဤအချိန်မှာ စစ်အုပ်ချုပ်ရေးအချိန်ဖြစ်သဖြင့် မြို့ပေါ်တွင်လည်း ခပ်ကြမ်းကြမ်း၊ တောနယ်များမှာ ပို၍ ကြမ်းကြမ်းဗြိတိသျှတို့က ဆက်ဆံအုပ်ချုပ်ပါသည်။ ၁၉၄၂ခုနှစ်၊၎င်းတို့ပြေးရသော အချိန်က ဝိုင်းဝန်းတော်လှန် တိုက်ခိုက်လိုက်သူများ၊ ဂျပန်ခေတ်က လွတ်လပ်ရေးရမှုကို ရည်သန်၍ ဗမာ့တပ်မတော်တွင် ပါဝင်ခဲ့သူများ၊အကြောင်းအမျိုးမျိုးကြောင့်နည်းအမျိုးမျိုးဖြင့် ဂျပန်နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သူများကို ပို၍ မဲပါသည်။ နှိပ်စက်ပါသည်။

အင်္ဂလိပ် ပြန်ဝင်လာသော အချိန်တွင် တိုင်းရင်းသား အရာရှိဟောင်း လူကောင်း သူကောင်းများမှာ များစွာ

http://nyisay.com



တန်ခိုး ဩဇာ မရှိပါ။ အရောင်ဆိုးများ၊ လက်ပါးစေများ၊ အင်္ဂလိပ်ပြန်လာမှ မကြေနပ်သည်များကို အကုန်ပြန်လုပ်မည်၊ လက်စားချေမည်ဆိုသူများက စစ်အုပ်ချုပ်ရေးအရာရှိများနှင့် ပေါင်းကာ တန်ခိုးပြချင်တိုင်း ပြနေကြပါသည်။ အိန္ဒိယ အမျိုးသားများကို ဖွဲ့စည်းထားသော စစ်တပ်များမှာလည်း တပ်ကို အုပ်ချုပ်သူ နယ်ချဲ့အရာရှိများ သွေးထိုးမှုကြောင့် ဗမာ၊ ရခိုင်၊ တိုင်းရင်းသားများ အပေါ် သဘောထားပုံ မကောင်း၊ ဆက်ဆံပုံ ဆိုးဝါး၊ ပြုမူပုံ ညံ့ဖျင်း ရက်စက်ကြ ပါသည်။ ထိုအခြေအနေများသည် ကျွန်တော်တို့ကဲ့သို့သော ကျေးရွာ ဆင်းရဲသားများအဘို့ငုံ့၍မခံနိုင်အောင် ဖြစ်စေပြီး၊ အကြမ်းဖက်လိုမှုဘက်သို့ ဆွဲခေါ်ကြပါတော့သည်။ ဂျပန် ဖက်ဆစ်များကို ဗိုင်းဝန်းတော်လှန်ကြသည်ကိုပင် မထောက် ထား၊ ထိုတော်လှန်မှုများကိုလည်း အသိအမှတ် မပြုချင် ကြောင်း ၎င်းတို့ အပြုအမူများက ပြလျက်ရှိပါသည်။

ကျွန်တော်တို့ နယ်ပယ်ဒေသတွင် ဤသို့သောခံစားမှုများ နှင့် ကျွန်တော်တို့ ရင်ဆိုင်နေရချိန်၌၊ပြည်မ ဗမာပြည်ရန်ကုန် မြို့ကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူး၍ တော်လှန်ရေး၌ ပါဝင်တိုက်ခိုက်ခဲ့ကြသော ဗမာ့တပ်မတော် ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံ ဆိုရှယ်လစ်ပါတီ၊ အလုပ်သမား လယ်သမား အမျိုးမျိုးသောမျိုးချစ်ပုဂ္ဂိုလ်များ၊ပညာတတ် များ၊ လူငယ်ကျောင်းသားများ၊ ငွေကြေး အတော်အတန် ကြွယ်ဝသူ၊ အသင့်အတင့် ကြွယ်ဝသူမှ စ၍ လူတန်းစား အသီးသီး၊ ကချင်၊ဗမာ၊ချင်း၊ကချင်မှ စ၍ လူမျိုးအသီးသီး၊ ဘာသာ အယူဝါဒမျိုးစုံကို သက်ဝင် ယုံကြည်ကြသူများ၏ ကိုယ်စားလှယ်များ ပါဝင်သည့် ဖက်ဆစ်ဆန့်ကျင်ရေးပြည်

http://nyisay.com



သူ့လွတ်လပ်ရေး အဖွဲ့ကြီး ဖွဲ့စည်းကြောင်း၊ ပြည်သူလူထုက-လည်း ထိုအဖွဲ့ကြီးကို အင်တိုက်အားတိုက်ထောက်ခံကြောင်း စသည်ဖြင့် ပြည်သူ့အင်အားကောင်းလျက် ရှိပုံများ၊ ထိုသို့ ကြီးမားသော အင်အားကို ဗြိတိသျှနယ်ချဲ့သမားက မထေမဲ့မြင် မလုပ်ဝံ့ကြပုံများကိုပါကြားသိရပါသည်။ ထိုအဖွဲ့ကြီးမှာ တပါတီတဖွဲ့မဟုတ်၊ တမျိုးသားလုံး သွေးစည်း ညီညွတ်လျက် လွတ်လပ်ရေး တင်းပြည့်ကျပ်ပြည့်ရမှုအတွက် ဖွဲ့စည်းထားသောအဖွဲ့ဖြစ်ကြောင်း၊လူထုဆန္ဒလူထုအင်အားပြပွဲများနှင့်သာမက လွတ်လပ်ရေးကို လက်နက်နှင့်တိုက်ယူရန် လိုပြီ (ကြုံပြီ)ဆိုလျှင် လက်နက်နှင့် တော်လှန်ကြမည် ဖြစ်ကြောင်း စသော သတင်းများကိုလည်း ကျွန်တော်တို့ ရရှိကြပါသည်။

ဤသတင်းများသည် ကျွန်တော်တို့အား များစွာအားတက်စေပါသည်။

နယ်ချဲ့အင်္ဂလိပ် အစိုးရ၏ စစ်ဘက်နှင့် စစ်အုပ်ချုပ်ရေးဘက်ကလည်း ကျွန်တော်တို့၏ သဘောထားကို ကြားကြဟန်တူပါသည်။ ကြားရန်လည်း မခဲယဉ်းပါ။ ကျွန်တော်တို့ အကြံအစည်မှာအထူးတလည်လျှို့ဝှက်ကြံစည်ခြင်းမဟုတ်ပါ၊ အနီးအနား ရွာတိုင်းတွင်ပြော၍ ရွာတိုင်းတွင် စည်းရုံးလုပ်ကိုင်နေကြခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ ရွာများမှ ကိစ္စအမျိုးမျိုးနှင့် ရမ်းဗြဲမြို့သို့ သွားလိုက် ပြန်လိုက် လုပ်နေကြသူများ ရှိကြပါသည်။ ထိုသူများထဲတွင် ဖေါက်ပြန်သူများ ပါကြပါသည်။ ၎င်းတို့၏ ကောင်းမှုကြောင့် ရဲအရာရှိများနှင့် ကုလား စစ်တပ်များ ကျွန်တော်တို့ ရွာများသို့ လာပြီး လက်နက်များကို လိုက်ရှာ

http://nyisay.com



ကြပါသည်။ ရဲဒုံးရာရှိကြီးနှင့် စစ်ဗိုလ်ထံတွင် ဘမ်းဆီးရမည့် သူများ၏ စာရင်းလည်း ပါလာပါသည်။ ကျွန်တော်တို့ အားလုံး ပုန်း၍ လက်နက်များကိုလည်း ဝှက်ထားကြပါ သည်။ သူတို့ ဘာမှရ မသွားကြပါ။ ထို့ကြောင့်လည်း ဗို၍ ဒေါပွ ကြသည်။

ကျေးရွာများတွင် အင်္ဂလိပ်အစိုးရ၏ ရဲများနှင့် စစ်တပ် များကို လျှို့ဝှက်စွာသတင်းပေးနေသူများနှင့် ဗြိတိသျှအစိုးရ ကိုလည်း တော်လှန်ရန် လိုသေးသည်ဆိုကာ အင်အားစုနေ သူများသည် တနေ့တခြား ကွဲပြား၍လာပါသည်။ ကျွန်တော် တို့ ဘက်မှလည်း မည်သူတွေ မြို့သွားသနည်း၊ မည်သူတွေ သတင်းပေးကြသနည်း စသည်ဖြင့် စုံစမ်းထောက်လှမ်းကြပါ သည်။ ထိုအချိန်တွင် လူတော်တော်များများနှင့် သက်ဆိုင် သော လူသတ်မှုများ ဖြစ်ပွားပါသည်။ ရဲများက သူတို့ ဘက် တော်သားများ ဧလရပါမည်လားဟုဆိုကာ မခံမရပ်နိုင် ဖြစ် နေပါသည်။ ထိုဖြစ်ပွားသော မှုခင်းအရပ်ရပ်တို့နှင့်ပတ်သက် ၍ ရဲများက လူတော်တော်များများကို ဘမ်းဆီးပါသည်။ ကျွန်တော်မှာ လူ ၇ ယောက်ကို သတ်သည်ဆိုသော အမှုတခု တွင် အစွပ်စွဲခံရသည့် လူ၂ဝထဲ၌ အပါအဝင်တဦး ဖြစ်ပါ သည်။ အမှုဖြစ်လာသောအခါ ရှေ့နေလည်း မငှားနိုင်ပါ၊ အစိုးရက ငှားပေးသော ဝတ်ကျေဝတ်ကုန် ရှေ့နေသာ ကျွန်တော်တို့ဘက်က လိုက်ပါဆောင်ရွက်မည့်သူ ရှိပါသည်။

ယခုအခါ ထောင်ထဲသို့ရောက်လာကြသော တရားခံအမျိုး မျိုးတို့က ရဲများ၏ ညှဉ်းဆဲမှုခံရပုံများကို ပြောကြားကြ၍ ကြားရသောအခါကျွန်တော်ရယ်ချင်ပါသည်။ဗြိတိသျှစစ်အုပ် ချုပ်ရေးအခါကကျွန်တော့်တို့ခံရပုံမှာပြောမကောင်းအောင်

http://nyisay.com



ပင် ဖြစ်ပါသည်။ ကျောက်ဖြူမြို့ထဲတွင် ရုံးလည်းမရှိ၊ ဂတ်လည်း မရှိပါ။ စစ်ဒဏ်ကြောင့် အိုးအိမ် အဆောက်အဦ ဘာမျှမကျန်တော့ဘဲ ပြာပုံအတိဖြစ်သွားသောကြောင့်၊မြို့နှင့် ၄၊၅ မိုင်ဝေးသော နေရာတွင် ဂတ်အချုပ် ၃ခု အသစ် ယာယီဆောက်ထားပါသည်။ ဂတ်အချုပ်တခုလျှင် အလျားပေ ၃၀၊အနံ ၂၅ ပေခန့်သာ ကျယ်ပါလိမ့်မည်။ သို့ရာတွင် ဘမ်းလာသူ ၆၀၊၇၀ မျှကို ထိုအချုပ်ထဲတွင် ပြွတ်သိပ်ထားသဖြင့် ကောင်းကောင်းပင် မအိပ်ရပါ။ ငါးပိသိပ် ငါးချဉ်သိပ် ပြည့်ကျပ်နေပါတော့သည်။

သုံးလ အတောအတွင်းတွင် ရေတခါမှ မချိုးရပါ။ ၂ ကြိမ်မျှသာ မတ်ခွက် ၃ခွက်စာမျှ ရေနှင့် ကိုယ်ကို တိုက်ရဘူးပါသည်။ ကျွန်တော်သာမဟုတ်၊ အချုပ် ၃ခုလုံးမှ တရားခံများ အားလုံး ဤအတိုင်းပင် ဖြစ်ပါသည်။အစားအသောက်မှာလည်း အလွန်ညံ့ဖျင်းပါသည်။ နေရောင်ရရန် ဆိုသည်မှာလည်း လုံးလုံးမနီးစပ်ပါ။ ရက်ပေါင်း များစွာ ရေမချိုးရသူ အပေါင်းသည် တယောက်၏ ကိုယ်နံ့ကို တယောက်ရှူပြီး၊ အခန်းကျဉ်းကလေး အတွင်းတွင် အသက်ရှင်နေရပါသည်။

မကြာမကြာ တရားခံများကိုထုတ်စစ်ပြီး ရိုက်ချင်တိုင်းရိုက် ဖနောင့်နှင့် ပေါက်ချင်တိုင်းပေါက်ကြပါသည်။ ကျွန်တော်လည်း အများဆုံး ခံရသူများတွင် အပါအဝင် ဖြစ်ပါသည်။

သုံးလကျော်ကျော် ကြာသောအခါ၊ခေါင်းတွင်သန်းများကျ၊တကိုယ်လုံးဝဲစွဲပြီး အကြီးအကျယ်ဖျား၍ ဆေးရုံတက်ရ

http://nyisay.com



ပါသည်။ ခေါင်းမထောင်နိုင်၊ ထိုင်လိုက်လျှင် မူးမူးလဲသွားသော လူမမာကို ခြေထိပ် လက်ထိပ် ၂မျိုးလုံး ခတ်ထားပါသည်။ တခါတရံ စိတ်မထင်လျှင် မျက်နှာကိုပိတ်ရိုက်သဖြင့် နှာခေါင်းသွေး ကျရပါသည်။ လက်ထိပ်ဖြစ်စေ၊ ခြေထိပ်ဖြစ်စေ တခုသာခတ်ရန် ဆရာဝန်က ပြောသော်လည်း ရဲများက လက်မခံပါ။

ဆေးရုံတွင် တလကြာမျှ တက်နေရပါသည်။ ထို့နောက်မှ အမှုမှာ ရုံးတော်သို့ ရောက်ပါသည်။

မျှားမကြာမီ ကျောက်ဖြူ မြို့တွင်းတွင် ဆောက်ပြီးသည့် ထောင်ကြီးချုပ်သို့ ပြောင်းရပါသည်။ ရုံးများလည်း မြို့တွင်းသို့ ပြောင်းကြရပါပြီ။

နယ်ပိုင်ဝန်ထောက်ထံတွင် အချို့က ဖြောင့်ချက်ပေးကြပါသည်။ စက်ရှင်ရုံးရောက်သောအခါ၊နယ်ပိုင်ထံတွင် ဖြောင့်ချက်ပေးသူ အားလုံးက ရဲကရိုက်၍ ဖြောင့်ချက်ပေးခဲ့ရခြင်းဖြစ်ပါကြောင်းနှင့် ဖြောင့်ချက်ကို ပြန်၍ငြင်းကြပါသည်။သို့ရာတွင် စက်ရှင်တရားသူကြီးက နယ်ပိုင်ထံတွင် ပေးထားသော ဖြောင့်ချက်မှာ မှန်သည်ဟူ၍ ယူဆသည်ဟု ဆိုပါသည်။ အစိုးရဘက်မှပေးသော သက်သေတယောက်က ကျွန်တော်အပါအဝင် မည်သူမည်ဝါ တွေက ပျောက်ဆုံးနေသူများအား ခေါ်သွားသည်ကို မြင်လိုက်ရပါသည် ဟု ထွက်ပါသည်။ သတ်သည်ကို ကိုယ်တိုင်မြင်သည်ဟု ထွက်ဆိုသော သက်သေမရှိပါ။သို့ရာတွင်ကျောက်ဖြူစက်ရှင်တရားသူကြီးက အဘမ်းခံနေရသော ကျွန်တော်တို့ လူစုအား သက်သေက ခေါ်သွားသည်ကို မြင်လိုက်ပါသည်ဟု ထွက်ဆို သွားသော ထွက်ဆိုချက်နှင့်ပင် သတ်သည်ဟု ယုံကြည်သည်ဆိုကာ၊ လူ

http://nyisay.com



၂၀ကျော်ထဲမှ ၇ယောက်ကိုအပြစ်ပေးပါသည်။ကြိုး၄ကြိုးနှင့် ထောင်အနှစ်၃၀၊ကြိုး၃ကြိုးနှင့်ထောင်အနှစ်၄၀၊ ကြိုး၂ကြိုး နှင့်ထောင်အနှစ် ၂၀ စသည်ဖြင့်ပြင်းပြင်းထန်ထန်စစ်အုပ်ချုပ် ရေးခေတ်ပီပီ အမိန့်ချလိုက်ပါသည်။ ကျွန်တော့်ကိုမူ ကြိုး တကြိုးနှင့်ထောင် ၂၇နှစ် အပြစ်ပေးလိုက်ပါသည်။ အသက် ၁၅နှစ် ၁၆နှစ်ရှိ ကလေး ၂ယောက်ကိုကား ထောင်၁၀နှစ် ချ၍ ကျန်အခြားတရားခံများအား လွှတ်လိုက်ပါသည်။

ဗိုလ်ချုပ် အောင်ဆန်းတို့ ကြားဖြတ် အစိုးရ မတက်မီ၊ စစ်အုပ်ချုပ်ရေးအခါက ကြိုးပေးသည် ဆိုသည်မှာ ထောင်မှ ထုတ်ပြီး အပြင်တွင် ပစ်သတ်သည်ဟု သိရှိရပါသည်။စစ်တွေ ထောင်တွင် ဤအတိုင်း လုပ်သည်ဟု ကျောက်ဖြူ အချုပ် ထောင်မှ နေ၍ ကျွန်တော်တို့ ကြားရပါသည်။

ကျောက်ဖြူထောင်မှာ စစ်ဖြစ်ရာတွင် ပျက်သွားသော ကြောင့် ယာယီ သံဆူးကြိုး ထောင်သာလျှင် လုပ်ထားရ ကြိုးတိုက် ကြိုးစင်လည်း မရှိပါ။ ထို့ကြောင့် စစ်တွေ ထောင်သို့ ကြိုးသမား ၇ ယောက်ကို ပို့လိုက်ပါသည်။

၁၉၄၇ ခု၊မတ်လ၃၁ရက်နေ့တွင် ကျောက်ဖြူ စက်ရှင် တရားသူကြီးဦးဘမြိုင်က ကျွန်တော်တို့ကို ကြိုးမိန့်ပေးလိုက် ခြင်း ဖြစ်ပါသည်။ဤအချိန်တွင် ဗိုလ်ချုပ် အောင်ဆန်းတို့၏ ကြားဖြတ် အစိုးရတက်ပြီဖြစ်၍၊ ကြိုးမိန့်များကို တားမြစ် သော အမိန့် ထွက်လာပါသည်။ ကြီးသောအမှု ငယ်စေ၊ ငယ်သောအမှု ပပျောက်စေဆိုသော ရည်ရွယ်ချက်ဟု ပြော ကြပါသည်။ထို့ကြောင့် ကျွန်တော်တို့ မသေရပါ။

စစ်တွေ ထောင်ကြီးတွင် ဇလဗွဲခန့် နေကြရပါသည်။ ဟိုက်ကုတ်တွင် အယူခံ ဝင်သည်မှာ ၃ လခန့်ကြာ၍ ကျွန်

http://nyisay.com



တော်နှင့်သက်ဆိုင်သောအမှု၃မှုတွင်ထောင်အနှစ် ၂၀တမှု၊ ထောင်၇နှစ်တမှု၊ ပေါင်း ထောင်ဒဏ် ၂၇နှစ် ဖြစ်သော အမှု၂မှုတွင် ကျွန်တော် နိုင်ပါသည်။ မြင် သက်သေ ထွက်ချက်အရ ပုဒ်မ၃၀၂၊၃၄အရကြိုးဒဏ်ကိုပယ်ဖျက်မပေးပါ။ကြိုးဒဏ် တည်သွားပါသည်။ သို့ရာတွင် ကြိုးစင်ကား မတက်ရပါ။ ဗိုလ်ချုပ်တို့ ကြားဖြတ် အစိုးရ၏ မူအရ အသနားခံစာတင်ရာတွင် ကြိုးဒဏ်ကို ထောင်ဒဏ်အနှစ် ၂၀ နှင့် ပြောင်းပေးလိုက်ပါသည်။ ထိုအပြစ်ဒဏ်ကို ကျွန်တော် ယခုခံနေရခြင်း ဖြစ်ပါသည်။ ယခု ထောင်ဒဏ်အသားချည်း (ဆုမှတ်ရက်မပေါ)၈နှစ် ကျော်ကျော် ရပါပြီ။ ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလလောက်တွင် ရန်ကုန် ထောင်ကြီး သို့ ကျွန်တော်တို့ ရောက်လာခဲ့ကြပါသည်။

ကျွန်တော်တို့ကဲ့သို့သော နိုင်ငံရေး ဆန်ဆန် အမှုအခင်းများနှင့်ပတ်သက်၍ အပြစ်ဒဏ်ခံနေရသူ အားလုံးပင် ဗမာ ပြည်လွတ်လပ်ရေး ကျေညာသောနေ့တွင် လွတ်ကြလိမ့်မည် ဟုလည်း သတင်းများ ထွက်လာပါသည်။ ယုတ္တိရှိသည် ဟုလည်း ကျွန်တော်တို့က ယူဆကြပါသည်။ အတော်ပင် မျှော်လင့်ချက်ထားခဲ့ကြပါသည်။နိုင်ငံရေးဆန်ဆန် အမှုများ ကို ပြန်လည်သုံးသပ်ပြီး လွတ်လိမ့်မည် ဆိုသလိုလို အမိပ္ပါယ်ပင် ဖြစ်ပါသည်။ သို့ရာတွင် မျှော်လင့်ချက်မှာ သဲရေကျ ဖြစ်သွားခဲ့ပါသည်။

ကြိုးဒဏ်၊ထောင်ဒဏ် အချားအပြား အပြစ်ပေးခံကြရသောကျွန်တော်တို့၇ယောက်ထဲမှ ကြိုး၄ကြိုးနှင့် ထောင်ဒဏ်အနှစ်၃၀၊ ကြိုး ၃ကြိုးနှင့် ထောင်ဒဏ် ၄၀ စသော ရဲဘော်သုံးယောက်မှာမူ အပြင်မှလိုက်၍ ဆောင်ရွက်ကူညီ

http://nyisay.com



ပေးနိုင်သူများ ရှိသဖြင့် အသနားခံစာနှင့် ၁၉၅၂ခုနှစ်က လွတ်သွားကြပါပြီ။ ရဲဘော်တယောက်မှာ ရန်ကုန် ထောင်ရောက်မှဆေးရုံတွင်ဖျားပြီး သေဆုံး သွားပါသည်။ ၁၀နှစ်သမားကလေးနှစ်ယောက်မှာ ထောင်ထုံးစံအတိုင်း ရကြသော ဆုမှတ်ရက်များ ရပြီးနောက် ၁၉၅၃ ခုနှစ် ထဲတွင် ရက်စေ့၍ လွတ်သွားကြပါသည်။

ယခု၌ထောင်ကြီးထဲတွင် ကျွန်တော်တို့အမှုတွဲ* ၃ယောက် ကျန်ပါသေးသည်။ကျွန်တော်တို့အတွက် ပြင်ပမှနေ၍ လိုက်လံ ဆောင်ရွက် ပေးနိုင်သူ၊ အသနားခံစာများ ပေါက်ပေါက်ရောက်ရောက် ဖြစ်အောင် ကြိုးစားပေးမည့်သူ၊အားကိုးနိုင်မည့်သူ တယောက်မှ မရှိပါ။ စက်ရှင်တရားသူကြီးက ကြိုးဒဏ်၊ထောင်ဒဏ်များ ပေးလိုက်ပြီးသည့်နေ့မှစ၍ ယနေ့ထိဘယ်ဆွေဘယ်မျိုးမှလည်း ထောင်ဝင်စာ မလာနိုင်ကြပါ။

၁၉၅၆ ခုနှစ် ကုန်ခါနီးတွင် မောင်လွန်းအောင်နှင့်အမှုတွဲများအတွက်အကြောင်းသိသူ နိုင်ငံရေးသမားများက ဆောင်ရွက်ကြသဖြင့် လွတ်သွားကြပေပြီ။

* အမှုတွဲဆိုသည်မှာ ထောင်တွင်း စကားဖြစ်၍ အမှုတခုထဲတွင် တရားခံ အတူဖြစ်ကြသူများကို ခေါ်ခြင်းဖြစ်သည်။

# ဦးဝ

## (အသက် ၅၆ နှစ်)

### (ငွေစက္ကူ ဒင်္ဂါး အတုလုပ်မှု)

ရန်ကုန်ထောင် အမှတ် ၅ အဆောင် အိန္ဒိယ အမျိုးသားများ၏ စားဖိုတွင် အလုပ်လုပ်သော ဦးဝကို ၁၉၅၄ခုနှစ်ဦး ရန်ကုန်ထောင်သို့ ကျွန်တော်ရောက်စကတည်းက သိရသည်။ အမှတ်၅ အဆောင် ဘုရားခန်းတွင် ကျွန်တော်တို့ လူစုပေါင်း၍ဝတ်တက်ကြရာ၌လည်း သူပါသည်။ သူကစာအုပ်မဆောင်ရ၊တနာရီကျော်မျှဝတ်တက်ကြသည်ကို သူအားလုံးပင်အလွတ်ရနေပေသည်။

ဦးဝသည် စားဖို၌သာ တာဝန်ယူသည်မဟုတ်၊ ဆုမှတ်ရက် (လျှော့ရက်) အပြည့်ရပြီး ထောင်မှ အမြန်ဆုံး လွတ်နိုင်ရန် အတွက် အမှတ် ၅ အဆောင် အောက်ထပ်တွင် တံမြက်စည်း လှဲလိုက်ပေသေးသည်။ ဦးဝ ဘယ်အတွက်ကြောင့် ဤထောင်ထဲသို့ ရောက်လာရပါသလဲ။ အကျိုးအကြောင်းများကို တိုတိုနှင့် လိုရင်း မှန်သည့်အတိုင်း ပြောပြပါရန် တောင်းပန်ရာ၊ ဦးဝက "ဆရာ ဘာလုပ်ဖို့ သိချင်တာလဲ၊သိချင်စရာမကောင်းပါဘူး"ဟုဖြေသည်။ကျွန်တော်က ရည်ရွယ်ချက်ကို တင်ပြ၍ အထပ်ထပ်မေးမြန်းရပ်သောအခါမှ " ဆရာမို့သာ ပြောရမယ်၊ မပြောချင်ပါဘူးဗျာ၊ ရှက်လဲရှက်ပါတယ်"ဟု စကားခံကာ – –

http://nyisay.com



အသက်ကတော့မငယ်တော့ပါ။တွက်သာကြည့်ပါတော့။ ၁၂၆၀ ပြည့်နှစ် တော်သလင်းလဆန်း ၁၅ ရက် နေ့တွင် မွေးဘွားပါသည်။

ထောင်ထဲရောက်လာရသည့် အကြောင်းကမကောင်းပါ။ အချို့သူများအတို့ ထောင်တွင်း ရောက်လာရသည်မှာ ဂုဏ် မထိခိုက်ပါ။ဂုဏ်တက်သူများပင်တက်ကြပါသည်။ကျွန်တော် ထောင်တွင်း ရောက်လာရသည့် အကြောင်းမှာ ငွေလုပ်မှုဖြစ် သဖြင့် ရှက်စရာအမှု ဖြစ်ပါသည်။ ဘယ်အတွက်ကြောင့် ငွေ လုပ်ရသလဲဆိုသော မေးခွန်းအတွက် ကျွန်တော့်အတို့ ကျွန် တော့်တွင် အဖြေရှိပါသည်။ အခြားသူများအတွက် အဖြေ တော့မဟုတ်ပါ။ရည်ရွယ်ချက်များ ရှိသောကြောင့် ဖြတ်လမ်း လိုက်မိခြင်း ဖြစ်ပါသည်။ ကျွန်တော် တယောက်တည်း၏ ကိုယ်ကျိုး ကိုယ်စီးပွားကို ရည်ရွယ်၍ လုပ်ခဲ့ခြင်းကား မဟုတ်ပါ။

ရှေးဝံသာနုခေတ် နိုင်ငံရေးလုပ်ငန်းများတွင် မထင်ရှား သော အလုပ်သမားကလေး တယောက်အနေနှင့် ကျွန်တော် ပါခဲ့သည်မှာ မနည်းလှပါ။ကျွန်တော်၏ဇာတိမှာ မုံရွာခရိုင် အမြင့်ရွာက ဖြစ်ပါသည်။သို့ရာတွင် ပျဉ်းမနား က ဦးဆရာ တော်၏ တပည့်ရင်းဖြစ်၍၊ ထိုဆရာတော်ကြီးထံတွင် ပညာ သင်ရပါသည်။ ပျဉ်းမနားတွင် ဆရာတော်ကြီးအနီး၌ ဘတ် ကြီးဝတ်ငယ် ပြုစုရသော အရင်းဆုံး တပည့်တယောက်အနေ နှင့် ကြီးလာရပါသည်။ ဆရာတော်၏ ဝေယျာဝစ္စ များကို ဂရုစိုက်ရ လွန်းသောကြောင့် စာဘက်တွင် များများ အား မထုတ်နိုင်ပါ။ ထို့ကြောင့် စာအသင့်အတင့်သာ တတ်ပါ

http://nyisay.com



သည်။ ဆရာတော်မှာ လာဘ်ပေါသော ဘုန်းတော်ကြီး တပါး ဖြစ်ပါသည်။သင်္ကန်း၊အစားအသောက် စသည်တို့ကို စာရင်းမှတ်တေး၍ ကျွန်တော်ပင် ကြည့်ရှုစီမံခန့်ခွဲပြုရ ပါသည်။ဆရာတော်က ယုံကြည်သည့်အတိုင်း ဘာလုပ်လုပ် စာရင်းသာမှတ်ထားဟုအမိန့်ရှိပါသည်။ ဧည့်သည်အာဂန္တု များလာလျှင်လည်း ဆရာတော် ဘာမှ သောက စိုက်စရာ မလိုပါ။ကျွန်တော်နှင့် ကိုရင်အချို့၊ကျောင်းသားအချို့တို့က ကြည့်ရှုစီမံ သွားပါသည်။သို့နှင့် ကိုရင်ဘဝတွင် အခန်းစိုး၊ ဦးပဉ္စင်းဘဝတွင် ဘဏ္ဍာထိန်းအဖြစ်နှင့်တာဝန်များ ထမ်းရ ပါသည်။ဆရာတော်မှာ နိုင်ငံရေးလုပ်ငန်းများတွင် ထင်ရှား သော ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ ညီလာခံ ကွန်ဖရင့်ကြီးများ ပြုလုပ်မည်ဆိုလျှင် အဆောက်အဦမဏ္ဍပ်တို့ အတွက် ဆရာ တော်က တာဝန်ယူရသည်သာများပါသည်။ နိုင်ငံရေး အာ ဇာနည်ပုဂ္ဂိုလ်များဖြစ်ကြသည့် ဆရာတော် ဦးဥတ္တမ၊ ဆရာ တော် ဦးဝိစာရ၊ မန္တလေးရွှေမျက်မှန်ဦးဝိဇယ(ယခုစစ်ကိုင်း ချောင်တွင်သီတင်းသုံးလျက်ရှိသည်။)စသောရဟန်းတော်ကြီး များလည်း ကျွန်တော်တို့ဆရာတော်ထံ မကြာမကြာ ကြွလာ ကြပါသည်။ ဆရာတော်နှင့် တိုင်ပင် ဆွေးနွေး ကြပါသည်။ ဆရာတော်ကြီးများနှင့်အတူ ကျွန်တော်တို့ ဆရာတော်သည် ကွန်ဖရင့်ကြီး များသို့ တက်ရောက် ပါသည်။ ကျွန်တော် တို့လည်းနောက်ကပါကြရစမြဲဖြစ်ပါသည်။ထိုဆရာတော်ကြီး များ၏ မေတ္တာဓါတ်နှင့် မျိုးချစ်စိတ်တို့ကို ကျွန်တော် ကြည် ညိုလေးစား၍ အားကျမိပါသည်။ မနိုင်းယှဉ်အပ် သည်ကို နှိုင်းယှဉ်ခြင်း မဟုတ်ပါ။ အားကျခြင်းသာ ဖြစ်ပါသည်။ ဆရာတော်ကြီးများ၏ လုပ်ငန်းစဉ် နှင့် ရည်ရွယ်ချက်များ

http://nyisay.com



ထပြောက်အောင်မြင်အောင် ကြိုးပမ်းလိုသော စေတနာများ ပေါ်ထွက်မိပါသည်။

ကိုဦးဆရာတော်သူ့မြတ်ကစာချရင်း ကျွန်တော်တို့အား ဆုံးမသော စကားများကို ယနေ့ပင် နားထဲ၌ ကြားနေပါသည်။ "သူများနှာခေါင်းနဲ့ အသက်မရှူကြနဲ့၊ ကောက်ရိုးပုံ မျှော်စားတဲ့ နွားတွေလို လုပ်မနေကြနဲ့" စသည်တို့ ဖြစ်ပါသေးသည်။ ထို့ပြင်လည်း "ငါ့သာ အားကိုးမနေကြနဲ့၊ ငါ့ကို သာမှီမနေကြနဲ့၊ ငါလဲအနိစ္စကောင်ကြီးဘဲ။ ငါသေရင် နင်တို့ ရဟန်းပီပီ၊ လူပီပီ နေနိုင်ကြအောင် ကြိုးစားကြ၊ အောက်အနီး အနားမှာရှိတဲ့ မြက်တွေကိုတော့ ဒုက္ခခံပြီး မစားချင်၊ ကောက်ရိုးပုံ ဆွဲစားချင်တဲ့ နွားမိုက်မျိုး မဖြစ်ကြစေနဲ့" စသည်ဖြင့် ဆုံးမ သွန်သင်လေ့ရှိပါသည်။

ဆရာတော်ကြီးမှာ ငယ်ငယ်ကတည်းက ကျောင်းသားကိုရင် ထိုမှတဆင့် ဦးပဉ္ဇင်း စသည်ဖြင့် တက်လာရသော ပုဂ္ဂိုလ်မဟုတ်ပါ။ ဦးပဉ္ဇင်းအရွယ်ရောက်မှ ပဉ္စင်းဝင်ခံပြီး စာကြိုးစားကာ အချွန်အမွန်ဖြစ်လာသောပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ စာပေပရိယတ်၊ လောကီ လောကုတ္တရာ၌ အလွန်နှံ့စပ်ပါသည်။ ပါးနပ်လိမ္မာမှု ရှိလှပါသည်။ တခါတရံ သူ့အကြောင်း သူပြောတတ်သည်မှာ "တို့ကတော့ အစောကြီးက လှန်းတဲ့ ပုဆိုး မဟုတ်ဘူးဟေ့၊ မွန်းတည့်မှ လှန်းတဲ့ ပုဆိုးဘဲ"ဟူ၍ ဖြစ်ပါသည်။ နောက်မှ လှန်းသော်လည်း စောစော သွေ့သည်။ ကြိုးမှ ရဟန်းဘောင်၊ တက်သော်လည်း ဇွဲ လုံ့လ ဝီရိယ တို့ကြောင့် နောက်တန်း အောက်တန်းမကျဟူ၍ ဆိုလိုပါသည်။ ဆရာတော်ကြီး ပြုစုမျိုးထောင်ထားသော ခေတ်မီစာကြည့် ပိဋကတ်တိုက်ကြီး အတွင်းတွင်

http://nyisay.com



လောကီ လောကုတ္တရာ စာအုပ်စာတမ်း၊ပေစာမှစ၍ အလွန်ပြည့်စုံပါသည်။ ပညာဗဟုသုတ ရှာမှီးသူများအဘို့ အလွန်အကျိုးများသော ဌာနကြီး ဖြစ်ပါသည်။

ဆရာတော်ကြီး ပြန်လွန်တော်မူသောအခါ ဇာတိဖြစ်သော မုံရွာနယ်အမြင့်သို့မြို့ ကျွန်တော် ပြန်ပါသည်။ ကျွန်တော်တို့တွင်ညီအစ်ကိုမောင်နှမ ၆ယောက်ရှိပါသည်။နှစ်ပေါင်းအတော်ကြာ ကျွန်တော်ပေါ်မလာ၊ သတင်းမပေးသဖြင့်သေပြီဟုသူတို့မှတ်ထင်နေကြပါသည်။ကျောင်းတကျောင်းတွင် ကျွန်တော်က ကျောင်းထိုင်ပါသည်။ အခြား ဦးပဥ္စင်းတပါးလည်း ရှိပါသည်။

ဒ္ဒါဇာနည် ပုဂ္ဂိုလ်ကျော် ပုဂ္ဂိုလ်မော် ဆရာတော် ဦးဥတ္တမ၊ဦးဝိစာရ၊ရွှေမျက်မှန်ဦးဝိဇယစသော ပုဂ္ဂိုလ်ကြီးများနှင့်ကျွန်တော်၏ဆရာတော်ရင်း ပျဉ်းမနား က ဦးဆရာတော်တို့၏အမျိုးဘာသာ သာသနာ ချစ်မြတ်နိုးသော စိတ်ထား၊ လုပ်ကိုင်ဆောင်ရွက်ချက်စသည်တို့သည် ပဥ္စင်းငယ်မျှသာဖြစ်သော ကျွန်တော့်ကို လှုံ့ဆော်လျက်ရှိပါသည်။

ထို့ကြောင့် ကျွန်တော်တို့၏ကျောင်းတွင် လောကဓါတ်ကျောင်း (စာသင်ကျောင်း) ထောင်ပါသည်။ မိန်းကလေးယောကျာ်း ကလေးများကို လောကီ ခေတ်ပညာသာမက လောကုတ္တရာ ယဉ်ကျေးမှုများလည်း သင်ပေးပါသည်။ သံပေါက်၊ သံခိပ်၊ မင်္ဂလသုတ်၊ ပရိတ်ကြီး စသည်တို့လည်း ဗမာ ဗုဒ္ဓဘာသာပီပီ တတ်အောင် သင်ပေးပါသည်။ အားကစားနည်းမျိုးစုံလည်း ကစား စေကြပါသည်။ စာကြည့်တိုက်လည်း ထူထောင်ပါသည်။ အတော်အသင့်လည်း

http://nyisay.com



ကြီးပွါးပါသည်။ ဆွမ်းအုပ်များလည်း မြည့်ပြည့် ၀၀ လှလှ ပပကြီး ရပါသည်။

ကျွန်တော်၏စိတ်ကူးအတိုင်းကြီးပွါးထွန်းကားဘို့မှာငွေ လိုပါသည်။မိဘလက်ထက်က လက်ငုတ်လက်ရင်း လယ်ယာ များမှာလည်း မောင်နှစ်မများက သူများလက်ထဲတွင် ပေါင် နှံထားကြရပါသည်။ ထိုလယ်များ ပြန်လည် ပေါ်လာပါ က ငွေကြေးဖေါဖေါသီသီ ဖြစ်လာပါမည်။ ထိုအခါ စာသင် ကျောင်းကိုလည်း တိုးချဲ့နိုင်မည်။ စာကြည့်တိုက်ကိုလည်း ပို၍ ကောင်းအောင် ထူထောင်နိုင်မည်။ ထို့ကြောင့် ငွေ လိုသည်။ လယ်တွေပြန်ပေါ်ဘို့လိုသည်။

ခေတ်လုပ်ငန်းများကို ဤမျှနှင့် ကျွန်တော် မရပ်သေးပါ။ ကျောင်းတွင် အတီးအမှုတ်မျိုးစုံလည်း ထူထောင်ပေးပါ သည်။ မိန်းကလေးများကိုလည်း ယိမ်းသင်ပေးပါသည်။ ဘုရားပွဲ ဝါကြီး သက်ကြီး ဘုန်းကြီးကန်တော့ပွဲ ကိစ္စများ တွင် ကျွန်တော်တို့ ကျောင်းမှ အမြိုင်ဆုံးဖြစ်ပါသည်။ ကြာ တော့ လူတွေကမကြိုက်ပါ။ ပွဲကျောင်းဆန်သည်ဟု ကဲ့ရဲ့ ပြောဆိုလာကြပါသည်။ အခြားနေရာတွင် ရွှေကျင်ဂုိဏ်း ဘုန်းကြီးတွေလည်း ရှိကြသဖြင့် အတီး အမှုတ် အက အခုန် များကို တဖြည်းဖြည်း လျှော့ပြီး မကြာမီ ရပ်နားထားလိုက် ရပါသည်။

ထို့ကြောင့် ဂျပန့်ခေတ်တွင် ကလေးများအား ခေတ်အ လျောက် ဆပ်ပြာချက်၊ သားရေစိမ်၊ မုန့်မျိုးစုံ လုပ်ငန်း သင်ပေးပြီး လုပ်စေ၊ ရောင်းစေပါသည်။ ရက္ကန်းစင်များ ထောင်ပြီး သင်လည်း သင်ပေး၊ အလုပ်လည်း လုပ်စေပါ သည်။

http://nyisay.com



လုပ်ငန်းအရပ်ရပ် ကြိုးပမ်းမှုအဖုံဖုံကြောင့် ဂျပန်ခေတ်တွင် လယ်မြေများ ပြန်၍ ပေါ်လာပါသည်။ ကျွန်တော်ဝမ်းသာ၍ မဆုံးပါ။

အဓိကအားဖြင့် လယ်မြေများ မြေရှင်ထံမှ ပြန်ပေါ်ခြင်းမှာ ကျွန်တော် ကြိုးပမ်းအားထုတ်မှုကြောင့် ဖြစ်သော်လည်း လူဝတ်ကြောင် ဖြစ်သော ကျွန်တော်၏ အစ်ကိုကြီးများနှင့် အခြားညီအစ်ကို မောင်နှမများက လယ်များကို သူတို့နာမည်နှင့်သာ ပေါက်အောင် သက်ဆိုင်ရာ အရာရှိများနှင့် သက်ဆိုင်ရာရုံးတွင် လုပ်ထားလိုက်ပါသည်။ ကျွန်တော့်ကိုမူ ဘုန်းကြီး ဖြစ်နေ၍ဟု သဘော ထားသောကြောင့်လော၊ သေပြီဟု သဘော ထားသောကြောင့်လော မပြောတတ်၊ ချန်လှပ်ထားခဲ့ကြပါသည်။၎င်းအကျိုးအကြောင်းကို စောစောက ကျွန်တော်မသိ၊ အင်္ဂလိပ်ပြန်ဝင်လာ၍ အခွန်တော်ပြေစာ အသစ်များထွက်လာသော အခါမှသာ သိရပါသည်။

၎င်းအတိုင်းဆိုက ၎င်းလယ်ယာများမှ အတိုးအပွားများကို ကျွန်တော်သဘောကျ ဘာမှ သုံးစွဲပိုင်ခွင့်မရှိပါ။ ထိုကြောင့် ခဲရာခဲဆစ် သဲရေကျ ဖြစ်ရပါသည်။ ညီအစ်ကိုမောင်နှမများအပေါ်လည်း စိတ်အနာကြီး နာမိပါသည်။

ငွေလိုပါသည်။ငွေရှိလျှင် လယ်များလည်း ကိုယ့်လက်ထဲရောက်အောင် လုပ်နိုင်သည်။ ကိုယ့်စီမံကိန်းများကိုလည်း အကောင်အထည် ဖော်နိုင်မည်။ ငွေအရေးကြီးသည်။ ငွေသည် အရေးအကြီးဆုံး ဖြစ်သည်။

မျှားမကြာမီပင် ပခုက္ကူကိုကျွန်တော်ရောက်သွားပါသည်။ တပည့်တယောက်၏ မိတ်ဆွေက ငွေစက္ကူ၊ ငွေဒင်္ဂါး၊ ရွှေဒင်္ဂါး

http://nyisay.com



များ လုပ်တတ်သူ ဖြစ်သောကြောင့် သူတို့နှင့် အတူနေရင်း သူတို့ လုပ်ကိုင်နေသည်များကို မြင်နေရသဖြင့် သူတို့ပညာများကို လုပ်တတ်လာပါသည်။

အရပ်ပြန်လာပြီး သတင်းအရ ပညာဆက်လိုက်ရာ ၉ မိုင် ၁၀မိုင်ခန့် ဝေးသော ရွာတရွာမှ ဘုန်းတော်ကြီး ကျောင်း တကျောင်းသို့ ရောက်သွားပါသည်။ ဘုန်းကြီးမှာ ထိုနယ်တွင် နူနာကုအကျော်၊ ဗိန္ဒောဆရာ အကျော်ဖြစ်ပါသည်။ အင်္ဂရတ်လည်း ကျော်ပါသည်။ ရွှေဖြစ်လိုက်နေပါသည်။ ရွှေဒင်္ဂါးလုပ်ရာ အစတွင် အတော်ကောင်း၍ လ အနည်းငယ် ကြာသောအခါ အသွေးအရောင် ဖျော့သွားပါသည်။ ထိုဘုန်းကြီးအား ကျွန်တော်က ရွှေဒင်္ဂါးလုပ်နည်း၊ ရွှေရည်တင်နည်းကို သင်ပေးပါသည်။ ရွှေရောင် ခပ်များများ တင်ထားလျှင် မှတ်မည်မျှပင် တင်စေကာမူ ခံပါသည်။ ထိပ်ဆုံးငွင်းကလေးကိုမူ ရွှေအစစ်တပ်ထားလိုက်သည်။ ငွင်းကလေးကို မှတ်ကျောက် တိုက်ကြည့် တတ်ပေရာ ရွှေမှ ရွှေအစစ် ဖြစ်သည်ဟု မည်သူမဆို လက်ခံကြရပါသည်။

ဤအလုပ်မှာ တော်တော်ဆိုးကြောင်း ယခုတော့ ပြန်၍ သုံးသပ်ဝေဖန် စဉ်းစားကြည့်မိပါသည်။ ရွှေဒင်္ဂါးအတုများမှာ လူချမ်းသာများဆီသို့ မရောက်ဘဲ တောင်သူလယ်သမားများ စပါးပေါ်ချိန် ကိုင်းကန်ပေါ်ချိန်တွင် ပို၍သွက်လက်စွာ ထုတ်နိုင်သဖြင့် တောင်သူ လယ်သမား ဆင်းရဲသားများ လက်ထဲသို့သာ ရောက်သည်က များပါသည်။

ဘုန်းကြီးထံမှမူ ဆေးနည်းကောင်းများသာ ရပါသည်။ အခြား ဘာပညာမှ မရခဲ့ပါ။

http://nyisay.com



ကျွန်တော်၏ ရည်ရွယ်ချက် စီမံကိန်းများ အကောင် အထည် ဖေါ်နိုင်ရန်အတွက် ငွေနောက်သို့သာ ကျွန်တော်လိုက်နေပါသည်။ လမ်းရိုးအတိုင်း မလိုက်ဘဲ ဖြတ်လမ်းက လိုက်လျက်ရှိပါသည်။ မျှားမကြာမီ ပခုက္ကူမှ တပည့်မိတ်ဆွေများက တာဝန်တခုပေးပြီး၊ ရန်ကုန်သို့ ကျွန်တော့်အား သွားစေပါသည်။ ထိုသူက သူ့ဓါတ်ပုံ တပုံလည်း ပေးလိုက်ပါသည်။

ရန်ကုန်သို့မသွားမီ ကျွန်တော့်ကိုယ် ကျွန်တော် သိက္ခာချထားလိုက်ပါသည်။ လိပ်စာအတိုင်း တိုက်ခန်း တခန်းသို့ သွား၍ ငွေစက္ကူလုပ်သော စက္ကူအစစ် သွားဝယ်ပါသည်။ ပခုက္ကူက တပည့်၏ မိတ်ဆွေဓါတ်ပုံကို ထုတ်ပြလိုက်သဖြင့် ရောင်းသူက ယုံကြည် စိတ်ချပါသည်။ သို့ရာတွင် ယခု ချက်ခြင်း မရနိုင်သေး၍ ၇ရက်ခန့် စောင့်ရန် ပြောသဖြင့် ရန်ကုန်တွင် စောင့်နေရပါသည်။

ငွေနောက် လိုက်နေသော ကျွန်တော်သည် ပခုက္ကူတွင် မျက်စေ့ရှင်ရှင်နှင့် ကြည့်လာခဲ့ပေရာ၊ ဒင်္ဂါး၊ ခဲစေ့၊ မတ်စေ့များ ဘယ်လို လုပ်သည်ဆိုသည့် ပညာကိုကောင်းစွာရခဲ့ပါသည်။ ထို့ကြောင့် စမ်းသပ်ကြည့်ချင်ပါသည်။ မည်သည့်နေရာတွင် မည်သည့်ဆေးဝါးများဝယ်ရသည်ဆိုသည်များကိုလည်း ပခုက္ကူက လူစုထံမှသိရှိထားနှင့်ပြီးဖြစ်ပါသည်။ စက္ကူရေစာ သွင်းသည့် နေရာတွင် အသုံးပြုရသော "ပေါ်တက်ရှီဆိုင်အာနိုက်"ကို ဒီဆူဇာဆေးတိုက်ကြီးနှင့် မဂုဋ်လမ်းမှ အခြားဆေးတိုက်ကြီးကြီးများတွင် ဝယ်၍ ရပါသည်။ ရွှေရည် ငွေရည် စိမ်ရာမှာလည်း ၎င်းဆေးကို သုံးရပါသည်။

http://nyisay.com



ငွေဒင်္ဂါးကြီး ငယ်များကို အရောင် တင်ရာမှာလည်း ဤဆေးမှာ အဓိက ဖြစ်ပါသည်။

လုပ်ကိုင်နည်းမှာ ဤသို့ဖြစ်ပါ၏။ နိုက်ထရိတ် အက်ဆစ် (လောင်ဆီ၊ ယမ်းစိမ်း၊ ငရဲမီး၊ သို့မဟုတ် ဘော်စား၊ ငွေစား လောင်ဆီ) ရှိရပါမည်။ ထို့နောက် ဘော်ကို အပြားခတ်၊ အပြားကို ကတ်ကျေးနှင့် ခပ်သေးသေးကလေး ဖြစ်အောင် ကိုက်၊ ပန်းကန် တခုထဲတွင် ထိုဘော်စများကို နိုက်ထရိတ် အက်ဆစ်လောင်ဆီနှင့် ရောမွှေလိုက်လျှင် ဘော်များမှာ ပြာအတိ ကျသွားပါတော့သည်။

ထိုပန်းကန် အတွင်းသို့ ဆားသင့်ရုံထည့်၊ ထိုအခါဘော်များသည် ဖြူဖွေးပြီး အဖြူနှစ်များ ပေါ်လာမည်။ငြိမ်အောင် ထားလိုက်ပြီးအပေါ်ရေကြည်ကို အခြားပန်းကန်ထဲလောင်းထည့်၊ ဘော်ပြာများ ပါမသွားစေဘဲ ဥကြိမ်မျှ ဆားရေတွင် ထည့်ပြီး၊ ဤနည်းအတိုင်းသွန်ပစ်။ အချဉ်ဓါတ်ကိုထုတ်ပစ်သော သဘောပင် ဖြစ်၏။ ငွေအနှစ်များမှာ စိုထိုင်းထိုင်းဖြစ်နေပေလိမ့်မည်။နေပူလှန်းရသည်။ မြန်မြန်အသုံးလိုလျှင် မီးကင်ရသည်။ ထို့နောက် လေလုံသောပုလင်းထဲ ထည့်၍ အလိုရှိသည့်အခါသုံးရပါသည်။ ဤသည့်တို့မှာ လုပ်ငန်း၏ အရေးအကြီးဆုံး အစိတ်အပိုင်းတရပ်ပင်ဖြစ်ပါသည်။

သွပ်စစ်စစ်အပြား၊ ဓါတ်ခဲက သွပ်၊ မီးခြစ်ထုပ်ကသွပ်၊ လက်ဖက်ခြောက်သေတ္တာများကသွပ်ကို ပါးပါးအပြားဖြစ်အောင်ညှပ်ပြီး လုံထဲတွင်ထည့်၍ကြို၊ ထို့နောက်အထူအပါးလိုသော အပြားမျိုးဖြစ်အောင် ပြန်လုပ်၍၊ ပေါ်တက်ရှုံစီဆိုင်အာနိုက်နှင့် ပုလင်းလုံလုံဖြင့်ထည့်၍သိမ်းထားသော ဘော်ပြာကို ပန်းကန်တခုထဲတွင်ထည့်၍ရော၊ ၎င်းအထဲသို့ အသင့်

http://nyisay.com



ပြုလုပ်ထားသောသွပ်ပြားကိုထည့်စိမ်၊ ကြေးသွားပွတ်တံနှင့် ပွတ်လိုက်၊ စိမ်လိုက်၊ အခါတော်တော်များများ လုပ်ပေးရပါသည်။ အကြိမ်ပေါင်း များလေ၊ အရောင်ကောင်းလေ၊ စွဲလေဖြစ်ပါသည်။ ဤငွေရည် စိမ်နည်းကို ဘယ်နေရာမှာ သုံးသုံး သုံးနိုင်ပါသည်။အဆိုးသာမဟုတ် အကောင်းလည်း အသုံးပြုနိုင်ပါသည်။ ဤနည်းကိုကျွန်တော်တို့လုပ်ငန်းသမား များက အတိုကောက်“ဂျပန်လှည့်”ဟုခေါ်ပါသည်။

ရွှေရည်စိမ်လိုလျှင် ဓါတ်ခဲမီးအားကို အသုံးပြုရပါသည်။ အရည်ကောင်းကောင်း လိုချင်လျှင် ကြာကြာစိမ်ရပါသည်။ ရေနှင့် ပေါ်တက်ရှ်စီဆိုင်အာနိုက်ကို ပန်းကန်ထဲတွင် ထည့်ထားပြီး ရွှေရည်စိမ်သော ပစ္စည်းကို ရွှေနှင့်တဘက်စီ ထားရပါသည်။

ဒန်၊သံ၊ နီကယ်ပါသောပစ္စည်းများနှင့် ပတ်သက်လာလျှင် ဆာဖြူရစ်အက်ဆစ်၊ နိုက်ထရိတ်အက်ဆစ် များကို သုံးရပါသည်။

လုပ်နည်းကိုင်နည်း အပြည့်အစုံပြောပြ၍ကား မဖြစ်ပါ။ တစုံတယောက်က တခုခု ကောက်လုပ်လျှင် ကျွန်တော့် ပယောဂဖြစ်နေမှာ စိုးရပါသည်။

ရန်ကုန်တွင်နေရခိုက်၊ သွားစိုက်ဆိုင်များမှာအသုံးပြုသည့် ပလာစတာမျိုးနှင့် အခြားလိုသော ပစ္စည်းကရိယာများ စုဆောင်းပြီး၊ ဒင်္ဂါးများစမ်းသပ်လုပ်ကိုင်ကြည့်ရာ အောင်မြင်ပါသည်။ထို့နောက် တွံတေးဘက်သို့သွားနေကာ အလုပ် ဆက်လုပ်ပြီး သုံးစွဲနေပါသည်။စပ်တူလုပ်သူမှာ အင်းသူကြီး

http://nyisay.com



နှင့် ဆွေမျိုးဖြစ်သောကြောင့် ငွေဒင်္ဂါးနှင့်အနုပ်အကြွေများ ထုတ်ရလွယ်ကူပါသည်၊ ကန်ထရိုက်များမှ တဆင့် ထုတ်သည့် အခါလည်း ထုတ်ပါသည်။

၁၉၄၇ ခု၊ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသည့် နှစ်က ဌတ်လစ်ဖ်လမ်းတွင် အိမ်ဝယ်ပြီး တပည့်တယောက်နှင့်အတူ နေပါသည်။ ဝါသနာလည်းပါသောကြောင့် ဓါတ်စက်လည်း တနေကုန် ဖွင့်ပါသည်။ အလုပ်လည်း အတွင်းဘက်မှာ လုပ်ပါသည်။ အမှန်ကိုပြောရလျှင် လုပ်လုပ် သုံးသုံးကြောင့် မခြွင်းဖြစ်ပါသည်။ တသောင်းဘိုးဖြင့် တသောင်းဘိုး လိုသ လောက်လုပ်ပြီး ကရိယာများကိုဖျက်ဆီးပစ်လိုက်လျှင် မိမည် မဟုတ်ပါ။ ပဋ္ဌမအကြိမ် အမိခံရစဉ်က တပည့်အတွက် ကျွန်တော်ကပင် တာဝန်ယူလိုက်ပါသည်။ သို့ရာတွင်တပည့် ဖြစ်သူက အမှုအတွက် နောက်ကမလိုက်ပါ။ သူ့ထံတွင်ရွှေငွေ ပစ္စည်း တော်တော် များများ ကျန်ခဲ့ပါသည်။ သူသာအမှု အတွက် ကြိုးစားလိုက်ပါလျှင် တနှစ်လောက်သာ အပြစ် ပေးခံရဘို့ ရှိပါသည်။ တပည့်ဖြစ်သူက ရှိပစ္စည်းများနှင့် မိန်းမ တောင်းပြီး တင့်တောင့် တင့်တယ်နေလိုက်ပါသည်။ ကျွန် တော့ထံ ထောင်ဝင်စာပင် မလာပါ။ ၎င်းပဋ္ဌမအကြိမ်က ရန်ကုန်ထောင်ကြီး ၁ဆောင်မှာနေခဲ့ရပါသည်။ ဂျော့ဘုရင် ၂ထပ်ခေါင်း ပေါ်ခါစဖြစ်၍လည်း တော်တော် ကျေးဇူးရှိ လိုက်ပါသည်။

ငွေစက္ကူအတု၊ ဒင်္ဂါးအတု လုပ်သူများ၏ သဘာဝမှာ အဟောင်းနှင့်အသစ်ပြောင်းခါစ အချိန်တွင် 'အခါကောင်း အခွင့်ကောင်းယူတတ်ပါသည်။ ဤလုပ်ငန်းမျိုးကို ဖိနှိပ်တား

http://nyisay.com



ဆိုးလိုသော အရာရှိနှင့် အခြားပုဂ္ဂိုလ်များ၊ ပြည်သူလူထုများသည် အသစ်ပေါ်စတွင် အတုကို အထူးသတိပြုကြရပါမည်။ ဤအချက်ကို စေတနာနှင့် ကျွန်တော်ဖွင့်ပြော အစီရင်ခံပါသည်။

ကျွန်တော်လည်း ပဋ္ဌမအကြိမ် ထောင်မှ လွတ်ပြီးနောက် မော်လမြိုင်မှာ တနှစ်ခန့် သွားနေပါသည်။ နေရေးစားရေး ကျပ်တည်းကျဉ်းမြောင်းသောကြောင့် ရန်ကုန်သို့ ပြန်လာပြီး တပည့်တယောက်နှင့် အိမ်တအိမ် ငှါး၍ နေပါသည်။

ယခုဒုတိယအကြိမ်အမှုဖြစ်ရသည်မှာတပည့်မလိမ္မာသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်ကပင် ခေါင်းခံလိုက်ပါသည်။ သူကသာ ဖိဖိစီးစီး လိုက်ပါဆောင်ရွက်လျှင် အပြစ်ဒဏ် ဤမျှကျခံစရာ ရှိမည်မဟုတ်ပါ။ ယခုတော့ ဖြနှစ်အပြစ်ပေးခြင်းခံရပါသည်။ သူကလည်း သူ့ကိုပါ ရဲဘက်က အပြစ်ရှာမည် ကြောက်သောကြောင့် မလိုက်သလားတော့ မပြောတတ်ပါ။ ကျွန်တော်၏ အပြစ်ဟောင်းကလည်း ပေါ်သောကြောင့် တရားသူကြီးက ဖြနှစ်တိတိ အပြစ်ပေးလိုက်ပါသည်။ အပြင်မှ ထောင်ဝင်စာလာမည့်သူပင် မရှိ၍ ထောင်ထဲတွင်နေရသည်မှာ ဆင်းရဲဒုက္ခရောက်ပါသည်။ အလုပ်လည်း အလွန် လုပ်ရပါသည်။

အသက်လည်းကြီးပြီဖြစ်သောကြောင့် ဤအခါ လွတ်လျှင်ဖြင့် ဤအလုပ်မျိုး၊အစိုးရဥပဒေနှင့် ဆန့်ကျင်သောအလုပ်မျိုး မလုပ်တော့ပါ။ အပြစ်လွတ်သည့် အလုပ်မျိုးသာ လုပ်ကိုင်စားရန် ရည်ရွယ်ထားပါသည်။ အရပ်ကိုလည်း မပြန်ချင်ပါ။

http://nyisay.com



ဆွေမျိုးသားချင်းများကမူ ကျွန်တော့်အား သေစာရင်းသွင်းထားကြ ပါလိမ့်မည်။ သွင့်းလည်း သွင်းလောက်အောင် အဆက်အသွယ်ပြတ်နေပါသည်။

ထောင်မှ လွတ်သည့်နေ့တွင် ထောင်ထဲမှ သိကျွမ်းထားပြီး လွတ်သွားနှင့်သည့် မိတ်ဆွေတဦးနှင့် အတူနေပါမည်။ သူကလည်း ရွှေဖြစ်လိုက်နေပါသည်။ တရားသောနည်းဖြင့် လိုက်ခြင်းဖြစ်ပါသည်။ထိုလုပ်ငန်းကို ၂ယောက်သားစမ်းသပ်ကြိုးစားကြည့်ကြပါမည်။ ငွေစက္ကူ၊ ငွေဒင်္ဂါး အလုပ်မျိုးကိုကား ဝေရမဏီပါဘဲခင်ဗျာ။

၁၉၅၅ ခုနှစ် ကုန်ခါနီးတွင် ဦး၀ လွတ်သွားပေပြီ။

# ဦးသာညို

## ( အသက် ၆၇ နှစ် )

### ( သေနတ် မကိုင်ဘူးသူနှင့် လူသတ်မှု )

ဘကြီးကို အထက်မင်းတုန်းအနီး သံတောင်ရွာတွင် မွေးပါသည်။ အဘေ ဦးကြည်၊အမေဒေါ်ကြီးဖြစ်၍၊ အလုပ် အကိုင်မှာ ကိုင်းခပေးပြီး ကိုင်းငှားလုပ်ခြင်းနှင့် ကြက်သွန် ခင်း လုပ်ခြင်းဖြစ်ပါသည်။

မွေးချင်း ၄ ယောက် ရှိသည့်အနက် အကြီးဆုံး ဖြစ်ပါ သည်။ ညီတယောက်နှင့် နှစ်မ ၂ ယောက်မှာ အားလုံး သေကုန်ကြပါပြီ။ ဘကြီးကတော့ ငယ်ငယ်က မိဘ၏ တောင်ယာအလုပ်ကို အနည်းအပါး ကူညီ လုပ်ကိုင် ရပါ သည်။

အသက် ၁၂ နှစ်တွင် ဘုန်းကြီးကျောင်းမှာ နေ၍ သင်ပုန်းကြီး ဟုန်ပါသည်။ဘုန်းကြီးကဆူသဖြင့် ကျောင်းက ပြေးရာ မိဘကပြန်ပို့၍ ပြန်နေသော်လည်း၊နောက်တကြိမ် ဆူသောအခါ ပြန်မသွားတော့ပါ။ ပေါက်တော၊ ဒိုင်မဲ စသော ရွာများသို့ သွားလာ လည်ပတ် နေလိုက်ပါသည်။ တခါက အမေက လိုက်ခေါ်၍ အိမ်ပြန်လာပါသည်။

ဘကြီးတို့ဆီသို့ ရခိုင်ပြည်က သူငယ်ချင်း မောင်မဲဆိုသူ အလည်လာပါသည်။ မင်းတုန်းနှင့် ရခိုင်မှာ ၂ ညအိပ်

http://nyisay.com



ခရီးသာ ရှိပါသည်။ဘကြီး ၁၅ နှစ်သားအရွယ်မှာ သူငယ်ချင်းနှင့် အတူ ရခိုင်ပြည်ဘက်သို့ ဒေသည်လိုက်သွားရာ၊ ကျောက်ဖြူ ဒိစတြိတ် မင်းပြင်ရွာသို့ ရောက်သွားပါသည်။ အိမ်ခြေ ၁၀ ခန့်ရှိ၍ တောင်ယာခုတ် လယ်လုပ်စားကြပါသည်။သူတို့က အလွန်ခင်ကြပါသည်။ မပြန်စေချင်ကြပါ။

၁၆ နှစ်သား မပြည့်မီ မတူဆိုသော မိန်းကလေးနှင့် လက်ထပ်ပေးပါသည်။ ဘကြီးက ၁၆နှစ်၊ မတူက ၁၃နှစ်သာရှိသေးသည်။ ဆံပင်ကလေးမှ ကြက်တောင်စည်းကလေး မျှသာရှိပါသေးသည်။ သူငယ်ချင်း မောင်မဲ၏ နှစ်မအရင်းဖြစ်ပါသည်။ ကလေးစကားတော့ မမေးပါနှင့်၊ ဘကြီးက ရှက်ပါသည်။ မတူနှင့် ပေးစားမည်ဆိုသဖြင့် အလွန်ဘဲဝမ်းသာမိပါသည်။ မတူကလည်း ဝမ်းသာမည်ပင် ဖြစ်ပါသည်။ တနေ့တော့ လူသူလေးပါး မရှိတဲ့အချိန် မတူကိုလောဘတကြီးနဲ့နမ်းလိုက်ရာ၊ ပါးစပ်က သောက်နေသည့်ဆေးလိပ် မချမိသည့်အတွက် မတူ၏ပါးကို မီးနှင့် ထိုးမိသည်မှာ နင့်မေကလွှား အမာရွတ်က သေရာပါ ပါလေရော။ မတူနှင့်ရပြီး ရခိုင်ပြည်က မပြန်တော့ပါ ။

နွားရှိပါ၏။ သို့သော် လယ်ကိုငှားပြီး လုပ်ကိုင် စားရပါသည်။ သားသ္မီး ၆ ယောက်ရပါသည်။ တလျှောက်လုံး အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက် နေရပါသည်။ စီးပွားဟူ၍တော့ မဖြစ်ပါ။

ဂျပန်ခေတ်ရောက်လာသည်။ ဘာမှမဖြစ်သေးပါ။ ဂျပန်များအဆုတ်၊ ဘယ်မှာဘာဖြစ်သည်မသိပါ၊ ဘကြီးတို့ရွာမှ ယောက်ျားကြီး၆ဝကို ခေါ်ပါသည်။ ဂျပန်များ၏သေနတ်၊ ယမ်းတောင့်နှင့် ဝန်စည်စလယ်များ ထမ်းရသယ်ရ ပိုးရ ပါး

http://nyisay.com



သည်။တောထဲတောင်ထဲလိုက်ပို့ရပါသည်။ ၂ရက်တိတိဘာမှ မစားရပါ။ ရေကိုပင်ဝအောင်မသောက်ရပါ။တောကြီးထဲက "မြင်းတောင်"ပေါ်သို့ရောက်သွားကြပါသည်။လူ ၃၀ကျော် ကိုလည်း သံဆူးကြိုးဝင်းထဲမှာ ထည့်ထားပါသည်။ ဘကြီး တို့ကိုလည်း သတ်မှာဘဲဟု ဘကြီးတို့ စဉ်းစားမိပါသည်။ ၎င်းတောင်တွင် ဂျပန် ၉၀၀ ခန့် ရှိသည်ဟု ပြောကြပါသည်။

၃ရက်ရောက်သောနေ့တွင် ဒေါင်ပံ ၂ထပ် လေယာဉ်ပျံ ကြီး တစင်းတည်း လာဝဲပါသည်။ နောက် ၂နာရီခန့် အကြာ တွင် လေယာဉ်ပျံကြီး ၉စင်းလာပြီး စက်သေနတ်နှင့် အချိန် အကြာကြီးဆွဲပါသည်။ ထိုညက ဘကြီးတို့ အားလုံး ထွက် ပြေးကြပါသည်။ ခြေထောက်နာ၍ မထနိုင်သူတွေပါ ထပြေး ကြရပါသည်။ သံဆူးကြိုးထဲက လူများမှာမူ သေကြဘို့က များပါသည်။ ထို့နောက်အိမ်ပြန်ရောက်၍ ၃၊၄ လ အကြာ တွင် ဇနီး မတူ သေဆုံးပါသည်။

ခမောက်ထိုင်ရွာတွင် မောင်ဇံ၊ မပုလဲ ဆိုသူတို့ ရှိကြပါ သည်။ မပုလဲနှင့် ဘကြီးမိန်းမ မတူ တို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ခန့်က ရွာ၂ရွာကြားတွင် ရန်ဖြစ် သတ်ပုတ် ဘူးကြသည်။ တရွာနှင့် တရွာမှာ ခြေလျင် ၂နာရီသာသာ ခရီးခန့် ရှိပါသည်။ ရန်ဖြစ်သည် ကြား၍ ဖြန်ဖြေရန်၊ ပြေ လည်အောင်ပြောဆိုရန် လိုက်သွားရာ မပုလဲက ဆဲပါသည်။ ထို့ကြောင့် ဒေါသဖြစ်၍ ဘကြီးက ပါးရိုက်မိပါသည်၊ သူကြီးအိမ်တွင် တရားစွဲ၍ ဒဏ်ငွေ၁၅ အတပ်ခံရပါသည်။
ထိုမောင်ဇံ၊မပုလဲတို့ တနေ့တွင် ဓါးပြတိုက်ခံရပါသည်။ ထိုဓါးပြမှုနှင့် ပတ်သက်၍ ဘကြီးဘာမှမသိပါ။

http://nyisay.com



ပြောရပါဦးမည်၊ ဘကြီးကို ရဲများက လာဘမ်းသည် လည်းမဟုတ်၊ သူကြီးက ဘမ်းသည်လည်းမဟုတ်ပါ။ အရပ်သား မောင်စိန်ထွန်း (ရမတင်ရွာ)၊ ရှမ်းအို (ဘုန်းဆိုးပြင်းရွာ)နှင့် ငလုံး (ကမ်းချပြင်ရွာ)တို့က လာဘမ်းကြပါသည်။

ဖြစ်ပုံမှာ ရမတင်ရွာသို့ ဗေဒင်မေးဖုန် ရက်ချပ်ကလေး ယူပြီး သွားပါသည်။ဗေဒင်ဆရာက တခြားသွားနေ၍ စောင့်ရင်းနှင့် အိပ်ပျော်သွားရာ၊ နိုးသောအခါ ကြိုးများနှင့် တုပ်ထားသည်ကိုတွေ့ရပါသည်။ထို့နောက် သူတို့ ဘာမှမပြောဘဲ ခေါ်သွားကြပါသည်။ ရွာဦးစရပ်ရောက်၍ ခဏနားချိန်တွင် သတင်းကြားသဖြင့် ရွာ ဖြရွာမှ လူ ၆၀ ခန့်က "ဒီလူကြီး ဓါးပြမဟုတ်ပါဘူး၊ လွှတ်လိုက်ကြပါ"ဟု လာရောက်ပြောသော်လည်း မရပါ။ ရမတင်ရွာမှ ဘုန်းကြီးကလည်း "တကာကြီး လူဆိုးမဟုတ်ပါဘူး၊ လွှတ်ပေးပါ"ဟု လာရောက်မေတ္တာရပ်ပါသည်၊ မရပါ။

ဘမ်းသူများက မရိုက်နှက်ပါ။ ကြိုးနှင့် တုပ်ပြီး ရမ်းဗြဲဂိတ်သို့ ခေါ်သွားပါသည်။ ခြေလျင် ၅နာရီနီးပါး လျှောက်ရပါသည်။

ဂိတ်တွင် စစ်၍ ဘာမှ မသိကြောင်း ပြောပြရာ၊ "ဘာမှ မသိဘဲ ဘမ်းပါ့မလား" ဆိုပြီး ဂိတ်စာရေးက ခေါင်းကို ဖနောင့်နှင့် ပေါက်ပါသည်။

ကျောက်ဖြူ စစ်ထောင်အချုပ်တွင် ၃ လ ချုပ်ထားပြီး၊ စက်ရှင်တရားသူကြီးဦးဘခိုင်ရုံးသို့တင်ပို့ပါသည်။တယောက်မှ အမှုတွဲမပါပါ။

အိမ့်ရှင် မောင်ဇ^က ခေါ်ပြီတိုက်ရာတွင် ကျွန်တော့်ကို မမြင်ကြောင်း ထွက်ပါသည်။ မပုလဲကမူ အိမ်ရှေ့တွင် သေနတ်ကြီးထမ်းပြီးစောင့်နေသည်ကိုတွေ့သည်ဟုထွက်ပါသည်။ အမှန်အားဖြင့် သေနတ်ကို ကျွန်တော် ကိုင်ပင် မကိုင်ဘူးပါ၊ မပုလဲ ယောက်မ၏ မောင်တယောက်ကသာ ကျွန်တော့်ကို မြင်သည်ဟု သက်သေထွက်ပါသည်။ အခြား သက်သေ မရှိပါ။ သူကမူ ကျမ်းကျိန်ပြီး ထွက်သွားပါသည်။

ဘကြီးက လွှန်ခဲ့သည့် အနှစ် ၂၀ခန့်က မပုလဲတို့နှင့်ရန်ဖြစ်ဘူးကြောင်း၊ သူကြီးအိမ်ကိုရောက်ဘူးကြောင်း၊ထိုရန်ငြိုးအရ ကျွန်တော့်အား စွပ်စွဲခြင်းဖြစ်ကြောင်း ရုံးမင်းကို လျှောက်လဲပါသည်။ ဘကြီးကာရှေ့နေမငှါးနိုင်ပါ။ အစိုးရက ငှါးပေးသော ရှေ့နေကလည်း ၁တ်ကျေ ဝတ်ကုန်သာ ပြောဆိုပါသည်။

သို့နှင့်တရားသူကြီးက ထောင်ဒဏ်အနှစ် ၂၀ အပြစ်ပေးလိုက်ပါသည်။

၁၉၄၇ ခုနှစ်၊ သီတင်းကျွတ်လတွင် အပြစ်ပေးခံရပြီး၊ ကျောက်ဖြူမှ စစ်တွေထောင်သို့ပို့ပါသည်။ ၃လခန့်ထားပြီး ရန်ကုန်ထောင်သို့ ပို့ပါသည်။ စီရင်ချက် ချသည့်နေ့ကစ၍ ဆွေမျိုး သားသမီးများနှင့် အဆက်အသွယ် ပြတ်ခဲ့ပါသည်။ မည်သူမှ ထောင်ဝင်စာ မလာနိုင်ကြပါ။

အသနားခံစာ ၂ကြိမ် တင်ဘူးပါသည်။တခါမှအမိန့်ပြန် မလာပါ။ ပယ်လည်းမပယ်ပါ။ ထောင်အုပ်ချုပ်သူများကလည်း နှိုးဆော်စာပို့ပေးသည်ဟု ပြောပါသည်။

http://nyisay.com

# မောင်ပေါက်စည်

## (အသက် ၂၉ နှစ်)

### (ထောင်ဒဏ်နှစ်ပေါင်း ၆၀ ကျော် အပြစ်ပေးခံထားရသူ)

ဖြူးမြို့ အရှေ့ဘက်၊ အောင်းကြီး ညောင်ပင်သာရွာနေ ဦးထွန်းငြိမ်၊ ဒေါ်ငွေစိန်တို့၏သား ဖြစ်ပါသည်။ဖြူးမှဆိုလျှင် ယောက်ျားခြေ တနေကုန် သွားရပါသည်။

၄၅ခုနှင့် ၄၆ခုနှစ်ကြားက အမှုဖြစ်ပါသည်။အသက် ၂၀ ရွယ်ခန့်၊ဂျပန်ကို စတော်လှန်သည့်အချိန်မှာကျွန်တော့်အမေ သွေးဆုံးသားဆုံးနှင့်သေပါသည်။ ကျွန်တော်မှာ တော်လှန် ရေးတွင် ကျေးရွာပျောက်ကျားတပ်၌ ပါနေပါသည်။

အိမ်ပြန်သောအခါ အမေ့ကိုမတွေ့၍ ဝမ်းနည်းပါသည်။ အမေ ခေါ်စရာမရှိသည့် ဘဝတွင် အိမ်မှာလည်း မနေချင် တော့၊ သေလျှင်လည်း သေ၊ ရှင်လျှင်လည်းရှင်၊ ခြေဦး တည့်ရာ သွားတော့မည် ဖြစ်ကြောင်း အဘေ့ကို ပြောပြပါသည်။ ထို့နောက်တွင် တောထဲမှာပင် နေပါတော့သည်။

တောထဲတွင် ကျွန်တော်တို့လူစုမှာ ၆ယောက်လောက်ရှိ ပါသည်။နောက်တော့ လူကြီးလုပ်သူနှင့် မတည့် ဖြစ်သွားပါ သည်။ ခေါင်းဆောင်မှာ ကျွန်တော့် အစ်ကို နှစ်ဝမ်းကွဲ လောက်တော်ပါသည်။ အစ်ကိုအား တောထဲတွင် ကျွန်တော် မနေချင်တော့ကြောင်း၊ ညီအစ်ကို မောင်နှစ်မ များနှင့်

http://nyisay.com



ရွာမှာပင်အတူ နေချင်ကြောင်းပြော၍၊အစ်ကိုက ခွင့်ပြုသဖြင့် အကောက် ဆိုသူနှင့်အတူ ရွာသို့ ပြန်ခဲ့ပါသည်။ အိမ်တွင် ၂၅ရက် ခန့်မျှနေရသည့် အချိန်တွင် အစ်ကိုတို့ နောက်ထပ် လာခေါ်ပါသည်။ကျွန်တော်ကမူ မလိုက်ချင်ပါ။ ၂အိမ်ခြား လောက်တွင် နေသည့် အကောက်ကို သွားခေါ်ပါသည်။ အကောက်က မလိုက်လိုကြောင်း ပြောသဖြင့် ခြောက်လုံးပြူး နှင့် ပစ်သတ်လိုက်ပါသည်။ အကောက် အလောင်းကိုပင် ခြေထောက်နှင့် ပိတ်ကန်ကြပါသေးသည်။ သူတို့လာကြသည် မှာ လူပေါင်း ၁၀ ယောက်ခန့် ရှိပါသည်။

ထို့နောက် ကျွန်တော့်ထံ လာကြပြန်ပါသည်။ "လိုက် မလား မလိုက်ဘူးလား၊တခါထဲပြော"ဟု မေးပြန်ပါသည်။

သူတို့ထဲက ခပ်ငယ်ငယ်တယောက်ကမူ၊ အိမ်ပေါ်တက်ပြီး တော်လှန်ရေး အချိန်က ကျွန်တော့်တွင် ရှိထားသော ခြောက်လုံးပြူးတလက်နှင့် အခြားသေနတ်တလက်ကို ယူပါ သည်။ ထို့နောက်"လိုက်မလား မလိုက်ဘူးလား၊ မလိုက် ရင် ဟိုကောင်လို သေရမှာဘဲ"ဟု ပြောပါသည်။ "အောက် ဆင်းခဲ့"ဟု ဆိုရာ ကျွန်တော်က"လိုက်ပါမယ်"ဆိုပြီး လိုက် သွားခဲ့ရပါသည်။

တောထဲသို့ ရောက်သော်လည်း မယုံကြည် သေး၍ လက်နက်များလည်း မပေးအပ်သေးပါ။ ၃၃ရက်ခန့် ကြာမှ ပင် ဂျပန်သေနတ် အတိုတလက် ထုတ်ပေးပါသည်။

၎င်းနောက် အုတ်ဖြတ်အောက် ကျော်လှရွာမှ ရွာသူကြီး မောင်ကြီးအိမ်ကိုသွားစီးကြပါသည်။၎င်းရွာမှ လူတယောက် က သူကြီးအိမ်တွင် သေနတ်ပေါင်း ၁၀လက်လောက်(တိတ်

http://nyisay.com



တိတ်ပုန်း) ရှိသည်ပြော၍ စီးကြခြင်း ဖြစ်ပါသည်။ သူကြီးမောင်ကြီးကိုမူ မမိပါ။ အိမ်ပေါ်တက်ရှာကြရာ ယမ်းတောင့်မျိုးစုံ ၁၃၀၀လောက် ရပါသည်။ သေနတ်တော့ မရပါ။ ယမ်းတောင့်များယူပြီး အောက်ဆင်းကာအိမ်ကို (ပျဉ်ထောင်အိမ်)ဓါတ်ဆီပုလင်းနှင့် ပေါက်ခွဲ၍ မီးယမ်းတောင့်နှင့် ပစ်ရှို့ပါသည်။ မီးတောက်အငွေ့နံကောင်းနေစဉ် ကျွန်တော်တို့လည်း တောသို့ ပြန်ကြပါသည်။ ထိုအချိန်မှာ ဂျပန်တွေလက်နက်ချပြီး၍ အတော်ကြာပါပြီ။

တောထဲတွင် ယခင်စခန်း၌ပင် ၅ရက်ခန့် နေပါသည်။ ထို့နောက် ကျွန်တော်တို့ရွာ၏အရှေ့တောင်ဘက်ဆီမှ စရပ်ကြီးကင်မွန်းခြံရွာကို သူတို့ သွားစီးကြပါသည်။ ၎င်းနေရာကို ကျွန်တော် ပါမသွားပါ။ ကျွန်တော့်ကို စခန်းစောင့်ထားခဲ့ကြပါသည်။ ရွာကျောင်း ကြေးစည်ရိုက်ချိန် နံနက် ၅နာရီ လောက်က သွားကြသည်မှာ ညနေ နေဝင်မှစခန်းသို့ ပြန်ရောက်လာကြပါသည်။

နောက်တနေ့နံနက်တွင် အောင်ကြီး ညောင်ပင်သာရွာသို့ သူတို့ ၁၀ယောက်လောက် သွားကြပြန်ပါသည်။ ကျွန်တော့်ကိုပ ခေါ်သွားပါသည်။ ရွာသို့ရောက်ပြီး ကျွန်တော့်ကို နှင့် ပတ်သက်၍ ဂတ်မှာ ခဏခဏ သွားတိုင်သည် ဆိုကာ ကျွန်တော့် ယောက်ဖအရင်း ၃ ယောက်၊ တဝမ်းကွဲ ၄ ယောက်ကို ရွာပြင် ထုတ်၍ ပစ်သတ်ကြပါသည်။

ကျွန်တော့်ယောက်ဖ အကြီးကိုမူ ကျွန်တော့်အား အသတ်ခိုင်းပါသည်။ ကျွန်တော်က မသတ်ဘဲနေ၍ ကျွန်တော့်အား ခြောက်လုံးပြူးနှင့်ပစ်ရာ ခြေသလုံးကို ရှပ်မှန်သွား

http://nyisay.com



ပါသည်။နောက်သော် ခေါင်းဆောင် ကိုယ်တိုင်က သတ်၍ အလောင်းများကို ခေါင်းဖြတ်ပြီး မြစ်ထဲမျှောချကြပါသည်။

လူတွေ သတ်ပြီးနောက် အုတ်ဖြတ်ထဲ (အထက်ပိုင်း) ဘုန်းကြီးကျောင်းဘေးနေ အောင်သန်း ဆိုသူ အစိုးရဘက်သားအားဘမ်း၍ အဖွဲ့ခေါင်းဆောင် ထွန်းရင်ခေါ် အောင်သန်းက သတ်ပါသည်။ ထို့နောက် စခန်းသို့ပြန်ကြပါသည်။ စခန်းမှာ စရပ်ကြီးအရှေ့ဘက်မှ တောကြီးပင်ဖြစ်ပါသည်။

၅ရက်၊ ၆ ရက်ခန့်နားပြီး၊ တောင်ငူ အနောက်ဘက်ရှိ အုတ်ဖိုရေလျှံ စသည့် ရွာများသို့ ပြောင်းသွားကြပါသည်။ အိမ်ခြေ ၅၀ ကျော် ၆၀ခန့်ရှိ အုတ်ဖို ရွာကလေးတွင် နေကြပါသည်။ ၎င်းရွာတွင် ရက်အနည်းငယ်သာ နေပါသည်။ ဗိုလ်လုပ်သူက တောင်ငူထောင်ကို ဝင်စီးမည်ဟု ပြောပါသည်။သူတို့တတွေ တိုင်ပင် ဆွေးနွေးပြီး၊ ဘာသာ ဘာဝ လုပ်ကြ၊ ကန်တော့ပွဲတွေ ဘာတွေ လုပ်ကြနှင့် အလုပ်ရှုပ်နေကြပါသည်။၇ရက်မြောက်နေ့ အရုဏ်တက် အချိန် သူ့လူ ကိုယ့်လူ ခွဲ၍ မရသေးသည့် အခိုက်မှာ ဂေါ်ရခါး၊ ကချင်၊ ကုရင် တပ်သား ၃၀၀ ခန့်က ကျွန်တော်တို့ကို လာဝိုင်းပါသည်။ ပဌမ လေယာဉ်ပျံ နိမ့်နိမ့်ဝဲပြီး ၁၀ယောက်လောက် ဝင်လာပါသည်။ သံချပ်ကာကားကြီး နောက်က လိုက်လာပါသည်။ ဝိုင်းထားမှန်းသိသောကြောင့် မထွက်သာကြပါ။ ယူနီဖေါင်းများ ချွတ်ပြီး အရပ်သားယောင် ဆောင်နေကြပါသည်။ခေါင်းဆောင်က ခံမပစ်ဘို့ပြောပါသည်။ လက်နက်များကိုလည်း ရေတွင်းထဲချ၊ သစ်ပင်ပေါ်တင်၊ ဖွက်တန်သည်ကို ဖွက်၍ ထားကြပါသည်။

http://nyisay.com



စစ်သားများက "ဒါကူရှိသလား"ဟု ကျွန်တော့်ကိုပင် လာမေးကြပါသည်။ "အရင်ကတော့ လာတယ်၊ ဟိုဘက်ကို သွားကြပြီ"ဟု ကျွန်တော်က ပြန်ပြောသောအခါ၊ "ကောင်း တယ်"ဆိုပြီး ကျောပုတ်ကာ ထွက်သွားကြပါသည်။ခဏခဏ လည်းလာမေးကြပါသည်။ သူတို့မသိပါ။ သို့ရာတွင် သတင်း သွားပေးသော အသက် ၃၅ နှစ်ခန့်ရှိ ကိုရွှေကျော်ဆိုသူ၏ အစီအစဉ် အရ မိန်းမ ယောက်ျား အားလုံး အပြင်ထွက် ထိုင်ခိုင်းပြီး၊ လူအုပ်ထဲကမှ လူဆိုးလူကောင်း ခွဲခြားပြသွား ပါသည်။

ကျွန်တော်တို့ ပေါင်း ၁၀ ယောက်ခန့်ကို ဘမ်းပါသည်။ ရိုက်နှက်သည်၊ ခေါင်းကိုလည်း ဓါးနှင့် ခုတ်ပါသေးသည်။ ထို့နောက် ကျွဲအိပ်ပွဲဂတ်မှ တဆင့် ဖြူးအချုပ်ထောင်သို့ ပို့ပါသည်။ဖြူးတွင် အမှုကို ရုံးတင်ပါသည်။ ဖြူးအချုပ်မှာ ၃လလောက် အချုပ်ခံရပြီး ၅ နှစ်ချလိုက်ကာ၊ တောင်ငူ ထောင်သို့ပို့ပါသည်။၅ရက် ဖြရက်ကြာသောအခါ တောင်ငူ စက်ရှင်ရုံးသို့ အခြားအမှုများအတွက် ဆက်ထွက်ရပါသည်။ ၃၊၄လ ကြာသော်၊ တောင်ငူစက်ရှင်တရားသူကြီး ဦးသွင်က ၃ မှုအတွက် အမှုတိုင်း တသက်တကျွန်း၊ ထောင်တသက်စီ အပြစ်ပေးပါသည်။

ကျွန်တော်တို့ထံမှလက်နက်ပေါင်း ၃၀ ခန့်မိကြောင်း အ စိုးရက စွဲပါသည်။လူသတ်မှုဓါးပြမှုများကမူဘာမှမထင်ရှား ပါ။အစိုးရဘက်မှ တရားလိုတယောက်မျှ မရှိပါ။

ကျွန်တော့် အစ်မ ၂ ယောက်ကမူ အစိုးရဘက်မှ သက် သေထွက်ကြပါသည်။ "ကျွန်မတို့ရွာမှာ ဒီကလေးတွေဟာ ကာကွယ်ရေး အဖွဲ့သားများ ဖြစ်ကြပါတယ်၊ အဲဒီနေ့က

http://nyisay.com



ကျွန်မတို့အိမ်မှာ စားသောက်နေကြတုန်း ဓါးပြတွေ ဝင်လာပြီး ပစ်ခတ်ကြပါတယ်၊ ကျွန်မလဲ မောင်နဲ့အတူ ထွက်ပြေးပါတယ်၊ ကျွန်မ ယောက်ျားသေသည် ရှင်သည် မသိရပါ၊ ကျွန်မယောက်ျားကို ကျွန်မမောင် မသတ်ပါ''ဟုကျွန်တော့် အမကထွက်ဆိုသော်လည်း တရားသူကြီးက ထင်ချက်နှင့် ချလိုက်ပါသည်။

ဖြူးဌာနာတွင် အလွန်အရိုက်ခံရပါသည်။ အောင်သန်းမှာ မူးမေ့၍ပင် နေပါသည်။ ကျွန်တော်တို့ တကိုယ်လုံးကို ရိုက်နှက်ခုတ်ထစ်ကြပါသည်။

ပါးစပ်ကို ပိတ်ဖြူပါးပါးကလေး ပိတ်ပြီး လက်ဖက်ရည်ခရားမှ ရေကို နှာခေါင်းနှင့်ပါးစပ်ထဲသို့ ဖြည်းဖြည်းလောင်းထည့်ပါသည်။ ပိုက်(ဘိုက်) မဆန့်သော အခါ၊ ပိုက်ကို တက်နင်းပြီး၊ တခါ ပြန်လုပ်ပါသည်။ လူကို ဇောက်ထိုး ထားပြီး ရေပြည့် ရာဝင်အိုးထဲ ခေါင်းစိုက်ထားခြင်းလည်း ခံရပါသေးသည်။

လေယာဉ်ပျံစီးသည်ဆိုသည်မှာ လူကို လက်နောက်ပြန် ချည်ပြီး ထုတ်တွင်ချည်ထား၍၊ ခွေးခြေပေါ် မတ်တတ်ရပ်စေပါသည်။ ထို့နောက် ခွေးခြေကိုကန်လှဲပစ်ပြီး လူကို ဝေါ်ရိုးနှင့်ရိုက် နွားကြိမ်လုံးနှင့် ရိုက်ပါသည်။ ညှဉ်းပန်းနှိပ်စက်နည်းက စုံလှပါသည်။

ကျွန်တော်၏ ဖေါ်ချက်ဘာမှမရှိပါ။ အောင်သန်း၊ ထွန်းဖေ၊ထွန်းကျင်နှင့်ထွန်းဟန်တို့ကသာ ဖေါ်ကြပါသည်။ သူတို့က ကျွန်တော်အပေါ်ဖို့ပြီး ထွက်ကြဖေါ်ကြ၍၊ ကျွန်တော်က မဖေါ်ဘဲနေရာ၊ ကျွန်တော့်ကိုသာ မဲ၍ နှိပ်စက်ကြပါသည်။

http://nyisay.com



တရားသူကြီးက အမှုတိုင်းတွင် သက်သေ မထင်ရှားသော်လည်း ကျွန်တော်ပါသည်ဟု ယူဆသည်ဆိုပြီး ထင်ကြေးနှင့် ချသည်မှာ စုစုပေါင်း အနှစ် ၆၀ ကျော် ကျကြောင်းကို နောက်မှ သိရပါသည်။

ဖြူးက ချသော ၅ နှစ်ကို တောင်ငူမှာနေရင်း အယူခံရနိုင်ပါသည်။ နောက်ပိုင်းတွင် စိတ်ပျက်ပြီး အယူလည်း မခံပါ။ အသနားခံစာလည်း မတင်တော့ပါ။ ယခု အသားချည်း ၉နှစ်ခန့် ရှိပါပြီ။ ထောင်ထဲမှာ ဘာမှ အပြစ်ကြီးကြီး မရှိပါ။ ညဥ့်ဘာယာ စောင့်ရင်း အိပ်၍ ဆုမှတ် ၁၀ ရက် ၂ ကြိမ် အဖြတ်ခံရဘူးပါသည်။ အခန်းထဲတွင် လက်ဖက်ရည် တည်သောက်မိ၍ တိုက်ပိတ်ပြီး ကော်သာ စားနေရဘူးပါသည်။ ဤမျှသာ ထောင်ထဲတွင် အပစ်ပေး ခံရဘူးပါသည်။ ရန်လည်း မဖြစ်ဘူးပါ။

ကျွန်တော် ဤသို့ဖြစ်ရသည်မှာ အမေ့အတွက်ပင် ဖြစ်ပါသည်။ အမေ မရှိသဖြင့် မိထွေးနှင့်လည်း အတူမနေချင်၍ ဖြစ်ပါသည်။ အမေသာ ရှိနေပါလျှင် ဤသို့ ဖြစ်မည် မဟုတ်ပါ။ "ခြေဦးတည့်ရာ သွားမည်" ဟူသော စိတ်နှင့် လေလွင့်ပြီး ဤသို့ဖြစ်ရခြင်းသာ ဖြစ်သည်ဟု ထင်မိပါသည်။

တောင်ငူထောင် ရောက်နေသော အချိန်တွင် အဘေ အသတ်ခံရကြောင်း အစ်မက လာပြော၍ သိရပါသည်။ ကျွန်တော်တို့တွင် ညီအစ်ကို မောင်နှစ်မ အဘေ အမေပါ အိမ်သား ၁၆ ယောက် ရှိပါသည်။ သိရသလောက် ဆိုပါလျှင် အဘေ အမေနှင့် အစ်ကိုတို့ သေကြပြီ ဖြစ်ရာ၊ ကျွန်တော်ပါ ၁၃ ယောက် ကျန်ပါသေးသည်။ သို့ရာတွင် ယခု

http://nyisay.com



အချိန်၌ ဘယ်နှစ်ယောက် ရှိသေးသည်ဟု သေသေချာချာ မပြောနိုင်ပါ။

တောင်ငူထောင်တွင် ၂နှစ်လောက်သာ နေခဲ့ရပါသည်။ ကျွန်တော့်အမှုတွဲအချို့ လွတ်ကြပါသည်။ အောင်သန်း နှင့် ထွန်းကျော်တို့မှာ အမှုတွေတန်းလန်းရှိသေး၍ထောင်မပြောင်း ရပါ။ တောင်ငူကို ကုရင်ဝင်စဉ်က လွတ်သွားသည်ဟု ကြားရပါသည်။ အသတ်ခံရသည်ဟုလည်း သန့်သန့်ကြားရ ပါသည်။ အခြားအမှုတွဲများထဲမှ အင်းစိန်သို့ အချို့ ပြောင်း ကြရပါသည်။ နောက်ထပ်တော့ ဘာသတင်းမှ မကြားရပါ။ အမှုတွဲ လုပ်ဖော်ကိုင်ဘက်တွေမှာ အသက် အနှစ် ၂၀ နှင့် ၂၅ နှစ်အရွယ်တွေသာ ဖြစ်ကြပါသည်။ ကျွန်တော်သည် ဂုတ်တဲမှာ အရိုက်ခံရသည့်က များပြီးနောက် ရဲအလိုက် ပြောပြီး၊ ရှုံးရောက်သောအခါ "ဘူး" သာ ခံနေလိုက် ပါသည်။ ကျွန်တော့်ကိုယ်မှာ ရိုက်ထားသော ဒဏ်ရာ များကိုသာ ကြည့်ပါဟု ပြောရာ၊ တရားသူကြီးရော ရှေ့နေ များပါ ဒဏ်ရာများကို မှတ်သားကြပါသည်။

အမှုအတွက်ကို ကျွန်တော်မစဉ်းစားတော့ပါ။ ဖြစ်သလို နေပြီး ဖြစ်သလိုပင် စားပါသည်။ ယခု ရန်ကုန်ထောင်ကြီး အတွင်း ဦးလေးတို့ မကြိုက်မှန်းသိလျက်နှင့် ခိုများကို ပစ်နေ ရသည်မှာ ထောင်ဝင်စာမလာသဖြင့် ချက်စား ရောင်းစား ရသောကြောင့် ဖြစ်ပါသည်။ ဆေးလိပ်သောက်စရာပင် မရှိ ပါ။ လွတ်ရက်မမြင်နိုင်သော ကျွန်တော်၏ အမှုများအတွက် တွေးမိလျှင်ကား မျက်ရည်ပင် မဆည်နိုင်ပါ။

ယခု ဤထောင်ကြီးထဲတွင် လုပ်ရသည့် အလုပ်ကတော့ အဆောင်တိုင်းမှာ ရှိသည့် ထမင်းကျန်များကို ထောင်ကျ

http://nyisay.com



လူသစ်များနှင့် လိုက်စုပြီး အပြင်ကန်ထရိုက်များ လာယူရန် အတွက် မိုးကြိုးတိုက်ရှေ့တွင် စုပုံရသောအလုပ်ဖြစ်ပါသည်။ "ထမင်းသိုးသိမ်း" အလုပ်ဟု ခေါ်ပါသည်။

ထောင်တွင်းကျော် တီးဝိုင်း အဖွဲ့တွင် စည်းနှင့် ဝါးလိုက်နေသည်ကိုမူ ဦးလေးအမြင်ပင် ဖြစ်ပါသည်။

ကျွန်တော်မှာ အမှုဖြစ်စက ငယ်သေး၍ ဘာမှနားမလည်ပါ။ စစ်ဝင်စလည်း ဖြစ်၍ အလွန် နစ်နာပါသည်။

ကျွန်တော်ရှိစဉ်ကရွာမှာ အိမ်ခြေ၃၀ပကျော်ရှိပါသည်။ ဘုန်းကြီးကျောင်းတွင်ပင် စာသင်ခဲ့ရပါသည်။ ပရိတ်ကြီး၊ မင်္ဂလသုတ် သင်ဘူးပြီး စာရေးစာဖတ် တတ်ပါသည်။

မိဘမှာ လယ်၊ အင်းနှင့် ကိုင်းများ လုပ်ပါသည်။ ကျွန်တော်လည်း ကူညီလုပ်ကိုင်ပါသည်။ အင်းကို ပို၍ ဝါသနာပါပါသည်။ ကျွန်တော်တို့၏ လယ်ပိုင်ရှင်မှာ ဦးစံညွန့်ဆိုသူဖြစ်ပါသည်။ ကျွန်တော်တို့တွင် ကိုယ်ပိုင်နွားများ ရှိပါသည်။ ကျွဲတော့ ငှါးရပါသည်။

ရွာတွင် ဘုရားပွဲ နှစ်စဉ်ဖြစ်ပါသည်။ အငြိမ့်နှင့် ဝဲကြီးအောက်ခံရွာက ဒင်းသွီး ဒေါင်းခင်ကြည်တို့၏ ဇာတ်အဖွဲ့လာ၍ကလေ့ရှိပါသည်၊ အငြိမ့်များက ဇာတ်ထုပ်များလည်း ကကြပါသည်။ ရုပ်သေးကိုမူ ငယ်စဉ်က တခါသာ ကြည့်ဘူးပါသည်။ ကျွန်တော်တို့ရွာမှ မြို့သို့ ပို့ပြီး ပညာသင်သော ပိုက်ဆံရှိ သားသွီးများ မရှိပါ။

ကျွန်တော်တို့ ငယ်စဉ်က ရွာတွင် စာသင်ကျောင်း ရှိပါသည်။ မိန်းကလေးနှင့် ယောက်ျားကလေး အတူကျောင်းတက်ကြပါသည်။ရင်းအတန်းကျောင်းတွင် မနေဘူးပါ။ကျွန်

http://nyisay.com



တော်တို့ ကြီးလာချိန်တွင် ၎င်းအတန်းကျောင်း ပျက်သွား ပါသည်။

စစ်မဖြစ်မီက ရွာတွင် တရုတ်ဆိုင်၊ကုလားဆိုင်များလည်း ရှိပါသည်။ ကုန်စုံဆိုင်များ ဖြစ်ပါသည်။ တရုတ်များကဆိုင် လုပ်ငန်းအပြင် ဝက်မွေးပြီး ကြံခင်းများ လုပ်ကြပါသည်။ ဘုံဆိုင်တော့မရှိပါ။ချက်အရက်များသာ ရှိပါသည်။

\+ + + +

နံနက်မိုးလင်း အိပ်ထောင်ဖွင့်ပြီ ဆိုလျှင် ကျွန်တော်တို့ ခေါင်းရင်းဆီမှ ဆူညံဆူညံနှင့် ပေါက်စည်၏ အသံကို ကြားနေရပါသည်။တထောင်လုံးရှိထမင်းကျန်များကိုသိမ်း၍ ဝက်ကျွေးကန်ထရိုက်ထံအပ်ရန်အတွက် ဇဆောင်းရသော အလုပ်မှာ သူ့အလုပ်ပင်ဖြစ်သည်။ သူ့တွင် အလုပ်သမား ကိုယ်ပိုင်မရှိ၊ သို့ရာတွင် ကျွန်တော်တို့ခေါင်းရင်းကျကျအမှတ် ၆ ထောင်တွင် နေကြရသော ထောင်ကျလူသစ်များကိုခေါ်၍ ခိုင်းနိုင်ခွင့် သူ့တွင် ရှိလေသည်။ ထောင်ကျလူသစ်များကို ထောင်ပိုင်နှင့် ထောင်မှူးကြီးတို့က အလုပ် မချသေးမီ ပေါက်စည်က ပိုင်သည်။

ပေါက်စည်အဘို့ " ၂ခက် "ရှိသည်။အလုပ်မပြီးလျှင်ဆိုင်ရာ ထောင်မှူးကဆူမည်၊ အလုပ်သမားမရလျှင် အလုပ်ကမပြီး နိုင်၊ ထို့ကြောင့် ထောင်ကျလူသစ်များထဲက ချွေးတပ်ဆွဲရ လေသည်။ မဆွဲ၍မဖြစ်နိုင်။ ဤသို့ဆွဲရာတွင် အခက်အခဲများ ရှိသည့်အခါ ရှိသည်။ ထို့ကြောင့် အော်ရ ဟစ်ရ ဝေါက်ရ သည်။သူ၏နေ့စဉ်အလုပ်ကြောင့်သူ၏အသံမှာကျယ်နေသည်။

http://nyisay.com



ကျွန်တော့်ကိုသူပြောသည်မှာပင်သူ၏ထောင်ဒဏ်အပြစ်သည် နှစ်ပေါင်း ၆ဝကျော်ဖြစ်သည်ဟု ဆိုသည်။အချို့ကမူ ပေါက်စည်၏ ထောင်ဒဏ်မှာ နှစ်ပေါင်း ၈ဝ ကျော်ဟု ပြောကြသည်။ အချို့ကမူ သူဘယ်လောက် ကျသည်ကိုပင် သူမသိဟုဆိုသည်။ ပွဲတိုင်း လမ်းတိုင်းတွင် ထောင်တွင်း တီးဝိုင်းအဖွဲ့၌ ကိုယ်ကလေးနိမ့်မြင့်နိမ့်မြင့်လုပ်ကာ စည်းနှင့် ဝါးကိုလိုက်နေသော ပေါက်စည်ကို တွေ့ရသည်။ သုခုမအနုပညာသမားပေါက်စည်သည် ဤသို့တီးမှုတ်နေရလျှင် အလွန်စိတ်ချမ်းသာပေသည်။

၁၉၅၆ခုနှစ်၊ မိုးဦးကျမှာ ထင်ပါသည်။ အရှေ့တောင်ဘက်ဆီက ရန်ကုန်ထောင် အုတ်ရိုးကြီး ပြိုကျသွားပါသည်။ ထိုအချိန်က ဤနှစ်ကြီးသမားပေါက်စည်သည် အုတ်ရိုးပြိုကျသည့်အနားတွင် ရှိနေသည်။ သူထွက်၍ မပြေးပေ။

"ဝုံး" ဆိုသော အသံကြီး ကြားပြီးနောက် ၅မိနစ်ခန့်အကြာတွင် ကျွန်တော်တို့ ၅ဆောင်သို့ အူလျားဖါးလျားနှင့် ပေါက်စည် ပြေးလာသည်။ "အုတ်တံတိုင်းကြီး ပြိုကျသွားတယ်ဆရာ"ဟု ပြောလာသည်။ အသံကြီးကိုတော့ ကြားကြသည်။သူပြောမှပင် အုတ်တံတိုင်းပြိုမှန်း ကျွန်တော်တို့ သိကြသည်။

"အုတ်တံတိုင်းပြိုတော့ မင်းဘယ်မှာလဲ"

"အဲဒီနားမှာပေါ့၊ ကျွန်တော် ကိစ္စရှိလို့ အဲဒီဘက် ဥယျာဉ်ရောက်နေတာ။"

"ဒို့ မင်းမပြေးဘူးလား၊ ဘာလို့ ပြေးတာလဲ" ဟု ကျွန်တော်တို့ ထဲက တယောက်က ခပ်နောက်နောက် မေးလိုက်ပါသည်။

http://nyisay.com



"အို ဆရာတို့နှယ် မပြောပါနဲ့တော့၊ ကျွန်တော်ပြေးရင် အလွယ်ကလေးပေါ့။ ဒါပေတဲ့ ကျွန်တော် ထွက်ပြေးရင် ကားတိုက် သေမှာဆရာ၊ ကျွန်တော် ရန်ကုန်မှာ ဘယ်မှလဲ မသွားတတ်ဘူး၊လမ်းလဲမကျွမ်းတတ်ဘူး"

ကျွန်တော်တို့အား ဤသို့ပြောဘူးသော ပေါက်စည်သည် ရန်ကုန်ထောင်ကြီးထဲ၌ နှစ်အကြီးဆုံးသမား ဖြစ်လေသည်။ အင်းစိန်ထောင်တွင် အနှစ်၁၀၀ကျော် ထောင်ကျနေသော "ရာကျော်"ရှိသော်လည်း ရန်ကုန်ထောင်တွင်မူ ပေါက်စည် ထက် ပိုသူမရှိပေ။

အုတ်ရိုးပြိုပြီး ၂ရက်ခန့်အကြာတွင် နှစ်ကြီးသမားအချို့ ကို ထောင်အုပ်ချုပ်ရေးဌာနက အင်းစိန်သို့ပြောင်းရွှေ့ ပို့ လိုက်ရာတွင် ပေါက်စည် တယောက် ပါသွား ခဲ့ပေသည်။ ထိုအချိန်မှစ၍ နံနက်စောစောတိုင်း ကြားနေရသည့် ပေါက် စည်၏ အသံကို ကျွန်တော်တို့မကြားရတော့၊ ယခုတိုင် အင်း စိန်ထောင်ကြီး၌ပင် ရှိနေသည်ဟု သိရပေသည်။

စာရေးသူ

---

http://nyisay.com

# အမ်၊ဘီဇေယာဒတ်စ်

## M.Bijaiyadas

### အသက် ၃၇ နှစ်

### (နိုင်ငံခြားသို့ငွေလိမ်ပို့သောအမှု)

ကျွန်တော့်ဘခင်မှာ ဗြိတိသျှစစ်တပ်တွင် စစ်အရာရှိတဦး ဖြစ်ပါသည်။ အရာခံဗိုလ် ဖြစ်ပါသည်။ မတ်ဒရာစီ တမယ်လ် အမျိုးသားဖြစ်ပါသည်။ ကျွန်တော့်အမေ နှင့်ဗမာပြည်တွင် အိမ်ထောင် ကျပါသည်။ ကျွန်တော့်အမေကလည်း မတ်ဒရာစီ အမျိုးသမီးပင် ဖြစ်ပါသည်။ ကျွန်တော့် ဘခင်နေရသော အပိုင်းမှာ ဘောင်ဒရီလမ်း နှင့် ဘားကရာလမ်းဆုံရာ အနီး ကုန်းမြင့်ကလေးအပိုင်း ဖြစ်ပါသည်။ ယခုဘုန်းကြီးကျောင်း ရှိပါသည်။ ကပ္ပလီကွက်သစ် အနီးဟု ဆိုရပါမည်။ ဤ ဘုန်းကြီးကျောင်းနေရာမှာ ယခင်က လစ်ကားလိုင်းဟုခေါ်သော စစ်သားများနေသည့် လိုင်းရှိပါသည်။ ကျွန်တော့်ကို ထိုနေရာတွင် မွေးပါသည်။ကျွန်တော်မှာ ရန်ကုန်သားအစစ် ဖြစ်ပါသည်။

ကျွန်တော့်အဘေ အမှုထမ်းသော စစ်တပ် နာမည်မှာ Royal Garison Atalary ဖြစ်ပါသည်။ ဘုရင့်အမြောက် တပ်ဖြစ်၍၊ Indian Coastal Atalary အိန္ဒိယ ကမ်းရိုး တန်း အမြောက်တပ်နှင့်တွဲထားပါသည်။

အဘေ ပင်စင် ယူပြီး နောက် တွင်လည်း၊ ဤစစ်တပ်ရှိ

http://nyisay.com



စစ်ဗိုလ်ကြီးများ အောက်တွင်ပင် အလုပ် ဝင်လုပ်နေသဖြင့် ဤဘတ်စ်ကားလိုင်းတွင် ကျွန်တော်တို့ နေထိုင်ကြရပါသည်။ ကျွန်တော့်ဖခင်သည် ၁၉၁၄၊၁၈ ခု စစ်ပွဲတုန်းက မက်စိုပိုတေးမီးယား၊ဘက်ဂဒက်၊ဂျေရုစလင် စသော ဒေသများတွင် စစ်မှုထမ်းရပါသည်။ထိုစစ်ပွဲများမှ မသေဘဲပြန်လာပြီးနောက်မှ ပင်စင်ယူလိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော် ငယ်ရွယ်စဉ်အခါက၊ မြေနိကုန်းတွင် ရှိသော Barasathayဘာရာစာသေခေါ်ကျောင်းတွင် စနေပါသည်။ ထို့နောက်အဘေက Leedsလိဒ်စ်လမ်းသို့ အလုပ်ပြောင်းရသဖြင့် ကျွန်တော်တို့ အိမ်ပြောင်းရရာ၊ ကျောင်း မနီး၍ ကျောင်းမနေရပါ။ထို့နောက် အဘေ့အလုပ်ကြောင့် နံပတ် ၁၄ ဘောင်ဒရီလမ်းသို့ ပြောင်းရွှေ့ နေကြရပြန်ပါသည်။ ထိုအခါဘုရားလမ်းဂျူဘလီဟောအနီးရှိ စိန့်ဂေးဘရီယာယ် အက်စ် ပီ ဂျီ ကျောင်းတွင် နေရပါသည်။

ဤကျောင်းတွင် နေစဉ်မှာပင် ကျွန်တော့်အမေ မမာ မကျန်းဖြစ်ပါသည်။ ထိုအခါ ကျွန်တော် ကျောင်းမသွားမီ ထမင်းစားသွားရန် စသည်တို့ အခက်အခဲ တွေ့နေ သဖြင့် ဘားလမ်းတွင် နေသော ကျွန်တော့် ဦးလေးတော်စပ်သူထံ အဘေကအပ်ထားပါသည်။ ဦးလေးမှာ မောင်ထော်လေး လမ်းရှိ ကြူလီယာ မူစလင် အလယ်တန်းကျောင်းက ဆရာ တဦး ဖြစ်ပါသည်။ ကျွန်တော်လည်း စိန့်ဂေးဘရီးယာယ် ကျောင်းမှ ကြူလီယာ မူစလင် အလယ်တန်း ကျောင်းသို့ ပြောင်းရပြန်ပါသည်။ ထိုအချိန်တွင် ကျွန်တော်မှာ စတုတ္ထ တန်း၌ ပညာသင်နေရပါသည်။ အသက်မှာ ၁၂ နှစ်ခန့်ရှိပါလိမ့်မည်။ ကျွန်တော့်မိခင်မှာ တစတစ နှင့် ရောဂါကျွမ်းပြီး

http://nyisay.com



အနီးစွ ရောက်သွားပါသည်။ အငယ်ဆုံး အခါလည်သား ကလေး တဦးလည်း ကျန်ခဲ့ပါသည်။

ကျွန်တော့်ထက်အကြီးမှာအစ်မဖြစ်ပါသည်။ကျွန်တော့်ထက် ၂နှစ်သာ ကြီးပါသည်၊ သူမက ကလေးငယ်ကလေးကို ထိန်းသိမ်း စောင့်ရှောက်ရပါသည်။ ကျွန်တော်လည်း ကျောင်းမှထွက်ရပြန်ပါသည်။ ကျွန်တော့် အဘေမှာ ကြည့်မြင်တိုင်အောက်လမ်းသို့အလုပ်ပြောင်းရပြန်ပါပြီ။ ကျွန်တော်တို့လည်း အနောက်မြေနီကုန်း နံပတ် ဂ ရာရှစ်လမ်းတွင်ရှိသော ကိုယ်ပိုင်အိမ်သို့ ပြောင်းရွှေ့နေထိုင်ရပါသည်။ ကျွန်တော့်ကျောင်းသစ်မှာ ရှင်စောပုလမ်းအတွင်းရှိ စိန်ဂျော့ချ်ကျောင်းဖြစ်ပါသည်။စတုတ္ထတန်းပင် ရပါသည်။ ဤကျောင်းမှာ ၄တန်း ကျောင်းသာ ဖြစ်ပါသည်။

ဤကျောင်းတွင်နေစဉ် ကျွန်တော့်အဘေ၏ သူငယ်ချင်းတဦးသည် ကျွန်တော်ပညာမတတ်မည်ကို များစွာစိုးရိမ်ကာ အဘေ့ကို ပြောပြီးလျှင် သူတာဝန်ခံ၍ စတေ့ကိတ်လမ်းရှိ ဟာရီကရစ်ရှ်နားပ ိလေး အလယ်တန်း ကျောင်းတွင် အပ်ထားပေးပါသည်။ မြေနီကုန်းမှ တခါတရံ မီးရထားနှင့် တခါတရံ ခြေလျင် ကျောင်းတက် ကျောင်းပြန်ရပါသည်။ ထိုကျောင်းမှပင် ၁၉၃၇ခုနှစ်က ကျွန်တော် ၇တန်း အောင်ပါသည်။ ၇တန်း အောင်ပြီးသော နှစ်မှာပင် ဘဏ္ဍာရေးမပြည့်စုံသောကြောင့် ထိုကျောင်းလည်းပိတ်လိုက်ရပါသည်။

ကျောင်းကလည်းပိတ်လိုက်၊ကျွန်တော့် အဘေကလည်း ဒီးပွါးရေးကျပ်တည်း၊ အခြားကလည်း အကူအညီမရဖြစ်ရာ ကျွန်တော့်အဘို့ကျောင်းဆက်နေနိုင်ရန် မဖြစ်နိုင်တော့ပါ။ ထိုကြောင့် လုဝစ္စလမ်းနှင့် မောင်ဂိုမာရီလမ်းဒေါင့်ရှိ ဗိုင်အမ်

http://nyisay.com



စီအေ အသင်း တိုက်တွင် လက်နှိပ်စက် အရိုက် သင်ရပါသည်။ စာမေးပွဲ အောင်မြင်ပြီးသောအခါ၊ နယူးလိမ်းလမ်းရှိ အစိုးရဆေးစတိုးတွင် အလုပ်လုပ်ပါသည်။ အလုပ်လျှောက်စဉ်က စာရေးအလုပ်ကို လျှောက်ခြင်းဖြစ်ပါသည်။ အင်္ဂလိပ်၊ အိန္ဒိယကပြား မန်နေဂျာက စာရေးအလုပ် နေရာမရှိသေးကြောင်း၊ ဆေးများ ထုပ်ရပိုးရသည့် အလုပ်သမားအဖြစ်ဖြင့် စ၍ ဝင်လုပ်ပြီး နောင်တွင် စာရေးအလုပ် နေရာပေါ်လာက ပေးမည်ဖြစ်ကြောင်း ပြောပြသဖြင့် အထုပ်အပိုးသမားအဖြစ် တလ ၁၆၀ နှင့် ဝင်လုပ်ရပါသည်။ တကယ်အားဖြင့်မူ မထုပ်မပိုးရပါ။ ဆေးပုလင်း တံဆိပ်များကို ဖတ်ပြီး အခြားသူများအား ထုပ်ပိုးရန် ခွဲခြားပေးရပါသည်။ ထိုစဉ်က ကျွန်တော့် အသက်မှာ ၁၉နှစ်လောက်ပင် ရှိပါသေးသည်။ ၁၉၃၉ခုနှစ်က ဖြစ်ပါသည်။

ဤသို့လုပ်နေရာမှ မီးရထား ခေါင်းတွဲ (လိုကို)ဒီစတြိတ် လိုကိုအင်ဂျင်နီယာထံသို့ ကျွန်တော့် ပညာအရည်အချင်းများ ဖေါ်ပြပြီး အလုပ်လျှောက်လိုက်ပါသည်။ မစ္စတာဖါဂစ်ဆန် ဆိုသော ပုဂ္ဂိုလ်က ကျွန်တော့်ကို ခေါ်တွေ့ကာ လက်ရေးလက်သားများ စစ်ဆေးပြီးနောက် စာရေး အလုပ်ကို မပေးနိုင်သေးကြောင်း၊ အလုပ်မှာ စာရေး အလုပ်ချက်ခြင်းပင်လုပ်ရမည်ဖြစ်ကြောင်း၊ သို့ရာတွင်(Cleaner)ဆီချေးသုတ်သမားအဖြစ်ဖြင့် စ၍လုပ်ရမည်ဖြစ်ကြောင်း၊ အလုပ်ကောင်းလျှင် အတိုးမြန်မည် ဖြစ်ကြောင်း စသည်ဖြင့် ပြောပါသည်။ ထို့ပြင် စာရေးလုပ်လိုက လုပ်၍ သို့မဟုတ် ပဋ္ဌမ မီးထိုး၊ ဒုတိယမီးထိုး၊ တတိယမီးထိုး၊ ထိုမှတဆင့် အင်ဂျင်ဒရိုင်ဘာ ခေါင်းတွဲမောင်း စက်ဆရာ ဖြစ်လာနိုင်ကြောင်း၊ လခလည်း

http://nyisay.com



ကောင်း ကြောင်း စသည်ဖြင့် ဆွယ်တရား ဟောပါသည်။ ကျွန်တော်လည်း ငယ်သေးသဖြင့် သူပြောသည်ကို သဘောကျပြီး ဆေးအထုပ်အပိုးသမား တလ ၁၆ဝ စားက ထွက်လိုက်ကာ ဆီချေးသုတ်သမားသို့ ပြောင်းလိုက်ပါသည်။ လခမှာမူ ၁၆ဝ ပင်ဖြစ်ပါသည်။

ကျွန်တော့်ကိုပဲခူးဘူတာ(လိုကို)ခေါင်းတွဲရုံသို့ ၃ရက်အတွင်း လွှတ်လိုက်ရာ၊ကိုတင်မောင်ဆိုသော ဖိုမင်လက်အောက်တွင်အလုပ်လုပ်ရပါသည်။ ဖိုမင်ကိုတင်မောင်က ကျွန်တော့်အားအလုပ်များပြပေးပါသည်။အလုပ်မှာဘာမှမခက်ပါ။မီးရထားခေါင်းတွဲများ အဝင်အထွက်နှင့် ကျောက်မီးသွေးနှင့်စက်ဆီထုတ်ပေးရသည် များကို စာရင်းမှတ်ရခြင်းသာ ဖြစ်ပါသည်။ ထိုစာရင်းကို မန္တလေးအစုန်စာပို့နှင့် ရန်ကုန်မှတဆင့် အင်းစိန်ခေါင်းတွဲအင်ဂျင်နီယာချုပ်ရုံးသို့ ပို့ရပါသည်။ ၁ဝ ရက်ခန့်အတွင်းတွင်လုပ်ငန်းအရပ်ရပ်ကို ကျွန်တော်ကျွမ်းကျွမ်းကျင်ကျင်တတ်ပါသည်၊ခေါင်းတွဲအသီးသီးမှစက်မောင်းဆရာများမှစ၍ လူတိုင်းနှင့်လည်း သင့်မြတ်ပါသည်။ ဖိုမင်ကိုတင်မောင်မှာ မိန်းမ ၂ယောက်ရှိသူဖြစ်၍ အလုပ်ခွင်သို့ညနေ ၄ နာရီထိုးမှပင် လက်မှတ်ထိုးရန် ခဏလာပါသည်။ တခါတရံ စာပို့လာခါနီး၍မှ သူမရောက်လာလျှင် သူ့လက်မှတ်"တင်မောင်"ဆိုသည်ကို ကျွန်တော်ကပင်ထိုးပြီးအင်းစိန်သို့ ပို့ရပါသည်၊ ထို့ပြင် စတိုးထုတ်ပေးစရာများနှင့် စတိုးတွင်လက်ခံယူစရာများကိုလည်း ကျွန်တော့်ကိုပင် လွှဲထားပါသည်။ ပဲခူးဘူတာ ခေါင်းတွဲရုံတွင် သူမှာ အကြီးဆုံး အရာရှိ ဖြစ်သောကြောင့် သူပြီးလျှင် အားလုံးပြီးပါသည်။ တစတစနှင့် လုပ်ငန်းတခုလုံးမှာ ကျွန်တော့်လက် ကျွန်တော့်

http://nyisay.com



ခြေချည်း ဖြစ်လာသည်။ သို့ရာတွင် လခမှာ ၁၆ဝ ပင်ဖြစ်ပါသည်။စာရေးကလေးလည်း ဖြစ်မလာပါ။ ပဥ္စမမီးထိုးသမားလည်းမဖြစ်လာပါ။အလုပ်မှာမူ အလွန် များပါသည်။ ဗိုမင်ကိုတင်မောင်ကလည်း အလုပ်ကောင်းစွာ မဆင်းသဖြင့် ထမင်းထွက်စားသည့်အချိန်မှလွဲလျှင် အလုပ်ခွင်မှာပင် ကျွန်တော်နှင့် နေရပါသည်။ အိပ်လျှင်လည်း ဤခေါင်းတွဲထဲတွင် အိပ်ရပါသည်။မအိပ်၍လည်း မဖြစ်ပါ။ တခါတရံ "ခေါင်းတွဲစက်ဗိုလ်လမ်းမှာဖျားလာသည်၊စက်ဗိုလ်အစားတယောက်အသင့်ပြင်ထားပါ" "ကျောက်မီးသွေးနှင့် ဆီလိုသည်" ဆိုသောကြေးနန်းမျိုးအချိန်မရွေး လာတတ်သဖြင့် စောင့်နေရပါသည်။ အသင့်စီမံပေးရပါသည်။ခင်မင်စွာ ပေါင်းသင်းဆက်ဆံတတ်မှု၊ဖော်ဖော် ရွေရွေရှိမှုများကြောင့် ဆက်ဆံရသူများ အားလုံးကပင် ကျွန်တော့်ကို ခင်မင်ကြပါသည်။ မီးရထားခေါင်းတွဲ စက်ဆရာအချို့က မီးသွေးနည်းနည်း၊ ဆီနည်းနည်းပိုတောင်းကြပါသည်။ကျွန်တော်ကလည်း ထည့်ပေးလိုက်ပါသည်။ ပိုတောင်းခြင်း အကြောင်းမှာ ခရီးမိုင်မည်၍ မည်မျှကို ကုန်နေကျထုံးစံထက် ကျောက်မီးသွေးမည်မျှ လျော့နည်း၍ ဆီမည်မျှလျော့နည်းပြီး မောင်းနိုင်ခဲ့သည်ဆိုသည်ကို ဆိုင်ရာအင်ဂျင်နီယာကြီးများထံ စာရင်းတင်ပြနိုင်ရန် ဖြစ်ပါသည်။ ဤသို့ပြနိုင်သည့် အတွက် သူတို့သည် လခလည်း တိုးနိုင်ပါသည်။ ဆုငွေလည်းရနိုင်ပါသည်။ နာမည်လည်း ကောင်းပါသည်။

ထိုသို့ ကျွန်တော်က ကူညီသဖြင့် ခေါင်းတွဲမောင်း စက်ဆရာကြီးများသည်ဒူးရင်းသီး၊မင်းကွပ်သီး၊နာနတ်သီးစသော

http://nyisay.com



လက်ဆောင်များ ကျွန်တော့်ဘို မကြာမကြာ ယူလာလေ့ ရှိကြပါသည်။

ပဲခူးတွင် ကျွန်တော့်ဦးလေး တော်စပ်သူ တယောက် သည် လမ်းပန်းဘက်(ပီ၊ဒဘယ်လ်ယူ၊ဒီ)ဌာနတွင် အင်ဂျင်နီ ယာ တဦးအဖြစ်ဖြင့် အလုပ်လုပ်နေရာ သူက ကျွန်တော့်ကို ထမင်း ကျွေးထားပါသည်။ မီးရထားဘက်မှ အလုပ်ထွက် ခဲ့ပြီး သူတို့ ဌာနတွင် ဝင်လုပ်ရန် ကျွန်တော့်ကို ခေါ်ပါ သည်။ ကျွန်တော်က မပြောင်းခဲ့ပါ။

ဤပဲခူးဘူတာ မီးရထားခေါင်းတွဲ အလုပ်ရုံထဲတွင် ၁၆၀ စားအလုပ်ဖြင့် ကျွန်တော်လုပ်ကိုင်ခဲ့ရသည်မှာ စစ်ဖြစ်လာ သည့်နှစ်တိုင်အောင် ဖြစ်ပါသည်။

ရန်ကုန်ကို ဂျပန်က ပဌမအကြိမ် ... ကြသောအခါ ပဲခူး ဘူတာကိုလည်း မကြာမီ လာကြလိမ့်မည် ဟူသော ကောဋ္ဌာ ဟလသတင်းများ ဖြစ်ပေါ်လာပါသည်။ ပဲခူး ဘူတာကို ဗုံး ကြဲလျှင် ကျွန်တော်တို့ သေဘို့မှာ ဧရာနိုင်နှုန်းမျှ သေချာပါ သည်။ ကျွန်တော့် ဦးလေးကလည်း အလုပ်ထွက်ခဲ့ပြီး ပဲခူး မြို့ထဲတွင် သူနှင့်အတူလာနေရန် ခေါ် ... သည်။ ကျွန်တော့် စိတ်ထဲတွင် အဘေနှင့်အစ်မ၊ညီလေးတို့ကို စိတ်မချပါ။သို့နှင့် ရန်ကုန်ရှိ သူငယ်ချင်း တယောက်ထံ အကြံဉာဏ်တောင်း စာ ရေးလိုက်ရာ သူက ရန်ကုန်တွင် အလုပ်အကိုင် ရနိုင် ကြောင်း၊ ထွက်လာလျှင် သူအလုပ်ရှာပေးမည် ဖြစ်ကြောင်း စာပြန်လာရာ ကျွန်တော်လည်း အလုပ်ထွက်လွှာကို ဖိုမင် ကိုတင်မောင် လက်သို့ ပေးလိုက် ပါတော့သည်။ ကိုတင် မောင်က မထွက်ဘို့တားပါသည်။ ထွက်ခွင့်လည်း မပေးပါ။

http://nyisay.com



ကျွန်တော့်ကို အလုပ်ခွင်မှ ထွက်ပြေးသူ စာရင်း ထဲတွင် ထည့်ထားလိုက်ပါသည်။

ရန်ကုန်ရှိ ကျွန်တော့် သူငယ်ချင်းမှာ ပုလိပ်ရုံးကြီး ၄ ထပ်ရှိ (Chief Inspector of Factories and Explo-sive and mines.)စက်ရုံများ၊ ပေါက်ကွဲတတ်သောပစ္စည်း များနှင့် သတ္တုတွင်းများဆိုင်ရာ ရုံးတွင် ဒပ်ဖ်ထရီအလုပ် (ရုံး တွင် ဖိုင်တွဲချုပ်ရသောအလုပ်)ကို လုပ်နေသူ ဖြစ်ပါသည်။ ကျွန်တော့်ကို လွှမ်းခေါ်ချိန်တွင် သူတို့ရုံးမှာ ပုလိပ်ရုံးကြီး အပေါ်ထပ်မှ ဟယ်လပင်လမ်းသို့ ပြောင်းရွှေ့၍ သူ့မှာ လည်း ဒပ်ဖ်ထရီအလုပ်မှ စာရေးကလေး အလုပ်ဘက် တက်၍ လုပ်ကိုင်နေရပါပြီ။ သူ၏ထောက်ခံချက်အရ သူတို့ ရုံးတွင် သူ့နေရာဟောင်း ဖြစ်သော ဖိုင်တွဲချုပ်(ဒပ်ဖ်ထရီ) အလုပ်ကို ကျွန်တော်ရပါသည်။ လခမှာ ၁၇၀ ဖြစ်ပါသည်။ ယခင် အလုပ်များမှာထက် ယခုလခ ၁၀ တိုးပါပြီ။

ကျွန်တော် အလုပ်သစ်ဝင်သော ရုံးမှ အင်ဂျင်နီယာချုပ် မှာ အင်္ဂလိပ်လူမျိုး မစ္စတာဂျိမ်းစ် ဖြစ်ပါသည်။ မစ္စတာ ဂျိမ်းစ်သည် ရုံးမှမှတ်တမ်းအချို့ကို မပျက်မစီးစေလိုသော ကြောင့် ကျွန်တော်တို့ ရုံးသူရုံးသား အချို့ကို ရုံးပစ္စည်း အချို့နှင့် သင်္ဘောဖြင့် ဟသ်ာတမြို့သို့ ပြောင်းရွှေ့ခိုင်းခဲ့ပါ သည်။ ကျွန်တော်က မလိုက်ချင်ပါ။ ကျွန်တော့် အဘေက လည်း မသွားစေချင်ပါ။ အဘေ့ကိုပါ ကျွန်တော်က ခေါ် ပါသည်။ သူက ဗမာပြည်က ဘယ်မှမသွား၊ ဤမြို့ ဤခြံ ဤအိမ်သည် သူ့အဘေ လက်ထက်ကတည်းက လက်ငုတ် လက်ရင်းဖြစ်သဖြင့် သေစရာရှိလျှင် ဤနေရာမှာပင် သေမည် ဟုပြောပါသည်။ ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်အား

အတန်တန် ခေါ်သဖြင့် နောက်ဆုံးတွင် လိုက်ဖြစ် သွားပါသည်။ ကျွန်တော်တို့ ဟသ်ာတရောက်ပြီး နောက်တရက်တွင် ရန်ကုန်နှင့် အဆက်အသွယ်များ အားလုံး ပြတ်ပါတော့သည်။ ကြေးနန်းရိုက်၍လည်း မရတော့ပါ။ ကျွန်တော်တို့မှာ ရှေ့လည်း မတိုးသာ၊ နောက်လည်း မဆုတ်သာတော့ပါ။ ထို့ကြောင့် ကျွန်တော်တို့နှင့်အတူ ပါလာသည့် ရုံးအုပ် ဝန်ထောက် ဘင်္ဂါလီ ခရစ်ယန်လူမျိုး မစ္စတာ ဘားနပ်က ကျွန်တော်တို့လူစုကို ၃လခ ထုတ်ပေးပြီး သွားလိုရာ သွားခွင့်ပြုလိုက်သည်။

၍အချိန်တွင် ရန်ကုန်၌"ဟသ်ာတမြို့ပေါ် ဗုံးတွေကျ၍ လူတွေသေကုန်ပြီဆိုသော" သတင်းတွေဖြစ်နေသဖြင့် ကျွန်တော့်အဘေလည်း စိတ်ပူပြီး လိုက်လာပါသည်။ ကျွန်တော်တို့နှင့်တွေ့မှပင် ဗုံးကျသည်ဆိုသော သတင်း မမှန်ကြောင်း သိပြီး ကျွန်တော့်ကို ရန်ကုန် ပြန်ခေါ်ပါတော့သည်။ ဘာလိုလိုနှင့် ဟသ်ာတတွင် ၃လနီးပါး ကြာသွားပါသည်။

ဟသ်ာတမြို့ကို ဂျပန်များ သိမ်းပြီး ရက်အနည်းငယ် အတွင်းတွင် အိန္ဒိယနှင့် ဗမာလူမျိုး ၂၀ခန့် ရှိမည်ဖြစ်သော ကျွန်တော်တို့လူစုသည် ဗမာလှေကြီး တစင်းငှားကာ ရန်ကုန်သို့ပြန်လာကြပါသည်။ လမ်းတွင် ဓါးပြများနှင့် တွေ့ခြင်း စသော ဒုက္ခအမျိုးမျိုးကြုံရပါသည်။ သို့ရာတွင် ၇ရက်ခန့် အကြာတွင် ကျွန်တော်တို့တတွေ ရန်ကုန်သို့ ချောမောစွာ ပြန်ရောက် ကြပါသည်။ ရန်ကုန်သို့ ပြန်ရောက်သော အခါ၊ နိပ္ပွန်စစ်သားတွေ ပေါလှပါပြီ။

အလုပ်လက်မဲ့ ဘဝနှင့် ဟိုသွား ဒီသွား သွားနေရာက တနေ့သော် ဦးဝိစာရလမ်းတွင် ဂျပန် စစ်ဗိုလ်တယောက်

http://nyisay.com



ဝေါ့ဖ်တုတ်လွှဲနေသည်ကို တွေ့သဖြင့် ရပ်ငေးပြီး ကြည့်နေမိပါသည်။ သူက "တတ်သလား"ဟုမေးရာ၊ ကျွန်တော်က နည်းနည်းတတ်ကြောင်း ပြန်ပြောပါသည်။ ကျွန်တော် ၎င်းသို့ ပြန်ပြောနိုင်ခြင်းမှာ အာဂျမ်အေကွင်း(ရွှေတိဂုံစေတီတော်၏ အနောက်မြောက်ရှိကွင်းကြီး) တွင် ဥရောပ တိုက်သားများ ကစားကြစဉ်က ဘောလုံးကောက်ပေးရင်း ဟိုလုပ် ဒီလုပ်၊ ဟိုရိုက် ဒီရိုက်နှင့် နည်းနည်းပါးပါး တတ်ထားဘူးသောကြောင့်ပင် ဖြစ်ပါ၏။ ဂျပန်စစ်ဗိုလ်နှင့် ကစားကြည့်ရာ၊ ကျွန်တော်ကပင် လက်သာ၍ တွင်းများကို အချက်နည်းနည်းနှင့် ပို၍ စိမ်နိုင်ပါသည်။

ဂျပန်စစ်ဗိုလ်က "ဘာအလုပ် လုပ်သလဲ"ဟု မေးသဖြင့် အလုပ်မရှိကြောင်းပြောရာ၊ သူက စာကလေးတစောင် ရေးပေး၍ ဦးဝိစာရလမ်းပေါ်ရှိ ဂူဂျရတီကျောင်းတွင် ရုံးစိုက်သော ၂၆၂၅ ကတ်တောဘူတိုင်သို့ သွားရပါသည်။ ထိုနေရာမှ တခါ ဆေးတက္ကသိုလ် အဆောက်အဦသို့ စာရေးပေးလိုက် ပြန်ပါသည်။ ထိုနေရာတွင် ကူလီခေါင်းအဖြစ် တလခန့် လုပ်ရပြီးနောက် အလုပ်မရှိပြန်သဖြင့် ၂၆၂၅ ကတ်တော ဘူတိုင်သို့ ပြန်သွားရပါသည်။ ထိုတပ်မှ ကျွန်တော့်အား ဗမာပြည် တနေရာရာသို့ ဆရာဝန်များနှင့် သွားရမည့် အလုပ်ကို ပေးမည်ဟု ပြောပါသည်။

ခရီးအတွက် ကျွန်တော်တို့ အသင့်ပြင်ထားရပါသည်။ ဘယ်ကို ဘယ်လို ဘယ်တော့ သွားရမည်ဟု မသိပါ။ တနေ့ သော်နံနက် ၁၁ နာရီ အချိန်လောက်တွင် သင်္ဘောဆိပ်သို့ ဆင်းပြီး ပင်လယ်ကူးသင်္ဘောကြီးပေါ်သို့ တက်ရပါသည်။ မလေးမှ ဂျပန်များ ရလာသော ဗြိတိသျှကုန်သင်္ဘောကြီးပင်

http://nyisay.com



ဖြစ်ပါသည်။ စစ်သား၊ မော်တော်ကား၊ လက်နက်၊ ခဲယမ်းမီးကျောက်၊ ရိက္ခာ၊ဆေးဝါး အမြောက်အမြားပင် သင်္ဘောပေါ်တွင် ပါပါသည်။ နောက်တနေ့လည်း ပင်လယ်ထဲမှာပင်ဖြစ်ပါသည်။ ဂျပန်စစ်သင်္ဘောကလေး တစင်းသည် ကျွန်တော်တို့ သင်္ဘောနှင့် မလှမ်းမကမ်းမှ အစောင့်အရှောက်အဖြစ်ဖြင့် လိုက်နေပါသည်။ ညနေ ၃နာရီထိုး အချိန်တွင် လေယာဉ်ပျံသံ ကြားရပါသည်။ ဂျပန် စစ်ဗိုလ်ကြီးများက မှန်ပြောင်းများဖြင့် ကြည့်နေပါသည်။ ထို့နောက် သင်္ဘောရင်ပြင်ပေါ်တွင် လေယာဉ်ပျံပေါ်က မြင်နိုင်အောင် အလံခင်းပြခြင်းစသော အချက်များပြပါသည်။တော်တော်ကလေးကြာ၍မှ အပေါ်က အကြောင်းမပြန်သောအခါ၊ ကျွန်တော်တို့ သင်္ဘောက စ၍ ပစ်ပါသည်။ အစောင့် သင်္ဘောကလေးကလည်း ပစ်ပါသည်။ လေယာဉ်ပျံပေါ်ကလည်း စက်သေနတ်နှင့် ပြန်၍ပစ်ပါသည်။ နိမ့်နိမ့်တော့ ဆင်းမလာပါ။ သုံးလေးပတ်မျှ ပတ်ပြီးနောက် လေယာဉ်ပျံလည်း ပြန်ပြေးပါတော့သည်။

သန်ကောင်အချိန်ခန့်တွင် ဂျပန်ဗိုလ်တဦးက ယခုစစ်တွေမြို့နှင့်နီးနေပြီဖြစ်ကြောင်း၊ သို့ရာတွင် မြို့ပေါ်၌ စပိုင်တွေရှိသောကြောင့် သင်းဘော ကပ်သွားလျှင် ရန်သူဘက်သို့ သတင်းပို့လိုက်မည်ကို စိုးရကြောင်း၊ ထို့ကြောင့် နံနက်ဝေလီဝေလင်းမှ သင်းဘောကပ်မည် ဖြစ်ကြောင်း တိုးတိုးကြိတ်ကြိတ် ပြောပြပါသည်။စုံစမ်း ထောက်လှမ်းရေးဘက်မှ အရာရှိ ဖြစ်ဟန် တူပါသည်။

မိုးမလင်းတလင်းအချိန်တွင် စစ်တွေဆိပ်ကမ်းသို့ကပ်မိကြ

http://nyisay.com



ပါသည်။အခြားလူများကို ကျွန်တော်တို့က ဂရုမစိုက်နိုင်ပါ။ ကျွန်တော်တို့အလုပ်မှာရခိုင်ပြည်၌ဖြစ်နေသော ကူးစက်တတ်သည့် ရောဂါများကို နှိမ်နင်းရန် ဖြစ်ရာ၊ ကျွန်တော်တို့နှင့် သက်ဆိုင်သောအထုပ်အပိုးများကို အမြန်ဆုံး၊ အများဆုံး သယ်ပိုး ယူချသွားပြီးလျှင် သင်းဘောဆိပ်နှင့် အတော်က လေးလှမ်းသော နေရာရှိ မပျက်မစီး ကျန်နေသေးသော တိုက် ၃၊၄ လုံးအတွင်းသွားရောက်ထားကြရန် ဖြစ်ပါသည်။ ပဌမအသုတ် ပစ္စည်းများ ထားခဲ့ပြီး၊ နောက်တသုတ်ကြွေ၍ ပြန်အသယ် လမ်းခုလတ်သို့ ရောက်သောအခါ လေယာဉ်ပျံ သံများ ကြားရပါသည်။ကျွန်တော်လည်း ကြောက်ကြောက် နှင့်လမ်းဘေး မြောင်းတခုထဲ အလျားမှောက်ကာ နေလိုက်ရ ပါသည်။ ကျွန်တော်ခေါင်းမော်ကြည့်၍ မြင်ရသမျှမှာ ဂျပန် တိုက်လေယာဉ်ပျံနှင့် ဗြိတိသျှ တိုက်လေယာဉ်ပျံ များသည် ဆိပ်ကမ်းအပေါ် ကောင်းကင်တွင် တိုက်နေကြပါသည်။ ထို့နောက် ဗြိတိသျှတိုက်လေယာဉ်ပျံများသည် ၄စုခွဲကာ ထွက်ပြေးကြပါသည်။ ဂျပန်တိုက်လေယာဉ်ပျံများကလည်း လိုက်ကြပါသည်။ ကောင်းကင်၌ ရှင်းသော အချိန်တွင်မှ ဗြိတိသျှဗုံးကြဲ လေယာဉ်ပျံများ ဝင်လာကာ သင်းဘော ကြီးကို ဗုံးကြဲပါတော့သည်။ ဂျပန် တိုက်သင်းဘောကလေး ကလည်း အောက်မှ လှမ်း၍ ပစ်ပါသေးသည်။ အသံများ ငြိမ်၍သင်္ဘောဆိပ်ဆီသို့ ကျွန်တော်တို့ရောက်သွားသောအခါ ကျွန်တော်တို့ စီးလာသော သင်းဘောကြီးမှာ နောက်ပိုင်း နစ်၍ ဦးပိုင်းမော့နေပါပြီ၊တိုက်သင်းဘောငယ်ကလေးမှာမူ ဘာမှမဖြစ်ပါ။ ကျွန်တော်တို့ ဆေးတပ်အဖွဲ့လည်း သင်း ဘောကြီးပေါ်မှ နောက်ထပ် ဘာမှ မယူနိုင်ကြတော့ပါ။

http://nyisay.com



ကျွန်တော်ပဲ့သည် စစ်တွေမြို့အနီးရှိ ချောင်းငယ်မြောင်းငယ်များ၊ရေတွင်းများကို စစ်ဆေး၊ ဆေးရည်လောင်းကာ ငှက်ဖျားရောဂါ နှိမ်နင်းရေး အလုပ်များ လုပ်ကြရပါသည်။ စစ်တွေသို့ရောက်၍ ၁၅ ရက်မျှ အကြာတွင် အိန္ဒိယအမျိုးသားဆရာဝန်တယောက်နှင့် ကျွန်တော့်အား လမ်းပြရနိုင်အမျိုးသား ၂ဦးနှင့်အတူ ရသေ့တောင်သို့ လွှတ်ပါသည်။ ဆေးဝါးများ သွားယူရန်ဟု ဆိုပါသည်။ ထွက်ခွါမသွားမီ ကျွန်တော့်တွင်ပေးထားသော ဂျပန်လက်မှတ်များ၊ ဂျပန်ငွေစက္ကူ၊ ဂျပန်အမှတ်အသားပါသော ပစ္စည်းအားလုံးတို့ကို သိမ်းထားပြီး ဒီရပ်ဝတ်အရပ်စား ရိုးရိုးနှင့်သာ လွှတ်လိုက်ပါသည်။ ကျွန်တော်လည်း နားမလည်ပါ၊ ပိုက်ဆံတောင်းသောအခါ ဟိုမှာရမည်ဟု ပြောပါသည်။ ကျွန်တော်တို့ ၄ယောက်သည် လှေတတန်၊ လှည်းတတန်၊ ခြေလျင်တတန်နှင့် ချောင်းမြောင်း တောတောင်လျှိုချိုင့်များကို ကျော်ဖြတ်ပြီးနောက် ၄ရက်မျှကြာသောအခါ ရသေ့တောင်သို့ ရောက်ပါသည်။

ရသေ့တောင်တွင် ထိုအခါက ဗြိတိသျှလည်းမရှိ၊ ဂျပန်လည်း မရောက်သေးပါ။ အင်္ဂလိပ်ခေတ်က အရာရှိများပင် စောင့်ထိန်း၍ အိန္ဒိယ ဗမာ စက္ကူများဖြင့် ခေတ်မပျက်သကဲ့သို့ပင် သုံးစွဲနေထိုင် စားသောက်နေကြပါသည်။ ဂျပန်ငွေစက္ကူများ မရောက်သေးပါ။ ရသေ့တောင်တွင် ဗြိတိသျှသူလျှိုများ ရှိသည်ကား အမှန်ဖြစ်ပါသည်။ ရသေ့တောင်သို့ ရောက်သောအခါမှပင် ကျွန်တော်တို့အလုပ်မှာ ဆေးလာသယ်ရသောအလုပ်မဟုတ်ကြောင်း ကျွန်တော်ရိပ်မိပါသည်။ သို့ရာတွင်အတူလာ အိန္ဒိယ ဆရာဝန်ကမူ ဘာမှမပြောပါ။

http://nyisay.com



၃ရက်ခန့် ကြာသောအခါ ဘူးသီးတောင်သို့ ဆက်သွားလို ကြောင်းဆရာဝန်ကပြောပါသည်။ကျွန်တော်ကမလိုက်လိုပါ၊ ရသေ့တောင်မှာပင် ကျွန်တော်တို့ကို အကဲခတ်သူတွေများလှ ပါသည်။ သိက္ခမ်းသော အိန္ဒိယအမျိုးသား အရှို့ကလည်း ရသေ့တောင်တွင် အသက်ဘေး စိတ်မချရ သောကြောင့် ဆက်လက် မသွားရန် အကြံပေးကြပါသည်။ ထို့ကြောင့် စစ်တွေသို့ ကျွန်တော်တို့ ပြန်လာကြပါသည်။ ဆရာဝန်က ဘာ အစီရင်ခံသည်ကို ကျွန်တော်မသိပါ။ ကျွန်တော့်ကို ဂျပန်များက ဘာမှ မမေးပါ။ ကျွန်တော်ကလည်း ဘာမှ မပြောပါ။

ရခိုင်ပြည်တွင် ၃လမျှ ကြာသောအခါ ဂျပန်စစ်ဗိုလ်များက ပြန်လိုက ရန်ကုန်သို့ပြန်ရန်ပြောပါသည်။ရေလမ်းက ဘယ်လို ရှိသည်။ ကုန်းလမ်းက ဘယ်လိုဒုက္ခတွေနိုင်သည်များကိုလည်း ပြောပြပါသည်။ သေချင်သေဆိုပြီး သင်းဘောနှင့်ပင် လိုက် ခဲ့ပါသည်။ ကံအားလျော်စွာ ဘာမှ မဖြစ်ပါ။

ရန်ကုန်တွင် ရက်အနည်းငယ် နားရပြီးနောက်၊ ဂျပန် ဆရာဝန်အချို့နှင့်အတူ ပျော်ဘွယ်သို့ ကျွန်တော်တို့ သွားကြ ရပါသည်။ ပုလိပ်၊ဝမ်း၊ကျောက်ရောဂါနှိမ်နင်းရေး လုပ်ငန်း များကို ရွာပေါင်းများစွာသို့ လှည့်လည်ကာ လုပ်ပေးကြရပါ သည်။ပျော်ဘွယ်နယ် ကျေးရွာများတွင် ၃လလောက် ကြာပါ သည်။ထို့နောက် မိတ္ထီလာတွင် တလနေရပြီး ရန်ကုန်သို့ ပြန်ရပါသည်။

တလမျှရန်ကုန်တွင်နေရပြီးနောက် သံဖြူဇရပ်သို့ သွားကြ ရပြန်ပါသည်။ သံဖြူဇရပ်အနီး ရော်ဘာခြံကြီး အတွင်းတွင် စခန်းချကြရပါသည်၊ သံဖြူဇရပ်ဘူတာသစ်သို့ နံနက်စော

http://nyisay.com



ခေါ အလုပ်ဆင်းပြီးလျှင် ခရီးသည်များကို ဝမ်းရောဂါဆေး ထိုးပေးရသည်မှာ ကျွန်တော့် အလုပ် ဖြစ်ပါသည်။ ထို့ နောက်တလမျှကြာသောအခါ မီးရထားလမ်းသစ်ဖေါက်နေသော အနောက်ကွင်းရွာသို့ ဂျပန်စစ်ဗိုလ်တဦးနှင့်အတူသွားရပါသည်။ ထိုရွာသို့ ညနေမိုးချုပ်မှ ရောက်သွားရာ လူမမာ ၂ဦးသာ တွေ့ရပါသည်။ မိုးချုပ်၍ ရွာသားများကိုဆေးမစစ်နိုင်၊ ဆေးထိုးမပေးနိုင်ပါ။ နံနက်လင်း၍ ရွာသို့ ထပ်သွားသောအခါ၊ လူငယ်လူရွယ် ၁၅ယောက်ခန့် ဝမ်းရောဂါနှင့် သေဆုံးနေပါပြီ။ ကျွန်တော်တို့လည်း ရွာရှိ လူများ၏မစင်ကို ယူပြီး ချက်ခြင်းစစ်ဆေး၊ ဆေးထိုးတန်သူကို ဆေးထိုးပေး၊ လူမမာများကို ခွဲထား စသည်ဖြင့်လုပ်ကြပါသည်။ထို့နောက် နံနက်တွင် သွားသောအခါ လူတယောက်မှ ရွာထဲတွင် မတွေ့ရပါ။ ၁၉အိမ် ရှိသော ရွာတွင် အိမ်တိုင်း၌ တလောင်း နှစ်လောင်း သုံးလောင်း ရှိကြပါသည်။ အလောင်းများကို ကျွန်တော်တို့ကိုယ်တိုင်ဆွဲချ၊ အပုံကြီးတွေလုပ်ပြီး မီးရှို့၊ အချို့ အိမ်များတွင်မူ လှေကားကလည်းမြင့်၊ အလောင်းကလည်း များသဖြင့် အိမ်ပါ မီးရှို့လိုက်ရပါသည်။

၇ ရက်ခန့် ကြာမှပင် ရွာသားများ တယောက်စ နှစ်ယောက်စ ပြန်လာကြပါသည်။ လာသမျှ လူများကို ဆေးထိုးပေး၊ အိမ်များကိုသန့်ရှင်းစင်ကြယ်အောင် လုပ်ပေးရသည်မှာ တလခန့်ကြာမှ နိုင်နိုင်နင်းနင်း ဖြစ်ပါသည်။

၍သို့နှင့် ယိုးဒယား ဗမာ လမ်းမကြီးတဝိုက်ရှိ ရွာများတွင် ကျွန်တော်နေရသည့် တနှစ်ခန့်အတွင်း ငှက်ဖျားရောဂါ၊ ဝမ်းရောဂါ၊ ကျောက်ရောဂါတို့ကို ကျွန်တော်တို့လူစု တိုက်ဖျက်ရသည်မှာ မသက်သာလှပါ။ ရွာပေါင်းများစွာ၌ မရေ

http://nyisay.com



မတွက်နိုင်သော လူပေါင်း သောက်သောက်လဲ သေကြသည်မှာ ရေကာတာကျိုးသည်ကိုတမံတုပ်ရသကဲ့သို့ ဖြစ်ပါသည်။

ကျွန်တော် အမှုထမ်းခဲ့ရသော နယ်မှာ လမ်းမကြီးအစဖြစ်သော သံဖြူစရပ်မှ ယုံဒယားနယ်စပ် မနီးဘေးရွာအထိပင် ဖြစ်ပါသည်။ ထိုဒေသတွင် နေရမဉ်က ဘာမှ မဖြစ်သော်လည်း ရန်ကုန်သို့ ပြန်ရောက်သောအခါ ငှက်ဖျား ဖျားတော့ရာ ကံကောင်း၍ မသေပါ။

တလ ၇၅ိနှင့် စလုပ်ခဲ့ရာ၊ ကျွန်တော် လခမှာ စစ်ပြီးခါနီးတွင် ငွေစက္ကူတော်တော်များများနှင့် ဆန်၊ပြောင်၊ဆီစသည်များ ခပ်ဖေါဖေါရနေပါပြီ။ မဟာမိတ်များ ပြန်ဝင်သည်အထိ ရန်ကုန်မှာပင် အလုပ်ရပါသည်

ဗြိတိသျှတို့ ရန်ကုန်သို့ ပြန်ဝင်လာသည်မှာ ၁၉၄၅ ခု၊ မေလအတွင်းက ဖြစ်ပါသည် ၅လခန့်အတွင်း ကျွန်တော်တွင် အလုပ်မရှိပါ။ အဘေနှင့်ပင် အတူ နေပါသည်။တနေ့သောအခါ လေတပ် စတိုးဌာနတွင် (တိုက်ပ်ပစ်) လက်နှိပ်စက် ရိုက်သူအဖြစ် အလုပ်သွားလျှောက်ရာ စစ်ဗိုလ်က စမ်းပြီး လက်နှိပ်စက် ရိုက်နိုင်းပါသည်။ ဂျပန်ဘခေတ်လုံး လက်နှိပ်စက်နှင့်မတွေ့ရသဖြင့် မသွက်မလက် ဖြစ်နေရာ စစ်ဗိုလ်က နှေးလွန်းသည်ဟု ဆိုပါသည်။ ကျွန်တော်က စတိုးစာရေးခန့်ရန် ထပ်ပြောရာ တလ ၄ဝိ ရသော စာရေး ဖြစ်လာပါသည်။ ထိုအလုပ်တွင် ဂလခန့်လုပ်ပြီးနောက် ၁၉၆ ပန်းဆိုးတန်းရှိ ကုမ္ပဏီတခု၌ တလ ၁၀ဝိနှင့် စာရေးအလုပ်ရသဖြင့် ထွက်လိုက်ပါသည်။ ထိုအလုပ်တွင် ၁၉၅၁ခုနှစ်အထိ ကျွန်တော်လုပ်ပါသည်။ သူဌေးမှာ အလွန်အကျွံ အရက်သောက်သောသူ ဖြစ်သည့်အတွက် အလုပ်ကို ကောင်းစွာပြန်မကြည့်

http://nyisay.com



နိုင်သဖြင့် နောက်ဆုံးတွင် ရှုံးပြီး ကုမ္ပဏီကို ပိတ်လိုက်ရပါသည်။

ဤကုမ္ပဏီတွင် ကျွန်တော် အလုပ် လုပ်နေခိုက်မှာပင် ကျွန်တော့်ဘခင် သေဆုံးသွားပါသည်။

အစ်မကလည်း အိမ်ထောင်ကျနေပြီ။ ညီကလည်း သူ့အလုပ်နှင့်သူ ဖြစ်နေပါသည်။ ထို့ကြောင့် အဘေဆုံးသွားသောအခါ ကျွန်တော် တယောက်တည်းပင် အိမ်တွင် ကျန်နေပါတော့သည်။

တကိုယ်တည်း ဖြစ်သောကြောင့် ဗြိတိသျှ ပင်လယ်ကူးသင်္ဘောတခုတွင် အလုပ်လျှောက်ရာ ကက်ပတိန်က သဘောတူသော်လည်း နိုင်ငံကူးလက်မှတ်၊ မည်သူမည်ဝါ ဖြစ်သည်ဆိုသော လက်မှတ်မျိုး ကျွန်တော့်တွင် မရှိသဖြင့် သင်္ဘောတွင် မလိုက်နိုင်တော့ပါ။

အလုပ်လက်မဲ့ဘဝနှင့် ဟိုလမ်းဒီလမ်းလျှောက်ပြီး အကြံယူရာ ဘဏ်တိုက်များအနီး၌ အိန္ဒိယပြည်သို့ ငွေပို့သောဆင်းရဲသား အလုပ်သမားများအတွက် လျှောက်လွှာရေးပေးခြင်း စသော အလုပ်များကို အခြားသူများ လုပ်နေသည်ကို မြင်သဖြင့် လက်နှိပ်စက် အဟောင်းတလုံး ဝယ်ကာ ပန်းဆိုးတန်းနှင့် ကုန်သည်လမ်းထောင့် သစ်ပင်တပင် အောက်တွင် အလုပ်ရုံးခန်း ဖွင့်ပါသည်။အစတွင် ကျွန်တော်လည်း ဘာမှမလုပ်တတ်ပါ။တစတစနှင့် သူများမေး၊ ကိုယ်တိုင်လေ့လာပြီး လျှောက်လွှာများကို စံနစ်တကျ ကိုယ်တိုင် ရိုက်နှိပ်ပေးသည်သာမက၊ ဘဏ်များသို့လိုက်ကာ ယဉ်ကျေးစွာဆက်ဆံဆလန်ပေးပြီး ဆောင်ရွက် ပေးသဖြင့် အောင်မြင် ပါသည်။ ထို့ကြောင့် ငွေပို့လိုသူများမှာ ကျွန်တော့်ထံတွင် ဝင်လာ

မစဲ တသဲသဲဖြစ်ပါသည်။ ပိုက်ဆံလည်း တသဲသဲဖြစ်ပါသည်။ ထို့ကြောင့် ၁၉၅၁ခုနှစ်တွင် အိမ်ထောင် ပြုလိုက်ပါသည်။

လုပ်ငန်း၌ တွင်ကျယ်သူ တယောက် ဖြစ်နေသည်ကို သိသဖြင့် ကျွန်တော့အား အသုံးချ လိုသူများက မျက်စိကျလာကြပါသည်။

ယခုထောင်ထဲသို့ ရောက်လာရခြင်းမှာ ငွေတော်တော်များများကို မတရားသဖြင့် နိုင်ငံခြားသို့ ပို့ခွင့်တောင်းပြီး ထိုစာရွက်များကို ရောင်းစားသည့် အတွက် ဖြစ်ပါသည်။ ဘာတွေလုပ်ခဲ့မိသည်ကို ဘီ၊အက်စ်၊အိုင် ချုံးတွင်ငှင်း၊အရှေ့ပိုင်းတရားသူကြီး ဦးလှကျော် ရုံးတွင်ငှင်း ကျွန်တော် ဖြောင့်ချက် ပေးပါသည်။

ကျွန်တော့အမှုတွဲများမှာ နိကလပ်စ်နှင့် ဇေးဘီးယားဖြစ်ပါသည်။ နိကလပ်စ်က ၂မှုအတွက် တမှု ၂နှစ်စီ တပါတည်း ၂နှစ်ရပါသည်။ ကျွန်တော်က တမှုတွင် ၂နှစ်၊ တမှုတွင်တနှစ်၊ တပါတည်း ၂နှစ်ရပါသည်။ ဇေးဘီးယားက တနှစ်အပြစ်ပေး ခံရပါသည်။အမှုမှာ အမှုမှန်များပင် ဖြစ်ပါသည်။ ကျွန်တော့အလုပ်ကလေးနှင့် ကျွန်တော် ဖြောင့်နေပါလျက် နိကလပ်စ်က သူအိမ်ထောင် ပြုရေးအတွက် ငွေလိုသောကြောင့် ကူညီပါဟု ပြောသဖြင့် ဝိုင်း၍ ဆောင်ရွက်ပေးမိသည်တွင် ဤသို့ ဘေးတွေ့ရခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ လောဘတပ်မှုနှင့် ဆင်ခြင်တုံတရား နည်းမှုများမပါပါဟု ကျွန်တော် မဆိုပါ။ နိကလပ်စ်မှာ ထိုအချိန်က ပြည်ထောင်စု နိုင်ငံတော် ဘဏ်တိုက်တွင် စာရင်းဘက်၌ စာရေး တယောက် ဖြစ်ပါသည်။

× × ×

http://nyisay.com



ဒတ်စ်သည် ပြည်ထောင်စု ဗမာနိုင်ငံသား အဖြစ် ခံယူရန်လျှောက်ထားဘူးသော်လည်း မရသေးသူ ဖြစ်သဖြင့် ဤအမှုကို အကြောင်းပြု၍ ပြည်နှင်ဒဏ် ထိနေပါသည်။ အိန္ဒိယပြည်သို့မရောက်ဘူး၊ ဆွေမျိုး အဆက်အသွယ်လည်း ပြတ်နေ၍ မပြန်တတ်သဖြင့် ယနေ့တိုင် ရန်ကုန် ထောင်ကြီးအတွင်းတွင် အချုပ်ခံနေရပေသည်။

စာရေးသူ။

# အမြဲ

## (အသက် ၃၀ ကျော် ၄၀ တွင်း)

### (အချစ်ဆန်းကြောင့် သေဆုံးတောင်းခဲ့သူ)

“အမြဲ”ကို ရန်ကုန်ထောင်ကြီး အတွင်းတွင် ကျွန်တော် မသိလိုက်ပါ။ ကျွန်တော် ရန်ကုန်ထောင်သို့ အကျဉ်းသမား တယောက် အဖြစ်ဖြင့် ရောက်သွားသော ၁၉၅၄ ခု နှစ်ဦးတွင် အမြဲသည် အင်းစိန်ထောင်သို့ ရောက်နေပေပြီ။ ရန်ကုန်ထောင်ကြီးတွင် ရှေးဟောင်း နှောင်းဖြစ်များကို အလွန်မှတ်မိသော လူငယ်အချို့ကို တွေ့ရသည်။ သူတို့အထဲတွင် မောင်လေးမောင်မှာ တယောက် ဖြစ်ပါသည်။ တနေ့သော ညနေ ဘော့လုံးကွင်းကြီး အတွင်း ကျွန်တော်တို့ လမ်းလျှောက်နေကြစဉ် မောင်လေးမောင် ရောက်လာပါသည်။ ဗြိတိသျှစစ်အုပ်ချုပ်ရေး ခေတ်ကတည်းက ရန်ကုန်ထောင်သို့ ရောက်ပြီး ထောင်ဒဏ် အနှစ် ၂၀ အပြစ်ပေး ခံနေရသော လူငယ် ဖြစ်သဖြင့် ထောင်တွင်း အကြောင်းအရာများ သူ့ကို မေးကြည့်ရာ ကျွန်တော်သိလိုသော အချက်အလက်အချို့ကို သိရှိရပါသည်။ ထို့နောက် ညနေတိုင်တိုင်သူ့အားဆက်၍ ပြောခိုင်းရသည်မှာ သူ၏မိတ်ဆွေ“အမြဲ”၏ အကြောင်းပင် ဖြစ်ပါသည်။

အမြဲနှင့် မောင်ခင်အောင်တို့ အကြောင်းကို ဘယ်အတွက်ကြောင့် ကျွန်တော်တို့နှစ်ညနေတိုင်တိုင်ဆက်၍ပြောခိုင်းသည်

http://nyisay.com



ဆိုသည့်အဖြေကိုမူ စာဖတ်သူ မိတ်ဆွေများသည်အောက်ပါ ထူးဆန်းသော အကြောင်းအရာများကို ဖတ်ပြီးနောက် ရရှိလာလိမ့်မည်ဟု ယူဆပါသည်။

စာရေးသူ။

× × ×

အမြသည် လုံးကြီးပေါက်လှ အသားဖြူဖြူနှင့် ကြည့်၍ ပြေပြစ်လှသည်။ အမြ ပြုံးနေသည်။ စကားအပြောအဆို အလွန် ညက်ညောသည်။ သူ့အသက်မှာ ၂၀ ကျော် ၃၀ အောက်ဟု ထင်ရသည်။ အမှန်အားဖြင့်သော် ၃၀ကျော် ၄၀ တွင်း ရှိနေချေပြီ။ အသားအရေ အလွန် ကောင်းသည်။ဆံပင်ဆံတို မှုဟန်တမျိုး ဖြစ်သည်။

အမြကို မြင်သူများထဲမှ "ယောကျ်ားပါ" ဟု ပြောဝံ့သူရှိမည်မဟုတ်ပေ။ သူဝတ်ပုံ စားပုံများအရ သူသည် မိန်းမအစစ်အချို့ထက် မိန်းမနှင့် တူပေသည်။ ဇာတိ အားဖြင့် ရန်ကုန် ကြည့်မြင်တိုင်က ဖြစ်သည်။ သူ့အိမ်သည် လမ်းမကြီး တခုပေါ်တွင် ရှိသည်။ အလွန်လှသော မိန်းမရှာအမြ၏ အမှုအကြောင်းသည် သတင်းစာတိုင်းကွင် ခေါင်းစဉ်စာလုံးကြီးများနှင့် ပါခဲ့ကြသည်။

၁၉၅၃ခုနှစ်၊ ဧပြီလလောက်တွင် ရန်ကုန် ထောင်ကြီး အတွင်းသို့ အမြရောက်လာသည်ဆို၍ မောင်လေးမောင်အပါ အဝင် အကျဉ်းသား အချို့ သွားကြည့်ကြရာ၊ သူ့အနီး တွင် လူတွေ အုံနေကြသည်။ အမေးများကို အမြသည် ခပ်တိုတိုပင် ဖြေလေ့ရှိသည်။

http://nyisay.com



ရက်အနည်းငယ်မျှ ကြာသောအခါ ဓါးပြမှုနှင့် ထောင် ၇နှစ် ကျနေသော ပျဉ်းမနား အပိုင် နတ်သူရဲရွာက မောင်ထွန်းစိမှာ အမြနှင့် အခင်မင်ဆုံး မိတ်ဆွေ ဖြစ်လာသည်။ မောင်လေးမောင်နှင့် အပြလည်း မောင်ထွန်းစိကိုအကြောင်းပြုပြီး နောက်တော့ ခင်လာကြသည်။ထောင်တွင်းတွင် မိန်းမရှာကို ပိုးပန်းတတ်သော လူစားမျိုးများလည်း အမြနားသို့ အကပ်များကြသည်။ မောင်ထွန်းစိ၏ အလုပ်မှာ ဆံပင်ညှပ်အလုပ်ဖြစ်၏။အမြကမူ သူ့ညီကလေးနှင့် တူသည်ဆိုပြီး ချစ်နေခြင်း ဖြစ်သည်။ အမြ၏ အခြားမိတ်ဆွေမှာ ရန်ကုန်တထောင်လုံးက သိသည့် အောင်သန်းဖြစ်သည်။အောင်သန်းသည် နောက်တီး နောက်တောက်နှင့် အမြ၏ ရင်ခွင်ထဲသို့ ဝင်တိုးချင်တိုးသည်။ အချောဝင်ခွင့် အရဆုံးမှာ အောင်သန်းဖြစ်သည်။

တနေ့သောအခါ မောင်ထွန်းစိ၊ မောင်လေးမောင် နှင့် အောင်သန်းတို့က မေးသောကြောင့်မျက်ရည်တွေ တရွှဲရွှဲနှင့် အမြက ပြောပြသည်မှာ ····

''အမြတော့ သေချင်တော့တာဘဲ၊ မြန့်မြန် မသေမှာဘဲ စိုးနေတယ်။ ဒီအမှုအတွက် မသေရရင်တော့ ခက်တာဘဲ'' ဤသို့ပြောရင်း အမြသည် သူ့အင်္ကျီကို ချွတ်ပြရာ ဒဏ်ရာဒဏ်ချက် တော်တော်များများကို တွေ့ရသည်။ မောင်ခင်အောင် ရိုက်နှက်ထားသည့် ဒဏ်တွေ ဖြစ်ကြောင်းလည်း ပြောပြသည်။

× × ×

အမြ ၁၈ နှစ် အရွယ်လောက်တွင် အမြတို့ အိမ်ရှေ့လမ်းမပေါ်၌ ကလေးကလေး တယောက်သည် နံနက်တိုင်း

သွားလာနေသည်ကို တွေ့ရသည်။ ကလေးမှာ သနားကမား ဖြစ်သော်လည်း အဝတ်အစား ကောင်းကောင်း မကပ်၊ ဆင်းရဲကြောင်း မြင်ရုံနှင့် သိနိုင်သည်။ မိုးရာသီရောက်၍ မိုးရွာသည့်အခါ တနေ့တွင် ဤကလေးသည် အမြတို့ အိမ်ရှေ့ ဘဏ္ဍာပင်အောက်တွင် မိုးဝင်ခိုနေရာမှ အမြက အိမ်ထဲခေါ်ပြီး ယုယုယယ မေးမြန်းသည်။မုန့်များကျွေးသည်။ ချစ်စရာကောင်းသော ၆ နှစ်ရွယ်ကလေးသည် "နာမည်ဘယ်နှယ့်ခေါ်သလဲ ဘယ်မှာ နေသလဲ" စသည့် မေးခွန်းများကို ကောင်းစွာဖြေသည်။ မိဘမဲ့ ကလေးတယောက် ဖြစ်ပြီး၊ ဦးလေးတယောက်နှင့်အတူ နေရကြောင်း အမြ သိရသည်။ ထို့ကြောင့် အမြက လမ်းကြုံတိုင်း ဝင်ခဲ့ရန် မှာထားပြီး ဝင်ခဲ့တိုင်း ပိုက်ဆံ တပဲ တပဲ မုန့်ဘိုး ပေးလေ့ရှိလေသည်။

မောင်ခင်အောင်ခေါ် ဤကလေးသည် အမြတို့ အိမ်ရှေ့က လမ်းမပေါ်တွင် ဤသို့ သွားလာနေခြင်းမှာ အကြောင်းမဲ့မဟုတ်၊ ဦးလေးဖြစ်သူ မုန့်ပျားသလက် သွားရောင်းနေသော နေရာသို့ အိမ်က ချက်ပေးသော ထမင်းကို သွား၍ ပို့နေရခြင်း ဖြစ်လေသည်။ ယခု အမြနှင့် အသိဖြစ်မှ မောင်ခင်အောင်သည် နေ့စဉ် မုန့်ဘိုး တပဲတပဲ ရနေချေပြီ။

မိုးကုန်၍ ဆောင်းဝင်လာသောအခါ ဤကလေးသည် သူ့ဦးလေးအိမ်တွင် နည်းနည်းမှ မနေချင်တော့။ ထမင်းပို့ခြင်း၊ထမင်းသွားယူခြင်း အလုပ်လောက်သာ လုပ်နေပြီး၊ အခြားအချိန်များတွင် "အမြ"ထံသို့သာ လာ၍ နေတော့သည်။မောင်ခင်အောင်၏ ဦးလေး ဆိုင်မှာ နောင်သောအခါ ပိတ်လိုက်ရသည်။ ထို့ကြောင့် မောင်ခင်အောင် ဤလမ်းသို့

http://nyisay.com



မလာပြန်ပေ။ တနေ့တော့ ပေါက်လာရာ အမြကိုယ်တိုင် သူတို့အိမ်သို့ လိုက်သွားပြီး ဤကလေးကို ပေးရန်၊ ကျောင်းထားပါမည်၊ အဝတ်အစား ဆင်ပါမည်ဟု တာဝန်ယူပြီး တောင်းသည်။

မောင်ခင်အောင်၏ ဦးလေးအိမ်တွင် သားအကြီး တယောက်က အိမ်ထောင်ကွဲ၊ သမီးအပျိုကလေး တယောက်နှင့် လူပျိုဖြန်းတယောက် ရှိကြသည်။ မောင်ခင်အောင်ကလေးမှာ အပိုလို ဖြစ်နေသည်။ ဤကလေးမှာ တအိမ်လုံး၏ရိုက်ဖတ်၊တအိမ်လုံး၏ အမာန်ခံဖတ်နှင့် ဘယ်သူ့မှာ ဘာအပြစ်ရှိရှိ သူ့ခေါင်းပေါ်သို့သာ ရောက်နေသည်ကို အမြ ရိပ်မိ သိရှိသည်။ ထို့ကြောင့် ပို၍ သနား နေသည်။ မောင်ခင်အောင်၏ ဦးလေးသည် အမြက မောင်ခင်အောင်ကို ကတိကောင်းများ ပေး၍ တောင်းသောအခါ ဤပိုနေသော ကလေးကို မွေးစားဘို့ လူကြီးစုံရာနှင့် ပေးလိုက်တော့သည်။ ခမွေးနိုင်သည့်တနေ့ ပြန်ပို့ရန်လည်း အမြက ကတိပြုသည်။

အမြ တို့သည် ပိုက်ဆံကြွယ်ဝ သူများ မဟုတ်၊ အဘေသည်·ယခင်က မြူနီစီပယ် ကျောက်ကြိတ်စက် မောင်းသည်။ ထို့နောက် လခနည်းလွန်း၍ မစားလောက် သောကြောင့် အလုပ်က ထွက်ပြီး ကုန်စိမ်း ပွဲစား လုပ်သည်။ အမြက ကျောင်းထား ကျွေးမွေး ဆင်ပေးရမည့် ကလေးတယောက် ခေါ်လာပြန်ရာ အိမ်စားရိတ်က တက်လာပြန်သည်။ ဤအကြောင်းကို အမြ သိ၍ သားရေလုပ်ငန်း ဖြစ်သော သားရေသေတ္တာ၊ သားရေဘိနပ် အမျိုးမျိုးလုပ်သည့် အလုပ်ရုံတရုံတွင် သွား၍ အလုပ် လုပ်သည်။ လုပ်စတွင် လုပ်ခမှာ တ

http://nyisay.com



လ ၁၂၀ သာရသည်။ အလွန်ပင် နည်းသည်။ ရန်ကုန်တွင် ကလေး တယောက်ကို ကျောင်းထား ရသော စားရိတ်က လည်း မသေး။မောင်ခင်အောင် ကလေးကလည်း အခြား သော ကလေးတွေ ဝတ်စားထားသည်များကို တွေ့ခဲ့လျှင် အမြကို ပူဆာတော့သည်။ ထို့ကြောင့် "သား"အတွက် အ မြသည် တော်တော်ပင် စိတ်ညစ်ရ၊ တာဝန် ထမ်းရသည်။ လခကလည်း ၁၂၀တည်းဖြစ်၍ လိုငွေကို မကာမိ၊သို့နှင့် မ တတ်သာ၍ ဟိုက်ကုတ်ရုံးစောင့် တလ ၄၂၀ရသည့် ဂေါ်ရ ခါး ဒလဝမ်ဘဟာဒူးဆိုသူနှင့် အိမ်ထောင် ပြုလိုက်ရတော့ သည်။ ဂေါ်ရခါး ဒလဝမ်ကလည်း အမြကို မိန်းမရှာမှန်း သိသည်။ သို့သော် ကြေကြေနပ်နပ်ပင် ပေါင်းသင်းနေသည်။ သို့ရာတွင် ဘဟာဒူးနှင့် အမြတို့သည် တအိမ်တည်း အတူ မနေကြ။အိမ်ချင်းမှာ မလှမ်းမကမ်းဖြစ်၍ ဇနီးမောင်နှံဆက် ဆံရေးမှာ ပြေပြစ်တန်သမျှ ပြေပြစ်သည်။ဘဟာဒူး၏အလုပ် မှာ ညဒလဝမ်အလုပ်ဖြစ်၍ ညနေမှ သွားရသည်။ တနေ့လုံး အိမ်မှာ နေနိုင်သည်။ ထိုအချိန်တွင် မောင်ခင်အောင် ကလေး က ကျောင်းသွား နေသည်။မောင်ခင်အောင်ကလေး မရိပ်မိ အောင်လည်း အမြက ဘဟာဒူးကို ပြောပြထား မှာထား သည်။ မောင်ခင်အောင်သည် သူ့အမေ လင်ရနေသည်ကို ဘာမှ မရိပ်မိ၊ ဘဟာဒူးနှင့် အမြတို့ကို မိတ်ဆွေ ဟုပင် အောက်မေ့နေသည်။ ဘဟာဒူးလည်း မိန်းမ ရပြီဖြစ်၍ မသက်သာတော့။ ယခင်ကကဲ့သို့ လခကလေးနှင့် အေးအေး မနေနိုင်တော့။နွေလယ်ပိုင်းတွင်ကြေးအိုးမလိုင်(ဂလိုင်)သုတ်၊ အရောင်တင်ခြင်းစသောအလုပ်မျိုးများကိုဘေးငွေဝင်ပေါက် အဖြစ်ဖြင့် ရအောင် လုပ်ရပေတော့သည်။ အမြကမူ သား

http://nyisay.com



ရေအလုပ်ကိုပင် လုပ်နေသည်။ သူ့လခမှာလည်း အတော်အသင့် အလုပ်ကျွမ်းကျင် လာသောကြောင့် အသင့်အတင့် တိုး၍ ရလာပြီ။

အမြ၏ အလုပ်တိုက်မှာလည်း၊ လမ်းမ သာ ခြားသော နေရာတွင်ဖြစ်၍ အလုပ် သွားသည် ဆိုသော်လည်း ဝေးဝေးသွားရန် မလိုပေ။ ထိုမှတဆင့် လုပ်သက် တော်တော်ရလာသောအခါ အမြသည် သူ့အတွက်ကျ အလုပ်များကို သူ့အိမ်သို့ယူ၍ လုပ်လေသည်။

အမြနှင့် ဘဟာဒျူးသည် နေ့ခင်းတွင် မောင်ခင်အောင် ကျောင်းသွားနေခိုက် ညားနေကြသော လင်မယားများဖြစ်သည့်အတိုင်း၊ တနေ့၌ ခါတိုင်းကဲ့သို့ပင် နေ့လယ် ပိုင်းတွင် အိမ်ထဲမှာ အတူ အိပ်နေ ကြပေသည်။ ထိုနေ့တွင် မောင်ခင်အောင်သည်နေမကောင်းသောကြောင့် နေ့လယ်ကြီးကျောင်းမှ အိမ်ပြန်လာရာ၊ အိမ်ရောက်၍ သူ့မမကို လိုက်ရှာသည်တွင် ဘဟာဒူးနှင့်အတူ အိပ်နေသည်ကို တွေ့သောကြောင့်၊ အလွန် ဒေါပွပြီး ဆူပွက်လေတော့သည်။ ဘဟာဒျူးလည်း ကိုယ်လွတ် ထွက်ပြေးရလေသည်။

“မမမြကလဲဗျာ၊ ဒီကုလားကြီးမှ ကြိုက်ရသလားဗျာ”ဟု ဆိုကာ၊ မောင်ခင်အောင်က ငိုယို ကြိမ်းမောင်းသည်။ “အစကတော့ မိတ်ဆွေဆိုပြီး၊ ခင်ဗျား အခုတော့ ဒီလိုလုပ်နေရသလား။ ခင်ဗျားမကောင်းဘူးဗျာ။ ခင်ဗျားနဲ့လဲ အတူမနေတော့ဘူးဗျာ” ဆိုပြီး အိမ်ပေါ်က ဆင်းသွားမည် လုပ်ရာ၊ အမြက ဆွဲထားရသည်။မောင်ခင်အောင်သည် ထမင်းကျွေး၍လည်း မစား၊ ချော့၍လည်း မရနိုင် ဖြစ်နေ၏။ တနေကုန်

ဆူနေတော့၏။ အိမ်နားနီးချင်းများကလည်း ဤကိစ္စကို အား လုံး သိကုန်တော့သည်။ မောင်ခင်အောင်က အမြဲကို မိန်းမ ရှာဟု မသိ၊တကယ့်မိန်းမ အစစ်ဟုပင် ထင်နေသည်။ ညဦး ၁၀နာရီတိုင် မောင်ခင်အောင်သည်မအိပ်၊ ဆူလိုက် ရပ်လိုက် လုပ်နေသည်။ အမြဲက ပွေ့ပိုက်ပြီး ချော့၏။ "နောက်မလုပ် ပါဘူး" ဟု ချော့ပြောသော်လည်း မောင်ခင်အောင်သည် ခေါင်းမာမြဲ မာနေသည်။ နောက်ဆုံးတွင် အမြဲက မမိဝင်ငွေ နည်းမှုံ၊ မောင်ခင်အောင်ကို ကျောင်းထားရခြင်း၊ စားစရိတ် စသည်တို့အတွက် မလောက်သောကြောင့် ကုလားဘဟာဒူး ကို မလိမ့်တပတ်လုပ်ပြီး ညာပေါင်းနေရခြင်း ဖြစ်ကြောင်း စသည်ဖြင့် ချော့ပြီး ဖွင့်ပြောပြသောအခါမှ မောင်ခင်အောင် သည် စဉ်းစား ငေးငိုင်လာပြီး၊ ကလေးငယ်ကလေး ပမာ အိပ်ပျော် သွားတော့သည်။ အမြဲလည်း မောင်ခင်အောင် အိပ်ပျော်သဖြင့် စိတ်ဒုံးဒုံးချကာ မောမောနှင့် အိပ်လိုက် တော့သည်။ သန်ကောင်ကျော်အချိန်တွင် အမြဲ တရေးနိုး၍ မောင်ခင်အောင်ကို စမ်းလိုက်သောအခါ၊ မတွေ့တော့သဖြင့် များစွာ လန့်ထိတ်သွားသည်။ အိမ်သာ ထသွားသည် ထင်၍ လိုက်ပြန်လည်း မတွေ့၊ အိမ်ပြင်ဘက် လျှောက်ကြည့်လည်း မတွေ့၊ ဝေးဝေးလံလံ လိုက်ရှာရန်ကလည်း အချိန် မတော်၊ ထို့ကြောင့် အမြဲသည် တညလုံး အိပ် မပျော်နိုင်တော့ဘဲ သောကနှင့် အတူ မိုးလင်းရတော့သည်။ နံနက် လင်းလျှင် လင်းချင်း မောင်ခင်အောင်၏ ဦးလေးအိမ်သို့ အပြေးသွား ကာ မောင်ခင်အောင် လာ မလာ မေးရာ ညအချိန်မတော်ကြီး ရောက်လာကြောင်း၊ အကျိုးအကြောင်းလည်း မေး၍မရ၊ ခေါင်းကြီး အောက်စိုက်ကာ တရှုံ့ရှုံ့နှင့်ငို နေကြောင်း၊

http://nyisay.com



ထပ်မေးသောအခါ "ပြောချင်ဘူးဗျာ" ဟု ပြောကြောင်း စသည်ဖြင့် ဦးလေးနှင့်အဒေါ်တို့က ဆီး၍ ပြောကြသည်။ အမြသည် မောင်ခင်အောင်အား ချော့မော့ ခေါ်ရာတွင်မှ ချောချောမောမောပင် ပြန်လိုက်ခဲ့လေသည်။

ထိုနေ့မှ စ၍ မောင်ခင်အောင်သည် အိမ်မှ မခွါတော့၊ ကျောင်းဆက်သွားပါဦးဟုပြော၍လည်းမရတော့၊သူ့အစ်မကြီး အမြအနားက မခွါတော့၊ အမြအလုပ်အတွက် ဘိနပ်ချုပ်ရန် သားရေများ သွားယူသည့်နေရာကိုလည်း မောင်ခင်အောင် လိုက်၏။ ရေဘုံဘိုင်မှာ ရေ သွားချိုးလျှင်လည်း လိုက်၏။ ရေသွားခပ်လျှင်လည်း လိုက်၏။ နောက်ဖေး သွားလျှင်လည်း လိုက်၏။ မောင်ခင်အောင်သည် သူ့အစ်မကို စိတ်မချ၊ နည်းနည်းကလေးမှ မျက်စိအောက်က အပျောက်မခံ၊ ဘဟာဒုူးနှင့် အမြတို့လည်း တယောက်နှင့်တယောက် နီးလျက်နှင့် ဝေးနေကြပြီ။ မောင်ခင်အောင်၏ ရန်ကြောင့် မတွေ့ရဲကြ၊ မတွေ့နိုင်ကြ၊ ခါတိုင်းကဲ့သို့ နေ့ပိုင်းတွင် တွေ့ရန် အတွက်လည်း မဖြစ်နိုင်။ ညပိုင်းဆိုသည်မှာ သာ၍ဝေး၏။မောင်ခင်အောင်သည် သူ့ အစ်မ အမြကို ညတိုင်လျှင်လည်းခဏခဏစမ်းနေ၏။ဘဟာဒုူးအိမ်နား သီသည်ကိုတွေ့လျှင် မောင်ခင်အောင်သည် ကလော်၍သာ ဆဲတော့၏။ တွေ့ရာနှင့် လှမ်း၍ပစ်၏။ ထို့ကြောင့် ဘဟာဒုူး မကပ်နိုင်။ ဘဟာဒုူးက ကြားလူများအား ငွေအသင့်အတင့်ပေးကာ မောင်ခင်အောင် ဘယ်ပုံကြေနပ်ပြီး အမြနှင့် သူနီးနီးနေနိုင်မည်ဆိုသည့်အရေးကို အမြထံသို့လွှတ်၍ တိုင်ပင် ဆွေးနွေးစေ့စပ်ခိုင်း၏။ မောင်ခင်အောင်သည် အိမ်လာ၍ အမြနှင့် တိုးတိုး စကားပြောသူကို သံသယဖြစ်၏။ဤကိစ္စအတွက် နား

http://nyisay.com



ရှင် မျက်စိရှင်နေသူ ဖြစ်သည့်အတိုင်း ပါးနပ်လှ၏။ ထို့ကြောင့် လာသော စေ့စပ်ရေးသမားများကို "ဘာလဲ၊ ကုလားနဲ့ အစ်မကိစ္စ လာပြောနေတာလား။ ခင်ဗျားတို့ပါ အိမ်မလာခဲ့ကြနဲ့" ဟုအော်ငေါက်ပြောဆိုလေ့ရှိ၏။ ဤသို့ ပြောလိုက်သည်မှာလည်း မှန်သည်ချည်း ဖြစ်သည်။

ဘာဟာဒူးသည် ချဉ်းကပ်၍ မရဘဲ ဖြစ်နေသဖြင့် စိတ်အကြီးအကျယ် ညစ်လာသည်။ တနေ့တခြား စိတ်ချောက်ချားလာသည်။ ထို့ကြောင့် မိမိကိုယ်ကို ပျော်အောင် နေမည်ဆိုပြီး အမြ နေရာတွင် အရက်ကို အစားထိုးတော့သည်။ အလုပ်က ပြန်လျှင်လည်း အရက်မူးပြီးမှပင် ပြန်လေသည်။ တနေ့သော ညဥ့် အလုပ်ခွင်တွင် ဘာဟာဒူးသည် ရေချိန်လွန်သွားဟန် တူသည်။ အလုပ်ဆင်းရင်း ည ၈ နာရီခန့်တွင် လက်ဆွဲမှန်အိမ်ကို ၂ပတ်၃ပတ်လှည့်ရမ်းကာ ပြူတင်းပေါက်ကို ပေါက်လိုက်ရာ မီးဟုန်းဟုန်းထတောက်ပြီး ကျွန်းသားပြူတင်းပေါက် ၂ခုမှာပြာကျသွားတော့၏။အခြား ရုံးစောင့်များနှင့်အနီးအနားရှိ လူများက ဝိုင်း၍ ငြိမ်းကြရသည်။ ဘာဟာဒူးလည်းပုလိပ်လက်မှတဆင့်အချုပ်ခန်းထဲသို့ရောက်သွားလေပြီ။ ပုဒ်မ ၄၃၆ မီးရှို့မှုနှင့် ရုံးတင် ခံရသည်။ ပုန်ကန်မှု ဆန်ဆန်ပင် ဆွဲချင်သလိုလို ဖြစ်နေသေးသည်။ သို့ရာတွင် ယခင်က သူခိုးများဘမ်းပေးခဲ့ခြင်း၊ တာဝန်ဝတ္တရားများ ကျေပွန်ခြင်း စသော နာမည်ကောင်း လက်မှတ်များကို တင်ပြသဖြင့် တကြိမ်တခါ အရက်မူးပြီး ဖြစ်မိခြင်း ထင်ရှားသောကြောင့်ဟု ဆိုကာ ဒဏ်ငွေ တပ်လိုက်သည်။ ဘာဟာဒူးလည်း အလုပ်ပြုတ်လေပြီ။ အမူပြီး၍ ၂ရက်ခန့် အကြာတွင် ဘာဟာဒူးကို ဘယ်သူက ရေးပေးသည်မသိ၊

http://nyisay.com



“လူ့လောက အချုပ်အထွေးထဲမှာ အရုပ်ကလေးလို လှည့်စားနိုင်တဲ့ အမြဲ၊ ဒီဘဝ ဤမျှသော ဘုရားသခင်ပေးသည့် ဒုက္ခကိုခံပြီးပါပြီ။ နောက်နောင်ဆက်မခံရအောင် ဗမာပြည်မှ အိန္ဒိယပြည်သို့ပြန်ပါတော့မည်” စသည်ဖြင့်စာအရှည်ကြီး တစောင် အမြဲထံသို့ ရောက်လာသည်။

ဤစာလာပေးချိန်မှာ မောင်ခင်အောင် အိမ်ပျော်နေချိန် ဖြစ်သဖြင့် တော်ပေသေးသည်။

ဤစာနှင့် သူ့ထံတွင် ရှိသော အိမ်ထောင်ပရိဘောဂ၊ အဝတ်အစားနှင့် ငွေအချို့ကို ဘဟာဒူးက ပေးပို့လိုက်လေသည်။ အမြဲသည် ဤစာနှင့် ဤပစ္စည်းများကို ရရှိသော အခါ များစွာစိတ်ထိခိုက်သွားသည်။ ဘဟာဒူးဆီသို့ထလိုက်သွားချင်၏။ သို့ရာတွင် မောင်ခင်အောင် သိလျှင် မီးတောက်မည်၊ ဒုက္ခဖြစ်မည်၊ ထို့ကြောင့် မျက်ရည်များ သုတ်ကာ အိန္ဒြေဆည်နေရသည်။ ဤကိစ္စများဖြစ်ပြီးနောက် ဘဟာဒူးကို ယနေ့တိုင် မမြင်ရတော့ပေ။

မောင်ခင်အောင်ကလေးသည် ဤလများ အတွင်း၌ပင် တနေ့တခြား ကြီးထွားလာကာ လှ၍လှ၍ လာသည်ကို အမြဲသည်အရိပ်တကြည့်ကြည့်နှင့်သာနေသည်။ အမြဲသည်အလုပ်လုပ်ရသောကြောင့် မည်မျှပင် မောမော မောင်ခင်အောင်၏ မျက်နှာကလေးကို မြင်ရလျှင် တခါတည်း အမော ပြေသွားတော့သည်။ မိခင်ကြီးတယောက်က တဦးတည်းသော သားကလေးကို ချစ်နေဘိသကဲ့သို့၊ နွားမကြီးသည်နွားသားငယ်ကိုမျက်စိအောက်က အပျောက်မခံဘိသကဲ့သို့ပင် ဖြစ်သည်။ မောင်ခင်အောင်မှာလည်းလက်ဝတ်လက်စား၊ အဝတ်အစားများဘက်က လိုလေသေးမရှိ၊ သူဌေးသားများပင် သူ့ထက်

http://nyisay.com



သာကောင်းမှ သာပေမည်။ တစတစနှင့် သူ့ကိုယ်လုံး ကိုယ်ပေါက်မှာလည်း သူ့အစ်မကြီးအမြနှင့် မတိမ်းမယိမ်း ရှိလာပေပြီ။ သူ့ဦးလေးများနှင့်သာ နေလျှင် ဤကဲ့သို့သော ဘ၀ အဆင့်အတန်းမျိုး ရောက်မည် မဟုတ်ကြောင်း မောင်ခင်အောင်သည် တီတီတာတာနှင့် မကြာမကြာ သူ့အစ်မ အမြကို ပြောပြလေ့ရှိပြန်ရာ၊ အမြသည် မောင်ခင်အောင်ကို ပို၍ချစ်ရပြန်သည်။ မောင်ခင်အောင် နှာစေး ချောင်းဆိုးကလေးမျှ ဖြစ်သည် ကိုပင် အမြသည် အသည်းအသန် မမာ မကျန်း ဖြစ်နေရှာသည့် လူမမာ ပမာ ယုယုယယ ပွေ့ပွေ့ပိုက်ပိုက်ပြုစုရှာသည်။

အမြသည် သားရေအလုပ်တွင် ကျွမ်းကျင် သည်ထက် ကျွမ်းကျင်၍ လာသည်။ သားရေလုပ်ငန်းနှင့် ပတ်သက်၍ လေယာဉ်ပျံဘိနပ်၊ ပန်းရှူးဘိနပ်၊ သားရေသေတ္တာ၊ သားရေ လက်ဆွဲအိတ်မှစပြီး၊ မည်သည့်အလုပ်မျိုးကိုမဆို လုပ်နိုင်သည်။သားရေကို အမြသည် စက္ကူပမာ နိုင်နေသည်။ကောင်းစွာကိုင်နိုင်သည်။ထို့ကြောင့်လစဉ်ဝင်ငွေမှာလည်းတလလျှင် ၅၀ ကျော် ၆၀ နီးပါးမျှရှိနေပေပြီ။ ဘဟာဒုရ်ထံမှ ရလိုက်သော ငွေကြေးပစ္စည်းများနှင့် မိမိစုဆောင်းသော ပစ္စည်းများကို ပေါင်းပြီး တိုးပွားအောင် လုပ်ထားသဖြင့်လည်း ငွေရင်းမှာ တိုးပွားလျက်ရှိပေသည်။

မောင်ခင်အောင် လူပျို ပေါက်ကလေး ဖြစ်လာ သောကြောင့် အခြား အပျိုပေါက်ကလေးများက စကားစမြည် ပြောကြ ဆိုကြ သည်ကိုပင် အမြ စိတ်ထဲ၌ သဘောမကျ၊ မကြိုက်ချင်။ အချို့ ခပ်ကြီးကြီး အရွယ် များက "မမြ

http://nyisay.com



မောင်ခင်အောင်ကြီးလာရင် ကျမနဲ့ပေးစားနော်'' ဟု ကျီစားပြောကြလျှင်လည်း အမြသည် သဘောမကျ၊မချိပြုံးသာ ပြုံးရသည်။မောင်ခင်အောင်ကို ခါတိုင်းထက်မို၍ ဂရုစိုက်မှ ဖြစ်တော့မည်ဟုလည်း မြင်ကာ ပို၍ ဂရုစိုက်တော့သည်။

တနေ့သောအခါ အလုပ်အကိုင်များ လုပ်နေရင်းက အမြ၏ ညာဘက် ချိုင်းအောက်တွင် ကိန္နရာနာကြီး တလုံး ပေါက်လာသည်။ ထို့ကြောင့်အလုပ်မှ ခွင့် ၁၀ ရက်ယူရာ၊ မောင်ခင်အောင်က ခွင့်မယူပါနှင့်၊အလုပ်တွေကို သူလုပ်မည် ဟု ဆိုသည်။ ''မင်းလုပ်တတ်လို့ လား'' ဟုမေးရာ ''လုပ်တတ်တယ်''ဟုဆိုသည်။သို့ရာတွင် အမြသည် ခွင့် ၅ရက်ကိုမူ နားရက် ယူလိုက်သည်။ ဤသို့ အမြ နေမကောင်း ဖြစ်သော အခါ မောင်ခင်အောင်သည် ရေနွေးကြပ်ထုပ် ထိုးပေးခြင်း မှစ၍ သူနေမကောင်းသည့်အခါ အမြက ပြုစုသည်နှင့်မခြား ကိုယ်ဖိ ရင်ဖိ ပြုစုရှာသည်။ အမြ အိပ်ပျော်သော အခါမှ လေယာဉ်ပျံဘိနပ်ကလေးများကို သွားလုပ်နေသည်။ ဘယ် အခါက လုပ်တတ်နေသည် မသိ။ ယခင်က အမြ အလုပ် လုပ်နေသည့် အနီးတွင် လာထိုင်ကြည့်ပြီး ဟိုဒင်း ဝင်လှီး ဒီဒင်းဝင်ဖြတ်လုပ်ဘူးသည်လောက်သာ ရှိခဲ့ဘူးသည်။ ယခုမူ အမြလက်ရာနှင့် မခြား သူ့လက်ရာများမှာ ကောင်းလှပေ သည်။ ထို့ကြောင့် အမြ၏ စိတ်ထဲတွင် ''အားကိုးရမည့် သားကောင်း တယောက် ပေဘဲ'' ဟု အားတက် မိသည်။ မောင်ခင်အောင်၏ မေတ္တာစာတ်ကြောင့် ပင်လော မပြော တတ်။ ချိုင်းကြားမှ အနာသည်လည်း ၅ရက်အတွင်းမှာပင် အနာကြီးဖြစ်မလာဘဲ ပြန်ပြီး ချပ်သွား တော့သည်။ (ဤအ ကြောင်းများကို ပြန်ပြောရင်း အမြသည် ငိုရှာသည်။)

http://nyisay.com



တိုးတိုးဖော်တိုင်ပင်ဘက်ဆိုလျှင်လည်း အမြအဘို့ မောင်ခင်အောင် တယောက်သာ အားကိုးစရာရှိသည်။ ယခင်ကမူ နေမှု စားမှု ဝတ်မှု အတွက်လောက်သာ ဂရုစိုက်ရသည်။ ယခုမူ မောင်ခင်အောင်၏ အိမ်ထောင်ရေး အတွက်လည်း စိတ်ဝင်စားလာရသည်။ "မောင်ခင်အောင် မင်းဘယ်တော့ မိန်းမယူမလဲ၊ ကြိုက်တဲ့လူ တွေ့နေပလား"ဟု အမြကမေးလိုက်သောအခါ မောင်ခင်အောင်က "မမ လူ့ပြည်မှာရှိနေသမျှ ကျွန်တော် မိန်းမ မယူဘူးဗျ"ဟု ချစ်စဖွယ်ပြန်၍ပြောသည်။ အမြအသဲထဲတွင်စွဲသွားအောင်ပင်ပြောတတ်ရှာသည်။ (အမြသည် ဤအကြောင်းများကို ပြောပြရင်း မျက်ရည်မဆည်နိုင်ပါ။ ) ဤစကားမျိုးကို ကြားရသောအခါ အမြအဘို့ လူ့လောက မှာ နတ်ပြည်တမျှ သာယာ စိုပြေသည်ထင်၏။ သူ၏သားကလေးကို "ဒါမျိုးပြောဦးဟ"ဟု ဆိုပြီး ဖက်ကာ ဖက်ကာ နမ်းတော့သည်။

ချိုင်းအနာပျောက်သွားသဖြင့် ဝမ်းသာနေရာမှ ၁၅ရက်ခန့်ကြာသောအခါ ထိုနေရာမှပင်အကျိတ် ၂ခုပြူးလျက် ပေါ်လာပြန်ချေသည်။ အမြအဘို့ ဤအနာ ၂လုံးသည် အကုသိုလ် ၂လုံး ဝင်လာခြင်းပင် ဖြစ်ချေသည်။ အမြ နေမကောင်း၍ လာရောက် မေးမြန်းကြသည့် အထဲတွင် မောင်ခင်အောင်နှင့် ရွယ်တူတန်းတူတွေက တော်တော်များများပါပေရာ၊ အမြ၏ စိတ်ထဲ၌ ရောဂါ အနာကတမျိုး၊ စိတ်မချ၍ မချမ်း သာဖြစ်ရသည်ကတမျိုးနှင့် ဝေဒနာ ၂မျိုးခံစားနေရပေသည်။အချို့က ကိန္နရာနာဟု ပြောကြသည်။ အချို့ကဒွေးကျွတ်နာပါဟု ဆိုကြသည်။ တဖြည်းဖြည်းနှင့်အိပ်ရာထဲပက်လက်ဖြစ်ကာ လက်မောင်းနှစ်ခု နောက်ပစ်ပြီးနေရသည့် အခြေအနေမျိုးရောက်

http://nyisay.com



လာချေသည်။ မောင်ခင်အောင်မှာ လူမမာ အဘို့ ချက်ပြုတ် ကျွေးမွေး ပြုစုရသည်ကတမျိုး၊ ညွှ့သည်များကို အထိုက်အလျောက် ဝတ်ပြုရသည်ကတမျိုးနှင့် ပင်ပန်းလျက်ရှိသည်။ ဧည့်သည်များက အမြကို ဆေးရုံတက်လျှင်ကောင်းမည်ဟု အကြံပေးကြသည်။ အမြကမောင်ခင်အောင်ကိုစိတ်ချသည့်အတွက် မတက်ချင်။ အနာကလည်း တနေ့တခြားဆိုးလာရာ၊ မောင်ခင်အောင်ကပါ "မမ ဆေးရုံမှာ ကုမှဘဲ မြန်မြန်သက်သာလိမ့်မယ်ထင်တယ်" ဟုပြောလေတော့သည်။ မောင်ခင်အောင်မှာလည်း လူမမာအိပ်သလောက်သာ အိပ်ရသည်။ လူမမာ နိုးလျှင် နိုးရ၍၊ အော်နေလျှင်လည်း အနားမှာ ရှိရသည်။ ထို့ကြောင့် လူမမာ သာမက လူကောင်းပါ လဲရဦးမလိုဖြစ်နေပေတော့သည်။ ဤအခြေအနေကို မြင်သဖြင့် အမြသည် မောင်ခင်အောင်ကို စိတ်မချပုံ အမျိုးမျိုးကြားထဲမှ မှာကြားစရာများကို အထပ်ထပ် မှာပြီးလျှင် ဆေးရုံသို့ ပို့ခိုင်းရရှာသည်။

အလွန် သာယာ စည်ကားသည့် ရန်ကုန်မြို့ကြီးမှာ အမြအဘို့ နတ်ပြည်နှင့်မတူ၊ မောင်ခင်အောင်နှင့်တနေ့လုံး တညလုံးခွဲနေကြရပြီး ညနေ၄နာရီမှ ၆နာရီအထိသာ တွေ့ဆုံကြရသဖြင့်ငရဲပြည် အသူရကာယ်နှင့် တူသည်ဟုပင် ထင်မိသည်။ ညနေ၄နာရီထိုး၍ ဆေးရုံတံခါးကြီးဖွင့်လျှင် မောင်ခင်အောင်သည် ရှေ့ဆုံးက တက်၍လာပေပြီ။ ရောက်လျှင် အမြအနားတွင်ထိုင်ပြီး ဝေဒနာအခြေအနေမေးကာ ယုယသည်။ အိမ်သို့လာပြီး "အမြ ဘယ်လို နေသေးသလဲ" စသည်ဖြင့် မေးကြသူများ၊ အခြား ဧည့်သည် မည်သူ မည်ဝါလာ၍ မည်သည့် စကားများ ပြောသွားသည်များကို မောင်ခင်အောင် သည်

http://nyisay.com



သူ၏အစ်မ အမြအား နှံ့စေ့အောင်ပင် ပြောပြလေ့ရှိသည်။ သူ၏ သားကလေး ရိုးသားပုံ၊ လိမ္မာပုံကို ကြည့်ကာ အမြသည် များစွာ ပီတိဖြစ်ရတော့သည်။

သကြ္ကန်မကျမီ ၇ ရက်ခန့်တွင် အမြသည် မောင်ခင်အောင်အား "ငါ ဆေးရုံတက်နေရတုန်း မင်းအိမ်မှာများ ကောင်းကောင်းနေရဲ့လားမောင်ခင်အောင်"ဟုအကဲခတ်မေးခွန်းကို မေးရင်း မျက်နှာကို အကဲခတ်ကြည့်ရာ မောင်ခင်အောင်သည် မည်သို့မျှမဖြစ်၊အေးဆေးစွာနှင့်ပင် "မမြကလဲဗျာ၊ ကျွန်တော့်အတွက် စိတ်ပူနေတာချည်းဘဲကိုး၊မမြ ဆေးရုံ တက်ပြီး ၂ရက် ၃ရက်နေတော့ ကျွန်တော် အိမ်ကို သော့ ခတ်ပြီး ဦးလေးတို့အိမ်မှာ သွားနေတယ်ဗျ၊အိမ်ကို တနေ့ တခေါက် ၂ခေါက်လောက်သွားကြည့်တာဘဲ။ မယုံရင် မမြဆေးရုံက ဆင်းလာတော့ ဦးလေးတို့ကို မေးကြည့်ပါလား"ဟု ခပ်တည်တည်ပင် ပြန်ပြောလိုက်လေသည်။ ထို့နောက်မောင်ခင်အောင်က ဆက်၍ "ဦးလေးတို့အိမ်မှာ နေရတာလဲ စိတ်ညစ်လှပါပြီဗျာ"ဟု ပြောကာ ကြုံကြုံ ပါအောင် ငိုတော့သဖြင့် အမြက "ဘာဖြစ်လို့လဲ၊ ဘာ ဖြစ်လို့လဲ မောင်ခင်အောင်၊ ဘယ်သူက ခိုင်းလို့လဲ" စသည် ဖြင့် အမောတကော မေးသောအခါမှ "ဟိုဟာကလေး ချော့တောင်း။ ဒီဟာကလေးချော့တောင်းနဲ့ အခု တော်တော်ကုန်နေပြီဗျ။ ဒါကြောင့် သူတို့အိမ်မှာတောင် ထမင်း မစားတော့ဘဲ ဆိုင်မှာစားနေတာ တော်တော် ကြာနေပြီ" ဟု ငိုယိုကာ ဆက်လက်ပြောလေသော၊ အမြသည် မောင်ခင်အောင်ကို ပြုံးပြုံးကြီးကြည့်ကာ ချော့မော့၍ "ကိစ္စ မရှိပါဘူးကွာ ပစ္စည်းဆိုတာ ရှာရင် ရတာပေါ့။ ကဲ ဦးလေးတို့ဆီဘဲပြန်ချေ။

http://nyisay.com



ကောင်းကောင်းနေပါ” ပြောဆိုချော့မော့၍ လွှတ်လိုက်ရသည်။

သကြ်န်အကြိုနေ့ နံနက်စောစောစီးစီး အမြပင် အိပ်ရာမှ မထမီ မောင်ခင်အောင် ဆေးရုံသို့ ရောက်လာသောကြောင့် အမြအံ့အားသင့်နေသည်။ ခါတိုင်းဆိုလျှင် ညနေ ၄နာရီမှ လာသည်။ ယနေ့ စောလွန်းလှသည်။ ဆန်းလွန်းလှသည်။ သူ၏ လက်ထဲမှာလည်း ပိတောက်ပွင့်တွေ ဝေ၍ မြိုင်နေသည်။ “နင် ဘယ်လို လုပ်လာသလဲ” ဟု မေးသောအခါ “ဆရာမ မညွန့်ညွန့်နဲ့ အတူ လိုက်လာတယ်” ဟု ပြောရာ၊ အမြသည် ဆရာမ မညွန့်ညွန့် ဆိုသူကို မသိ၍ ခပ်ငေးငေး ကလေး ဖြစ်သွားသည်။ မောင်ခင်အောင်က “ဆရာမမညွန့်ညွန့်ဟာ သိပ်သဘောကောင်းတာဘဲဗျ။ကျွန်တော့်ကို သူ့မောင်ကလေးနဲ့တူလို့ဆိုပြီး သိပ်ဂရုစိုက်တာဘဲဗျ”စသည်ဖြင့် ရွှင်ရွှင်လန်းလန်းသဘောကျစွာ ပြောနေသည်။ မောင်ခင်အောင် ဤသို့ ရွှင်လန်းသည်ကို အမြမမြင်မတွေ့ရသည်မှာ ကြာပြီ။မညွန့်ညွန့်သဘောကောင်းကြောင်း မောင်ခင်အောင်သည် အပ်ကြောင်းထပ်သကဲ့ မကြာခဏ ပြောနေရာ၊ အမြအဘို့ ဂရုစိုက်စရာဖြစ်၍လာသည်။ မောင်ခင်အောင်၏ ပြောပြချက်အရ မညွန့်ညွန့် ဆိုသူမှာ သူနာပြု အတတ်သင်ဆေးစပ်ဆရာမကလေးဖြစ်ကြောင်းသိရ၏။ဤသို့သိရသောအခါ၊ အမြမှာ ပို၍စိတ်ဝင်စားရပြန်သည်။“သူ့မောင်ကလေးနှင့် တူလို့” ဆိုသော မောင်ခင်အောင် ပြောသော စကားတွင် မောင်ခင်အောင်သည် ရိုးရိုးသားသား ပြောပြခြင်း ဖြစ်မည်မှန်သော်လည်း၊ ဆရာမကလေးမညွန့်ညွန့်ကမူ ရိုးမည်မဟုတ်ဟု အမြ တွေးတောမိသည်။ ထို့

http://nyisay.com



ကြောင့် မိမိအနာ မြန်မြန်ပျောက်၍ ဆေးရုံမှ မြန်မြန်ဆင်း ရမှပင် မောင်ခင်အောင်သည် ဆေးရုံသို့ လာရင်း နေ့စဉ် တွေ့နေသော ဤဆရာမကလေး လက်မှ လွတ်နိုင်မည် ဟု တွေးတောကာ ဆေးရုံမှ ဆင်းရရေးကိုသာ စိတ်စောလျက် ရှိတော့သည်။

ထိုနေ့ကစ၍ မောင်ခင်အောင် သည် ဆေးရုံသို့ နံနက် စောစော စောစောရောက်လာပြီးမိုးချုပ်မှပင်ပြန်တော့သည်။ ''ဒီလိုမမမြဆီ တနေကုန်လာနေနိုင်ပြီးညအိပ်မှသာ တကွဲစီ ခွဲအိပ်ရတာ ဆရာမ မညွန့်ညွန့် ကျေးဇူးဘဲ မမမြရဲ့'' ဟု မောင်ခင်အောင်က ဝမ်းသာအားရပြောနေပြန်သည်။''မမမြ ဝမ်းမသာဘူးလား''ဟု မေးနေပြန်သေးရာ၊အမြသည်သူ့အ မေးကိုမဖြေနိုင်သေး၊ ''သူတို့ချင်းသိနေကြတာဘယ်လောက် များကြာပြီလဲမသိဘူး'' ဟု တွေးတောစိတ်ပူ နေမိပေသည်။ အမြအဘို့သူ့သားကလေးယယ်စဉ်ကမှု ကြီးလာစေချင်သည်။ ''ငါ့သားကလေး လူလားမြောက်ပါစေတော့''ဟုအောက် မေ့တောင့်တမိသည်။ယခုကြီးလာ၍ သောကများနှင့်ကြုံတွေ့ ရသောအခါ ပြန်၍ ငယ်စေချင်သည်။ ၆နှစ်သား ၇နှစ်သား အရွယ် ပြန်ဖြစ်လျှင် အကောင်းဆုံးဘဲဟု တောင့်တ မိသည်။

တနေ့ညနေဆေးရုံ ပိတ်ခါနီးအချိန်တွင် ဆရာမကလေး မညွန့်ညွန့်သည် အမြအနားရှိ မောင်ခင်အောင်ဆီသို့ လာနေ ရာ မောင်ခင်အောင်က''ဆရာမ မညွန့်ညွန့်ဆိုတာ ဟိုကလာ နေတာဘဲ''ဟုအမြကိုပြသည်။မညွန့်ညွန့်အနီးသို့ ရောက်လာ သောအခါ သူ့အစ်မနှင့်မိတ်ဆက်ပေးသည်။ မညွန့်ညွန့်က လူမမာလည်း မေးသည်။ ''မင်းဘယ်အချိန် ပြန်မှာလဲ'' ဟု

http://nyisay.com



မောင်ခင်အောင်ကိုလည်း မေးသည်။ဆရာမ မညွန့်ညွန့်ဆိုသူမှာသေသေချာချာ ကြည့်လိုက်သော် မောင်ခင်အောင်ထက် အသက် ၂နှစ် ၃နှစ်လောက်သာကြီးပေဦးမည်။အမြမည်သို့ စိတ်ချနိုင်မည်နည်း။

နံနက်မိုးလင်းလျှင် ရောက်လာ၊ဆရာဝန်များလှည့်လည် ကြည့်ရှုသည့်အချိန်တွင် သွားပုန်းနေ၊ ထို့နောက် အမြနား ပြန်လာ၊ နေ့ခင်း အမြ အိပ်ပျော်ချိန်တွင် ဆရာမကလေးနှင့် သွားနေ၊ တခါတရံလည်း "ပျင်းတယ်ဗျာ၊ ဆရာမဆီခဏ သွားဦးမယ်"ဆိုပြီးထသွား၊ဤကဲ့သို့မောင်ခင်အောင်ဆေးရုံ တွင် ဝင်ထွက်သွားလာနေသည်မှာ တလကျော်ခန့်ကြာခဲ့ပေ ပြီ။အမြအဘို့ကိုန္ဒရာနာထက် မောင်ခင်အောင်၏ ကိစ္စကိုပို၍ စိတ်ပူစရာ ဖြစ်လာခဲ့သည်။ထို့ကြောင့် အနာ သက်သာလာ သောအခါ ဆင်းခွင့်တောင်း၍ အမြန်ဆိုးဆင်းခဲ့တော့သည်။ ဆေးရုံမှဆင်းလျှင်ဆင်းချင်း အမြနှင့်မောင်ခင်အောင်တို့သည် အိမ်ကိုတန်းမပြန်သေးဘဲ ဦးလေးများအိမ်သို့ သွားကြရာ၊ ဦးလေးနှင့်အဒေါ်တို့က မောင်ခင်အောင် အိမ်သို့မလာသည် မှာတလနီးပါးရှိနေပြီဖြစ်ကြောင်း၊ ဘယ်သွား၍ ဘယ်လာ နေမှန်းမသိကြောင်းနှင့်ဆီး၍တိုင်ကြသည်။ ထိုစကားများကို ကြားရသောအခါ အမြသည် ဦးလေးများကို နှုတ်ဆက်ပြီး မောင်ခင်အောင်ကိုလက်ဆွဲကာအိမ်သို့ အမြန်ပြန်လေသည်။

အိမ်သို့ မောင်ခင်အောင် ပြန်မရောက်သည်မှာ အတော် အတန်ကြာနေပြီဖြစ်ကြောင်း၊ ကြေးချေးတက်နေသော ကြေး သော့ခလောက်ကလေးက သက်သေခံ နေလေသည်။ တံခါး တွင်ခတ်ထားသော ကြေးသော့ခလောက်ကလေးကို အတော်

http://nyisay.com



ပင် ဖွင့်ယူရသည်။ "မောင်ခင်အောင် မင်း အိမ်ပြန်မရောက်တာ ဘယ်နှစ်ရက်ရှိနေပြီလဲ၊ ဘယ်မှာ သွားအိပ်နေသလဲ"ဟု မေးသည်ကို မောင်ခင်အောင်သည် ဘာမှမဖြေသေး၊ အိမ်ထဲသို့ ရောက်လျှင်ရောက်ချင်း တံခါးကွယ်တွင် အမြကို တအားဖက်၍ နမ်းပါတော့သည်။

ထိုနောက်မှ "ဆရာမ မညွှန့်ညွှန့်တို့ အိမ်မှာ သွားအိပ်နေတယ်"ဟုဖြေရင်း တခါထပ်၍ မွှေးနေပြန်သည်။

တအိမ်လုံးမှာ ဖုံတွေ အလိမ်းလိမ်း ဖြစ်နေသည်။ အမြဝယ်ထားသော ကြက်သွန်ဥများမှာလည်း အပြိုက်ထွက်နေကြပြီ။ မန်ကျည်းသီးတွေလည်း မှိုတက်နေပြီ။ သောက်ရေအိုးထဲတွင်လည်း ပိုးတွေကျ၍ တအိမ်လုံး ဖြစ်ချင်တိုင်း ဖြစ်နေတော့သည်။

စင်စစ်အားဖြင့် မောင်ခင်အောင်မှာ လူရည်သန့် လူချောကလေးဖြစ်သောကြောင့် တွေ့မြင်သူမှန်သမျှ၏ ချစ်ခင်ခြင်းကိုခံရပေရာ၊ ဤပြဿနာပေါ်ပေါက်လာသည်မှာ ဆန်းတော့မဆန်းလှပေ။

အမြအဘို့၌နေရာတွင် သဝန်တိုသည်ဟု ပြောလျှင်လည်းခံရပေမည်။ သို့ရာတွင် မောင်ခင်အောင်ကို နှမြောသည်ကလွဲ၍ အခြား ထွေထူးသောစိတ်မရှိ။ ထို့ကြောင့် မောင်ခင်အောင်အား ခပ်စပ်စပ်ကလေး တချက် ရိုက်လိုက်သည်။ အခြားနေရာကို မဟုတ်၊ ပါးကိုပင် ဖြစ်သည်။ ပါးနပ်သော အမြသည် မောင်ခင်အောင်ကား လူပျိုအစစ် မဟုတ်တော့ဟူ၍ အမူအရာ အရပ်ရပ်ကို ထောက်ထားပြီး ကောင်းစွာအကဲခတ်မိသည်။ အရိုက် ခံရသော မောင်ခင်အောင်သည်

http://nyisay.com



ငိုလည်းမငို၊ အမြကိုငေး၍ကြည့်နေသည်။ဆေးလိပ်မသောက်သော သူ၏ ပန်းနုရောင်နှုတ်ခမ်းသည် တဆတ်ဆတ် တုန်နေသည်။ဘာပြောတော့မလိုလို၊ညာပြောတော့မလိုလိုနှင့်ဘာမှလည်း မပြောနိုင်ဘဲ ဖြစ်နေသည်။

အိမ်သို့ပြန်ရောက်သော ထိုနေ့ညတွင် လေတွေ မိုးတွေ ကျလာသည်။ ကွဲကွာနေသော မောင်ခင်အောင်နှင့် အမြတို့သည် အတူပြန်နေရသည့် ဤနေ့ညအဘို့ ကောင်းစွာ အိပ်ရန် ပြင်ဆင်ကြရသည်။ ခါတိုင်းလိုပင် အိပ်ရာထဲသို့ဝင်ကြသည်။ လေတွေ မိုးတွေ ကျလာသောအခါ မောင်ခင်အောင်သည် အမြ အနားသို့ တိုး၍ ကပ်လာသည်။ ပို၍ ကပ်လာသည်။ အမြကို တင်းတင်းကျပ်ကျပ်ဖက်ထားလိုက်သည်။ထို့နောက် ဟိုဆွဲဒီဆွဲ ဆွဲသည်။ ဖက်၍ နမ်းသည်။နှုတ်ခမ်းကို စုတ်သည်။ ဟို့နှယ်ဒီနှယ်လုပ်သည်။ ယခင့်ယခင်ကနှင့်မတူ။ မောင်ခင်အောင်သည် တမူပြောင်း၍ ဖေါက်ပြန်နေချေပြီ။ ချစ်သော အမြသည် သည်းခံ၍ နေသည်။ မောင်ခင်အောင် ဤသို့ ဖြစ်နေ လုပ်နေသည်ကို သားဆိုးကလေးလိုလို၊ သားလိမ္မာကလေးလိုလို တွေးတောမိသည်။အတော်ကလေး ကြာသောအခါ မောင်ခင်အောင်သည် မောပြီး အိပ်ပျော်သွားသည်။

အမြကား အိပ်မပျော်၊ခေါင်းရှုပ် စိတ်ညစ်စရာ ကောင်းသော ဆရာမကလေး မညွန့်ညွန့်အကြောင်းကိုလည်း မတွေးတောတော့။ သို့ရာတွင်အမြအိပ်၍မရ၊ မိုးလင်းသည် အထိ တရေးမှ မပျော်။ တညလုံး တွေးတောသည့်အထဲမှ ငွေများများရဘို့၊ ငွေတော်တော်များများ ရလျှင် ရန်ကုန်မှာမနေတော့ဘဲ မောင်ခင်အောင်ကိုလက်ဆွဲပြီး တမြို့တရွာသို့ပြောင်း ရွှေ့နေထိုင်ရန် စဉ်းစားမိပေသည်။

http://nyisay.com



အမြသည် နေကောင်းလျှင်ကောင်းချင်း သားရေအလုပ်ကိုပင် ပြန်လုပ်သည်။ သို့ရာတွင် ဤသားရေ အလုပ်ဖြင့် ငွေများများမရနိုင်၊ မြန်မြန်မရနိုင်။ ထို့ကြောင့် ဖဲရိုက်၊ဖဲဒိုင်ခံ၊ ကိုးမီးဝိုင်း လက်ခံ၊ ရဲအမှုထမ်းများလာလျှင် ငွေပေးလိုက်စသည်ဖြင့်ငွေမြန်မြန်ရနိုင်သည့်လမ်းစဉ်အတိုင်းလုပ်ရာမိုးကုန်၍ ဆောင်းပေါက်သောအခါ ငွေ ၆၀၀၀ ခန့် စုမိ လာခဲ့လေသည်။ ဤရက် လများအတွင်း မောင်ခင်အောင်ကား သွားလာလည်ပတ်နေသည်ကသာ များသည်။ မောင်ခင်အောင်ကို ဘယ်လည်ဘယ်သွားသလဲဟူ၍လည်းမမေး၊ ဖြစ်ပြီးကိစ္စဖြစ်ပစေတော့၊ ငွေများများရ၍ ရပ်ဝေးမြို့ကိုထွက်သွားနိုင်ဘို့က အရေးကြီးသည်။ထို့ကြောင့် ငွေကိုသာ အရရှာတော့သည်။

စစ်ရိပ် စစ်ငွေ့တွေက သန်းလာလေပြီ။ ရန်ကုန်ကိုဂျပန်က ဗုံး ချတော့မည် ဟူသော ကောဠာဟလ သတင်းတွေလည်း ဖြစ်လာပြီ။ တနေ့သော် လေယာဉ်ပျံသံတွေ ကြားပြီးဂျပန်များက ရန်ကုန်တမြို့လုံး အကြီးအကျယ် ဗုံးကြဲတော့သည်။ မြို့သူ မြို့သား များလည်း ပြေးလွှား ပြောင်းရွှေ့ကြသည်။ နိုင်သမျှ ပစ္စည်း ပစ္စယ များကို ယူကာ အမြ နှင့် မောင်ခင်အောင်တို့လည်း ကွမ်းခြံ ဘူတာကြီး သို့ ပြေးတော့သည်။ မန္တလေးသို့ထွက်သော လူစီးစာပို့ရထားကြီးသည် သူတို့ သားအမိနှင့် ဒုက္ခသည်များကို မနိုင့်တနိုင်နှင့် အထက်ပိုင်းသို့ သယ်ယူခဲ့လေသည်။ မန္တလေးသို့ ရောက်သောအခါ သားအမိသည် စစ်ကိုင်း ဘက်သို့ ကူးသွားပြီး ရွှေဘုံသာ ကျောင်း အနီးတွင် နေရာထိုင်ခင်းရရှိသဖြင့် နေထိုင် စတဲ ချကြလေသည်။ များမကြာမီပင် ရန်ကုန်မြို့ကြီးကို

http://nyisay.com



ဂျပန်သိမ်းသည်ဟု ကြားကြရသည်။ မန္တလေး၊ စစ်ကိုင်း နှင့် စစ်ကိုင်း ချောင်တွင် စစ်ပြေးညွှသည် များနှင့် ပြည့်ကျပ်နေတော့သည်။

ရန်ကုန်မှ ထွက်လာရကတည်းက အမြဲ စိတ်မှာ ကြည်လင် ဝမ်းသာနေသည်။ မောင်ခင်အောင် မှာမူ မျက်နှာမကောင်း၊ ရထားပေါ်မှာလည်း တမှိုင်မှိုင်၊ စစ်ကိုင်း ရောက်တော့လည်းတငိုင်ငိုင်၊မစားနိုင်မသောက်နိုင်နှင့် လွမ်းနာကျနေပေသည်။သို့ ရည်းစားထက်ပိုသွားခဲ့ပြီဖြစ်သောမညွန့်ညွန့်ကိုသာ စွဲလမ်း တမ်းတနေတော့သည်။ အမြသည် မောင်ခင်အောင်၏အဖြစ်ကို ကြည့်ပြီး စိတ်မကောင်းမိ။ "မညွန့်ညွန့်မှာ ကိုယ်ဝန် ရှိနေပြီဗျ" ဟု မောင်ခင်အောင် က ပြောပြသည်တွင် အမြသည် တမျိုးပို၍ စိတ် မချမ်းသာ ဖြစ်ရသည်။

ဤကြားထဲမှမောင်ခင်အောင်သည် အတွေ့များကိုအလေ့ပါစလူငယ်ပိပိ သူ့မမအမြအား "မညွန့်ညွန့်ကို ကျွန်တော်မေ့ပစ်ပါပြီဗျာ။ ခုနေဆို ပိုက် အတွက် အရှက်ကာကွယ်ဘို့ယောက်ျား ယူနေပြီလားမှ မပြောတတ်တာ။ တယောက်နဲ့ တယောက်လဲဒီစစ်ကြီးကြောင့်တွေ့ကြတော့မှာမဟုတ်ပါဘူး၊ သူ့ကိုစိတ်ထဲက ဖျောက်ပစ်လိုက်ပါပြီ။ မေ့ပစ်လိုက်ပါပြီ။ သူ့ကို ကျွန်တော် တခါထဲအပြီးယူမလို့ဘဲဗျ၊ မမမြကိုသနားလို့"ဟု ပြောလေသည်။ ထိုမှတဆင့် မောင်ခင်အောင် က "မထူးပါဘူး မမမြရယ်.ဒီရပ်ဒီရွာမှာ ဘယ်သူမှလဲ ကျွန်တော်တို့ကို ကဲ့ရဲ့မှာ မဟုတ်ပါဘူး။ မမမြနဲ့ ကျွန်တော်နဲ့ဘဲ မညွန့်ညွန့်နဲ့ နေသလိုနေလိုက်ကြပါစို့"ဟု ပူဆာပြန်သည်။

"မညွန့်ညွန့်ကို ကျွန်တော်တခါထဲ အပြီးယူမလို့၊ မမမြကိုသနားလို့"ဆိုသော စကားကလေးသည် သစ္စာစကားပင်

http://nyisay.com



ဖြစ်သည်ဟု အမြ တွေးမိသည်။ ဤစကားကြောင့် မောင်ခင် အောင်ကို ပို၍ချစ်မိသည်၊ သနားမိသည်၊ကြင်နာ ရသည်။ မိမိမိန်းမအစစ် မဟုတ်သည်ကို မောင်ခင်အောင်သည် ယနေ့ အထိ မသိသေး။ မိမိ၏ အနေအထိုင် ကျစ်လစ်မှု၊ မိန်းမရုပ် နှင့်မိန်းမအပြုအဆင်များကြောင့် အမြကို မိန်းမ မဟုတ်ဟု ထင်သူ မရှိနိုင်ပေ။ ငယ်စဉ်ကတည်းက အတူ နေလာသော မောင်ခင်အောင်ကလေးသည်လည်း မိန်းမအစစ်ဟုပင် ထင် နေသည်။ ဤကိစ္စအတွက်မူ မိမိကလည်း ဖွင့်ဟ ပြောဆိုရန် ဝန်လေးလှပါဘိသည်။ ဆေးရုံတက်စဉ်ကလည်း အမြဆို သော နာမည်နှင့် တကယ်ပင် မိန်းမနှင့် မခြား လှသော ကြောင့် မိန်းမခန်းမှာပင် ဆေးရုံ တက်ခဲ့ရသည်။ ထို့ ကြောင့် စစ်ကိုင်းကအမျိုးသမီးတဦးဦးနှင့် မောင်ခင်အောင် ကိုပေးစားလိုက်လျှင် ကောင်းမည်လားဟုတွေးမိသည်။သို့ရာ တွင်မောင်ခင်အောင်ကို နှမြောသည်ကတကြောင်း၊အကယ်၍ ပေးစားချေက နောင်စစ်ပြီးသည်တိုင်အောင် ဤဒေသမှာပင် မောင်ခင်အောင် ချည်တိုင် ရသွားပြီး နေခဲ့ပေလိမ့်မည်။ မောင်ခင်အောင်နှင့် တကွဲ တပြားစီ ဖြစ်သွားဘို့က များ တော့မည်ဟု ကျေးကာ ဤအကြံအစည်ကိုလည်း အကောင် အထည်မဖေါ်ဘဲ ထားလိုက်သည်။ ဆို့ထက်ကား တသက် လုံး ကိုယ်ကျွေးမွေးသုတ်သင် ပြုစုလာသူကလေးကို တပါး သူအား ပေးပစ်လိုက်ရမှာ နှမြောသည့်စိတ်က မတွေးရဲ အောင်ပင်ဖြစ်နေသည်။

အမြကို အထီးမှန်း အမမှန်းမသိသေး‌ော မောင်ခင်အောင် ကလေးသည် မည္သုန့်ညွန့်နှင့် ခွဲခွာလာရစဖြစ်သည့် အတိုင်း မှန်ယိုနေသော ဆင်ပေါက် ကလေး လို ဖြစ်နေသည်။ ထို့

http://nyisay.com



ကြောင့် တကျည်ကျည် အမြဲကိုသာ ပူဆာနေသည်။ ပွတ်သီး ပွတ်သပ် လုပ်နေသည်။ ကဒေါ်ဒေါနေသည်။ အမြဲသည် မောင်ခင် အောင်ကို သနားသည်။ ထို့ကြောင့် တောင့်ထား သည်။ လှည့်စား ချော့မော့ထားသည်။ ဤသို့ဖြင့် ၂လခန့် ဆွဲထားခဲ့ သည်။သို့ရာတွင်နွားသိုးကြီးပြုတ်ကလေး မောင်ခင်အောင်မှာ စည်းလွတ်ဝါးလွတ် ပို၍ကဲလာသည်။ အတော်တော်အငန်းငန်း ဖြစ်နေသည်။ ထို့ကြောင့် တညသော်အမြဲကမောင်ခင်အောင် ကို မေးခွန်းတွေ မေးရတော့သည်။

"မင်းငါ့ကို တသက်လုံး ချစ်နိုင်ပါ့မလား"

"မခွဲဘဲ နေနိုင်ပါ့မလား"

"စစ်ပြီးလို့ ရန်ကုန်ပြန်ရောက်ရင် မညွန့်ညွန့်နဲ့တွေ့ပြီး ပစ်သွားမှာလား"

"ငါက မင့်ထက် အများကြီး အသက်ကြီးတယ်။ မင်း ချစ်နိုင်ပါ့မလား"

"ငါ့အကြောင်း မင်းသိတော့ မင်းမုန်းမှာလား၊ ချစ်နိုင် ပါဦးမလား" စသည်ဖြင့် အရေးကြီးသော မေးခွန်းများကို မေးရှာသည်။ မောင်ခင်အောင်ကား ဤမေးခွန်း များကို အထူးတလည် စဉ်းစားနေစရာမလို။စာမေးပွဲကြီးတွင် ကျက် စာနှင့် ဝင်တိုး ဘိသကဲ့သို့ ကောက်ကာ ငင်ကာ တချက်စီ တချက်စီ ဖြေသည်။ ချစ်နိုင်ကြောင်း၊ ပေါင်းနိုင်ကြောင်း၊ မုန်းမည် မဟုတ်ကြောင်း အလီလီ အတန်တန် အဖန်ဖန် အထပ်ထပ် ကတိပြုရှာသည်။

အမြဲ၏ စိတ်ထဲတွင် တသိန်းတန် ခေါင်းကပ်၍ချုပ်သော စာချုပ်ကြီးကို ချုပ်ပြီးသည်ထက် ခိုင်မြဲသော အချစ်စာချုပ်

http://nyisay.com



ချုပ်ပြီးကြပြီဟု ယူဆသည်။ အလွန်အားရမိသည်။ သို့ရာတွင် လုံးလုံးစိတ်ချပြီဟူ၍ကား မရှိလှ။ အဘယ်ကြောင့် ဆိုသော် မိမိမှာ "မိန်းမလုံး"ဖြစ်နေသောကြောင့်ပင်တည်း။

မောင်ခင်အောင်၏ ပူဆာချက်အတန်တန်ကြောင့် မောင်ခင်အောင်ကို ပုံလိုက်ပြီဖြစ်သော အမြဲတွင် မောင်ခင်အောင် မုန်းမသွားဘို့ များစွာပင် အရေးကြီးလှသည်။ အမြဲသည် ငယ်စဉ် ကတည်းက မိန်းကလေးများနှင့် မခြား ကျစ်ကျစ်လစ်လစ် သိပ်သိပ်သည်းသည်း နေလာခဲ့ပေရာ၊ လက်သည်း ဖွက်နေကျ ကြောင်သည် လက်သည်းကို အလိုလို အမြဲတန်း ဖွက်ထားပြီး ဖြစ်နေဘိသကဲ့သို့ မိမိမှာ ယောက်ျားတဦး ဖြစ်သည်ကို လူမသိအောင် ဖုံးဖိရာ၌ အလိုလို ငြိုးလျက်ရှိသည်။ ထို့ကြောင့် အရှူးအမူးကလေးဖြစ်သော မောင်ခင်အောင်နှင့် သို့မ်းရည်းစားကြီး သဖွယ်၊ လင်မယား မကျတကျ နေထိုင်ကြရာ၌ မောင်ခင်အောင် ကလေးကို ဟိုလှည့်စား သည်လှည့်စားနှင့် အလိမ္မာဖက်ကာ လှည့်စားပြီး၊ သူ၏ နွားသိုးစိတ်ကလေးကို ဖြေဂုံးဖျောက်စေခဲ့သည်။နှစ်သိမ့်စေခဲ့သည်။

အမြဲနှင့်မောင်ခင်အောင်တို့သည် စစ်ကိုင်း"ရွှေဘုံသာ" ဒေသတွင် ရောက်လာစကစ၍ ပန်းပင်များ စိုက်ပျိုးရောင်းချကာနေထိုင်ခဲ့ကြရာ၊ ငွေလည်း အတော်အသင့်ပါလာသေးသဖြင့် နေထိုင်စားသောက်မှုတွင် ကြောင့်ကျစရာ မရှိလှပေ၊ ပန်းခြံ လုပ်ငန်းတွင် အမြဲသည် ပင်ပင်ပန်းပန်း မလုပ်နိုင်၊ လုပ်လည်း မလုပ်တတ်၊ သူကမူ ထမင်းချက်၊ အဝတ်လျှော်၊ မိန်းမအလုပ်များသာ ကြိုးစား လုပ်၍ ယောက်ျားကြီး

http://nyisay.com



မားမားဘဝ ရောက်လာပြီဖြစ်သော မောင်ခင်အောင်ကသာ ပန်းခြံအလုပ်ကို ဖိဖိစီးစီး လုပ်ရှာပေသည်။

၅၂၁သို့နေ၍ ၂နှစ်ကျော် ၃နှစ် အတွင်း ရောက်လာသော အခါ စစ်ကိုင်း အနီးအနား တဝိုက်တွင် အင်္ဂလိပ် အမေရိကန်တို့က ဗုံးတွေလာချ ချလေ့ရှိ၍ ကောင်းမှုတော်ဘုရားကြီး တဝိုက်လည်း စက်သေနတ် စက်အမြောက်တွေနှင့်ပစ်၊ ဗုံး မိုးသွန်နှင့်လုပ်လာပြီ၊ မြေမျက်နှာပြင်နှင့် စစ်ကိုင်း နီးလာပြီ ဟုလည်း ပြောကြသည်။ ထို့ကြောင့် စစ်ကိုကြောက်လှသော အမြနှင့် မောင်ခင်အောင်တို့သည် ရွှေတို ရွှေစ၊ လက်ဝတ် လက်စား၊ အဝတ်အထည်၊ ငွေကြေး ရှိသမျှကို တယောက် တနိုင် သယ်နိုင်သမျှ သယ်ယူကာ၊ စစ်နှင့်ဝေးသည့် ရန်ကုန်မြို့ သို့ပြန်မည်ဆိုသော ရည်ရွယ်ချက်နှင့် ဗုံး စက်သေနတ်တို့မှ ကင်းဝေးသည့် လမ်းစဉ်အရ တောကပ်ကပ် လမ်းခရီးဖြင့် ခြေလျင် ပြန်ခဲ့ကြလေတော့သည်။ သူတို့ကရှေ့မှသွား၍ စစ် တိုက်ပွဲများက နောက်မှလိုက်လာကြသည်။ လေယာဉ်ပျံသံ ဗုံးချသံ၊ စက်သေနတ်ပစ်သံနှင့် အမြောက်သံများမှာ ဝေး လှသည် မရှိကြ။ မန္တလေး ရန်ကုန် ကားလမ်းမကြီးပေါ်မှ မသွားရဲကြသူများ ဖြစ်သည့်အတွက် တောရိပ် တောင်ရိပ် လမ်းများကို ခိုကပ်၍ သွားကြရလေရာ၊ တောင်ငူမရောက်မီ ပင် ပါလာသောပစ္စည်းများကို ဓါးပြတိုက်ခံကြရသဖြင့် ခရီး ဆက်လက်သွားနိုင်ရေးနှင့် စားရေးအတွက် များစွာ အခက် ကြုံကြရတော့သည်။ သို့ရာတွင် အခြားခရီးသည်များ၏ အကူ အညီဖြင့် ရန်ကုန်သို့ ရောက်လာကြရာ၊ ရန်ကုန်ကို ဗြိတိသျှ တပ်များက သိမ်းပြီး ပနေပေပြီ။ ၎င်းတို့ထံတွင် ကျန်ရှိသေးသ မျှသော အသပြာကို စစ်လိုက် ကြသောအခါ၊ အင်္ဂလိပ်ငွေ

http://nyisay.com



၇ဝ သာလျှင် ရှိကြတော့သည်။ ရန်ကုန် တမြို့လုံးမှာ မြို့ပျက်ကြီးလို ဖြစ်နေသည်။ ယူနီဖေါင်း ဝတ်ထားသော စစ်သား အမျိုးမျိုးနှင့် ပြည့်နှက်နေသည်။

ကြည့်မြင်တိုင်ရှိ မိမိတို့ အိမ်ဟောင်းတွင် နေစရာ ပြန်ရကြသော်လည်း ဘာလုပ်ရမည် မသိအောင် ရှိနေရာ "ငေးမနေနှင့် တွေးမနေနှင့်" ဆိုသော ခေတ်ဖြစ်ကြောင်း သိကြသဖြင့် မောင်ခင်အောင်နှင့် အမြတို့သည် မြေနီကုန်းဘက်မှ ကြက်နှင့် ကြက်ဥများဝယ်ပြီး၊ စစ်တပ်တွင် သွားရောင်းရာ ငါးသေတ္တာ၊ အမဲဘူး၊ အထည် အဝတ်အစား၊ လေထီးပိတ်စသည်များ ရရှိလေသည်။ ၄လလုံးလုံး ဤအလုပ်ကို ကြိုးစား လုပ်လိုက်ကြရာ၊ စားစားသောက်သောက်နှင့်ငွေ ၆ဝဝ ခန့် တက်လာ တော့သည်။

အမြနှင့် မောင်ခင်အောင်မှာ စီးပွါးရှာရာတွင် ရှေ့သွား နောက်လိုက် ညီကြသည်။ မကြာလှသော ရက်လများတွင် သားရေလုပ်ငန်း ပိုင်ရှင်များကလည်း လုပ်ငန်းများကို ပြန်စကြပြီ။ ထို့ကြောင့် အမြနှင့် မောင်ခင်အောင် တို့သည် ဆိုင်ရှင်များထံမှ ငွေပိုအနည်းအကျဉ်း ယူပြီးလျှင် အိမ်သစ် အိုးသစ် ထူထောင်ကြသည်။ ဤသို့ ထူထောင်နိုင်ကြ သဖြင့် နှစ်ယောက်သား အလွန်ဝမ်းသာ နေကြသည်။

စစ်ပြီး ရန်ကုန်သည် စစ်မဖြစ်မီ ရန်ကုန်နှင့် လားလားမှ မတူတော့။ ယူနီဖေါင်းဝတ် ကုလားစစ်သား၊ နီးဂရိုး စစ်သားနှင့် အဖြူ စစ်သားတွေ များလှသည့်ပြင် ယခင်ခေတ်ဟောင်းက အလွန်ရှားပါးသော သတ္တဝါတမျိုး ဖြစ်သည့် မိန်းမရှာများကိုလည်း အစုလိုက်အပြုံလိုက် ဆိုသကဲ့သို့

http://nyisay.com



ညနေပိုင်း နေဝင်ရီသရော နွားရိုင်း သွင်းချိန်များတွင် တွေ့ရသည်။ " မိန်းမရှာ၊ မိန်းမရှာ "ဟု မောင်ခင်အောင်သည် ပါးစပ်က တိုးတိုးဆိုမိသည်။

× + ×

အိမ်သစ် ထူထောင်၍ တင့်တင့် တယ်တယ် ရှိလှသဖြင့် အမြရော မောင်ခင်အောင်ပါ အလွန် ဝမ်းသာနေဆဲ တနေ့မှာ မောင်ခင်အောင်သည် ပုလင်းကလေးတလုံးထဲမှ အရည်ကလေးများကို ရေနှင့်စပ်ပြီး အမြကိုလည်း တိုက်သည်။ သူလည်း တော်တော် များများ သောက်သည်။ ထို့နောက် အခန်းထဲတွင် နှစ်ယောက်သား ပျော်မြူးပြီး သတ်ပုတ်လုံးဖက် ကစားနေမိကြသည်။ မည်သို့ပင် တအားလုံးစေကာမူ၊ အမြသည် မောင်ခင်အောင်ကို မနိုင်၊ အရှုံး ပေးရသည်ချည်းဖြစ်၏၊ ခုပြန် ငုပြန် လုံးထွေးပြီး၍ မတ်တတ်ပြန်ရပ်သောအခါ အမြသည် မောလှပြီ "တော်ပါတော့၊ မောင်ခင်အောင်"ဟု တောင်းပန်သော်လည်း မရ၊ တချီ ဖက်လုံးပြန်ချေပြီ။ ပွေ့သည်။ ဖက်သည်၊ နမ်းသည်၊ လုံးသည်။ ဤအချီ လဲကျခါနီး မောင်ခင်အောင်က အမြ၏ ထမိစကို တက်နင်းမိရာ ထမီကျွတ်ကျသွား၏။ ဤနေရာတွင် အမြ အလွန် ရှက်သွားသည်။ ထမီ ပြန်၍ ဆွဲတင်လိုက်ကာ၊ မောင်ခင်အောင်၏ လုံးထွေးကစားခြင်းကို ဆက်လက် လက်ခံ တွန်းလှန်ရပြန်သည်။ မောင်ခင်အောင် အိမ်ခြေပျက် မသွားသောကြောင့် အမြ ဝမ်းသာရသည်။

နေ့လယ်က ကစားလွန်၍ ညအိပ်ရာဝင်ကြသော အခါ၊ ခပ်စောစောပင် အိပ်ပျော်ကြသည်။ တရေးနိုးသော် မောင်ခင်အောင်၏ စိတ်၌ အခြားအချိန်များတွင် မိန်းမရှာများကို

http://nyisay.com



တွေ့ခဲ့သည်လည်း ရှိခဲ့သည်က တကြောင်း၊ နေ့ခင်းက အမြဲ ထမီကျွတ်သွားရာတွင် ရုတ်တရက် မြင်လိုက်ရသော ပစ္စည်း ပစ္စယကြောင့် ဟကြောင်း၊အတွေ့အကြုံအရာတွင် မညွန့်ညွန့် နှင့် ကွာခြား ခြားနားသည်က တကြောင်း၊ ၎င်းအကျိုး အကြောင်းပေါင်း မျိုးစုံကို စုပေါင်းပြီး နဖူးပေါ်လက် တင်ကာ တွေးတော စဉ်းစားနေမိသည်။ ခဏကြာသော် အိပ်ပျော်နေသော အမြဲ၏ ထမီကို လှန်၍ ကြည့်လေတော့ သည်။ မောင်ခင်အောင် ထမီကို လှန်ပြီး ကြည့်သည်ကို အမြဲ သိလိုက်သည်။ သို့ရာတွင် ဖုံးဖိ ကွယ်ကာရန် နောက်ကျ နေပြီဖြစ်သဖြင့် မသိချင်ဟန် ဆောင်နေလိုက်ရသည်။ထိုအချိန် မှစ၍ အမြဲသည် ပြန်၍ အိပ်မပျော်တော့၊ လူချော လူလှ မောင်ခင်အောင်ကလေးသည် တကယ်အစစ် မိန်းမနှင့် အိမ် ထောင်မပြုရဘဲ၊ မိမိကြောင့် ဒုက္ခရောက်နေသည်ဟု တွေး တောမိကာ၊ မျက်ရည်များ တွေတွေ ကျလာတော့သည်။ မောင်ခင်အောင်ကို မိန်းကလေး တဦးဦးနှင့် တကယ်ပေး စားလိုက်သည်ကပင် ကောင်းပါသည်ဟု ဆက်၍ တွေးလိုက် ပြန်ရာ ဘယ်နည်းနှင့်မှ မောင်ခင်အောင်ကို မိမိမခွဲနိုင်၊ သေမှပင် ခွဲ၍ ရမည်ဆိုသည်ကို သိလေသောကြောင့် ၎င်းစိတ် ကူးကိုလည်း ဇက်တုံ့လိုက်ရသည်။

နံနက်မိုးလင်းသော်လည်း မောင်ခင်အောင်သည် အိပ်ရာမှ မပျက် ခါတိုင်းလိုပင်ရှိသည်။ သူ့ရုပ်လုံးပေါ်၍ သူ့ အကြောင်း သိသွားပြီ ဖြစ်သောကြောင့် မောင်ခင်အောင် သည် သူ့အပေါ်တွင် စိတ်ပျက်ချေပြီလားဟု အမြဲက အကဲ ခတ်သည်။သို့ရာတွင် ဘာတခုမှ မထူးခြား။

http://nyisay.com



"ငါက နောက် ၁၀ နှစ်ဆိုရင် ပါးရေ နားရေတွေ တွန့်ကုန်တော့မှာ မောင်ခင်အောင်" ဟု အမြက ဆိုလိုက်သည်။

"အို ဘာဖြစ်သလဲဗျာ၊ကိုယ်ထင် ကုတင်ရွှေနန်းပေါ့ဗျ" ဟု မောင်ခင်အောင်က ပြန်၍ ပြောသည်။

အမြသည် ဤစကားကြောင့် ဝမ်းသာရသည်။ သို့ရာတွင် မပြတ်သားလှသေးသောကြောင့်–

"မင်း ငါ့ကို မရှုံ့ဘူးလား၊ အကြောင်းစုံသိလာတော့ မစက်ဆုပ်ဘူးလား"ဟု ခပ်ပွင့်ပွင့်ပင် မေးလိုက်သည်။

"အိုဘာဖြစ်သေးသလဲဗျာ၊ သူများတွေသာ မသိပါစေနဲ့။သာတောင် ကောင်းသေး။ဒါမှ ကလေးဗုစုတွေ မရှုမှာ၊ ဒါမှ လွတ်လွတ်လပ်လပ် နေရမှာ" ဟု ခပ်သွက်သွက် ပြန်ဖြေလေသည်။

ဤအဖြေသည် အမြ အဘို့ သိန်းဆုပင် ဖြစ်သည်။တသက်လုံးပင် မောင်ခင်အောင် နှင့် ပေါင်းသင်း နေထိုင်ရလိမ့်မည်ဟု ယုံကြည်မိသည်။

ဇနီးမောင်နှံ ၂ယောက်သည် ၂ဦးလုံးပင် သားရေဘိနပ်၊ သားရေသေတ္တာချုပ် အလုပ်များကို ကြိုးစား၍ လုပ်ကြရာ၊ ကြွေးများကျေသည့်အပြင်သုံးချင်တိုင်းသုံးကြပြီးသည့်နောက် ၁၉၄၇ ခု နှစ်လယ်လောက်တွင် ငွေတော်တော် များများ စုဆောင်းမိကြပေပြီ။ထိုအချိန်အထိ အမြနှင့်မောင်ခင်အောင် တို့ တဦးအပေါ်တဦး သစ္စာမြဲ၍ စုံတွဲဖြုတ်သည်ဟု မရှိ၊ ရုပ်ရှင် သွားလည်း အတူတူ၊ ဘုရားသွားလည်း တတွဲတွဲ၊ တကယ့် မိုမအတိုင်း မကွဲမကွာ စွဲမြဲနေကြပေသည်။

\+ \+ \+

http://nyisay.com



မဖြောင့်ဖြူးသော လောကတွင် မဖြောင့်ဖြူးမှု ကလေး သည် စ၍ ပေါ်လာသည်။ တံနေ့သော် ၆ နှစ်ရွယ်ခန့်ရှိ ကလေးငယ် ယောက်ျားကလေးတယောက်သည် သပ်သပ် ယပ်ယပ် ဘောင်းဘီကလေးဝတ်ကာ မောင်ခင်အောင့်တို့ အိမ်ရှေ့သို့ ရောက်လာသည်။ သူ့အိတ်ထဲတွင်လည်း စာတို ကလေးတစောင် ပါလာသည်။ မောင်ခင်အောင်နှင့် အမြတို့ သည် အိမ်ရှေ့ပိုင်း၌ ဘိနပ်ချုပ် သားရေ လှီးနေကြခိုက် ဖြစ်ပေသည်။ ကလေးကလေးအား ဘယ်သူကဘယ်လို သင် ကြား၍ လွှတ်လိုက်သည်မသိ၊ ပါလာသော စာကို မောင် ခင်အောင်အား ပေးလေတော့သည်။ လူကြီးတဦးဦးသည် တနေရာရာမှ သေသေချာချာ ညွှန်ကြား၍ ဤကလေးကို လွှတ်လိုက်ခြင်း ဖြစ်ကောင်း ဖြစ်ပေမည်။

ထိုစာတွင် –

**ကိုခင်အောင်ရှင့်**

ယခုလာသောကလေးမှာ ရှင့်ရင်သွေး ကျမ၏သားကလေး မောင်ညွှန့်လွင် ဖြစ်ပါသည်။ ဆီးလို့တော့ မရိုက်လိုက်ပါနှင့်။ အရှက်ကြောင့် တောရွာသွားပြီး ကိုယ်ဝန်ကို ဖွားခဲ့၍ ပြုစု ပျိုးထောင်ခဲ့ရာ၊ ယခုဤအရွယ်အထိ ကြီးပြင်းခဲ့ပါပြီ။ကလေးက အဘေကို မေးလွန်းသော်လည်း ကျွန်မလိမ်လည်၍သာ ပြောခဲ့ ပါသည်။ သူများ ကလေးတွေက အဘေတွေနှင့်မို့ သူ့မှာ အဘေ မရှိသည့်အတွက် များစွာ မျက်နှာငယ်ပြီး အထပ်ထပ် အဘေပူဆာလွန်းလို့ ကလေး စိတ်မထိခိုက်ရလေအောင် ယခု လွှတ်လိုက်ရခြင်း ဖြစ်ပါသည်။ နောင်ကို လွှတ်တော့မည် မဟုတ်ပါ။ ဘုရားသခင်၏ ဂုဏ်ကျေးဇူးကြောင့် ကျွန်မတို့ သားအမိမှာ စားရ ဝတ်ရ ရှိပါသည်။

ညွန့်ညွန့်

http://nyisay.com



ဤစာကို ဖတ်၍ ဆုံးသည်နှင့် တပြိုင်နက် မောင်ခင်အောင်၏ မျက်နှာမှာ ထိကရုန်းပင်ကို လက်နှင့်တို့လိုက်ဘိသကဲ့သို့ ညှိုးငယ် နွမ်းလျ၍ သွားသည်ကို အမြ မြင်ရသည်။ ထို့နောက် မောင်ခင်အောင်သည် စာကလေးကို အသာပစ်ထားပြီး၊ ကလေးကို ကောက်ချီကာ နမ်းရှုပ်သည်။သူ၏ မျက်လုံး နှစ်သွယ်မှာ မေခနှင့် မေလိခ ပမာ မျက်ရည်တွေ စီးကျ၍ လာသည်။ထို့နောက် မောင်ခင်အောင်သည် ရှိုက်၍ ရှိုက်၍ ငိုလေတော့သည်။ ဤအဖြစ်အပျက်များမှာ အမြ မျက်စိအောက်တွင် ဖြစ်ပျက်သည်များ ဖြစ်၍၊ တိမ်သား တိမ်လိပ်များ တက်လာသည်၊ ကောင်းကင်ကြီး တခုလုံး ညို့မှိုင်း၍ လာသည်။ ထို့နောက် သွန်ပြီး ရွာချလိုက်သည့် မိုးကြီး တမိုး၏ ပြောင်းလဲသော သဘာဝကို မြင်နေရဘိသကဲ့သို့ ရှိလှသည်။ အမြသည် စာကိုကောက်ယူ၍ ဖတ်လိုက်သည်။ အကြောင်းစုံကိုလည်း တခါတည်း သိတော့သည်။ ''ဩော် မောင်ခင်အောင် မောင်ခင်အောင်''ဟု အသံသဲ့သဲ့ ကလေးဖြင့် ညည်းရှာသည်။ အမြလည်း မျက်ရည် လည်လာသည်၊မောင်ခင်အောင်သည် မိမိကြောင့် ဆင်းရဲနေရှာပြီဟု တွေးမိတော့သည်။

''မင်းတို့ ဘယ်မှာနေသလဲသား''ဟု မောင်ခင်အောင်က ကလေးကို ဖက်ချီရင်း မေးသည်။

''မေမေက မပြောရဘူးလို့ မှာလိုက်တယ်ဗျ''ဟုကလေးက ပြန်ဖြေသည်။

''မင်းအမေကော အခု ဘယ်မှာလဲ''

''အဲဒါလဲ မပြောရဘူးတဲ့ဗျ''

''မင်း အခု ဘယ်သူနဲ့ လာသလဲ''

http://nyisay.com



"ဒါလဲ မပြောရဘူးတဲ့ဗျ"

ကလေးကလည်း သူ့အဘေဆို၍ တချက်နှစ်ချက် မောင်ခင်အောင်ကို မွှေးလိုက်လေသည်။ ထို့နောက် "သွားတော့မယ်"ဟု ဆိုကာ ဆင်းပြေးတော့သည်။ မောင်ခင်အောင်က နောက်မှ ခပ်မြန်မြန်ပင် လိုက်သွားသည်။ ကလေးသည် လမ်းထောင့် ဘဏ္ဍာပင်အောက်တွင် စောင့်နေသော မိန်းကလေးတယောက်ဆီသို့ အရောက် ပြေးလေသည်။ ထိုအမျိုးသမီးသည် ကလေး၏ နောက်မှ လိုက်လာသူကိုလည်း တွေ့သည်။ သို့ရာတွင် ကလေးရောက်လာလျှင် ရောက်လာချင်း အသင့် ထိုးဆိုက်လာသော ဘတ်စ်ကားပေါ်သို့ ကလေးကို ချီကာ ခပ်သွက်သွက်ကလေး တက်သွားတော့သည်။ မောင်ခင်အောင် အနီးသို့ မရောက်မီပင် ဘတ်စ်ကား စပယ်ယာက "ရိုလိုးဆရာ"ဟု ဆိုလိုက်သဖြင့် ကားသည် လမ်းကြီးအတိုင်း အရှေ့ဘက် အနောက်သို့ ထွက်သွားတော့သည်။ မောင်ခင်အောင်သည် မည္ဆန့်ညွှန့်ကို မြင်ရုံသာ မြင်လိုက်ရ၏။ စကားတခွန်းပင် မပြောလိုက်ရ၊ ဘတ်စ်ကားတစီးနှင့် ခနောက်ကလိုက်ရန် သတိရပါ၏။ သို့ရာတွင် ကလေးဆင်းပြေး၍ အလုပ်လုပ် အဝတ်အစားနှင့် ကပျာကသီလိုက်ခဲ့ရသည့်ပြင် ပိုက်ဆံလည်း တပြားမှ မပါခဲ့။ သို့ဖြစ်ရာ စစ်ရှုံးသော စစ်သူကြီးပမာ ခေါင်းငိုက်စိုက်နှင့် အိမ်သို့ ပြန်လှည့်ခဲ့ရတော့သည်။

မောင်ခင်အောင် အိမ်သို့ ပြန်အလာကို မျှော်နေသော အမြဲသည် ပူပုံပန်း၍ ပြန်လာသည့် မောင်ခင်အောင်အား များစွာ သနားမိသည်။ "ငါ့ကြောင့်ဘဲ ငါ့ကြောင့်ဘဲ"ဟု ရင်ထဲတွင် ရေရွတ်မိသည်။ မောင်ခင်အောင်သည် အလုပ်ခွင်သို့လည်း မဝင်တော့ဘဲ ပက်လက်ကုလားထိုင်မှာ လှဲပစ်

http://nyisay.com



တော့သည်။ ညစာ ထမင်းလည်း မစားတော့။ မောင်ခင်အောင်၏ အဖြစ်အပျက်များကြောင့် အမြလည်း စိတ်မချမ်းသာနိုင်။ ထို့ကြောင့် ညအိပ်ရာ ဝင်ကြသောအခါ–

"မင်း သိပ်စိတ်ဆင်းရဲ နေသလား မောင်ခင်အောင်၊ မညွှန့်ညွှန့်ကို ပြန်ပေါင်းချင်သလား"

"မမြမြကလဲဗျာ၊ စိတ်ဆင်းရဲရတဲ့အထဲ ဒီအကြောင်းတွေကို မပြောပါနဲ့"

"မင်း ဒုက္ခရောက်နေတာကို ငါကြည့်နိုင်ဘူး"

"ကျွန်တော့် သားကိုတော့ ကျွန်တော် ချစ်တယ်ဗျာ"

"နို့ ကလေးကို ခေါ်ချင်သလား၊ ခေါ်ထားချင် ခေါ်ထားပေါ့"

"သူ့အမေကလဲ ထည့်မှာ မဟုတ်ဘူး၊ ကလေးကလဲ လိုက်မယ် မထင်ဘူး"

"ဒီလိုဆို သူ့အမေပါ ခေါ်ရမှာပေါ့။ခေါ်ပါ၊ မင်းတို့ကို ငါလုပ်ကျွေးပါ့မယ်"

မောင်ခင်အောင်ကို ချစ်လှသောကြောင့် အမြ၏ ရင်ထဲတွင် မချိမဆန့် ခံစားနေရသော ဝေဒနာလုံးကြီးကို ထွင်းဖေါက်ကာ ဤစကားရပ်များသည် သူမ၏ နှုတ်ဖျားက ထွက်လာရသည်။ "မောင်ခင်အောင်သည် သူ့ကလေးကို ချစ်သည်။မညွှန့်ညွှန့်ကိုလည်း တွေ့လိုက်သည်။မိမိမှာ ဇတ္တိယအစစ် မဟုတ်မှန်းလည်း သူသိနေပြီ၊ မိမိကလည်း သူနှင့် မခွဲနိုင်၊ ထို့ကြောင့် လူကို ဆုံးဦးတော့ တအိမ်တည်း အတူနေရပြီး မောင်ခင်အောင်၏ မျက်နှာကလေးကို နေ့စဉ်မြင်နေရလျှင် တခါတည်း ကွဲသွားရသည်ထက် တော်သေးသည်"ဟု တွေးတောကာ မြွေမသေ တုတ်မကျိုး စေ့စပ်

http://nyisay.com



ရေးလမ်းစဉ်ကို အမြဲ ခမျာ ချရရှာသည်။ ရင်ထဲမှာကား မချိမဆန့် ရှိလှသည်။

အမြဲ တိုက်တွန်းချက်အရ မောင်ခင်အောင်သည် မညွန့်ညွန့်တို့ သားအမိကို တွေ့ရှိရန် နေ့တိုင်း စနည်းနာ ထွက်သည်။ တရက်နှင့်လည်း မတွေ့၊ ၂ရက် ၃ရက်နှင့်လည်း လမ်းစ မမြင်၊ ၇ ရက်သော်လည်း မရ၊ မိုးလင်းက မိုးချုပ်အထိ ထွက်၍ရှာနေသည်မှာ တလကျော်ခဲ့ပြီ။ခေါင်းငိုက်စိုက်နှင့်သာ အိမ်ပြန်လာပြီး၊ အမြဲက ဆီး၍ မေးသောအခါ"သဲလွန်စ မရပါဘူး မမြဲရာ၊ တွေ့တော့မှာလဲ မဟုတ်ပါဘူးထင်ပါရဲ့"ဟု လက်လျှော့သည့်အလား ပြောလေ့ရှိသည်။ ထိုအခါ အမြဲက "ပျောက်သောသူ ရှာလျှင်တွေ့ ဆိုတဲ့စကား အရှိသားဘဲကွယ်၊ ဘယ်မတွေ့ဘဲ ရှိမလဲ။ တွေ့ရမှာပေါ့၊ ကြိုးစားရှာပါဦး"ဟု အားပေးစကား ပြောရသေးသည်။

မောင်ခင်အောင်သည် နေ့စဉ်ပင် အိမ်က ထွက်မြဲ ထွက်၍ ရှာမြဲ ရှာလျက်ရှိသည်။ ၂လနီးပါးခန့် ကြာသောအခါ မောင်ခင်အောင် အိမ်သို့ တည့်တည့်ပြန်မလာ၊ ဤသို့ မပြန်သဖြင့် အမြဲ တော်တော် စိတ်ပူမိသည်။ နောက်တရက်လည်း ပြန်မလာ၊ နောက် ၃ရက်နှင့်လည်း ပြန်မလာ၊ ၇ရက်နှင့်လည်း ပြန်မရောက်။ထို့ကြောင့် အမြဲသည် မောင်ခင်အောင်ကို ရှာရသည်။ စနည်းနာရသည်။ ဟိုဟို ဒီဒီ မေးရ မြန်းရသည်။ မညွန့်ညွန့်၏ နောက်လင်နှင့် တွေ့၍ အူများပွင့်ပြီးသေပြီလားဟု တွေးတော ပူပန်မိသည်၊ တယောက်တည်း အိမ်မှာ နေရသည်ကလည်း ခြောက်လှ သွေ့လှသဖြင့် ဖနေးတတ်အောင် ရှိလှသည်။

http://nyisay.com



မောင်ခင်အောင်သည် ၃လနှင့်လည်း ပြန်မရောက်၊ ၆လ အထိလည်း သူ့သတင်း ဘာမျှမရ၊ မောင်ခင်အောင်ကို မတွေ့ရသည့်ဆင်းရဲထက် ကြီးသောဒုက္ခသည် အမြအဘို့မရှိ။ ထို့ကြောင့် မိမိကိုယ်ကို သတ်သေရန် ကြံစည်မိ၏။ သားရေ လှီးသည့် ဓားနှင့် ရင်ဝကို တအားထိုးလိုက်လျှင် လွယ် လွယ်ကလေးနှင့် သေနိုင်သည်ကို သိ၏။ ဤသို့ သေလိုက်ပါ က မောင်ခင်အောင်သည် မိမိအကြောင်း ဘာမှ မသိသဖြင့် အကြောင်းထူးမည် မဟုတ်၊ စောင့်ဦးမည်ဟု စောင့်၏။ မောင်ခင်အောင်၏ သတင်းကိုသာ မေးနေ၏။ "မောင်ခင် အောင် အမြန်ပြန်လာပါ၊ မမစိတ်ပူနေသည်"ဟု သတင်း စာများတွင် ကြော်ငြာ ထည့်၏၊ ၁၉၄၇ ခုနှစ် ကုန်ခါနီးက ထွက်သွားသော မောင်ခင်အောင်သည် ၁၉၄၈ ခုလည်း ပြန်မလာ၊ ၁၉၄၉ ခုနှစ်မှာလည်း ပြန်မရောက်၊ တိုင်းပြည် တခုလုံးမှာလည်း ပြည်တွင်းစစ် အမျိုးမျိုးကြောင့် ရှုပ်ထွေး ပွက်လောရိုက်နေပေပြီ။ ဤအရှုပ်ထဲတွင် သေသူတွေ အလွန် ပင် များသည်။ အမြသည် မောင်ခင်အောင် အတွက် သာ၍ မျှော်လင့်ချက် နည်းပေပြီ။ မောင်ခင်အောင် မရှိသော လောကတွင် မနေလိုသောကြောင့် သတ်သေဘို့ အကြိမ်ကြိမ် ကြံစည်မိသည်မှာ ၄၈–၄၉ ခု နှစ်အတွင်း ၁၀ကြိမ်ထက် မနည်းပေ။

၁၉၅၀ ခုနှစ် တပေါင်းလလောက်တွင် မိတ်ဆွေတဦးက မောင်ခင်အောင်တို့ကို ဆင်းရဲ နွမ်းပါးစွာ သုံးခွမြို့တွင် တွေ့ခဲ့ ရကြောင်း လာပြောသည်။ ထိုနှစ် ထိုလပိုင်းလောက်တွင် အသွားအလာ အဆက်အသွယ်များ အတော်အသင့် ပြန်၍ ကောင်းလာပြီဖြစ်ရာ၊ ထိုသတင်း ရပြီးနောက် တရက်တွင်

http://nyisay.com



အမြသည် အိမ်ကိုသော့ခတ်၊ အိမ်နီးချင်းများကိုအပ်ပြီး သုံးခွမြို့သို့ လိုက်သွားတော့သည်။ သုံးခွမြို့တွင် ပြည်တွင်းစစ်ပြေးဒုက္ခသည်များ မနည်းလှပေ။ မောင်ခင်အောင်တို့ကိုမူ စရပ်ဟောင်းကြီး တခုထဲတွင် အခြား ဒုက္ခသည်များနှင့် အတူတွေ့ရသဖြင့် အမြရင်ထဲတွင် ဆို့သွားသည်။မောင်ခင်အောင်မှာ အဝတ်တထည် ကိုယ်တခုနှင့် ရှာပုံတော် ထွက်သွားသူဖြစ်သောကြောင့် သူ့တွင် အဝတ်အစားမှ ကောင်းကောင်းမရှိ၊ သုံးခွသို့ ရောက်ကတည်းက အလုပ်လက်မဲ့ ဖြစ်နေ၏။ ဤစစ်ပြေးစရပ်ထဲမှာပင် မညွန့်ညွန့်၏မိခင်ကြီး သေဆုံးသွားသဖြင့် လူတယောက် လျော့သွားသည်။ သို့ရာတွင် သူတို့၌ သမီးကလေး တယောက် နောက်ထပ် ရနေကြပြီ။ အခါလည် အရွယ်ပင် ရှိနေပေပြီ။

မောင်ခင်အောင် အသက်ရှင်နေမှန်း သိလျက်နှင့် ခွဲ၍နေရန် များစွာ ခက်ခဲဝန်လေးလှသော အမြသည် ဘာလုပ်ရမည်နည်း။ လင်ရော မယားရော၊ သားရော သွီးပါ အိမ်သို့ခေါ်ခဲ့ဘို့ပင်ရှိ၏။ ထို့ကြောင့် ခေါ်၏။ မလိုက်ချင်ကြ။ တခုခုကို လန့်ပြီး စိုးရိမ်နေကြ၏။ “ငါကဘဲ လုပ်ကျွေးပါမယ်” စသည်ဖြင့် အကြိမ်ကြိမ်ချော့မော့ခေါ်မှ ရှိသမျှ ပစ္စည်းများထုပ်ပိုးပြီး လိုက်ခဲ့ကြ၏။ ရန်ကုန်သို့ရောက်သောအခါ မောင်ခင်အောင်တို့ကို အိမ်အပေါ်ထပ်မှာ နေရာ ချထားပေး၍၊ အမြကမူ တယောက်တည်း အောက်ထပ်မှာ နေရှာသည်။ အမြသည် သားရေအလုပ်ကိုကြိုးစားလုပ်ပြီး စားမြဲ့တခုလုံးအဘို့ ဖူလုံစေသည်။မောင်ခင်အောင်နှင့်အတူအိပ်ပြီး တအိမ်လုံး ၂ ယောက်တည်း နေရသော ဘဝကား ဆုံးရှုံးခဲ့ပြီ။ သို့ရာတွင် မောင်ခင်အောင်၏ မျက်နှာကလေးကို မြင်နေရ

http://nyisay.com



သေးသည့်အတွက် များစွာ သက်သာရပေသေးသည်။ မောင်ခင်အောင်ကို မိမိ မပိုင်တော့။ မောင်ခင်အောင်၏ မျက်နှာထားမှာလည်း မိမိအပေါ်တွင် ရေးရေးကကဲ့သို့ တပြုံးပြုံး တရွှင်ရွှင်နှင့် လှိုက်လှိုက်လှဲလှဲ မရှိတော့။ ရေလိုက် ငါးလိုက်အနိုင်နိုင်၊ ခပ်တင်းတင်း ခပ်မာမာက ခဏခဏ ဆိုသကဲ့သို့ ဖြစ်နေ၏။

တနေ့တွင် အမြသည် မောင်ခင်အောင်အား အတူတွဲ၍ ဘိုင်စကုတ် မကြည့်ရသည်လည်း ကြာပြီ၊ ပြောစရာလည်း နည်းနည်းရှိ၍ သွားရအောင်ဟု ခေါ်ရာ မောင်ခင်အောင်က မလိုက်။ ထို့ကြောင့် တယောက်တည်းပင် ဘိုင်စကုတ် ကြည့်ရန် ဆိုပြီး ထွက်သွားခဲ့သည်။ သို့ရာတွင် ဘိုင်စကုတ်ရုံကိုကား မရောက်၊ တယောက်တည်းမို့ ကြည့်ချင် စိတ်လည်း မရှိ။ ထို့ကြောင့် အိမ်မှထွက်သွားပြီး၍ ၄၅မိနစ်ခန့် အကြာတွင်ပင် အိမ်သို့ပြန်ရောက် လာလေတော့သည်။ အိမ်သို့ အမြန် ပြန်ရောက်လာသည်ကို မောင်ခင်အောင်တို့ လင်မယားကမသိ၊ ကလေးတွေကလည်း အိပ်နေကြ၏။ ဤအိမ်မှာ မနေချင်ကြောင်း မညွန့်ညွန့်က မောင်ခင်အောင်အား အပူတိုက် နေသော စကားများကို အမြ ကြားရလေသည်။ "ရှင်မလိုက်ချင်ရင်နေ၊ ကျမနဲ့ ကလေးတွေချည်း ဆင်းသွားမယ်" ဆိုသော စကားကိုလည်း အမြ ကြားလိုက်ရသေးသည်။ အမြသည် အသံ ပေး၍ တက်သွားသည်။ ထို့နောက် "ဘာများ တိုင်ပင်နေကြသလဲကွဲ့" ဟု မေးလိုက်၏။ထို့နောက် "ပြောင်းဘို့ ရွှေ့ဘို့တော့ မလုပ်ကြပါနဲ့ကွယ်။ မင်းတို့ကို ရှာပုံတော်ကြီးနဲ့ ရှာခဲ့ရတာ ဗမာပြည် တနံ တလျားလောက် ရှိပါလိမ့်မယ်။ ဒီအိမ်မှာဘဲ

http://nyisay.com



ချမ်းချမ်းသာသာနေကြပါ။မမမြကဘဲလုပ်ကျွေးပါ့မယ်'' ဟု ပြောလိုက်လေသည်။အမြက ဤသို့ပြောလိုက်သည်ကို မောင်ခင်အောင်သည် ဘာမှပြန်မပြော ငြိမ်၍သာ နားထောင်နေသည်။ မညွန့်ညွန့်ကလည်း မလှုပ်ပေ။ မောင်ခင်အောင်အဘိုးမှာမူ သောင်ပြင်တွင်ပေါက်နေကြသော ကိုင်းပင်မြက်ပင်ကြီးများ ကဲ့သို့ လေယူရာတိမ်း၍ ပါနေသည်။ မညွန့်ညွန့်ကိုလည်းချစ်၊ ဒေါ်မြကိုလည်း သနားသဖြင့် ပစ်၍မသွားနိုင်။

အမြသည် မညွန့်ညွန့် မမြင်ခိုက် မောင်ခင်အောင်ကို မီးဖိုထဲသို့ အသာ ခေါ်သည်။မောင်အောင်ခင်သည် ရှေးကကဲ့သို့ အမြအား ယုယုယယ ခါးကိုဖက်ကာ''ဘာလဲ မမမြ''ဟုမေးသည်။ ''မင်းငါ့ကို တခါပစ်သွားဦးမလို့လား၊ ငါမင်းကို ဘယ်လောက် ချစ်တယ်ဆိုတာ မင်းသိတယ်ဟုတ်လား''ဟု မျက်ရည်တွေ ရွဲနေသော မျက်လုံးများဖြင့် စိုက်ကြည့်ရင်း မေးသည်။''ကျွန်တော်သိပါတယ် မမမြရယ်၊ မညွန့်ညွန့်က ဒီမှာ မနေချင်တော့ဘူးလို့ပြောနေတယ်။ အဲဒီအတွက် ခက်နေတာပါ''

''နို့သူ မနေချင်တော့ မင်းပါ လိုက်သွားမှာလား၊ သူနဲ့ ငါ့ကို ဘယ်သူ့ပိုချစ်သလဲ''

''မမမြကိုလဲ ချစ်ပါတယ်၊ခွဲပြီးလဲ မနေချင်ပါဘူး။ဒါပေမဲ့ ကလေး ၂ယောက်က ရှိသေးတယ်။ သူ့ကို ခွဲနိုင်ပေမဲ့ ကျွန်တော့်ကလေး ၂ယောက်ကို မခွဲနိုင်ဘူး မမမြရယ်''

''သူဆင်းသွားချင်ရင် ဆင်းသွားပစေပေါ့။ ကလေး ၂ယောက်သာ ခေါ်ထားပါ၊ ငါလုပ်ကျွေးပါ့မယ်''

http://nyisay.com



"သူ့ကလေးကလေးတွေရဲ့ အမေဖြစ်နေသေးတာကို မမြရဲ့၊ ဒီကိစ္စဟာ တော်တော်ခက်တယ်ဗျာ၊ မြိုးကနဲ ဆုံးဖြတ်လို့ မဖြစ်သေးပါဘူး၊ စဉ်းစဉ်းစားစားလုပ်မှဖြစ်မှာပါ"

× + ×

နောက် ၂ရက်ခန့် ကြာသော အခါ၊ အမြ အလုပ် လုပ်နေသည့်ရှေ့မှ ဖြတ်၍ ဘာမပြော ညာမပြော နှုတ်ပင်မဆက်ဘဲ မောင်ခင်အောင်တို့ လင်မယားနှင့် ကလေး ၂ ယောက်ပါ အထုပ်အပိုးကလေးများယူကာ အိမ်ပေါ်မှ ဆင်းကြတော့သည်။ အမြက မောင်ခင်အောင်ကို လိုက်ဆွဲကာ "ဒါဘယ်ကိုလဲ၊ ဘယ်သွားကြမှာလဲ"ဟု မေးသည်။ "သူပျော်တဲ့ဆီ ကျွန်တော် လိုက်နေဦးမယ် မမြရယ်"ဟု မောင်ခင်အောင်က ပြောသဖြင့် လက်လျှော့ကာ သွားလိုရာသွားဟု သဘော ထားလိုက်ရသည်။

အမြ၏ စိတ်ထဲတွင် တနေ့တော့ သူတို့ ဆင်းရဲဒုက္ခရောက်လိမ့်မည်၊ သူတို့လင်မယားက အလုပ်မရှိ၊ ကလေး ၂ ယောက်နှင့် ဘယ်နည်းနှင့်မှ ဟန်ကျ ပန်ကျ ဝဝ လင်လင်ရှိနိုင်မည် မဟုတ်၊ တနေ့ ဒုက္ခတွေ့လို့ ပြန်လာမှာဘဲ ငါ လက်ခံ ထားရမှာဘဲဟု စဉ်းစား တွေးတောရင်း ငေးကာ ကျန်ရစ်ခဲ့တော့၏။

မောင်ခင်အောင်သည် အိမ်မှ ဆင်းသွားပြီး သုံးလေးရက်ကြာသော်လည်း တခေါက်မှ မရောက်လာ။ အမြမှာလည်း တကိုယ်တည်း ဟာလာ ဟင်းလင်းကြီး ဖြစ်၍ ကျန်ရစ်တော့သဖြင့် အလုပ်လည်း ကောင်းကောင်း မလုပ်၊ ထမင်းပင် စားမိသည့် အခါမှ စားမိတော့သည်။ ၁၀ရက်ခန့်

http://nyisay.com



ကြာသော တနေ့တွင် အမြသည် စိတ်ချမ်းသာမှု ကိုယ့်ဖါသာ ပြုရ ရှာရမည်၊ ဆင်းရဲစရာတွေ မေ့ပစ်မည်ဟုအောက်မေ့ကာ ရေမိုးချိုး၍ မှန်ရှေ့တွင် အဝတ်အစားလဲ၊ အလှအပပြုပြင်ရင်း သီချင်းများပင် ခပ်တိုးတိုး ဆိုနေမိသည်။ သီချင်းများမှာ သဘာဝအတိုင်း လင်တရူး ဆန်ဆန် သီချင်းကလေးများ၊ မောင်ခင်အောင်ကို လွမ်းသည့် သီချင်းကလေးများသာ ဖြစ်သည်။ အလှပြင် သီချင်းဆို၍ ကောင်းတုန်း အချိန်မှာပင် မောင်ခင်အောင်၏ အရိပ်သည် မှန်ထဲတွင် ပြုံးပြုံးကြီး ပေါ်လာသည်။ အမြသည် အံ့အားလည်းသင့်၏၊ သဘောဂလည်း ကျနေသည်။

ထို့ကြောင့်—

“မောင်ခင်အောင် မင်းဒီအထိ ငါ့ကိုလှည့်စား ဒုက္ခပေးတုန်းဘဲလား”ဟု မေးလိုက်သည်။ မောင်ခင်အောင်က “ထမင်းဆာလိုက်တာ မမြရယ်”ဟု ပြန်ပြောလိုက်လေရာ အမြသည် များစွာ စိတ် ထိခိုက်သွားသည်။“မွန်းလွဲချိန် အထိ သူနံနက်စာ မစားရ သေးဘူး”ဟု စိတ်ထဲတွင် ဆိုမိသည်။

သေသေ ချာချာ လှည့်၍ ကြည့်လိုက်သောအခါ မောင်ခင်အောင်၏ တကိုယ်လုံးမှာ ရေတွေရွှဲ မိုးတွေ စိုနေသည်။ မောင်ခင်အောင်၏ နှုတ်ခမ်းမှာလည်း ပြာ၍ ကိုယ်ကလည်း တုန်နေသည်။ သူယူသွား သောကြောင့် ယောကျ်ားဝတ်အထည်ဆို၍ ဤအိမ်တွင် ဘာမှ မကျန်တော့။ အမြသည် မောင်ခင်အောင်အား အဝတ်တွေချွတ်ခိုင်း၍ စောင်ကြီးနှင့် ထွေးခိုင်း လိုက်သည်။ အင်္ကျီနှင့် လုံချည်ကိုမူ သူကိုယ်တိုင် ရေညှစ်ပြီး လှန်းလိုက်သည်။ ထို့နောက် ထမင်းဆိုင်သို့

http://nyisay.com



သွားကာ ထမင်းနှင့် ဟင်း ွား ဝယ်ပြီး မောင်ခင်အောင်ကို ကျွေးလေသည်။ ဘယ်လောက် ဆာနေသည်၊ ဘယ်နှစ်နပ် ငတ်နေခဲ့သည် မသိ၊ မ ာသေးနှ် နောက်ထပ် တခါသွား ဝယ်ပြီး ကျွေးပြန်တော့လည်း ကုန်အောင်ပင် စားနိုင်သေးသည်။ စောင်ပတ်ကြီးနှင့် စားနေသော မောင်ခင်အောင်၏ အနားမှ ကြို့ကြို့ကလေး ထိုင်ကာ ကရုဏာ ကြီးလှသော အမြဲက—

"မောင်ခင်အောင် မင်း အခု ဘာလုပ်နေသလဲ"

"ကျွန်တော် အလုပ်မရှိလို့ ခက်နေတယ် မမမြရဲ့"

"နို့ အခု ဘယ်က လာတာလဲ"

"အလုပ်လိုက်ရှာရင်းက ဝင်လာတာ၊ နေ့စဉ်ဒီလိုဘဲ လိုက်ရှာနေတာဘဲ၊ ရလဲမရသေးဘူးဗျာ"

"ဒီလို ဆိုရင်လဲ မင်းကောင်းကောင်း ကျွမ်းကျင်တဲ့ သားရေအလုပ်ဘဲ မမမြနဲ့ အတူ လာလုပ် နေပါတော့လား၊ မင်းရတဲ့ လက်ခ မင့်မိန်းမကို ပေးပေါ့။ ဒီတော့သားသ္မီးတွေနဲ့ အသင့်အတင့် နေနိုင် စားနိုင်ရောပေါ့။ မင့်လုပ်ခထဲက ငါတပြားမှ မယူပါဘူး"

အမြဲက ဤသို့ ပြောသော်လည်း၊ မညွန့်ညွန့်က မောင်ခင်အောင်အား ဤအိမ်တွင် အလုပ်လာလုပ်သည်ကို မည်သည့်နည်းနှင့်မျှ ကြိုက်မည် မဟုတ်သည်ကို မောင်ခင်အောင် သိသည်။ ထို့ကြောင့် အမြဲ၏ စကားများကို ဘာမျှမပြန်၊ ငြိမ်၍သာ နားထောင်နေသည်။ အမြဲကလည်း ဤအကြောင်းများကိုရိပ်မိသည်။ ညနေ လုံချည် အင်္ကျီများခြောက်၍ မိုးစဲသည့်အချိန်တိုင် မောင်အောင်ခင်နှင့် အမြဲတို့သည် နှစ်ပေါင်း

ချားစွာ ကွဲကွာနေရသော ဇနီးမောင်နှံပမာ အားရ ပါး ရ စကားတွေ ပြောနေကြ တော့သည်။ မောင်ခင်အောင် ပြန်သွားသောအခါ လမ်းဓါတ်မီးများပင် ထွန်းပြီးနေလေပြီ။

အမြဲသည် ရှေးကကဲ့သို့ အလုပ်ကို ကြိုးစားပြီး မလုပ် တော့။ တဝမ်း တခါး ဖြစ်သဖြင့် ဘာလုပ်စရာ လိုသေး သလဲဟုလည်း ခပ်ထွေထွေ စိတ်အလိုက် တွေးတောမိသည်။ ဟိုထွက်လည် ဒီထွက်လည်၊ လည်နေသည့် ရက်တွေကလည်း မနည်းတော့ချေ။ မောင်ခင်အောင်လည်း ၅ ရက် တခါ၊ ၇ရက် တခါလောက်မှ အိမ်ကိုရောက်လာတတ်၏။ ရောက် လာသည့် အခါလည်း စားစရာသာ တောင်းလေ့ရှိ၏။အမြဲ နှင့်နေစဉ်က ကောင်းကောင်းစား၍ လွယ်လွယ်သုံးနေသူဖြစ် လေရာ၊ယခုသော် ရှားပါးခြင်း ဒုက္ခကို အတော်ပင် ခံနေရ ပေပြီ။ တခါတရံလည်း တလနေ၍မှ တခေါက် မရောက်ဘဲ နေပြန်၏။ တခါတလေလည်း ရောက်လာပြီး ညပင်အတူ အိပ်သွားသေး၏။တခါတလေလည်း ပေါ်မလာဘဲနေပြန်၏။ ညအိပ် သွားသောရက်များမှာ နေရေး ထိုင်ရေး စားရေး သောက်ရေး ဝတ်ရေးတို့ကို အကြောင်းပြု၍ မညွန့်ညွန့်နှင့် ရန်ဖြစ်လာသော နေ့ရက်များ ဖြစ်ဟန် တူလေသည်။

သို့နှင့် ၁၉၅၂ခုနှစ်၊ နှစ်ဦးလ၊ တနေ့သော နံနက်ခင်း တွင် အမြဲသည် ကုန်တိုက်လမ်းအတိုင်း ခြေလျင်လျှောက်သွား ရာ၊ ဆောက်နေသော တိုက်သစ်ကြီး ထိပ်ဖျားတွင် ရေပုံး တပုံးနှင့် လူငယ်တယောက်ကို မြင်သဖြင့် ငေး၍ ရပ်ကြည့် နေမိ၏။ အိမ်သို့ပေါ်မလာသည်မှာ ကြာပြီဖြစ်သော မောင် ခင်အောင်နှင့် တူလွန်းသဖြင့် ကြည့်နေမိခြင်းဖြစ်လေသည်။

http://nyisay.com



သေသေချာချာ ကြည့်လေ တူလေရှိလှသဖြင့် အလုပ်သမားများ အလုပ်နား၍ နံနက်စာ စားချိန်အထိ စောင့်နေသည်။ ဟုတ်သည်။ မောင်ခင်အောင်ပင် ဖြစ်သည်။ အခြား ပန်းရံ အလုပ်သမားများ နည်းတူ ချိုင့်ကလေးဆွဲကာ အရိပ်တခုတွင်ထိုင်ပြီး ထမင်း စားနေသည်။ အမြသည် နောက်က ဖြည်းဖြည်းသွားကာ မောင်ခင်အောင် စားနေသောချိုင့်ထဲသို့ ငုံ့ကြည့်လေသည်။ ပဲပုပ်ချက်တခွက်နှင့် ဘရာကြော်တချပ်သာတွေ့ရ၏။ ထိုအခါ အမြ မျက်ရည်မဆည်နိုင်၊ “မင်း ဒီလောက်ဘဲ ဆင်းရဲနေသလား မောင်ခင်အောင်” ဟု ခပ်တုန်တုန် နှုတ်ခမ်းများဖြင့် မေးမိသည်။ မောင်ခင်အောင်က မော့ကြည့်၏။ ထို့နောက် သူ့ကို ပြောသည်ဟုပင် မယူဆသော အနေမျိုးဖြင့် ငုံ့၍ စားမြဲစားနေတော့သည်။

အမြအတွက် ဤနေ့သည် စိတ်မချမ်းသာဆုံးသော နေ့တနေ့ဖြစ်၏။ ယခင်အခါက ဟင်းမကောင်းလျှင် ထမင်းမစားသော မောင်ခင်အောင်၊ ဘရာကြော်ကို သွားရည်စာ အဖြစ်ပင် မစားချင်သော မောင်ခင်အောင်သည် ယခုဘရာကြော်ကို ဟင်းကောင်းလုပ်၍ စားနေရသည်။ သူ့အသားတွေမှာလည်း နေလောင်၍ ညိုမဲနေပြီ။ ဝတ်ထားသည့် အဝတ်မှာလည်း စစ်တပ်က ပစ်ထားခဲ့၍ အရောင်အဆင်း မရှိတော့သော စွပ်ကျယ်စိမ်းမျိုးနှင့် ဘောင်းဘီစုတ်သာ ဖြစ်သည်။ လုပ်ရသည့် အလုပ်ကလည်း အစွန်းအဖျားမှကျ၍ သေတတ်သောအလုပ်မျိုး ဖြစ်သည်။ မောင်ခင်အောင်၏ ဤဘဝကို အမြ ကြာကြာ ကြည့်မနေနိုင်၊ မြန်မြန် အိမ်သို့ပြန်ခဲ့ပြီး အိမ်သို့ရောက်မှပင် ခေါင်းအုံးပေါ် မှောက်၍ အသံထွက်အောင် ငိုချလိုက်တော့သည်။

ထိုနေ့က စ၍ အမြ အိမ်ကမထွက်၊ ဘယ်မှလည်း မလည်တော့၊ မိမိမှာမူ ဆီများများပါသည့် ဟင်းကောင်းများနှင့် စားနေပြီး၊ မောင်ခင်အောင်မှာ မသေရုံ စားနေရသည်ဟု တွေးဒေတာကာ၊ တမှိုင်မှိုင် တတွေတွေနှင့် စိတ်ဆင်းရဲ၍သာ နေရတော့သည်။

မောင်ခင်အောင် ပေါ်မလာသည်မှာလည်း ကြာပေပြီ။ ယခင့် ယခင်က မောင်ခင်အောင်နှင့်အတူတွဲလျက်သွားနေကျ ဖြစ်သော ရုပ်ရှင်၊ ပွဲလမ်းသဘင်၊ ပျော်ပွဲ စသည့်လမ်းမကြီးများမှာလည်း ယခုသော် အမြ အဘို့ ခြောက်သွေ့လှသည်။

မိုးကလေး တဖွဲဖွဲ ရွာနေသည့် တနေ့သော ညတည ၉ နာရီ အချိန်ခန့်တွင် အမြ သည် အိပ်တော့မည်ဟု အိမ်တံခါးကိုပိတ်ပြီး အိမ်ထဲတွင် ဟိုဟို ဒီဒီ တံမြက်စည်းလှဲနေသည်။ ထိုအချိန်တွင် တံခါးခေါက်သံ ကြားရသဖြင့် အပေါက်မှ ချောင်းကြည့်လိုက်ရာ မောင်ခင်အောင် ဖြစ်နေသည်။ သူ့လက်ထဲမှာလည်း ၆ လက်မခန့်ရှိ ဓားတချောင်း ပါလာသည်။ ဤအိမ်သာ မဟုတ်ဘဲ အခြားအိမ် တအိမ်သို့ ဤညမျိုး ဤအချိန်မျိုးတွင် ဤအတိုင်းသွားပါက မောင်ခင်အောင်သည်ကေန်မုချ ရာဇဝတ်မှုသင့်ပေတော့မည်။မောင်ခင်အောင် ဖြစ်နေသောကြောင့် ဘာဖြစ်ဖြစ် ဆိုပြီး အမြ က ဖွင့်ပေးလိုက်၏။

အိမ်ထဲသို့ ရောက်သောအခါ မောင်ခင်အောင်သည် တစ်တခု အဓမ္မလုပ်ရန်အတွက် စိတ်တင်းလာသည့် မျက်နှာနှင့် တော်တော်ပင် ရှုန့်ကြမ်းနေသည်။

"မင်း ဘာဖြစ်လာတာလဲ မောင်ခင်အောင်"ဟု အမြ က မေးလိုက်သည်။

http://nyisay.com



"ကျွန်တော် ငွေသိပ်လိုနေတယ်ဗျာ၊ အလုပ်ကလဲတနေ့မှ ၃၀ထဲ ဝင်တယ်၊ အလုပ်မဆင်းရတဲ့နေ့ကလဲ ရှိသေးတယ်၊ အခု အိမ်မှာ စားစရာ မရှိဘူးဗျ၊ ကလေးတွေကလဲ ငိုနေတယ်၊ မိန်းမကလဲ မမာဘူး"။

"ကောင်းကောင်း မွန်မွန် ဖူဖူလုံလုံ နေရတဲ့ဆီမှာတော့ မနေကြဘဲနဲ့ ငါ့ကို ကန်ဆင်းသွားတဲ့ဆအထိ ငါက လိုက်ပြီး လုပ်မကျွေးနိုင်ဘူး မောင်ခင်အောင်"

"အခု စားစရာ မရှိဘူးဗျ။ လူမမာကလဲ တဘက်"

"မင်းအတွက် မင်းကလေး နှစ်ယောက်အတွက် ဆိုရင် ဘာမှကိစ္စမရှိဘူး၊ လာခဲ့ကြ။ မင်းရဲ့ ကလေးတွေလဲ ငါ့ကလေးတွေဘဲလို့ သဘောထား နိုင်တယ်။ ငါခေါင်းနဲ့ လုပ်ကျွေးမယ်။ မင့်မိန်းမအတွက် ငါဘာမှ မပေးနိုင်ဘူး၊ မင်းဘယ်တော့မှ လာမပြောနဲ့"

ချိုချို သာသာနှင့် ရမည် မဟုတ်ဟု သိသော မောင်ခင်အောင်သည် အမြဲကို အတင်းဖက်ကာ အမြဲ၏ လက်ဝတ်လက်စားများကို လုတော့သည်။ အမြဲလည်း ရုန်းကန် တွန်းဖယ်သည်။ အော်ကား မအော်။ ထို့ကြောင့် အိမ်နီး နားချင်းများ မသိကြ။ ပစ္စည်းအသင့် ရလျှင် ရချင်း မောင်ခင်အောင်သည် အိမ်ပြင်သို့ပြေးထွက်ကာ မှောင်ရိပ်ခို၍ ပျောက်သွားတော့သည်။ သံယောဇဉ်ကြီးလှသော အမြဲသည် မျက်စိတဆုံး လိုက်၍ ကြည့်နေသည်။ ရဲနှင့်များ တိုးမိ နေမလား ဟုလည်း စိုးရိမ်နေရှာသည်။ မောင်ခင်အောင် ပေါ်မလာပြန်လျှင်လည်း "မောင်ခင်အောင် ပေါ်မလာပြန်ဘူး၊ ဘာများဖြစ်နေသလဲ။ တခြားဆီများ ဟိုတနေ့ညကလို လိုက်လုပ်လို့

http://nyisay.com



အဘမ်းများ ခံနေရသလား'' စသည်ဖြင့် အမြဲတယောက် တည်းတွေး၍ပူနေမိပြန်သည်။ ''သူမလာတာ၅ရက်ရှိသွားပြီ၊ ၇ရက်ရှိသွားပြီ၊ဒီကနေ့ဆိုရင် ၁၁ရက်ဘဲ''စသည်ဖြင့်လည်း တွက်နေသေးသည်။ ၁၂ရက်မြောက် နေ့ခင်းနာရီပြန် ၂ချက် အချိန်လောက်တွင် မောင်ခင်အောင်ပေါက်လာသည်။သူသည် ထမင်းဝဝခါးလှလှနှင့်ရှင်ပျသောမောင်ခင်အောင်မျိုးမဟုတ် သူ့ရုပ် သူ့ရည်မှာလည်း ပင်ပန်းဆင်းရဲသော ဒဏ်ကြောင့် ကြုံလှသည်။ အသားအရေများလည်း ညစ်ထေး လှသည်။ အဝတ်အစားကလည်း မပြောင်၊ မပြောင်ရုံသာမက ညစ်ပေ နေလေပြီ။ ဦးခေါင်းကိုလည်း ဆီမရောက်သည်မှာ တော် တော်ကလေးကြာပုံရသည်။ အမြဲက ဆီးပြီး–

''ဒါဘယ်က လာတာလဲ မောင်ခင်အောင်''ဟု မေး လိုက်၏၊

''ဒီလာတာပါဘဲဗျာ''

''ဆာလာသလား၊ ဘာစားချင်သလဲ''

''ကျွန်တော်ဆာတာ ကိစ္စမရှိပါဘူးဗျာ''

''နို့ ဘာဖြစ်ပြန်သလဲ''

''အိမ်မှာ စားစရာမရှိဘူး။ မိန်းမကလဲ တော်တော်ဖြစ် နေတယ်''

''ဒါဘဲ မောင်ခင်အောင်၊မင့်မိန်းမ အတွက်ဆိုရင် ငါ့ဆီ မလာခဲ့နဲ့။ တပြားမှ ငါမပေးနိုင်ဘူး''

''ပေးဦးဗျာ၊ စားစရာမှ မရှိတာ၊ သူကလဲ တော်တော် ဖျားတယ်ဗျ''

''ဟော့မပေးနိုင်ဘူး၊ မပေးဘူး''

http://nyisay.com



"မပေးလို့ ဘယ်ဖြစ်မလဲဗျ၊ကျွန်တော်လဲ ဆိုင်သလောက် ဆိုင်သေးတာ"

"မပေးနိုင်ဘူးကွာ"

မောင်ခင်အောင်သည် စကားဆက် မပြောတော့ဘဲ ခေတ္တမျှ ငြိမ်သွားသည်။ ထို့နောက် အတင်းပင် အမြကို ထဖက်ကာ ခါးထဲမှ သေတ္တာသော့ကို လုသည်။ အမြက ရုန်းကန် ဖယ်ရှားသည်။ သို့ရာတွင် မောင်ခင်အောင်က လက်ဦးနေလေပြီ။ ပြန်လုံး၍လည်း မနိုင်နိုင်။ မောင်ခင်အောင်က သေတ္တာကို ပြေးဖွင့်ပြီး အလွယ်တွေ့သမျှ ငွေကို ဆုပ်ယူကာ ထွက်သွားသည်။ သော့ပါယူသွားသည်။ အမြက "သော့ ပေးခဲ့"ဟု ခပ်တိုးတိုးပင် တောင်းသည်။ သူက မပေးခဲ့၊ အမြကလည်း အိမ်နားနီးချင်းများကြားအောင် အော်ဟစ်၍ မပြော၊ အိမ်နားနီးချင်း များကလည်း မောင်ခင်အောင် ဝင်သည် ထွက်သည်၊တခါတလေ စကားများတတ်ကြသည်၊ တခါတလေ ချစ်နေတတ်ကြသည်များကို သိနေပြီးသား ဖြစ်ကြသောကြောင့် ဂရုမစိုက်ကြတော့ပေ။

ရှေးနည်းအတူ မောင်ခင်အောင် အမြထံသို့ ပေါ်မလာပြန်။ ဤတကြိမ်တွင် တလနီးပါးမျှ ကြာသွားလေပြီ။ မောင်ခင်အောင်မှာ အမြ အဘို့ မောင်ဆိုးသားဆိုးကလေးလို ဖြစ်နေသည်။ ပစ်လည်းမပစ်နိုင်၊ လာလာပြီး အဓမ္မလုယက်ယူငင်နေသည်ကိုပင် ကလိထိုးသည်ဟု ထင်သယောင် ဖြစ်မိသည်။ မလာပြန်လျှင်၊ အထူးအားဖြင့် ရက်တွေ အတော်များများ ကြာအောင် မလာဘဲ နေလျှင် မျှော်၍ နေမိသည်။ တမ်းတ၍သာ နေမိသည်။ မောင်ခင်အောင် လာပြန်

http://nyisay.com



ပြီ။ တလ တခုက်လျှော့သော နေ့မှာ ရောက်၍လာသည်။ နေ့လယ်ပိုင်းပင် ဖြစ်သည်။ ရှေးက ကဲ့သို့ပင် ငွေ တောင်းသည်။ သူ ရသင့်သည်ကို ပေးပါဟု ဆိုသည်။ သူ့မိန်းမ မမာနေကြောင်းကို ပြောပြန်သည်။ သူ့မိန်းမဆို၍ အမြက တပြားမှ မပေးချင်။ သို့ရာတွင် အတင်း လုယူပြန်လျှင်လည်း ပေးလိုက်ရသည်ချည်း ဖြစ်သောကြောင့် “ငါ့ကိုသော့ပေး” ဟု တောင်းလိုက်သည်။ ရှတ်တရက်သော် မောင်ခင်အောင် ငေးနေသည်။ တွေနေသည်။ ထို့နောက် သေတ္တာသော့ကို အမြလက်သို့ ပေးလိုက်သည်။ အမြသည် မဆိုင်း မတွ သေတ္တာကိုဖွင့်ပြီး ငွေများကို ယူကာ ၂ပုံ ပုံလိုက်၏။ တပုံလျှင် ၅၀ဝိကျော်ကျော်လောက် ရှိပေမည်။ “ကဲ မင်း တပုံ ငါတပုံ၊ရှိတာ ဒါအကုန်ဘဲ၊ မင်းတို့ကို အိမ်ပေါ် တင်ပြီးလဲ လုပ်ကျွေးခဲ့ပြီ ခင်းလာယူတာတွေကလဲ မနည်းလှဘူး၊ ငါအလုပ် ကောင်းကောင်း မလုပ်နိုင်တာလဲကြာပြီ၊ စပြီး ပြန်လုပ်တာမှ တလလောက် ရှိဦးမယ်၊ ကဲ မင်းဝေစု မင်း ယူသွားတော့၊ နောင်လဲ ငွေကြေး အတွက် ဆိုရင် မလာခဲ့နဲ့တော့၊ မင်း မိန်းမ မမာတဲ့ အတွက်လဲ င ဘာမှ တာဝန်မယူနိုင်ဘူး၊ သွားတော့” ဟု ပြောလိုက်သည်။ မောင်ခင်အောင်သည် ဆိုင်ရာငွေပုံကို ကောက်ယူ ပြီးလျှင် ထပြန်သွားသည်။ စကား ဆို၍ ဘာတခွန်းမှ ပြန်မပြောခဲ့။

သို့ရာတွင် အမြသည် မောင်ခင်အောင် တယောက် အလည်အပတ်ပင် မလာပြန်သောအခါ၊ “ဘာများ ဖြစ်နေပါလိမ့်၊သူကိုယ်တိုင်ပင် မကျန်းမမာ ဖြစ်နေ၍လော၊ သူ့မိန်းမပင် ဘယ်လိုဖြစ်လို့လဲ၊ ကလေးတွေပင် နေမကောင်းလို့လား၊ အလုပ်သွားပြီး အိမ်ပြန်ရောက်တော့ တခါ

ထမင်းချက် နေရသေးလို့လား၊ ငါပြောလိုက်တဲ့စကားတွေကြောင့် စိတ်နာကြည်း သွားလို့လား" စသည်ဖြင့် "လို့လား"ပေါင်း များစွာနှင့် အမြဲ တယောက်တည်း "လို့လား" နေရှာပြန်သည်။

အမြဲ တောင့်တလွန်း၍ကား ဟုတ်ချင်မှ ဟုတ်ပေမည်။ မောင်ခင်အောင် ပေါက်လာလေပြီ။ ၁၉၅၂ခုနှစ်၊ နှစ်ဦးပိုင်းနေ့တနေ့ နေ့လယ်ပိုင်းမှာ ဖြစ်သည်။ သူ့မျက်နှာမှာ မှုန်လှသည်။ အခက်အခဲ အကျပ်အတည်းများနှင့် ရင်ဆိုင်တိုက်ခိုက်ရလွန်းသဖြင့် ဤသို့ မှုန်နေ သုံနေခြင်းဖြစ်ရာ၊ ယခု တကြိမ်၌လည်း ဒုက္ခသည်အနေဖြင့် လာခြင်းပင် ဖြစ်ပေသည်။

မောင်ခင်အောင်ကို မြင်ရ၍ အမြဲ ဝမ်းသာသည်။ သို့ရာတွင် တခုခု မသာမယာ ဖြစ်မည်ကိုမူ စိုးရိမ်သည်။

"မောင်ခင်အောင် မင်း ဘယ်ကလာတာလဲ၊အခု ဘာအလုပ်ရသလဲ"

"ဒီလာတာဘဲဗျာ၊ ဘာအလုပ်မှလဲ မရဘူး၊ ဒါကြောင့် ဒီလာရတာဘဲ"

"ဒီတခါတော့ ငါမတတ်နိုင်ဘူး မောင်ခင်အောင်"

"ရှိတာပေးပေါ့၊ ရှိသလောက်ပေးပေါ့"

မောင်ခင်အောင် အကြမ်း ဖက်မည်ကို အမြဲရိပ်မိသည်။ ထို့ကြောင့် သတိနှင့် နေသည်။ "ငါ့မှာ ဘာမှ မရှိတော့ဘူး၊ မင်းယူလို့ကုန်ပြီ၊ ငါ့ကိုသာ သတ်သွားတော့"ဟု ဆိုလိုက်သည်။ မောင်ခင်အောင်သည် အမြဲ အနားသို့ပြေးလာကာ သော့ကို အတင်းလုသည်။ အမြဲက ရုန်းကန်သော အခါ သူက အတင်း ထိုးကြိတ် ဖက်လှဲသည်၊ အမြဲ၏ လည်မျိုကို ညှစ်သည်။ ခြေထောက်နှင့် ကန်သည်။

http://nyisay.com



"တသက်လုံး ပြုစုလာတဲ့ ကျေးဇူးတွေ ဆပ်တာလား မောင်ခင်အောင်"ဟု မခံနိုင်၍ အမြကအော်မေးလိုက်သည်။ အသံတော်တော်ပင်ကျယ်သွားသည်။မောင်ခင်အောင်ကမူ ဘာမှပြန်မပြော၊ အကြမ်းဖက်၍ ထိုးကြိတ်သည်။ လုယက်ဘိုသာ အားထုတ်သည်။ အမြတွင် အချစ်စိတ်များပျောက်၍ ဒေါသစိတ်များ လွှမ်းသွားပေပြီ။ ထို့ကြောင့် ထရံတွင် ညှပ်ထားသော သားရေလှီးဓါးကို ဆွဲပြီးလျှင် အနီးသို့တိုးလာသော မောင်ခင်အောင်ကို ပွေ့ထိုး ထိုးလိုက်ရာ မောင်ခင်အောင်မှာ သွေးအိုင်ထဲတွင် ခွေလျက်လဲကျသွားတော့သည်။ အမြလည်း ဒေါသအလျောက် ပြုမိမှားသည်ကိုသိကာ ယူကြုံးမရ ဖြစ်ပြီးလျှင် မောင်ခင်အောင်၏အလောင်းကိုမချဘဲ မျက်နှာချင်းအပ်ကာ နာရီဝက်မျှ ငိုနေသည်၊ မိမိကိုယ်ကို ဤဓါးနှင့်ပင် သတ်သေရန် ကြံသည်။ သို့ရာတွင် အဖန်ငါးရာ ငါးကမ္ဘာ ဆိုသော စကားကို ကြားဘူး ထားသောကြောင့် မလုပ်ဝံ့ဘဲ ရှိတော့သည်။

အမြတို့ အိမ်ကို အိမ်နီးနားချင်းများက ဂရုစိုက်လေ့မရှိ။ ထို့ကြောင့် လူတယောက်သေသည့် အမှုကြီး ဖြစ်သည်ကို မည်သူမျှမသိ။ အမြအဘို့ လူ့ပြည်မှာ မနေချင်၊ မောင်ခင်အောင် ကဲ့သို့သာ သေချင်သည်။ ထို့ကြောင့် ဂတ်သို့ ကိုယ်တိုင် သွားတိုင်လျှင် လူသတ်မှုနှင့် အမှုလုပ်ပြီး သူ့ကို တရားသူကြီးက သတ်ပေးလိမ့်မည်ဟု သူထင်သည်။ ထို့ကြောင့် ဂတ်သို့သွားပြီး"လူသတ်လာလို့ဘမ်းပါ၊နောက်ပြီး မြန်မြန်သတ်ပါ"ဟု ပြောကာ တိုင်ချက် ဖွင့်သည်။ပဌမတွင် ရဲအရာရှိများ အံ့အားသင့်နေကြ၏။ ထိုနောက်မှ အမြပြောသော လိပ်အတိုင်း သူ့အိမ်သို့ လိုက်သွားပြီး မောင်

http://nyisay.com




ခင်အောင်၏ အလောင်းကို စစ်ဆေးရသည်။ အမြကိုမူ တကယ်ပင် မိန်းမ ထင်သောကြောင့် ယောကျ်ားအချုပ်သမားများနှင့် ခွဲ၍ ချုပ်ထားလိုက်သည်၊ ထောင်ကြီး ချုပ်သို့ ပြောင်းရွှေ့ပို့သော အခါ၌ တလာစီ (တကိုယ်လုံးကို လှန်လှောရှာခြင်း)မှပင် မိန်းမ မဟုတ်မှန်း သိ၍ မိန်းမထောင်မှ ယောကျ်ားထောင်သို့ ပြောင်းရသည်။ ရုံးတွင် အမြကသူသတ်ကြောင်း ဖြောင့်ချက်ပေးသည်။"သေမိန့်ပေးပါ" ဟုလည်း တောင်းဆိုသည်။

တရားသူကြီးကား ရက်စက်လှသည်။ အမြကို အလုပ်ကြမ်းနှင့်ထောင်ဒဏ်၁၀နှစ်သာ အပြစ်ဒဏ်ပေးလိုက်သည်။ ထို့ကြောင့် အလွန်သေချင်၍ သေဆုတောင်းနေသော အမြတယောက်မသေရ။ ၇နှစ်ကျော် အပြစ်ဒဏ်အပေးခံရသည့် နှစ်ကြီးသမားများကို ပို့လေ့ရှိသည့် အင်းစိန်ထောင်ကြီးသို့ ရန်ကုန်ထောင်ကြီးချုပ်မှ အစိုးရတို့က ပို့လိုက်လေသည်။

မိတ်ဆွေများက တရားချသောကြောင့် အမြသည် သတ်သေဘို့၊ အမြန်သေရဘို့ မကြံစည်တော့။ ကောင်းမှုကုသိုလ်ပြုကာ ရှေ့ဘဝတွင် ဒုက္ခတွေမကြုံရဘဲ၊ မောင်ခင်အောင်နှင့်အတူနေရဘို့သာ ဆုတောင်း အားထုတ်ရှာသည်။ အင်းစိန်ထောင်ကြီး ဘိနပ်ချုပ်သားရေရုံတွင် အလုပ်ဆင်းနေရရာမှ ဆဋ္ဌသင်္ဂါယနာတင် ပွဲတော်ကြီးကိုအကြောင်းပြု၍ လျှော့ရက်များ ရသဖြင့် အမြတယောက် လွတ်သွားပေပြီ။

(ပြီး၏)


၁၉၅၈ - ခုနှစ်စာပေဗိမာန်စာပဒေသာဆုရစာအုပ်
ထောင်နှင့်လူသား
လူထုဦးလှ